www.dhammaransi.com



# အံ့ဖွယ်ဒါန အံ့ဖွယ်သူ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်ချုပ်သီရိ

(ဓမ္မာစရိယ၊ ဘီအေ)

www.dhammaransi.com

# အံ့ဖွယ်ဒါန
# အံ့ဖွယ်သုခ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ-ဘီအေ)

• • • • • • • • • • • • • • • • • • • • • • • • •

ဖြန့်ချိရေး

**ဆွေသဟာ စာပေ**

အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း (စ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉ ၇၃၀၈၆၉၃၂၊ ၀၉ ၄၂၁၀၂၀၆၇၄၊
၀၁-၉၆၉၀၃၂၄

www.dhammaransi.com

အမှတ် ၂၉၅၆၀
ရက်စွဲ ၁၆-၅-၁၆

ပုံနှိပ်မှတ်တမ်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊
အုပ်ရေ(၁၀၀၀)၊ တန်ဖိုး -ကျပ်

မျက်နှာဖုံးဒီဇိုင်း
ပန်းချီ တင်အောင်မြင့်

စာအုပ်ချုပ်
ကြူကြူမွေး

ထုတ်ဝေသူ
ဦးကိုကိုမြင့် (မြ-၀၄၈၉၉) "ဆွေသဟာ" စာပေ
စ၊ ၅၅၊ သုနန္ဒာ (၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ
ဦးမောင်မောင်ထွဋ် (မြ-၁၂၂၃၂) စံထားမိုးအော့ဖ်ဆက်
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

ဆွေသဟာ စာပေ
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း၊ (စ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉ ၇၃၀၈၆၉၃၂၊ ၀၉ ၄၂၁၀၂၀၆၇၄၊ ၀၁-၉၆၉၀၃၂၄

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)**

တက္ကသိုလ်သျှင်သီရိ (မြွာစရိယ-ဘီအေ) ၂၉၄.၃
အံ့ဖွယ်ဒါန အံ့ဖွယ်သုခ
ဆွေသဟာစာပေ၊ ၂၀၁၄၊ ရန်ကုန်။
၂၆၄-စာ၊ ၁၂×၁၈ စင်တီ။
(၁) အံ့ဖွယ်ဒါန အံ့ဖွယ်သုခ

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ-------------- | |
| ၂။ | အခန်း(၁) လောကီ-လောကုတ်နှစ်ဖြာအကျိုးပြီးစေသောအရာ | |
| | - ဒါနဟူသည် | ၁ |
| | - ဒါနနှင့်ပတ်သက်သောဝေါဟာရများ | ၄ |
| | - ဒါနနှင့်ပတ်သက်သောဥပမာပေးမှုများ | ၅ |
| | - ပုဂ္ဂိုလ်တိုင်းအတွက်အရေးကြီးသောဒါန | ၈ |
| | - ဒါနအတွက်အခက်အခဲများ | ၉ |
| | - ဒါနမြောက်ရန်ဆင်ခြင်ဖွယ် | ၁၂ |
| | - စေတနာသုံးတန်ဒါနမှန်စေရန် | ၁၇ |
| | - ဒွိဟိတ်၊ တိဟိတ်ကုသိုလ်ဖြစ်အောင် ကုသိုလ်ပြုတတ်မှု | ၂၃ |

www.dhammaransi.com

၃။ အခန်း(၂)

## အလှူခံတစ်ကျိပ်လေးလှူကောင်းသော်လည်း


- အလှူခံပုဂ္ဂိုလ်ရွေးချယ်နည်း ၂၇
- အကျိုးကြီးကြီးလိုလျှင် သံဃိကဒါန
  နှလုံးသွင်းလှူပါ ၃၁
- အလှူဒါနအထမြောက်နိုင်မှု ၃၉
- ဒါနကိုလေ့ကျင့်ပါ ၄၁
- ဒါနပြုသူ-မပြုသူတို့ကွာခြားပုံ ၄၈
- ဒါနကောင်းမှုတောင်းဆုပြုရမည် ၅၁
- ဒါန၏ကောင်းကျိုးဟာရေးများ ၅၇
- သောတာပန်ပမာ လားရာဂတိမြဲသော
  အလှူများ ၆၁
- ဒါန၏မျက်မှောက်အကျိုး ၆၂


၄။ အခန်း(၃)

## အံ့ဘွယ်ဒါနနှင့်အံ့ဘွယ်သုခအလှူရှင်များ


- အနာထပိဏ်ကြွက်ထမ်းသမား၏
  အံ့ဘွယ်ဒါန-အံ့ဘွယ်သုခ ၆၅

www.dhammaransi.com


- ထမင်းတစ်နပ်သုံးနှစ်ကျွန်ခံခဲ့သူ၏
  အံ့ဘွယ်ဒါနနှင့်အံ့ဘွယ်သုခ ၇၃
- မဟာဒုက်၏အံ့ဘွယ်ဒါနနှင့်အံ့ဘွယ်သုခ ၈၆
- သူဌေးသမီး၏အံ့ဘွယ်ဒါနနှင့်အံ့ဘွယ်သုခ ၁၁၃
- ဇာရဏသိသူဌေး၏အံ့ဘွယ်ဒါနနှင့်
  အံ့ဘွယ်သုခ ၁၂၀
- ဧကသာဋကပုဏ္ဏား၏အံ့ဘွယ်ဒါနနှင့်
  အံ့ဘွယ်သုခ ၁၃၂
- ပုဏ္ဏလယ်ကျွန်၏အံ့ဘွယ်ဒါနနှင့်အံ့ဘွယ်သုခ ၁၄၂
- အမျိုးကောင်းသား၏အံ့ဘွယ်ဒါနနှင့်
  ဗိဠာလပဒတသူဌေး၏အံ့ဘွယ်သုခ ၁၅၄
- ကာဠဝဠိယမယား၏အံ့ဘွယ်ဒါနနှင့်
  အံ့ဘွယ်သုခ ၁၆၂
- ပန်းတော်ဆက်မောင်သုမန၏အံ့ဘွယ်ဒါနနှင့်
  အံ့ဘွယ်သုခ ၁၇၀
- ရောပဂီနိမင်းသမီး၏အံ့ဘွယ်ဒါနနှင့်
  အံ့ဘွယ်သုခ ၁၈၃
- သုပ္ပိယဥပါသိကာမ၏အံ့ဘွယ်ဒါနနှင့်
  အံ့ဘွယ်သုခ ၁၉၉

www.dhammaransi.com

- တေလပနာဋ္ဌိရှာသူ၏အံ့ဘွယ်ဒါနနှင့်
အံ့ဘွယ်သုခ ၁၉၆
- မဟာတိဿ၏အံ့ဘွယ်ဒါနနှင့်အံ့ဘွယ်သုခ ၂၀၃
- သဒ္ဓါသုမန၏အံ့ဘွယ်ဒါနနှင့်အံ့ဘွယ်သုခ ၂၁၆
- မုန်တိုင်ရှာ၊ အုတ်ကျောင်းဒါယကာ၏
အံ့ဘွယ်ဒါနနှင့်အံ့ဘွယ်သုခ ၂၂၅
- မိုင်တိုင်သူဌေးဦးစီး၏အံ့ဘွယ်ဒါနနှင့်
အံ့ဘွယ်သုခ ၂၃၂
- မော်လမြိုင်သူဌေးဦးဇီန၏အံ့ဘွယ်ဒါနနှင့်
အံ့ဘွယ်သုခ ၂၃၈
- ဒါန ဒါနတရ ၂၄၆
- နိဂုံးဆုတောင်း ၂၅၇

www.dhammaransi.com

# အမှာစာ

အလှူငွေသိန်း(၁၀၀၀)၊ သိန်း(၁၀၀)၊ သိန်း(၅၀)ပေးအပ်လှူဒါန်းပွဲများကို မြန်မာ့ရုပ်မြင်သံကြားနှင့်သတင်းစာတို့တွင် နေ့စဉ်ရက်ဆက်သလိုပါဝင်နေသည်ကို တွေ့ကြုံမြင်ရ၊ ဖတ်ရသောသမီးငယ်သည်-

"သူတို့တတွေ အတိတ်ဘဝက ဘယ်လိုစိတ်ထားနှင့် ဘယ်လိုလှူခဲ့ကြလို့ ယခုဘဝ ဤမျှချမ်းသာပြီးလှူနိုင်ကြသလဲ မသိဘူးနော်" ဟု ရေရွတ်ပြောဆိုပါသည်။

"အတိတ်ကံဒါနလည်းပါသလို ယခုဘဝမှာလည်း ကြိုးစားအားထုတလုပ်ကိုင်ကြလို့ ယခုလိုချမ်းသာကြပြီးလှူဒါန်းနိုင်ကြတာပေါ့ "

ဟုသမီးအလတ်ကဝင်ရောက်ဆွေးနွေးပါသည်။

www.dhammaransi.com

## အုံ့ပွယ်ဒါန–အုံ့ပွယ်သုခ

သမီးငယ်၏ "ဘယ်လိုစိတ်ထားနှင့်ဘယ်လိုလှူခဲ့ကြလို့များ" ဟူသောစကားကိုစိတ်ဝင်စားမိပြီး ဒါနနှင့်ပတ်သက်၍ အလှူခံတစ်ကျိပ်လေး၊ ခွေးကအစလှူကောင်းသည်ဟုဆိုပေမယ့် အလှူခံပုဂ္ဂိုလ်၏မြင့်မြတ်မှု၊ အလှူခံပစ္စည်း၏စင်ကြယ်မှု၊ အလှူပေးပုဂ္ဂိုလ်၏စိတ်နေစိတ်ထား၊ သဒ္ဓါတရား ဤအချက်များသည် ဒါနချင်းတူပေမယ့် ပုဂ္ဂိုလ်များ၏ချမ်းသာမှုကွာသွားခြင်း ဖြစ်ပါသည်။

ဘုရားရှင်တို့သည် ပါရမီ(၁၀)ပါးဖြည့်ရာဝယ် ဒါနပါရမီကို နံပါတ်တစ်ဦးစားပေးဖြည့်ခဲ့ကြသည်ကိုတွေ့ရပါသည်၊ ဒါနသည် ပုဂ္ဂိုလ်အတန်းအစားမရွေးအလေးထား၍ ဖြည့်ကျင့်ဆည်းပူးရမည့်တရားဖြစ်သည်၊ သံသရာခရီးသည်အားလုံးနှင့်သက်ဆိုင်၏၊ သံသရာခရီးသည်တိုင်းမဖြစ်မနေ သယ်ဆောင်သွားရမည့် ရိက္ခာလည်းမည်ပါသည်၊ လျှောက်လှမ်းရမည့်သံသရာခရီးရှည်လျှင် ရှည်သလောက် ဒါနရိက္ခာထုပ်များများပါသွားဖို့အရေးကြီးပါသည်၊ ကမ္ဘာအသင်္ချေချီ၍ သံသရာခရီးကိုလျှောက်လှမ်းတော်မူကြရသည့်ဘုရားအလောင်းတော်ကြီးများ အရေးတကြီးကျင့်ဆောင်ရမည့်ပါရမီအကျင့်တရားများကိုဆင်ခြင်တော်မူကြရာ၌ ဒါနပါရမီကို ရှေးဦးစွာတွေ့မြင်တော်မူခဲ့ကြပါသည်။

www.dhammaransi.com



သို့အတွက် စာရေးသူသည် ဒါနနှင့်ပတ်သက်၍ စိတ်ဝင်စားခဲ့ပြီး ဗုဒ္ဓဘာသာဝင်တို့ဒါနဝတ္ထုပစ္စည်းတစ်ခုစီ၏အလှူအကျိုး ရမှုနှင့်ပတ်သက်၍ သိသာစေရန် "လှူဘွယ်အမျိုးမျိုးအကျိုးအနန္တ" ဟူသောစာအုပ်ကိုရေးသား ထုတ်ဝေပေးခဲ့ပါသည်။

တစ်ဖန် အမှတ်မထင် တဒင်္ဂပြုလိုက်မိသောကုသိုလ်ကံ အကျိုးကြောင့် ဤပစ္စုပ္ပန်ဘဝ၌ချက်ချင်းချမ်းသာသုခရရှိခံစားရသောပုဂ္ဂိုလ်မှာ တမလွန်ဘဝ၌ နတ်စည်းစိမ် ချမ်းသာခံစားရသောပုဂ္ဂိုလ်များနှင့်ပတ်သက်၍ "တဒင်္ဂကုသိုလ်၏ကောင်းကျိုးချမ်းသားများ" ဟူသော ဗုဒ္ဓဘာသာဝင်တို့သိမှတ်အတုယူပြုလုပ်စေရန် ရေးသားထုတ်ဝေခဲ့ပါသည်။

ယခုတစ်ဖန် အထက်ပါသမီးများ၏စကားအရလည်းကောင်း၊ မိမိပတ်ဝန်းကျင်တွင်လွန်ခဲ့သော(၁၀)နှစ်က သာမန်ဘီလပ်မြေထမ်း၊ အလုပ်သမားကလေးတစ်ဦးသည် ယနေ့တွင် တိုက်၊ ကားများနှင့်သူဌေးဖြစ်နေသည်ကိုလည်းကောင်း၊ ယခင်ကျူးကျော်ချောင်းလမ်းဘေးတွင် နွားနို့ညှစ်ရောင်းရသူတစ်ဦးသည် ယနေ့ဝယ်ဆိုင်ခန်းပေါင်းများစွာ၊ အိမ်များစွာပိုင်ဆိုင်နေသောသူဌေးဖြစ်နေသည်ကိုလည်းကောင်း၊ ယခင်က သာမန်သစ်တိုသစ်စရောင်းနေသူတစ်ဦးက ယနေ့အချိန်ဝယ် တိုက်တာကားများနှင့်ကန်ထရိုက်တာကြီးအစုရှယ်ယာဝင်သူဌေးကြီးဖြစ်နေသည်

www.dhammaransi.com

## အုံ့မှိုင်းဒါန–အုံ့မှိုင်းသုခ

ကိုလည်းကောင်းတွေ့ရသောအခါ သူတို့တတွေအံ့မခန်းသော ချမ်းသာသုခသည် ပစ္စုပ္ပန်၏အံ့ဘွယ်ဒါန၊ အတိတ်ဘဝ၏အံ့ ဘွယ်ဒါနများ၏ ပုဗ္ဗ၊ မုဥ္စ၊ အပရစေတနာဟူသောသုံးတန်သော စေတနာတွင် ဒုတိယအရွယ် မုဥ္စစေတနာ၊ အပရစေတနာ ဒါန အကျိုးပေးခဲ့ကြသောကြောင့် ဤကဲ့သို့သူဌေးသူကြွယ်ဘဝသို့ ရောက်ရ-ဖြစ်ရ-ခံစားရသည်ဟုသုံးသပ်မိပါသည်။

ထိုပုဂ္ဂိုလ်များအကြောင်းသုံးသပ်ဆင်ခြင်မိရင်း ရှေးရှေး ဘုရားရှင်မပွင့်ခင်ကာလ၊ ဂေါတမဘုရားရှင်လက်ထက်ကာလ၊ နောက်ပိုင်းကာလ၊ အံ့ဘွယ်ဒါန၊ အံ့ဘွယ်ချမ်းသာသုခရရှိခံစား ကြရသောပုဂ္ဂိုလ်များအကြောင်းကိုစိတ်ဝင်စားမိပါသည်။

ထိုပုဂ္ဂိုလ်များ၏ အံ့ဘွယ်ဒါန၊ အံ့ဘွယ်သုခ ချမ်းသာစွာ ခံစားကြရပုံတို့ကို ဗုဒ္ဓဘာသာဝင်တို့သိစေလိုသောဆန္ဒဖြစ်ပေါ် နေခဲ့မိသည်။

သို့အတွက် စာရေးသူသည် ဆက်လက်၍ ဤမည်သော **"အံ့ဘွယ်ဒါန အံ့ဘွယ်သုခ"** စာအုပ်ကို ဆက်လက်ရေးသား ထုတ် ဝေရပါသည်၊ ဤစာအုပ်ဖတ်ပြီး ဒါနနှင့်ပတ်သက်၍ မိမိတို့၏ သဒ္ဓါတရားကိုကောင်းစွာတည်ဆောက်ပြီး စင်ကြယ်သောပစ္စည်း များဖြင့် မြင့်မြတ်သီလရှိသောပုဂ္ဂိုလ်မြတ်များကိုလှူဒါန်းမိကြပြီး လျှင် မိမိတို့၏သံသရာခရီး ကောင်းကျိုးချမ်းသာကြီးကြီးဖြင့်

www.dhammaransi.com



လျှော့ကလုမ်းကြပြီး နောက်ဆုံးဒါနကိုအခြေခံပြီး နိဗ္ဗာန်သို့ဝင်စေလိုသည်။

ဤသို့သော စေတနာဖြင့်လည်း ဤစာအုပ်ကိုရေးသားထုတ်ဝေရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စတင်ဆွေးနွေးကြသောသမီးများနှင့် ဤစာအုပ်ရေးသားနိုင်ရေးအတွက် ကူညီစာအုပ်ငှားပေးကြသော ဓမ္မဝိရဂျာနယ်မှ ဆရာဦးပြည်စိုးအားလည်းကောင်း၊ စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံစေကာ စောင့်ရှောက်မှုပေးသော ဇနီး ဒေါ်တင်အေးအားလည်းကောင်း၊ ကွန်ပျူတာစာစီပေးသော သမီးလတ် မခင်သူဇာ (B.A စီးပွားစီမံ)နှင့် စာကိုကောင်းစွာရေးသားနိုင်ရန် ဝိုင်းဝန်းကူညီရေးပေးသော သမီးငယ် မစန္ဒာမြင့် (B.Com, ACCA Part-I, Part-II 2.1,2.2,2.3)တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြင့်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
စ-ရပ်ကွက်၊ မ/ဥက္ကလာပမြို့နယ်
ဖုန်း–၆၉၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီ–အေ)

www.dhammaransi.com

# အခန်း (၁)

## လောကီ-လောကုတ္တရာနှစ်ဖြာအကျိုးပြီးစေသောအရာ

### ဒါနဟူသည်

ဒါနဟူသောစကားသည် ပါဠိစကားဖြစ်သော်လည်း မြန်မာတို့၏မြန်မာဝေါဟာရ၌ ရင်းနှီးနေပြီးဖြစ်သောစကားဖြစ်ပါသည်။

ဒါန၏မြန်မာအဓိပ္ပာယ်မှာ ပစ္စည်းဝတ္ထုကိုစွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ သတ္တဝါတို့အားဘေးမဲ့ပေးခြင်း၊ သတ္တဝါတို့၏အသက်စည်းစိမ်၊ အိုးအိမ်သတ်ဖြတ်လုယက်ခြင်းမှရှောင်ကြဉ်ခြင်း၊ ဘေးရန်အမျိုးမျိုးတို့မှကာကွယ်စောင့်ရှောက်ခြင်းများသည် ဒါနမည်ပါသည်။

www.dhammaransi.com



ဒါနသည်-

-အလှူခံပုဂ္ဂိုလ်တို့၏အစီးအပွားကိုအလိုရှိခြင်း

-ပူဇော်သောအားဖြင့် မိမိပစ္စည်းဝတ္ထုကိုအလှူခံပုဂ္ဂိုလ် အားစွန့်ကြဲပေးကမ်းလှူဒါန်းခြင်း

ဟူ၍ ကျမ်းဂန်အသီးသီး၌ဖွင့်ဆိုပြထားသည်ကိုတွေ့ရပါသည်။

(သာရတ္ထ-၃၊ ၁၉၃၊ ဒီ-ဋီ-၂-၆၈၊ မ-ဋီ-၃-၃၇၊ အံ-ဋီ-၃-၂၂၀)

ဒါနသဗ္ဗတ္ထသာဓကံ -ဒါနသည် လောကီ၊ လောကုတ္တရာ ခပ်သိမ်းသောအကျိုးကို ပြီးစေနိုင်၏

လောက၌ပေးကမ်းနိုင်လျှင် မျက်နှာပွင့်သည်၊ အရာခပ်သိမ်းကိုအောင်မြင်နိုင်သည်၊ လုပ်ငန်းကိစ္စများကိုဆောင်ရွက်ကြရာ၌ ပေးကမ်းခြင်းကိုရှေ့သွားပြုပါက အောင်မြင်မှုဆုလာဘ်ကို မလွဲမသွေရနိုင်ပေသည်။

ပေးကမ်းခြင်းဖြင့် မေတ္တာနှောင်ကြိုးဖွဲ့ချည်နိုင်သည်၊ ရှိပြီးသောမေတ္တာနှောင်ကြိုးကိုပို၍ခိုင်မြဲစေသည်၊ မုန်းစိတ်ကိုပျောက်စေ၍ ချစ်စိတ်ကိုရောက်စေနိုင်သည်။

ပေးကမ်းခြင်းသည် မေတ္တာရုပ်သွင်ဖြစ်သည်၊ မေတ္တာတရားကို ကာယကံ၊ ဝစီကံတို့ဖြင့် ပီပီပြင်ပြင်ပုံဖော်ပေးခြင်းဖြစ်ပါသည်။

www.dhammaransi.com



မေတ္တာရှိမှသာလျှင် ပေးနိုင်ကမ်းနိုင်သည်၊ ကျွေးမွေးနိုင်ပါသည်၊ မေတ္တာစာတ်လုံးဝမရှိသူသည် ပေးလိုကမ်းလိုစိတ်မရှိ၊ ကျွေးလိုမွေးလိုစိတ်မရှိပါ။

သူတစ်ပါးအားကျွေးလိုမွေးလိုစိတ်၊ ပေးကမ်းလိုစိတ်သည် မေတ္တာတရားကိုအကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။

မေတ္တာတရား၊ မေတ္တာစာတ်နည်းပါးသူသည် ကလေးသူငယ်၊ ခွေးငယ်၊ ကြောင်ငယ်အပါအဝင် သူတစ်ထူးကိုယုယခြင်း၊ ကြင်နာခြင်းမရှိသလို ကျွေးမွေးလိုစိတ်၊ ပေးကမ်းလိုစိတ်လည်းကင်းတတ်သည်။

လူအိုလူကြီးများ၊ လူမမာများ၊ ကလေးများအား ထိုင်ပါဦး၊ နားပါဦး၊ စားပါဦး၊ သောက်ပါဦး၊ ယူပါဦး စသည်ဖြင့် ပြောဆိုခြင်းသည် ဝစီကံမေတ္တာဒါနကိုသရုပ်ဖော်ခြင်းဖြစ်ပါသည်။

လက်တွေ့ပေးကမ်းထောက်ပံ့ကျွေးမွေးခြင်းသည် ကာယကံမေတ္တာဒါနကိုသရုပ်ဖော်ခြင်းဖြစ်ပါသည်။

www.dhammaransi.com



## ဒါနနှင့်ပတ်သက်သောဝေါဟာရများ

ယင်းဒါနနှင့်ပတ်သက်၍ ပိဋကတ်စာပေတို့၌ အမည် အမျိုးမျိုးပေးထားသည်ကိုလည်းတွေ့ရပါသည်-

-ဒါနသည် ဆောက်တည်အပ်သောအကျင့်တစ်မျိုးဖြစ်၍ ဝတ ဟုခေါ်သည်။

-မြတ်သောအကျင့်၊ သူတော်သူမြတ်တို့၏အကျင့်ဖြစ်၍ ဗြဟ္မစရိယ ဟုခေါ်သည်။

-ပဉ္စပြွန်၊ တမလွန်နှစ်တန်သောဘဝတို့၌ လောကီစည်းစိမ်ချမ်းသာနှင့်မျက်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဟူသောလောကုတ္တရာချမ်းသာကိုပေးတတ်ဆောင်နှင်းတတ်သောကြောင့် နိဒါဟု-ဟုခေါ်သည်။

-လူစည်းစိမ်၊ နတ်စည်းစိမ်တို့၏အခြေခံစာကြောင်းဖြစ်၍ မူလ ဟုခေါ်သည်။

-သုံးဆောင်ခံစားအပ်သောနှစ်သက်ဖွယ်ရာအာရုံတို့ကိုမှီ၍ဖြစ်ပေါ်လာသောချမ်းသာတို့၏တည်နေရာ ခိုင်မာသောဌာနဖြစ်၍ ပတိဋ္ဌာ ဟုခေါ်သည်။

-တစ်စုံတစ်ရာအခက်အခဲအကျပ်အတည်းနှင့်တွေ့ကြုံဆုံဆည်းနေသူတို့၏အကာအကွယ် အစောင့်အရှောက် အထောက်အကူဖြစ်၍ မှီခိုရာ၊ ထောက်တည်ရာ၊ ကိုး

www.dhammaransi.com



ကွယ့်ရာ၊ လဲလျောင်းရာဖြစ်၍ *တာဏာ၊ လေဏာ၊ ဂတိ၊ ပရာယဏ* ဟုခေါ်သည်။

-သတ္တဝါတို့၏ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သောဘဝတို့၌ တိုးတက်ကြီးပွားကြောင်းဖြစ်၍ *ဒက္ခိဏ* ဟုခေါ်သည်။

-ပူဇော်အပ်၊ ပူဇော်အပ်ကြောင်းဖြစ်၍ *ယည ယာဂ* ဟုခေါ်သည်။

## ဒါနနှင့်ပတ်သက်သောဥပမာပေးမှုများ

ဒါနသည်-

-သတ္တဝါတို့၏အားထားမှီခိုရာဖြစ်သောကြောင့် သီဟသနပလ္လင်ကြီးနှင့်အလားတူသည်။

-ဖြစ်လေရာရာဘဝတိုင်း၌ထောက်တည်ရာကိုရစေတတ်သောကြောင့် မဟာပထဝီမြေကြီးနှင့်တူသည်။

-သတ္တဝါတို့သံသရာခရီးတစ်လျှောက် လက်ကိုင်ကြိုးတန်းပမာ မြဲမြံစွာကိုင်ထားအပ်သောကြိုးတန်းပမာတရားနှင့်တူသောကြောင့် အာလမ္ဗဏရဇ္ဇုနှင့်တူသည်။

-ဒုဂ္ဂတိဘဝဆင်းရဲအမျိုးမျိုးမှ ကယ်တင်တတ်သောတရားဖြစ်၍ အလှသင်္ဘောနာဝါနှင့်လည်းတူ၏။

www.dhammaransi.com



-လိုချင်တပ်မက်မှု-လောဘ၊ နှမြောဝန်တိုမှု-မစ္ဆရိယစသောဆန့်ကျင်ဘက်ရန်သူဘေးမှ သက်သာရာကိုရစေတတ်သောတရားဖြစ်၍ စစ်မြေပြင်ရောက်စစ်သူရဲကောင်း သင်္ခါမသူရနှင့်လည်းတူ၏။

-ဆင်းရဲနွမ်းပါးဥစ္စာရှားပါးခြင်း၏ဘေးရန်မှစောင့်ရှောက်တတ်ကာကွယ်တတ်သောတရားဖြစ်၍ ကောင်းစွာတည်ဆောက်အပ်သောမင်းနေပြည်တော် သုသင်္ခတနဂရနှင့်တူ၏။

-နှမြောဝန်တိုမှု(မစ္ဆရိယ)မိမိပစ္စည်း၌တပ်မက်မှုလောဘစသော စိတ်အညစ်အကြေးတို့မလိမ်းမကပ်ငြိနိုင်သောတရားဖြစ်၍ ပဒုမ္မာကြာပန်း၊ ပဒုမ္မာနှင့်တူ၏။

-ကိလေသာလောင်စာအမှိုက်တို့ကိုလောင်မြိုက်တတ်သောတရားဖြစ်၍ မီး-အဂ္ဂိနှင့်လည်းတူ၏။

-သဒ္ဓါနည်းပါး၍ မစ္ဆရိယများသူကို ချဉ်းကပ်နိုင်ခဲသောတရားဖြစ်၍ အဆိပ်တန်သောမြွေ- အာသီဝိသ နှင့်တူ၏။

-ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သောဘဝတို့၌ ကြောက်ရွံ့ဖွယ်ကင်း ရဲတင်းသောတရားဖြစ်၍ ခြင်္သေ့မင်း၊ သီဟနှင့်တူ၏။

www.dhammaransi.com



-ဒါနပြုသူအလှူရှင်အား ယခုမျက်မှောက်ဘဝ၌ လိမ္မာယဉ်ကျေးသောခြွေရံသင်းပင်းနှင့်ပြည့်စုံစေ၍ နောင်တမလွန်ဘဝ၌ သူတစ်ပါးတို့ထက် ခွန်အားသာလွန်ကောင်းမွန် စေတတ်သောတရားဖြစ်၍ ဆင်ပြောင်ကြီးဟတ္ထိနှင့်တူ၏။

-ခုရောနောင်ပါနှစ်ဖြာသောဘဝတို့၌ တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သောမင်္ဂလာဟု ဘုရားရှင်တို့သမုတ်အပ် သောတရားဖြစ်၍ ငွေတောင်အတူကိုယ်လုံးဖြူသောနွားလားဥသဘ သေတဥသဘနှင့်တူ၏။

-ဘေးရန်ထူပြောလှသော ဒုဂ္ဂတိဘဝမှဘေးရန်ကုန်ခမ်းငြိမ်းချမ်းသာယာသော သုဂတိဘဝသို့ပို့ဆောင်တတ်သောတရားဖြစ်၍ မြင်းပျံရတနာ ဝလာဟကအဿရာဇာနှင့်တူ၏။

-အလှူရှင်၏သိုမှီးသိမ်းဆည်းထားအပ်သော ဥစ္စာဘဏ္ဍာလုပ်နိဟိတဘဏ္ဍာကနှင့်တူ၏။

(ဒီ-၄-၂၊ ၆၂-မ၊ ၄-၃၊ ၆၄၊ သံ-၄-၁-၇၇)

-ပေးကမ်းစွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည် စစ်တိုက်ခြင်းနှင့်တူသည်။

(သံ-၁-၂၀)

www.dhammaransi.com



## ပုဂ္ဂိုလ်တိုင်းအတွက် အရေးကြီးသောဒါန

လောက၌ သေရမှာကိုကြောက်ရွံ့သောသူသည် စစ်မတိုက်ဝံ့သကဲ့သို့ မိမိပစ္စည်းကုန်မှာကြောက်ရွံ့သောသူသည်လည်း မပေးမလှူနိုင်၊ အသက်ကိုမငဲ့ကွက်ဘဲ သေချင်သေပါစေ ဟုဆိုကာ စွန့်လွှတ်နိုင်မှသာ စစ်တိုက်နိုင်သကဲ့သို့ ပစ္စည်းဥစ္စာကုန်သော်လည်းကုန်ပါစေ ဟုဆိုကာ ပစ္စည်းဥစ္စာ၌တွယ်တာကပ်ငြိမှုအာသယပြတ်မှသာလှူနိုင်ပါသည်။

စစ်တိုက်ရာ၌ စစ်သည်အနည်းအများသည် လိုရင်းပဓာနမဟုတ်ဘဲ ရဲစွမ်းသတ္တိရှိ-မရှိသာ လိုရင်းပဓာနဖြစ်၏၊ စစ်သည်အင်အားနည်းပါးသော်လည်း ရဲစွမ်းသတ္တိရှိလျှင် ရန်သူစစ်အင်အားအများကိုအနိုင်ရသကဲ့သို့ ယုံကြည်မှုသဒ္ဓါစသည်တို့နှင့်ပြည့်စုံသောသူသည် အနည်းငယ်သောလှူဖွယ်ဝတ္ထုကိုလှူသော်လည်း များစွာသောနှမြောဝန်တိုမှု မစ္ဆရိယရန်သူကိုနင်းချေနိုင်၏။

ထို့ကြောင့် ပေးလှူခြင်းသည် စစ်တိုက်ခြင်းနှင့်တူသည် ဟုဆိုပါသည်။

ဒါနသည် ပုဂ္ဂိုလ်အတန်းအစားမရွေး အလေးထား၍ ပြုကျင့်ရမည့်တရားဖြစ်ပါသည်၊ သံသရာခရီးသည်အားလုံးနှင့် သက်ဆိုင်ပါသည်၊ သံသရာခရီးသည်တိုင်းမဖြစ်မနေ သယ်ဆောင်သွားရမည့်ရိက္ခာလည်းမည်၏။

www.dhammaransi.com



လျှောက်လှမ်းရမည့်သံသရာခရီး ရှည်လျှင်ရှည်သလောက် ဒါနရိက္ခာထုပ်များများပါသွားရန်အရေးကြီးလှပါသည်။

ကမ္ဘာအသင်္ချေချီ၍ သံသရာခရီးကိုလျှောက်လှမ်းခဲ့ရသောဘုရားလောင်းတော်ကြီးများသည် အရေးတကြီးကျင့်ဆောင်ရမည့်ပါရမီကျင့်စဉ်တရားများကို ဆင်ခြင်ရာဝယ် ဒါနပါရမီကို ဦးစွာတွေ့မြင်ခဲ့၍ ဒါနပါရမီကိုဦးစွာဖြည့်ကျင့်ခဲ့ကြသည်။

## ဒါနအတွက်အခက်အခဲများ

နှမြောဝန်တိုသူတို့သည် ပစ္စည်းဥစ္စာများစွာရှိသော်လည်း မလှူရ်မပေးရက်ကြ၊ နှမြောဝန်တိုသူတို့သည် သူတော်ကောင်းတို့၏လှူပုံ၊ လှူနည်းကိုအတုလိုက်၍မလှူကြကုန်။ (သံ-၁-၁၈)

ယင်းသို့မလှူဒါန်းနိုင်ခြင်းသည် အလှူခံပုဂ္ဂိုလ်တို့၏အပေါ်၌ အမျက်ထွက်မုန်းတီးခြင်း၊ လှူဖွယ်ဝတ္ထု၌တပ်မက်ခင်တွယ်ခြင်းတို့ကြောင့်ဖြစ်တတ်ပါသည်။ (ဣတိဝုတ် ၄-၂၂၇)

ပေးလှူလိုက်လျှင် ကုန်သွားလိမ့်မည်၊ ငါနှင့်တကွ ငါ့အိမ်သားစုများစားရတော့မည်မဟုတ် ဟူ၍နှမြောဝန်တိုမှု-မစ္ဆရိယနှင့် မေ့လျော့မှု-ပမာဒ ဟူသောအကြောင်းနှစ်ပါးကြောင့်ဖြစ်တတ်၏။

(သံ-၁-၁၇)

www.dhammaransi.com



နှမြောဝန်တိုမှုမှန်သမျှသည် ငတ်မည့်ဘေးကိုကြောက်၍ မပေးလှူဘဲရှိကြရာ ထိုကြောက်စရာသည် ထိုသူထံသို့ မကြာမီဆိုက်ရောက်လာတတ်ပါသည်။

ထို့ကြောင့် နှမြောဝန်တိုမှုသည် စည်းစိမ်ဥစ္စာရနိုင်ခြင်း၏အကြောင်းဖြစ်သောပေးကမ်းလှူဒါန်းမှုကိုတားမြစ်ရကာ ယင်းဝန်တိုမှုလောက် ယုတ်ညံ့သောတရားဆိုးမရှိပါ။

(သံ–ဋ္ဌ–၁–၁၂၆)

အမှန်စင်စစ် ငတ်မည့်ဘေးကြောက်ပါက နှမြောဝန်တိုမှုကိုပယ်ဖျောက်ကာ စွန့်ကြဲပေးကမ်းလှူဒါန်းကြရပါမည်။

(သံ–၁၊ ၁၀–၃၀)

ပေးလှူမှုကို ညစ်နွမ်းစေတတ်၊ ဟန့်တားစေတတ်သော တရားတို့ကား-

| | |
|---|---|
| -လိုချင်တပ်မက်မှု | -လောဘ |
| -အမျက်ထွက်မှု | -ဒေါသ |
| -ပေးလှူခြင်းအကျိုးရှိ မရှိကိုမသိတွေဝေမှု | -မောဟ |
| -ငြူစူမှု | -ဣဿာ |
| -နှမြောဝန်တိုမှု | -မစ္ဆရိယ |
| -ထောင်လွှားတက်ကြွမှု | -မာန |

စသည်တို့ဖြစ်သည်။

(ဒီ–ဋ္ဌ–၁–၃၂၉၊ သီ–ဋ္ဌီ–၁–၆၂၁၃)

www.dhammaransi.com



ဤတရားများသည် သတ္တဝါများအဖို့ သံသရာကထုနှင့် တယ်နှင့်ပါလာပါသည်။

ဒါနသတ္တဝါတိုင်းအတွက် အရေးကြီးလှသောအပိုင်းဖြစ်သော်လည်း စွန့်ကြဲပေးကမ်းလှူဒါန်းရန်အတွက်မူ ပုဂ္ဂိုလ်သတ္တဝါများအတွက် အဟန့်အတားများကများလှပါသည်၊ ယင်းအဟန့်အတားများကား သံသရာနှင့်ချီ၍အမတေတည်နေခဲ့ကြပြီးဖြစ်ရာ ယင်းကိုကျော်လွှားနိုင်ရန်ခက်ခဲလှပါသည်၊ သို့အတွက် ဒါနအတွက် အခက်(၄)ချက်ကိုသတ်မှတ်ထားခဲ့ကြပါသည်-

၁။ မိမိနှစ်သက်သော ပစ္စည်းဥစ္စာကိုသဒ္ဒါကြည်ဖြူစွာပေးလှူအံ့ ဟုစိတ်ထဲမှာကြံစည်ဖို့ရာခက်ခဲသည်။

၂။ ယင်းစိတ်ထဲမှာကြံစည်ထားသည့်အတိုင်း ပေးလှူအံ့ ဟုနှုတ်ထွက်စကားပြောဆိုနိုင်ခြင်းသည် ၃၃-လက်သစ်ရှိသောသံလျက်ကိုမျိုရခြင်းထက်ခက်ခဲသည်။

၃။ ယင်းသို့ပေးလှူအံ့ဟု နှုတ်ထွက်စကားပြောကြားနိုင်ခြင်းထက် ရက်ရက်ရောရောလက်တွေ့ပေးလှူနိုင်ဖို့က ပို၍ခက်ခဲသည်။

၄။ ရက်ရက်ရောရောလက်တွေ့ပေးလှူနိုင်ခြင်းထက် ပေးလှူပြီးနောက် နောင်တတစ်ဖန်မပူပန်ဖို့က ပို၍ခက်ခဲလှ၏။

www.dhammaransi.com



## ဒါနမြောက်ရန် ဆင်ခြင်ဖွယ်

ဒါန၏အနှောင့်အယှက်၊ အဟာနိအတား၊ အပိတ်အပင် ဟူသမျှကို ကျော်လွှားကာ ဒါနမြောက်အောင်နှလုံးသွင်းဆင်ခြင် တတ်ရန်လိုပါသည်။

ဘုရားအစရှိသောရှေးသူတော်ကောင်းကြီးများ၏ ဒါန မြောက်သောဆင်ခြင်နှလုံးသွင်းမှုကိုသိထားပြီး အတုယူဆောင် ရွက်သင့်ပါသည်။

ချမ်းသာကြွယ်ဝ-လိုတိုင်းရစေရန်အလို့ငှာ ပစ္စည်းဥစ္စာ များကို အလျှံတပြောင်ပြောင်မီးများလောင်နေသော အိမ်ကြီးထဲ မှဆွဲထုတ်ယူငင်သကဲ့သို့ အိုမှု၊ နာမှု၊ သေမှုစသောမီး(၁၁)ပါးတို့ တောက်လောင်ခံနေရသောလောကကြီးထဲမှစွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့် သံသရာရိက္ခာကုသိုလ်ထုပ်ကြီးကိုဆွဲထုတ်ယူနိုင် ပေပြီး ဟုနှလုံးသွင်းထားရာသည်။

(သံ-၁-၂၉)

ပေးလှူမှုဖြင့်အရယူလိုက်သောကုသိုလ်သည်သာချမ်း သာသောအကျိုးကိုပေးနိုင်၏၊ မပေးမလှူမိသောပစ္စည်းဥစ္စာများ သည် ရန်သူမျိုးငါးပါးနှိပ်စက်ဖျက်ဆီး၍ ပျက်စီးဆုံးရှုံးတတ်၏၊ ကျန်ပစ္စည်းများသည်လည်း သေလျှင်မှချစွန့်ပစ်သွားရမည်ကို

www.dhammaransi.com



ပညာဉာဏ်ဖြင့်ဆင်ခြင်၍ မသေခင်ကကြိုတင်ပေးလှူသင့်ကြ၏၊ သို့မှသာ ဝေဿန္တရာမင်းစသည်တို့ကဲ့သို့ နတ်ရွာသုဂတိသို့လား ရောက်ကြရပေမည်။

(သံ-၁-၂၉)

လယ်ယာရွှေ၊ ငွေစသောကိုယ်ပိုင်ပစ္စည်းဥစ္စာများကို တပ်မက်ခင်တွယ်သောစိတ်ရှိသူများအဖို့ အလှူဒါနပြုလုပ်ဖြစ်အောင် ဤသို့နှလုံးသွင်းဆင်ခြင်ရပါမည်။

လိုလားတောင့်တနှစ်သက်အပ်သော ပစ္စည်းဥစ္စာများသည် ရန်သူမျိုးငါးပါးနှင့်ဆက်ဆံနေ၏၊ ငြင်းခုံခြင်း၏အကြောင်းဖြစ်၏၊ ခိုက်ရန်ပြုနိုင်၏၊ အနှစ်သာရမဲ့၏။

ရရှိဖို့အရေး၊ စောင့်ရှောက်ဖို့အရေးတို့၌ သူတစ်ပါးကို ညှင်းဆဲမှုဖြစ်မည်ဆိုလျှင် ညှင်းဆဲရခြင်း၏အကြောင်းဖြစ်၏။

ယင်းပစ္စည်းများဆုံးရှုံးပျက်စီးရသော် စိုးရိမ်ပူဆွေးရခြင်းစသောဆင်းရဲအမျိုးမျိုးနှင့်ရင်ဆိုင်ရ၊ တွေ့ကြုံရတတ်၏။

ပစ္စည်းဥစ္စာများအပေါ်တပ်မက်မှုကြောင့် မစ္ဆေရစိတ်ရှိသူတို့မှာ အပါယ်သို့လားရောက်နိုင်၏၊ "ပြိတ္တာတို့ဘောင် ဥစ္စာဆောင်" ဟူသောဆိုရိုးစကားပြုကြကုန်၏။

ဤသို့စသည်ဖြင့် ကိုယ်ပိုင်ဝတ္ထုပစ္စည်းစုတို့သည် အကျိုးမဲ့အမျိုးမျိုးသာဆောင်နိုင်ကုန်၏။

www.dhammaransi.com



ယင်းပစ္စည်းဝတ္ထုတို့ကို ခွန့်ကြဲပေးကမ်းလှူဒါန်းခြင်းတစ်ခုတည်းသည်သာ ချမ်းသာကြောင်းအမှန်ဖြစ်၏။

ဤသို့နှလုံးသွင်းဆင်ခြင်ရပါမည်။

အလှူခံပုဂ္ဂိုလ် မိမိထံမှောက်သို့ရောက်လာသည့်အခါ အကုသိုလ်မဖြစ်ဘဲ ကုသိုလ်တိုးပွား၍အကျိုးပွားအောင် အလှူဒါနမြောက်အောင်ဆင်ခြင်တတ်ရန်လိုအပ်ပါသည်။

"အလှူခံပုဂ္ဂိုလ်တို့သည် လှူဖွယ်ဝတ္ထုတို့ကိုဘယ်အခါများလာယူကြပါကုန်မည်နည်း၊ ဘယ်ပုံဘယ်နည်း ငါသည်အလှူခံပုဂ္ဂိုလ်တို့ချစ်မြတ်နိုးသူဖြစ်ရပါအံ့နည်း၊ အဘယ်သို့လျှင် အလှူခံပုဂ္ဂိုလ်တို့က မတောင်းဆိုဘဲအလိုက်သိစွာပေးလှူရပါအံ့နည်း၊ ပစ္စည်းဥစ္စာနှင့်အလှူခံပုဂ္ဂိုလ်နှစ်စုံရှိပါလျက် မစွန့်မလှူခြင်းသည် ငါ့အဖို့ကြီးစွာသောလှည့်စားမှုပင်ဖြစ်၏"

(စရိယာ– ဌ– ၂၈၄)

ဟူ၍ ဆင်ခြင်တတ်ရပါမည်။

-တောင်းခံလာသောအလှူခံပုဂ္ဂိုလ်သည် မိမိချစ်ခင်လေးစားကြည်ညိုအပ်သောပုဂ္ဂိုလ်ဖြစ်လျှင်(ပိယပုဂ္ဂိုလ်)

"ငါချစ်ခင်အပ်သောသူက ငါ့ကိုတောင်းခံလာလေသည် ဟုဝမ်းမြောက်ဝမ်းသာဖြစ်စေရမည်"

www.dhammaransi.com



-ချစ်လည်းမချစ်၊ မုန်းလည်းမမုန်းသောပုဂ္ဂိုလ်ဖြစ်လျှင်
(မဇ္ဈတ္တပုဂ္ဂိုလ်)
"ငါ့ကိုတောင်းခံလာသော၍သူသည် ယခုစွန့်လှူခြင်း
ဖြင့် မိတ်ဆွေဖြစ်ရတော့မည် ဟုနှလုံးသွင်းဆင်ခြင်၍
ဝမ်းမြောက် ဝမ်းသာဖြစ်ရပါမည်"
-ရန်သူဖြစ်သောပုဂ္ဂိုလ်ကတောင်းခံလာခဲ့သော်
(ဝေရီပုဂ္ဂိုလ်)
"ငါ၏ရန်သူသည် ငါ့ကိုတောင်းခံလာပေသည်၊ ငါ့ကို
တောင်းခံလာသော၍ရန်သူသည် ယခုငါပေးလှူခြင်း
ဖြင့် ကေန်မုချချစ်ကျွမ်းဝင်သောပုဂ္ဂိုလ်ဖြစ်ရပေ
တော့မည်"

ဟု နှလုံးသွင်းဆင်ခြင်၍ အထူးဝမ်းမြောက်ဝမ်းသာဖြစ်ရမည်။

ပေးလှူတတ်သူကို အလှူခံပုဂ္ဂိုလ်များက ချစ်မြတ်နိုး တတ်ကြပါသည်။

၎င်းဆိုအပ်ခဲ့သောနည်းတို့ဖြင့်ချစ်အပ်သောပုဂ္ဂိုလ်၌ကဲ့သို့ မချစ်မမုန်းပုဂ္ဂိုလ်၊ ရန်သူပုဂ္ဂိုလ်တို့၌လည်း မေတ္တာရှေ့သွားရှိသော ကရုဏာကိုဖြစ်စေ၍ ပေးလှူရပါမည်။

လှူဖွယ်ဝတ္ထုပြည့်စုံပြီး အလှူခံပုဂ္ဂိုလ်သည် မိမိမျက်မှောက်၌ထင်ရှားဆိုက်ရောက်နေပါလျက် အချို့ပုဂ္ဂိုလ်များပေးလှူလိုစိတ်မဖြစ်ပေါ်ဘဲရှိသော်-

www.dhammaransi.com



"ငါသည် ကောန်မှုချရေးဘဝကပေးလှူခြင်း၌ အလေ့အထမပြုလုပ်ခဲ့သည့်အတွက် ယခုငါ၏သန္တာန်မှာပေးလှူလိုစိတ်ခဖြစ်ပေါ်လာခြင်းဖြစ်သည်"

ဟုဆုံးဖြတ်၍-

"နောက်နောင်ပေးလှူလိုစိတ်ဖြစ်ပေါ်လာအောင် ယနေ့မှစ၍ပေးလှူတော့အံ့၊ ငါသည် ရေးနဆွကပင်ကြိုတင်၍ ကိုယ်တိုင်ဝတ္ထုပစ္စည်းစုကို အလှူခံများအားစွန့်လှူထားအပ်ပြီးမဟုတ်ပါလော့"

ဟုနှလုံးသွင်းဆင်ခြင်၍ ပေးလှူဖြစ်အောင်ပေးလှူကြရမည်။

လှူဖွယ်ဝတ္ထုက ချို့တဲ့နည်းပါးနေပြန်လျှင်လည်း ပေးလှူလိုစိတ်ကမဖြစ်ပေါ် ဘဲရှိခဲ့သော်-

"ငါသည် ရေးဘဝများစွာကမပေးလှူခဲ့သည့်အတွက် ယခုငါ့ပစ္စည်းဥစ္စာချို့တဲ့နွမ်းပါးရခြင်းဖြစ်သည်၊ မရှိလို့မလှူ မလှူလို့မရှိဖြစ်ချေတော့မည်၊ သို့အတွက် ယခုအခါ ငါသည်နည်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊ ရသမျှလှူဖွယ်ဝတ္ထုဖြင့်ဖျစ်ညှစ်၍ပေးလှူသင့်၏"

ဟုဆင်ခြင်နှလုံးသွင်း၍လှူဖြစ်အောင်လှူကြရမည်။

သတ္တဝါတို့၏ပင်ကိုယ်သဘာဝသည် မိမိပိုင်ပစ္စည်းကိုမပေးလို၊ နှမြောဝန်တိုတတ်၏၊ ပေးရမည်ဆိုလျှင် တွန့်တိုလေ့

www.dhammaransi.com



ရှိသည်၊ ယင်းကို မစ္ဆရိယဟုသိကြသည်၊ မစ္ဆရိယကိုနိုင်နင်းအောင် မနှိမ်နင်းနိုင်ပါက ပေးကမ်းမှုအထမမြောက်နိုင်ချေ၊ မစ္ဆရိယရန်သူကိုအနိုင်ယူပြီးပါမှသာလျှင် အလှူဒါနအထမြောက်နိုင်ပါသည်။

## စေတနာသုံးတန် ဒါနမှန်စေရန်

ဒါနပြုကြရာဝယ် ပြုနည်းမှန်ကန်ကြပါမှ အကျိုးပေးထက်သန်နိုင်ပါသည်။

"လှူပေးပုဂ္ဂိုလ်အတွက် အင်္ဂါ(၃)ပါးနှင့်အလှူခံပုဂ္ဂိုလ်အတွက် အင်္ဂါ(၃)ပါး၊ ဤ(၆)ပါးနှင့်ပြည့်စုံသောဒါနသာပြုနည်းမှန်ကန်သောဒါန ဟုဆိုအပ်ပါသည်၊ အလှူပေး၊ အလှူခံနှစ်ဘက်တာဝန်ကျေသောဒါနလည်းမည်ပါသည်"

အလှူပေးပုဂ္ဂိုလ်၌ ဒါနတစ်ခုခုကိုပြုလုပ်ရာ၌ ပြည့်စုံရမည့်အင်္ဂါ(၃)ပါးမှာ-

၁။ ပုဗ္ဗစေတနာ

-မလှူမီရှေ့အဖို့၌ လှူဖွယ်ဝတ္ထုတို့ကိုစုဆောင်းရှာဖွေအခါမှစ၍ "ငါသည်လောကီ၊ လောကုတ္တရာများစွာသောစည်းစိမ်တို့၏အကြောင်းဖြစ်သော ဘဝအစဉ်အဆက်လိုက်တတ်သော (အနုဂါမိက)အလှူမျိုးကိုလှူရတော့မည် ဟုဝမ်းမြောက်ခြင်းကုသိုလ်စေတနာသည် ပုဗ္ဗစေတနာ မည်ပါသည်။

www.dhammaransi.com



-ဤပုဗ္ဗစေတနာအခိုက်၌ အလှူဒါနကိုအကြောင်းပြု၍ အလှူဒကာ-ဒကာမ ဂုဏ်ထင်ရှားကျော်စောလိုသော စိတ်ဖြင့် မိမိလှူနိုင်ကြောင်း ကြွားဝါလိုသောစိတ်များ မဖြစ်ပေါ်အောင် သတိပြုရပါမည်။

-လှူဖွယ်ဝတ္ထုပစ္စည်းစုဆောင်းနေခိုက် အိမ်သာအချင်းချင်းလုပ်ဖော်ကိုင်ဖက်အချင်းချင်း မကျေနပ်မှု ဒေါသစသောအကုသိုလ်များမဖြစ်စေဘဲ အလှူအတွက် တစ်စုံတစ်ခုကြောင့် တွန့်တိုစိတ်ပျက်သောမလှူလို ဝန်တိုမစ္ဆရိယစိတ်များမဖြစ်ပေါ်ရလေအောင် အရာရာကို သတိနှင့်စောင့်ထိန်းလျက် လှူဖွယ်အရပ်ရပ်ကိုပျော်ရွှင်ဝမ်းမြောက်စွာစီစဉ်စုဆောင်းနိုင်ပါလျှင် ပုဗ္ဗစေတနာပြည့်စုံသည်ဟုမှတ်ယူရပါမည်။

၂။ မုဉ္စစေတနာ

-လှူဖွယ်ဝတ္ထုအစုစုကို အလှူခံပုဂ္ဂိုလ်၏လက်ထဲသို့ထည့်၍ စွန့်လွှတ်လှူဒါန်းဆဲအခိုက်၌ အနှစ်သာရမရှိသောပစ္စည်းဥစ္စာမှအနှစ်သာရရှိသောကုသိုလ်မျိုးစေ့ကို ထုတ်ယူနေပါတကား ဟုစိတ်ကြည်လင်ရွှင်ပြသော ကုသိုလ်စေတနာသည် မုဉ္စစေတနာမည်ပါသည်။

www.dhammaransi.com



ဤမုဉ္စစေတနာအခိုက်၌လည်း ဖော်ပြခဲ့သောအကုသိုလ်စိတ်များနှင့်အလှူခံပုဂ္ဂိုလ်အပေါ်၌တွယ်တာသောဟဗ္ဗာလောဘစိတ်များမဖြစ်စေဘဲ ယခုလှူဒါန်းလိုက်သည့်အတွက် မိမိကိစ္စကိုမမျှော်လင့်ဘဲရက်ရက်ရောရောလှူဒါန်းနိုင်ပါက မုဉ္စစေတနာပြည့်စုံသည်ဟုမှတ်ယူရပါမည်။

၃။ အပရစေတနာ

-အလှူဒါနပေးလှူပြီးနောက်. . . "ငါသည် ပညာရှိတို့ချီးမွမ်းအပ်သောလှူဒါန်းမှုကိုအတုလိုက်၍ ပြုလုပ်ရပေပြီ ကောင်းလေစွ"ဟုအဖန်ဖန်အထပ်ထပ်အောက်မေ့အမှတ်ရကာ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းသည်အပရစေတနာမည်ပါသည်။

-အလှူဒါနပြုပြီးနောက် ထိုအလှူဒါနကိုသတိရတိုင်းထပ်ကာထပ်ကာဝမ်းမြောက်ဝမ်းသာဖြစ်နေပါလျှင်အပရစေတနာကုသိုလ်များထပ်တိုးနေပါသည်။

-ထိုသို့မဟုတ်ဘဲအလှူပေးပြီးနောက် ပစ္စည်းပျက်ပြား၍ဖြစ်စေ၊ အလှူခံပုဂ္ဂိုလ်အပေါ်မကျေနပ်၍ဖြစ်စေ "လှူမိတာမှားလေစွ" ဟုအပရစေတနာပျက်လျှင်ထိုအလှူနှင့်ပတ်သက်၍ ကျေနပ်မှုဒေါသအကုသိုလ်

www.dhammaransi.com



တွေ့ဖြစ်ပွားတတ်သဖြင့် ထိုအဖြစ်မျိုးမှလွတ်ကင်းအောင် သတိနှင့်ထိန်းသိမ်းတတ်ရပါမည်။

-ကိုသို့လှူပြီးသည်ကို နောင်တတစ်ဖန်ပူပန်မှုမရှိ၊ ကုသိုလ်စိတ်၊ ဝမ်းမြောက်စိတ်များသာ တဖွားဖွားစဉ်ဆက်မပြတ်ပေါ်နေလျှင် အပရစေတနာပြည့်စုံသည်ဟုမှတ်ယူရပါမည်။

အလှူခံပုဂ္ဂိုလ်ဘက်၌လည်း အင်္ဂါ(၃)ရပ်ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်ရပါသည်၊ အလှူခံပုဂ္ဂိုလ်သည်-

၁။ ရာဂကင်းသူ (သို့မဟုတ်) ရာဂကင်းရန်ကျင့်နေသူ

၂။ ဒေါသကင်းသူ (သို့မဟုတ်) ဒေါသကင်းရန်ကျင့်နေသူ

၃။ မောဟကင်းသူ (သို့မဟုတ်) မောဟကင်းရန်ကျင့်နေသူ

အလှူခံပုဂ္ဂိုလ်သည် ဤအင်္ဂါ(၃)ပါးနှင့်ပြည့်စုံရန် လိုအပ်ပါသည်။

သမုဒ္ဒရာရေအတိုင်းအရှည်ပမာဏကို ကွမ်းစားတစ်ရာ၊ ကွမ်းစားတစ်ထောင်၊ ကွမ်းစားတစ်သိန်းရှိ၏ ဟုမရေတွက်မမှန်းဆနိုင်သကဲ့သို့ ဤအလှူပေး၊ အလှူခံအင်္ဂါ(၆)ပါးနှင့်ပြည့်စုံသောအလှူဒါန၏အကျိုးအာနိသင်အတိုင်းအရှည်ပမာဏကိုလည်း ဤမျှေ့ဤမျှရှိ၏ ဟု မရေတွက်မမှန်းဆနိုင်ပါ။

စင်စစ်အားဖြင့် မဟာသမုဒ္ဒရာ၌ရှိသောရေအစုကို မရေတွက်နိုင်သောရေအစုဟုဆိုရသကဲ့သို့ အင်္ဂါ(၆)ပါးနှင့်ပြည့်စုံသော

www.dhammaransi.com

သုခိတသနစာကြည့်တိုက်
အုပ်ချုပ်ရေးမှူးရုံး၊ ကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်



အလှူကိုလည်း အတိုင်းမသိအောင်အကျိုးပေးခြင်းရှိသောအလှူ ဟူ၍ခေါ် ဆိုရပါသည်။

ဤစေတနာအင်္ဂါ(၆)ပါး ပြည့်စုံညီညွတ်ခြင်း၏အကျိုးနှင့် ပတ်သက်၍ ဒသကနိပါတ် မဟာဓမ္မပါလဇာတ်၌ မဟာဓမ္မပါလ ပုဏ္ဏားကြီးကို ဒိသာပါမောက္ခဆရာကြီးက-

"သင်တို့ဓမ္မပါလအမျိုး၌ အဘယ်ကြောင့်အသက်တမ်း မပြည့်ဘဲ ကလေးသူငယ်များမသေဆုံးကြပါသနည်း"ဟု မေး သည်။

"ငါတို့သည် မလှူမီရှေးအဖို့က ကောင်းစွာဝမ်းမြောက် ဝမ်းသာဖြစ်ကြပါကုန်၏၊ လှူဆဲမှာလည်း စင်စစ်ဝမ်းမြောက်ဝမ်း သာနှစ်သက်သောစိတ်ရှိကြပါကုန်၏၊ လှူပြီးသည်နောက်၌လည်း စင်စစ်တွန့်တိုပူပန်ခြင်း မရှိကြပါကုန်၊ ဤအကြောင်းသုံးရပ် ကြောင့် ငါတို့၏မဟာဓမ္မပါလအမျိုး၌ အသက်တမ်းမပြည့်ဘဲ ကလေးသူငယ်များမသေကြပါ "

ဟု ဓမ္မပါလပုဏ္ဏားကြီးက ဖြေကြားခဲ့သည်။

ဤစေတနာသုံးတန်ညီညွတ်ခြင်းသည် လက်ငင်းဒိဋ္ဌ အသက်ရှည်ခြင်း ဟူသောအကျိုးပေးနိုင်သည့်အာနုဘော်ရှိ ကြောင်းသိရပါသည်။

စေတနာသုံးတန်ပျက်ပြယ်ပါကလည်း ဆက်နွယ်ရောက် လာရရှိလာသောအပြစ်များရှိတတ်ပါသည်။

၂၉၇၆၀

အလှူဒါနပြုလုပ်ကြသူတို့သည် မလှူမီ၊ လှူဆဲ၊ လှူပြီး ဟူသောသုံးကာလတို့တွင် တစ်ပါးပါး၌စေတနာပျက်ကွက်ပါက အရှယ်(၃)ပါးတွင်-

- *ပုဗ္ဗစေတနာပျက်စီးပါက* ပထမအရွယ်၌ စီးပွားဥစ္စာ ချို့တဲ့နွမ်းပါးတတ်၏၊ ရုပ်လက္ခဏာအားဖြင့် မဟာကုသမင်း၊ ပဒုမပါဝီတို့ကဲ့သို့ ချို့ဘဲ့ပျက်စီးတတ်၏။

  *မုဉ္စစေတနာပျက်စီးပါက* အင်္ဂါခြေလက်ချို့တဲ့တတ်ခြင်း၊ ဂုဏ်မဲ့သောအမျိုးအနွယ်၌ဖြစ်ရခြင်း၊ တန်ခိုးအရှိန်အဝါ သေးနုတ်ခြင်းစသောမကောင်းကျိုးများ ဖြစ်ပေါ်တတ်ပါသည်။

  ***အပရစေတနာပျက်စီးပါက*** လူဖြစ်လာ၍ ချမ်းသာကြွယ်ဝသောအမျိုး၌ဖြစ်ရစေကာမူ ထူးတွေကောင်းမြတ်သာယာနူးညံ့သက်အပ်သော စားဖွယ်၊ သောက်ဖွယ်၊ အဝတ်တန်ဆာ၊ အသုံးအဆောင်၊ ဘဏ္ဍာတို့ကို သုံးဆောင်ခံစားလိုစိတ်မဖြစ်ပေါ်တတ်ခြင်း၊ သုံးဆောင်ခံစားဖို့ရန် စိတ်မညွတ်တတ်ခြင်း၊ သုံးဆောင်ခံစားလိုစိတ်ဖြင့် သုံးဆောင်ခံစားနေရသောစည်းစိမ်ဥစ္စာများ ရုတ်တရက်ဆုတ်ယုတ်ပျက်စီးတတ်ခြင်း၊ ရာထူးအချခံရတတ်ခြင်း၊ အိုမင်းသည့်အခါ ဆင်းရဲအမျိုးမျိုးခံစားရ

www.dhammaransi.com



ခြင်းစသောမကောင်းကျိုး အမျိုးမျိုးကို ခံစားရတတ်ပါသည်။

များသောအားဖြင့် အလှူရှင်တို့အား နောင်ဘဝတစ်ဖန် ပြင်းစွာပူပန်မှု(ဝိပ္ပဋိသာရ)ဖြစ်ရခြင်းသည် အလှူခံပုဂ္ဂိုလ်ကြောင့် ဖြစ်ရတတ်သည်၊ ထို့အတွက် အလှူပေးမည့်ပုဂ္ဂိုလ်သည်လည်း ပညာရှင်တို့နှင့်တိုင်ပင်ဆွေးနွေးပြီးမှ ပေးလှူသင့်သည်၊ ပညာရှင်တို့နှင့် မတိုင်ပင် မဆွေးနွေးဘဲပေးလှူပါက နောင်အခါ၌ မှားလေစွ ဟုနောင်တရတတ်သည်။(ဒီ-ဌ၊၁-၂၆၄) ထို့ကြောင့် သီလမရှိသောဒုဿီလအလှူခံပုဂ္ဂိုလ်တို့ကို မရည်မှန်းအာရုံမပြုဘဲသီလရှိသောသီလဝန္တ-အလှူခံပုဂ္ဂိုလ်တို့ကိုသာ ရည်မှန်းအာရုံပြု၍လည်းကောင်း၊ သံဃာကိုရည်မှန်း၍လည်းကောင်း လှူဒါန်းရပါမည်၊ သို့မှသာ စေတနာတိုးပွား၍အကျိုးများပါမည်။

## ဒွိဟိတ်၊ တိဟိတ်ကုသိုလ်ဖြစ်အောင် ကုသိုလ်ပြုတတ်မှု

ဒါနမှုသည် ဗုဒ္ဓသာသနာအတွင်း၌ရှိသလို ပြင်ပ၌လည်း ရှိပါသည်၊ ဗုဒ္ဓသာသနာတော်နှင့်ကြုံကြိုက်ခိုက်ဝယ် တိဟိတ်ကုသိုလ်-ဥက္ကဋ္ဌကုသိုလ်များဖြစ်အောင် နှလုံးမသွင်းတတ်၊ မဆင်ခြင်

www.dhammaransi.com



တတ်ပါလျှင် ဗုဒ္ဓသာသနာတော်နှင့်ကြုံကြိုက်ရကျိုးမနပ်ဘဲ ရှိပါမည်။

အဘိဓမ္မာဒေသနာတော်၌ အလောဘ၊ အဒေါသ၊ အမောဟ(ပညာ)စေတသိက်(၃)ပါးကို ဟေတု(ဟိတ်) (အခြေအမြစ်) ဟုခေါ်ပါသည်။

သစ်ပင်တစ်ပင်၌ ရေသောက်မြစ်သည် သစ်ပင်ခိုင်မြဲအောင် စည်ကားကြီးထွားအောင်ပြုသကဲ့သို့ အလောဘစသောထိုဟိတ်တရားများသည်လည်း မိမိတို့နှင့်ယှဉ်ဖက်စိတ်ကိုခိုင်မြဲစည်ကားအကျိုးများအောင် ပြုနိုင်ကြပါသည်။

ထို့ကြောင့် အလောဘ၊ အဒေါသ၊ ကုသိုလ်ဟိတ်(၂)ပါးနှင့်ယှဉ်လျှင် ဒွိဟိတ်ကုသိုလ်စိတ်၊ အလောဘ၊ အဒေါသ၊ အမောဟ(ပညာ)ဟိတ် ၃-ပါးနှင့်ယှဉ်လျှင် တိဟိတ်ကုသိုလ်စိတ်

အမောဟ(ပညာ)ဆိုသည်မှာ ကံ-ကံ၏အကျိုးဧကန်ရှိ၏ဟုယုံကြည်သောသမ္မာဒိဋ္ဌိဉာဏ်ပညာဖြစ်ပါသည်၊ ထိုဉာဏ်ကိုပင်ကမ္မဿကတဉာဏ်ဟု ခေါ်ပါသည်။

ကလေးသူငယ်များနှင့် ကံ-ကံ၏အကျိုးကိုမယုံကြည်နားမလည်သောပုဂ္ဂိုလ်များသည် ပစ္စည်းဝတ္ထုတစ်စုံတစ်ခုကို ပေးလှူရာ၌-

"ယခုပြုသောပေးလှူမှုကုသိုလ်ကံသည် မိမိသန္တာန်မှာအကျိုးပေးရန်သတ္တိရှိနေ၏၊ ထိုကံကြောင့် နောင်အခါအကျိုး

www.dhammaransi.com



ခံစားရမည် ဟုသိသော(သမ္မာဒိဋ္ဌိ=ကမ္မဿကတဉာဏ်)အမောဟ ဟိတ်မပါချေ၊ အလောဘ၊ အဒေါသဟိတ်(၂)ပါးသာပါသည်။

ထို့ကြောင့် ထိုကုသိုလ်စိတ်မျိုးကို ဉာဏ်မပါသောဒွိဟိတ် ကုသိုလ်စိတ်ဟုခေါ်ဆိုပါသည်။

ကံ-ကံ၏အကျိုးကိုနားမလည်သူများလှူ၍လှူသည်၊ အမှတ်တမဲ့ပေးကမ်းလှူသည်၊ ဤအလှူမျိုးသည် ဒွိဟိတ်ကုသိုလ် များဖြစ်ကြပါသည်။

ကုသိုလ်ပြုနေစဉ်အခါ ကံကိုလည်းကောင်း၊ ကံ၏အကျိုး ကိုလည်းကောင်း၊ နားလည်သောကမ္မဿကတဉာဏ်ပါလျှင် တိဟိတ်ကုသိုလ်စိတ်ဖြစ်သည်။

တစ်စုံတစ်ခုပစ္စည်းကိုပေးလှူသောအခါ-

"ထိုပစ္စည်းသည် ရုပ်ကလာပ်အစုသာဖြစ်သည်၊ ထိုရုပ် ကလာပ်အစုကား မမြဲ၊ ဆင်းရဲ၊ အစိုးမရ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ပါတကား၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမစသော ပုဂ္ဂိုလ်စွဲ၊ အတ္တစွဲပယ်ဖျောက်၍ အလှူပေး အလှူခံပုဂ္ဂိုလ်တို့သည် ရုပ်-နာမ်အစုများသာဖြစ်သည်ကိုထင်မြင်လာအောင်ရှု၍ ထိုရုပ်နာမ် တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ပါတကား ဟု ဝိပဿနာတင်၍ လှူတတ်ပါလျှင် တိဟိတ်ကုသိုလ်ဖြစ်ပါသည်။

ဥက္ကဋ္ဌကုသိုလ် -ပုဗ္ဗစေတနာ၊ အပရစေတနာကုသိုလ်မြဲရှိလျှင် မြင့်မြတ်သောဥက္ကဋ္ဌကုသိုလ်ဖြစ်သည်။

ဩမကကုသိုလ် -ပုဗ္ဗစေတနာ၊ အပရစေတနာ အကုသိုလ်စိတ် စေတနာခြံရံသွားလျှင် ယုတ်ညံ့သောဩမကကုသိုလ်ဖြစ်သည်။

တိဟိတ်ဩမကကုသိုလ် -ပုဗ္ဗစေတနာဖြစ်စေ၊ အပရစေတနာဖြစ်စေ တစ်ခုခုချို့တဲ့လျှင် တိဟိတ်ဩမကကုသိုလ်ဖြစ်သည်။

-ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊ တိဟိတ်ကုသိုလ်ခေါ်

-ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်မရှိ ဒွိဟိတ်ကုသိုလ်ခေါ်

-ရှေ့နောက်နှစ်ရပ်၊ ကုသိုလ်ညှပ်၊ ဥက္ကဋ္ဌဟုမြတ်ခေါ်

-ရှေ့နောက်နှစ်တန်၊ အကုခြံ၊ ညံ့ဟန်ဩမကခေါ်

www.dhammaransi.com

# အခန်း (၂)

## အလှူခံတစ်ကျိပ်လေးလှူကောင်းသော်လည်း

### အလှူခံပုဂ္ဂိုလ်ရွေးချယ်နည်း

အလှူခံတစ်ကျိပ်လေး ခွေးကအစလှူကောင်းသည်ဟု ဆိုသော်လည်း ဗုဒ္ဓက-

"မိမိစိတ်ကြည်ညိုရာ ပုဂ္ဂိုလ်အားလှူသင့်ကြောင်း၊ သို့ရာတွင် သီလရှိသောပုဂ္ဂိုလ်အားလှူခြင်းသည်အကျိုးများ၍ နီဝရဏငါးပါးကိုပယ်စွန့်ပြီးသောပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်သောသီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန၊ ပစ္စဝေက္ခဏာဉာဏ်ဟူသော လောကီ၊ လောကုတ္တရာဂုဏ်ကျေးဇူး

www.dhammaransi.com



တို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့အားလှူမှုသည် အကျိုးများစွာရပေ
သည်”

ဟူ၍ ဟောကြားတော်မူခဲ့သည်။

(သံ–၁–၉၉၊ ၁၀၀)

အလှူခံပုဂ္ဂိုလ်ရွေးချယ်ရန် မည်မျှအရေးကြီးကြောင်းနှင့် ပတ်သက်၍ ဘုရားရှင်တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားရန်ကြွစဉ် အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့ လာရောက်ဆည်းကပ်ကြရာတွင် အင်္ကုရနတ်သားမှာ တန်ခိုးကြီးသောနတ်များလာတိုင်း-လာတိုင်းနေရာဖယ်ပေးရကာ နောက်သို့ ဆုတ်၍-ဆုတ်၍သွားရသဖြင့် ဘုရားရှင်နှင့်ယူဇနာ(၁၀)ကွာဝေးသောအရပ်မှနေ၍ တရားနာရသည်။

ဣန္ဒကနတ်သားမှာ မူလနေရာရင်းက လုံးဝဖယ်ရှားပေး ရခြင်းမရှိခဲ့ချေ၊ ထိုကိစ္စကို ဗုဒ္ဓအဘိဓမ္မတရားဟောပွဲပြီးသော အခါ အင်္ကုရနတ်သားက သူသည် လူ့ဘဝကသိန်းပေါင်းများစွာ လှူခဲ့ပြီး ဣန္ဒကနတ်သားမှာ အရှင်အနုရုဒ္ဓါရဟန္တာမထေရ်မြတ် ကိုဆွမ်းတစ်ဇွန်းစာမျှလှူခဲ့သူဖြစ်ပါလျက် အဘယ်ကြောင့် ဤမျှ ဘုန်းတန်ခိုးအာနုဘော်ကွာရပါသနည်း ဟုမေးလျှောက်ခဲ့သည်။

ထိုအခါ ဗုဒ္ဓက အင်္ကုရနတ်သားသည် လှူဖွယ်များသော် လည်း သာသနာပကာလ၌ သာမန်ပုထုဇဉ်မျှသာလှူခဲ့၍ ဘုန်း

www.dhammaransi.com



တန်ခိုးနည်းရသည်၊ ဣန္ဒကနတ်သားမှာ လှူဖွယ်နည်းသော်လည်း အလှူခံပုဂ္ဂိုလ်က ရဟန္တာဖြစ်၍ မြင့်မြတ်သောပုဂ္ဂိုလ်ဖြစ်၍ ဘုန်းတန်ခိုးကြီးရသည် ဟုအဖြေပေးခဲ့သည်။

ပေတဝတ္ထုပါဠိတော်၌-

"ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထဒိန္နံမဟပ္ဖလံ"

"အလှူဒါနလှူလိုလျှင် အကျိုးကြီးမားစွာပေးမည့် မြင့်မြတ်သောအလှူခံပုဂ္ဂိုလ်ကိုရွေးချယ်၍လှူဒါန်းရမည်"

ဟူ၍ ဟောကြားခဲ့ပါသည်။

အလှူခံပုဂ္ဂိုလ်ရွေးချယ်မှုနှင့်ပတ်သက်၍ အရောင်ဒွာနအား လျော့စွာခွဲခြား၍ ကျမ်းဂန်တို့၌ဟောကြားတော်မူထားကြောင်း သိရပါမည်။

ဗုဒ္ဓဝင်ပါဠိတော်၌-

"သဗ္ဗညုတဉာဏ်တော်ကိုလိုလားသော ဘုရားလောင်းတော်ကြီးများအဖို့ အလှူခံပုဂ္ဂိုလ်ကိုအယုတ်၊ အလတ်၊ အမြတ် မရွေးဘဲ ပေးလှူသင့်ကြောင်း" ဟောကြားထားပါသည်။

ဘုရားလောင်းများသည် သဗ္ဗညုတဉာဏ်တော်ကိုရရန် ရည်ရွယ်ရင်းဖြစ်၍ ယင်းဉာဏ်အတွက် အယုတ်၊ အလတ်၊ အမြတ်ဟူ၍မရှိ၊ တစ်မျိုးစားတည်းသာဖြစ်၍ မိမိ၏လှူဖွယ်ဝတ္ထုတို့ကိုရောက်လာသမျှအလှူခံတို့အား အယုတ်၊ အလတ်၊ အမြတ် မရွေးလှူဒါန်းရန်သာဖြစ်သည်။

www.dhammaransi.com



လောကီစည်းစိမ်အမျိုးမျိုးတို့ကို အလိုရှိရာရည်ရွယ်၍ လှူဒါန်းလိုကြသော လူ၊ နတ်သာမန်တို့အတွက်မူ မြတ်သော အကောင်းဆုံးသောအလှူခံပုဂ္ဂိုလ်ကိုရွေးချယ်လှူရမည် ဟု ဥပရိ ပဏ္ဏာသပါဠိတော်ဒက္ခိဏာဝိဘင်္ဂသုတ်နှင့်ပေတဝတ္ထုတော်၌ ဟောထားခြင်းဖြစ်ပါသည်။

အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေကောင်းနှင့်တူကြောင်း ပေတဝတ္ထုပါဠိတော်၌ ဗုဒ္ဓကဟောကြားထားပါသည်။

လယ်ယာမြေသည် ပထမတန်း၊ ဒုတိယတန်း၊ တတိယ တန်းရှိသကဲ့သို့ အလှူခံပုဂ္ဂိုလ်ဟူသောလယ်ယာမြေများသည် အတန်းစားအမျိုးမျိုးရှိပါသည်။

လယ်ယာမြေ၌ မြက်စသောပေါင်းမြက်၊ အနှောက် အယှက်မရှိလေလေ အပင်ကောင်းမွန်စွာသန်လေဖြစ်သကဲ့သို့ အလှူခံရာ၌လည်း ရာဂ၊ ဒေါသ၊ မောဟနည်းသောပုဂ္ဂိုလ်ဖြစ် လေလေ လှူရသူမှာအကျိုးများလေလေဖြစ်ပါသည်။

လယ်ယာမြေ၌ ဓာတ်မြေသြဇာများ၍ ရေအဆင်သင့် ဖြစ်လေလေ ကောက်ပင်သီးနှံဖွံ့ဖြိုးလေလေဖြစ်သကဲ့သို့ အလှူခံ ပုဂ္ဂိုလ်များ၌ သီလ၊ သမာဓိ၊ ပညာကြီးလေလေ လှူရသူ၌အကျိုး များလေလေဖြစ်ရပါသည်။

www.dhammaransi.com



## အကျိုးကြီးကြီးလိုလျှင်သံဃိကဒါနနှလုံးသွင်းလှူပါ

"ပုဂ္ဂိုလ်သည်သာ ကောင်း၊ မကောင်းအမျိုးမျိုးရှိသည်၊ သံဃာဟူသည် သံဃောဟိ ဒုဿီလောနာမနတ္ထိ=သံဃာမှန်လျှင် ဒုဿီလ ဟူ၍မရှိ " (မ-ဋ္ဌ-၄-၂၂၇)

ဟူ၍ဟောထားရာ ဘုရားတပည့်သားသံဃာအပေါင်းမှာ အယုတ်၊ အလတ်၊ အမြတ်ဟူ၍မရှိ၊ မြတ်သောသံဃာချည်းသာဖြစ်သည်။

ထို့ကြောင့် လောကီစည်းစိမ်အမျိုးမျိုးတို့ကို အလိုရှိရာရည်ရွယ်၍လှူဒါန်းလိုကြသောပုဂ္ဂိုလ်များအဖို့ ပုဂ္ဂလိကဒါနမပြုဘဲ သံဃိကဒါနကိုသာပြုသင့်ပါသည်။

သုတ္တနိပါတ်ပါဠိတော်(၃၇၈)၌ ဗုဒ္ဓက-

"သံဃေဒိန္နံမဟပ္ဖလံ သံဃေ တွံ ဂေါတမိ ဒေဟိ"

"သံဃာကိုလှူသောသူသည် များစွာသောအကျိုးကိုရစေသည်၊ သံဃာအားသာလှူပါ "

ဟူ၍ဟောကြားထားခဲ့ပါသည်။

သံဃာဟူသည် လူအပေါင်း၏အမည်ဖြစ်ပါသည်၊ သံဃာတော်ဆိုသောစကား၌ အရိယာပုဂ္ဂိုလ်ဟူသမျှအားလုံးပါဝင်နေပါသည်။

www.dhammaransi.com



ထို့ကြောင့် မျက်မှောက်ရှိပုဂ္ဂိုလ်တို့ကိုအာရုံမထား မပြုဘဲ သံဃာအစုအပေါင်းကိုသာအာရုံထား၍လှူဒါန်းသော် သံဃိကဒါနမြောက်နိုင်သည်။

သံဃိကဒါနပြုလုပ်ရန်ရည်ရွယ်၍ ဝတ္ထုပစ္စည်းကိုစီမံပြီး ကျောင်းသို့သွားသည်၊ သံဃိကအလှူကိုလှူလို၍ သံဃာတစ်ပါးကိုညွှန်ကြားပါဟု လျှောက်ထားတောင်းပန်သဖြင့် သံဃာမှ အလှည့်ကျသာမဏေကိုညွှန်ကြား၍ရခဲ့လျှင် နှလုံးမသာမယာ ရှိတတ်သည်။

မထေရ်မြတ်ကြီးကိုရလျှင်လည်း ငါသည် မထေရ်မြတ်ကြီးကိုရအပ်ပေပြီ ဟု အလွန်အမင်းဝမ်းမြောက်ဝမ်းသာပုဂ္ဂိုလ်စွဲဖြစ်တတ်၏။

ထိုသူတို့၏ပုဂ္ဂိုလ်မျက်နှာကိုကြည့်၍ လှူအပ်သောအလှူများသည် သံဃိကဒါနမမြောက်ပါ။

စင်စစ်အားဖြင့် ကိုရင်ဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ရဟန်းငယ်ဖြစ်စေ၊ မထေရ်ကြီးဖြစ်စေ၊ ပညာရှိသောရဟန်းဖြစ်စေ၊ ပညာမရှိသောရဟန်းဖြစ်စေ တစ်ဦးဦးကိုသံဃာက သံဃာကိုယ်စားအလှည့်ကျသဖြင့်ညွှန်ကြား၍ရလာလျှင် အထွေအထူးစဉ်းစားယုံမှားခြင်းမရှိဘဲ-

"သံဃာတော်အား ငါသည်လှူ၏"

www.dhammaransi.com



ဟုနှလုံးသွင်း၍ သံဃာ၌ရှိသေခြင်းကိုပြုနိုင်မှသာလျှင် သံဃိက ဒါနမြောက်ပါသည်။

ဖြ ်စဉ်တစ်ခုတွင် ကျောင်းဒါယကာသူကြွယ်တစ်ဦး သည် သံဃိကအလှူ လှူမည်ဟု အစစအရာရာစီမံပြီး သံဃာထံ သို့သွားရောက်၍-

“သံဃာတော်မှညွှန်ကြား၍ ရဟန်းတစ်ပါးကို ပေးတော်မူပါ ”

ဟုတောင်းလေသည်။

ဒါယကာသည် သံဃာတော်ကအလှည့်ကျ၍ပေးသော ရဟန်းသည် ဒုဿီလရဟန်းမှန်းသိသော်လည်း ကောင်းမွန်စွာ နေရာထိုင်ခင်းသန့်ပြန့်စွာခင်းကျင်းသုတ်သင်ပေးသည်၊ အပေါ် ၌ ဗိတာန်ကြက်သည်၊ နံ့သာပန်းမာန်အခိုအထုံတို့ဖြင့်ပူဇော်ပြီး လျှင် ဒုဿီလရဟန်း၏ခြေတို့ကို တရိုတသေဆေးကြောသုတ် သင်ဆီလိမ်းပေးခြင်း စသည်ဖြင့် ဘုရားရှင်အားအရိုအသေပြု သကဲ့သို့ပင် သံဃာ၌ အရိုအသေပြုခြင်းဖြင့် လှူဖွယ်ဝတ္ထုကို လှူခဲ့လေသည်။

မွန်းလွဲသောအခါ ထိုဒုဿီလရဟန်းသည် အိမ်သို့လာ၍ မိမိကိုလည်းနံနက်က ကောင်းမွန်ရှိသေစွာပြင်ဆင်လုပ်ကျွေး လှူခဲ့သဖြင့် မိမိအားကြည်ညိုသည်ထင်ပြီး-

www.dhammaransi.com



"ကျောင်းပြင်ရန်ပေါက်တူးလေးခဏပေးပါ "
ဟုပြောဆိုပြီး အိမ်တံခါးဝ၌ရပ်လာသည်တွင် သူကြွယ်က ပကတိနေမြဲကပင်မထဘဲ ပေါက်တူးကိုခြေဖြင့်ကော်ခတ်၍ပေးလိုက်သည်။

ထိုအခါ အိမ်နေသူများက-

"အရှင်တို့သည် နံနက်က ထိုရဟန်းအားပြုအပ်သော ပူဇော်သက္ကာရမှုကားပြော၍မကုန်နိုင်လောက်အောင်ပင်ရှိလေသည်၊ ယခုသော်ကား နံနက်က ပူဇော်ပသမှု၏တစ်စိတ်တစ်ဒေသမျှ ပြောပဖွယ်မရှိပါတကား၊ ဤကဲ့သို့ နံနက်တစ်မျိုး၊ ယခုတစ်မျိုးပြုမူပုံသည် ဘယ်လိုဟာမျိုးပါနည်း"
ဟုမေးကြသည်။

"အမောင်တို့. . . . နံနက်ကပြုခဲ့သောရိုသေမှုကား သံဃာအားပြုခဲ့သောရိုသေမှုသာဖြစ်သည်၊ ဤဒုဿီလရဟန်းအားပြုသောရိုသေမှုမဟုတ်"
ဟု ပြောကြားလေသည်။

ဤဖြစ်ရပ်၌ အလှူဒါနပြုကြရာဝယ် သံဃာအပေါ်အာရုံပြုတတ်၊ နှလုံးသွင်းတတ်ဖို့အထူးအရေးကြီးလှသည်ကို ညွှန်ပြသားပါသည်။

www.dhammaransi.com



အလားတူ အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ်၊ ဂဟပတိဝဂ်၊ ဒုတိယသုတ်လာ ဥဂ္ဂသူကြွယ်၏သံဃာအပေါ်စိတ်ထားနည်း သည်လည်း အတုယူလိုက်နာစရာကောင်းလှပါသည်။

မြတ်စွာဘုရားရှင်သည် ဝဇ္ဇီတိုင်း ဆင်ရွာ၌သီတင်းသုံးစဉ် ဆင်ရွာ၌နေသော ဥဂ္ဂါသူကြွယ်သည် အံ့ဖွယ်(၈)ပါးနှင့်ပြည့်စုံ သောသူဟူ၍ ရဟန်းတို့ကိုဟောကြားအသိပေးထားသည်။

ရဟန်းတစ်ပါးက နံနက်အခါ ဥဂ္ဂါသူကြွယ်ထံသို့ကြွ၍ သူဌေး၏အံ့ဖွယ်ရှစ်ဖြာကိုမေးသည်၊ ထိုအခါ သူကြွယ်က-

"တပည့်တော်အား ဘုရားရှင်ကဟောကြားထားသည့် အံ့ဖွယ်ရှစ်ပါးတရားတို့ကား အဘယ်မည်သောအံ့ဖွယ်တရားများ ဟု အတိအကျမသိရသော်လည်း တပည့်တော်မှာ ထင်ရှားရှိ သောအံ့ဖွယ်ရှစ်ပါးတရားကားရှိပါသည်၊ ယင်းကို အရှင်ဘုရား နားထောင်ပါ "

ဟုလျှောက်ထားပြီး မိမိ၌ရှိသောအံ့ဖွယ်ရှစ်ပါးကို လျှောက်ထားပြ သည်။

ဥဂ္ဂါသူကြွယ်လျှောက်ထားသော အံ့ဖွယ်ရှစ်ပါးအနက် ခြောက်ပါးမြောက်အံ့ဖွယ်မှာ-

"တပည့်တော်တို့အိမ်သို့လှူဒါန်းရန်သံဃာတော်ကိုပင့် ဖိတ်လျှင် နတ်များကကြိုတင်လာရောက်၍ သူကြွယ်ဤမည်

www.dhammaransi.com



သောပုဂ္ဂိုလ်ကြီးများအား အရိယာကြီးများဖြစ်ကြ၏၊ ဤမည်သောပုဂ္ဂိုလ်တို့ကား ပုထုဇဉ်သီလဝန္တကြီးများဖြစ်ကြ၏၊ ဤမည်သောပုဂ္ဂိုလ်ကား ဒုဿီလဖြစ်၏ ဟုအလျှင်လက်ဦးပြောကြားလာပါသည်၊ ထိုသို့နတ်များကြိုတင်ပြောကြားလာခြင်းမှာ တပည့်တော်အဖို့ အံ့ဖွယ်မဟုတ်ပါ၊ အံ့ဖွယ်ကောင်းသောအကြောင်းမှာကား တပည့်တော်သည် သံဃာအားလှူဒါန်းသောအခါ သံဃာကိုဆွမ်းလုပ်ကျွေးသောအခါ ဤပုဂ္ဂိုလ်ကား အရိယာသီလဝန္တဖြစ်သည့်အတွက် များများလှူမည်၊ ဤပုဂ္ဂိုလ်ကား ဒုဿီလဖြစ်၍နည်းနည်းလှူမည်ဟူ၍စိတ်ဖြစ်ခြင်းအလျဉ်းမရှိပါ၊ စင်စစ် အရိယာသီလဝန္တ ဒုဿီလဟူ၍မခြားနားဘဲ တူမျှသောစိတ်ရှိ၍သာ တပည့်တော်လှူပါသည်၊ ဤကား(၆)ခုမြောက်အံ့ဖွယ်ဖြစ်ပါသည်" ဟုလျှောက်ထားပြသည်။

ဤအံ့ဖွယ်အရာ၌ ဥဂ္ဂသူကြွယ်သည် အရိယာ၊ သီလဝန္တ ဒုဿီလ(၃)မျိုးစလုံး၌ တူညီသောစိတ်ထားဖြင့်လှူဒါန်းသည်ဟုဆိုရာ သူ၏တူမျှစွာထားနိုင်ခြင်းအကြောင်းရင်းနှလုံးသွင်းပုံကိုလည်းသိထားရန်လိုပါမည်။

ဥဂ္ဂသူကြွယ်၏ စိတ်ထားနှလုံးသွင်းပုံမှာ-

"ပင့်ဖိတ်သောအခါ သံဃာကိုပင့်ဖိတ်သည့်အတိုင်း ရဟန္တာကြီးများအားလှူဒါန်းသောအခါ၌လည်း ရဟန္တာကြီးများ၏

www.dhammaransi.com



မျက်နှာကိုမကြည့်၊ ရဟန္တာပုဂ္ဂိုလ်များကို ငါလှူရသည်ဟု အမှတ်မထား၊ ဘုရားရှင်၏တပည့်သားအရိယာသံဃာမြတ်ကို ငါလှူသည်ဟုသဘောထားသည်၊ ဒုဿီလအားလှူဒါန်းသောအခါ၌လည်း ဒုဿီလမျက်နှာကိုမကြည့်၊ ငါသည် ဒုဿီလပုဂ္ဂိုလ်အားလှူဒါန်းရသည်ဟု သဘောမထား၊ ဘုရားရှင်၏တပည့်တော်သားသံဃာတော်မြတ်အားသာ ငါလှူဒါန်းသည်"

ဟူ၍ ပုဂ္ဂိုလ်အယူတ်၊ အမြတ်အပေါ်၌မခွဲခြားဘဲ တစ်သဘောတည်းသံဃာကိုသာရည်မှတ်ပြီးလှူဒါန်းနိုင်ရန် နှလုံးသွင်းဆင်ခြင်ပြီး လှူဒါန်းခဲ့သည်။

သက်နးပတ်ထားပြီး အမည်ခံဒုဿီလပုဂ္ဂိုလ်ပင်ဖြစ်နေငြားသော်လည်း သံဃာကိုအာရုံပြု၍ သံဃိကဒါနမြောက်အောင်လှူဒါန်းနိုင်ကြပါမူ ရရှိမည့်အကျိုးသည် အသင်္ချေယျ၊ အပ္ပမေယျပင်ဖြစ်ကြောင်း ဘုရားရှင်ကဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောထားသည်။

သံဃာ၌အရိုအသေပြုခြင်းငှာ စွမ်းနိုင်ပါလျှင် သံဃိကဒါနမြောက်ပါသည်။

အလှူခံပုဂ္ဂိုလ်နှင့်ပတ်သက်၍ အလှူခံပုဂ္ဂိုလ်သည်-

- တိရစ္ဆာန်
- ဒုဿီလ

www.dhammaransi.com



- သီလဝန္တ
- ရသေ့ပရဗိုဇ်
- အရိယာပုဂ္ဂိုလ် (၈)ဦး
- ပစ္စေကဗုဒ္ဓါ
- မြတ်စွာဘုရားရှင်

အားဖြင့် တစ်ကျိပ်လေးယောက်(၁၄)မျိုးရှိပါသည်။

ဘုရားလောင်းများကား အယုတ်၊ အလတ်၊ အမြတ် မရွေး အလှူခံတစ်ကျိပ်လေးယောက်တို့အားလှူဒါန်းခဲ့ပါသည်။

သာမန်ပုဂ္ဂိုလ်များအနေဖြင့် အလှူခံပုဂ္ဂိုလ်အင်္ဂါ(၃)ပါး နှင့်ပြည့်စုံသူကိုရွေးချယ်လှူဒါန်းမှသာလျှင် မိမိတို့လိုအပ်သော လောကီ၊ လောကုတ္တရာအကျိုးကျေးဇူးများပြည့်စုံနိုင်ပါသည်။

ဤသို့လှူဒါန်းရာဝယ် ပုဂ္ဂိုလ်ကိုမရည်မှန်းဘဲ သံဃာကို ရည်မှန်းပြီးလှူဒါန်းသော် အကျိုးများသည်ဆိုသည်မှာ သံဃာဟူ သည်၌ ဒုဿီလမရှိ၊ သံဃာမှန်လျှင် သီလဝန္တသာဖြစ်သော ကြောင့် သံဃာကိုရည်မှန်း၍လှူဒါန်းလျှင် ပို၍အကျိုးကြီးမား သည်ကိုသိထားရပါမည်။

www.dhammaransi.com



# အလှူဒါနအထမြောက်နိုင်မှု

ပုထုဇဉ်လူသားတို့အလှူဒါနပြုကြရာဝယ်-

-ပုဂ္ဂိုလ်အတန်းအစားမရွေး လှူဒါန်းလိုသောအသိပညာ သဒ္ဓါတရားရှိရပါမည်။

-မိမိ၌ရှိသောပစ္စည်းကိုလည်း နှမြောတွန့်တိုခြင်းကင်းရ ပါမည်။

ဤတရားနှစ်ပါးရှိလျှင် အလှူဒါနထမြောက်ပါသည်။

အကယ်၍ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်စိစစ်နေပါလျှင် အလှူဒါနထမြောက်အောင်မြင်ခဲပါသည်၊ မိမိ၏ပစ္စည်းအပေါ်၌ နှမြောဝန်တိုမှုဖြစ်ပေါ်နေလျှင်လည်း အလှူဒါနထမြောက် အောင်မြင်နိုင်ခဲပါ၏။

ထို့ကြောင့် အလှူခံပုဂ္ဂိုလ်ကိုသုံးသပ်ခြင်းမပြုဘဲ မိမိ၏ အသိဉာဏ်သဒ္ဓါတရားကိုအခြေခံ၍ ပစ္စည်းအပေါ်၌လည်း မစင် ဘင်ပုပ်လောက်ကို ရွံရှာသကဲ့သို့ခင်တွယ်မှုမရှိမှသာလျှင် အလှူ ဒါနထမြောက်အောင်မြင်လွယ်၍ အကျိုးကျေးဇူးလည်းများပါ သည်။

အလှူခံပုဂ္ဂိုလ် မိမိထံ ရောက်ရောက်လာသောအခါတွင် လည်း အလှူပေးမှု ထမြောက်အောင်မြင်ပါသည်။

www.dhammaransi.com



ဤသို့သောစိတ်ရှိရန် အသိဉာဏ်ပညာ သဒ္ဓါတရားရှိရန်မှာလည်း သာမန်အသိဉာဏ်၊ သာမန်သဒ္ဓါတရားတို့ဖြင့် မဖြစ်နိုင်ပါ။

အဘယ်ကြောင့်ဆိုသော် လူ၏သဘာဝသည် မိမိတို့ပြုလုပ်လိုက်သောအလုပ်တစ်ခုအတွက် အကျိုးကိုမျှော်ကိုးလေ့ရှိသောကြောင့်ပင်ဖြစ်ပါသည်၊ အကျိုးကိုမျှော်ကိုးလိုက်သည်နှင့်တစ်ပြိုင်နက်တည်း အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်လာ၏၊ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း မိမိပစ္စည်းအပေါ်၌ငြိကပ်တွယ်တာမှုမစ္ဆရိယတရားကလည်း ဒီပုဂ္ဂိုလ်ဖြင့်မလှူသင့်ပါဘူး၊ ထိုပုဂ္ဂိုလ်မှလှူသင့်သည် စသည်ဖြင့် သဒ္ဓါအသွင်ပါဝင်လာသည်၊ ထိုအခါ အလှူဒါနထမြောက်အောင်မြင်မှု နည်းပါးသွားပါတော့သည်။

သို့အတွက် ဘုရားရှင်ကအလှူအတန်းကို မည်သည့်ပုဂ္ဂိုလ်အားမဆို လှူဒါန်းသင့်ကြောင်း ဥပရိပဏ္ဏာသဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောကြားထားပါသည်။

အလှူအကျိုးများမှု-နည်းမှုသာကွာခြား၍ တစ်ဆင့်တက်ပြီး ရွေးချယ်မှုဒါန၊ သံဃိကဒါနကိုအထူးပြုဟောခြင်းသာဖြစ်ပါသည်၊ အလှူဒါနဟူသည်ကမူ အလှူခံတစ်ကျပ်လေး ခွေးကအစလှူကောင်းပါသည်။

# ဒါနကို လေ့ကျင့်ပါ

သတ္တဝါတို့ပင်ကိုယ်သဘာဝ မိမိပစ္စည်းကိုမပေးလို၊ နှမြောဝန်တိုတတ်ကြ၍ပေးကမ်းမှုဒါနအထမမြောက်နိုင်ကြပါ။

ပေးကမ်းမှုဒါနအထုံအလေ့အကျင့်ပါလာအောင် စကားမပီတပီလူမမယ်အရွယ်ကပင်စတင်၍ ပေးချင်စိတ်ဒါနပြုလိုစိတ်ဖြစ်ပေါ်လာအောင် စိတ်ကိုပြုပြင်ပေးသင့်သည်၊ ဥပမာ ကလေးလက်ထဲရှိမုန့်ကိုပေးစားပါ ဟုတောင်းသူကအပျော်သဘောဖြင့်တောင်းလာခဲ့သော် မိဘက သားကလေး၊ သမီးကလေး စားပါဦး လို့ပြောလိုက်၊ ယူပါဟုပြောလိုက် စသည်ဖြင့်တိုက်တွန်းသင်ကြားပေးရမည်။

စကားပီ၍ အသိဉာဏ်နားလည်မှုအသင့်အတင့်ရှိလာသောအရွယ်တွင် သားငယ်၊ သမီးငယ်များကို ဘုရားရှိခိုးဦးတော်ချခိုင်းခြင်း၊ သံဃာတော်များဆွမ်းခံကြွလာက ဦးတော်ချခိုင်းခြင်း၊ ဆွမ်းလောင်းခိုင်းခြင်း၊ ဘုရားရှင်အား ပန်းကပ်၊ ရေကပ်၊ ဆီမီးပူဇော်ခိုင်းခြင်း၊ သီလရှင်များအားဆွမ်းဆန်စိမ်းလောင်းခိုင်းခြင်း စသည်ဖြင့် အလှူဒါနပြုမှုမျ [illegible] က်တွေ့သင်ကြားပြသပေးရပါမည်။

တစ်ဖန် မိမိကိုယ်တိုင်လည်း အလှူဒါန၌ ဝါသနာထုံရန်လေ့ကျင့်ရပါမည်။

www.dhammaransi.com



လူ့လောက လူ့သဘာဝတွင် အမျိုးသားနှင့်အမျိုးသမီးတို့တွင် အမျိုးသမီးများသည် အမျိုးသားများထက် အလှူအရာ၌ပြုလွယ်ကြသည်။

အမျိုးသားများမှာမူ အသေးစားဒါနဖြစ်သောအိမ်တွင်း ဘုရားပန်းလဲမှု၊ သောက်ရေလှူမှု၊ ဆွမ်းလှူမှု၊ ဆီမီးလှူမှုတို့ကို ပြုလုပ်လိုခြင်းမရှိဘဲ ဘုရားတည်၊ ကျောင်းဆောက်စသောအကြီးစား ဘုရားဒါယကာ၊ ကျောင်းဒါယကာအလှူအဖြစ်သာ ခံယူလိုကြသည်၊ စိတ်ဝင်စားကြပါသည်။

ထိုဘုရားတည်၊ ကျောင်းဆောက်အလှူများသည် ငွေသိန်းသောင်းချီ၍ ကုန်ကျရမည်ဖြစ်ရာ ထိုကဲ့သို့သောအကြီးစားအလှူဒါနမျိုး ရုတ်တရက်မလုပ်နိုင်ကြပါ၊ နေ့စဉ်ပြုလုပ်ရမည့် အသေးစားဒါနလည်းမပြုလုပ်ဖြစ်ကြ၊ နောက်ဆုံးအိုမင်းမစွမ်းအရွယ်ရောက်လာ၍ ဒါနကုသိုလ်ထုထုထည်ထည် မစုဆောင်းမိဘဲ သေရာညောင်စောင်းလဲလျောင်းသည့်အခါ အားကိုးရာမဲ့ဖြစ်တတ်ကြရပါသည်။

အလှူဒါနအမျိုးမျိုးတွင် မိမိအိမ်၌အလွယ်ကူဆုံးစရိတ်ခက အနည်းဆုံးဖြစ်သော ဘုရားရှင်အားရေချမ်းကပ်ခြင်း၊ ဆီမီးကပ်ခြင်း၊ ဆွမ်းတော်တင်ခြင်း၊ ဆွမ်းခံသံဃာအားဆွမ်းလောင်းခြင်းတို့ကို နေ့စဉ်နေ့တိုင်း နိစ္စဓုဝဝတ္တရားတစ်ခုအဖြစ် သတ်မှတ်

www.dhammaransi.com



ထား၍ပြုလုပ်သင့်သည်၊ သေးငယ်သောဒါနဟူ၍အထင်မသေးသင့်ရပါ။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများလာသောအခါ ဒါနကုသိုလ်အထုပ်အထည်စုဆောင်းမိဖြစ်လာနိုင်ပါသည်။

တစ်နေ့လှူသောရေတစ်ခွက်၊ ပန်းတစ်ပွင့်သည် နှစ်ပေါင်းများစွာကြာသော် ကြီးမားသောစုဆောင်းမိသည့် ထုထည်ပမာဏဒါနအဆောက်အအုံ ကြီးဖြစ်လာသလို နေ့စဉ်ပွားများအားထုတ်ခဲ့ရသောဒါနကုသိုလ်စေတနာဖြစ်ပေါ်ခဲ့သည်၊ အကြိမ်များကလည်း သိန်းသန်းကုဋေမက မရေမတွက်နိုင်သောကုသိုလ်စေတနာပေါင်းအသင်္ချေ အသင်္ချေစုဆောင်းမိလာပါတော့သည်။

ထိုပုဂ္ဂိုလ်ဇရာညောင်း၍ သေရာညောင်ခောင်း လဲလျောင်းသောအခါဝယ် မိမိပြုခဲ့သောဒါနအစုစုသည် အားကိုးအားထားရလာပြီးဖြစ်၍ ရိက္ခာထုပ်အပြည့်အဝဖြင့် ခရီးထွက်ရသောယောကျ်ားသည် ရှေ့ဆက်ရမည့်လမ်းခရီးအတွက်စိုးရိမ်ကြောင့်ကြမရှိ၊ ပျော်ရွှင်စွာခရီးထွက်နိုင်သကဲ့သို့ ဒါနကုသိုလ်ထုထည်ကြီးစွာစုဆောင်းပြီးဖြစ်၍ တမလွန်ဘဝကူးပြောင်းရာ၌ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ပြုံးပြုံးရွှင်ရွှင်နှင့်ရင်ဆိုင်နိုင်တော့သည်သာ။

လောကလူ့ဘောင် အိမ်ထောင်ရှင်တို့၏တာဝန်ဝတ္တရားအရ မိဘကိုလုပ်ကျွေးခြင်း၊ သားမယားကိုကျွေးမွေးခြင်း၊ အိမ်

www.dhammaransi.com



မွေးတိရစ္ဆာန်များအားကျွေးမွေးပြုစုကြရာ၌ မေတ္တာတရားရှေ့ထား၍ကျွေးမွေးပါက ဒါနမြောက်နေပါသည်။

မိမိ၏အကျိုးစီးပွားကိုရှေ့တန်းမတင်ဘဲ သူတစ်ပါးကောင်းကျိုးအဓိကထားသည့် စိတ်စေတနာဖြင့်ကျွေးမွေးပြုစုပါက အလှူဒါနပင်ဖြစ်ပါသည်။

မိမိအိမ်မှနွားကိုအစာကျွေးရာ၌ နွားကိုခိုင်းစားလိုစိတ်အဓိကမထားဘဲ မိမိနွားအားလောလောဆယ်ဆယ်ကောင်းမွန်စွာ ဝဝလင်လင်စားစေလိုသောစေတနာထား၍ ကျွေးမွေးလျှင်ဒါနဖြစ်ပါသည်။

အလားတူ မိမိအိမ်မှ ခွေးများ၊ ကြောင်များကိုကျွေးမွေးရာ၌ အိမ်ကိုစောင့်ရှောက်ပေးလိမ့်မည်ဟူသောမျှော်လင့်ချက်ကိုရှေ့တန်းမထားဘဲ သတ္တဝါများကိုဝဝလင်လင်စားစေလိုသောစိတ်စေတနာဆန္ဒဖြင့် ကျွေးမွေးပါလျှင် ဒါနဖြစ်ပါသည်။

မိမိ၏သားမယားကိုကျွေးမွေးထောက်ပံ့ရာ၌ စေတနာသန့်သန့် စေတနာကောင်းကောင်း ဖြူစင်သောစိတ်ဖြင့် ထောက်ပံ့ကျွေးမွေးပါက ဒါနပင်ဖြစ်ပါသည်။

မိခင်သည် သားငယ်သမီးငယ်အားနို့တိုက်ရာ၌ ကလေးငယ် ဝဝလင်လင်ရှိ၍ ချမ်းသာစေလိုသော မေတ္တာစေတနာဖြင့် ထိုက်ကျွေးခြင်းဖြစ်၍ စင်ကြယ်သောဒါနပင်ဖြစ်ပါသည်။

www.dhammaransi.com



အိမ်တွင် ဒါနပြုရာ၌ မေတ္တာတရားရှေ့မထားဘဲ သံယောဇဉ်အနှောင်အဖွဲ့ကိုရှေ့ဆောင်မှုပြုမိလျှင် ဒါနမမြောက်ဘဲ သာမန်ပေးကမ်းခြင်းမျိုးသာဖြစ်နိုင်ပါသည်။

အိမ်တွင်းဒါနမှာ သံယောဇဉ်တရားရှေ့ဆောင်နေသဖြင့် ဒါနမမြောက်ဘဲ သာမန်ပေးကမ်းခြင်းအဆင့်မျှသာရှိတော့သည်၊ မိမိ၏စိတ်ကို မိမိလှည့်စားတတ်ကြသည်။

အိမ်တွင်းဒါန၏စင်ကြယ်သောဒါနဖြစ်စေရန် မေတ္တာ၊ စေတနာ သဒ္ဓါတရားဖြစ်ပေါ်အောင် စိတ်ကိုပြုပြင်၍ကျွေးမွေးထောက်ပံ့ပါက စင်ကြယ်သောဒါနပင်ဖြစ်ပါသည်။

အချို့သောပုဂ္ဂိုလ်များက မိမိအိမ်သို့လာရောက်အလှူခံသည်ကို မကြိုက်မနှစ်သက်ကြပေ၊ အချင်းချင်းလှူရန်တိုက်တွန်းသည်ကိုပင် မနှစ်သက်ကြချေ။

အမှန်မှာ ထိုကဲ့သို့လာရောက်အလှူခံသူအား ကျေးဇူးတင်ရမည်၊ အလွယ်တကူအလှူထမြောက်အောင် (ကုသိုလ်ရအောင်)လာရောက်ကူညီသည်ဟု သဘောထားရမည်၊ ကုသိုလ်ဖြစ်အောင် လာရောက်သူဖြစ်၍ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားရတနာထုပ်ကြီးကိုအိမ်အရောက်လာပို့ပေးသူ ဟုယူဆရမည်။

ဒါနကုသိုလ်သည် ဘဝဆက်တိုင်း အကျိုးခံစားရမည်ဖြစ်၍ ရွှေ၊ ငွေရတနာတို့ထက် ပိုမိုအဖိုးတန်သောရတနာဖြစ်

www.dhammaransi.com



သည်၊ အလှူခံပုဂ္ဂိုလ်သည် အဖိုးတန်ရတနာများကိုလည်းလည်း ပေးဝေနေသည်ဟုသဘောထားလျက် အလှူခံပုဂ္ဂိုလ်တိုက်တွန်း ပုဂ္ဂိုလ်ကိုမြတ်နိုးရမည်၊ ကျေးဇူးတင်တတ်ရပါမည်။

သတ္တဝါဟူသည် ပဋိသန္ဓေစကတည်းက ဘဝနိကန္တိက လောဘဇောဖြင့် စတင်၍ကပ်ငြိတွယ်တာခဲ့သည်၊ လောဘ-တွယ်တာမှု၊ မစ္ဆရိယ-နှမြောဝန်တိုမှုဖြင့် လူ့ဘဝကိုစတင်ခဲ့ရ၍ စကားပြောတတ်စကလေးငယ်သည်ပင် သူ၏မုန့်စသည့်ပစ္စည်းများကို တောင်းပါက ပေးဘူး-ပေးဘူး ဟူ၍ အော်ဟစ်တတ်ပါသည်။

နှမြောဝန်တိုမှု၊ မပေးလိုမှုကိုသင်ကြားပေးရန်မလို၊ တိုက်တွန်းရန်မလိုကြပါချေ၊ နှမြောဝန်တိုမှုလျော့နည်းသွားအောင် ပေးလိုသည့်စိတ်ဖြစ်ပေါ်လာအောင် တိုက်တွန်းရန်သာလိုပါသည်။

သို့အတွက် အလှူခံခြင်းသည်-

- နှမြောဝန်တိုစိတ်နည်းပါးသွားစေရန်
- တွယ်တာမှုနည်းပါးသွားစေရန်
- ပေးကမ်းစွန့်လွှတ်နိုင်စေရန်

တိုက်တွန်းခြင်းဖြစ်၍ မွန်မြတ်သောဆောင်ရွက်ချက် ဖြစ်ပါသည်။

www.dhammaransi.com



အလှူခံရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မွန်မြတ်သော လုပ်ငန်းကိုဆောင်ရွက်ရခြင်းဖြစ်သည်၊ တက်ကြွစိတ်ပါဝင်စားစွာ ဆောင်ရွက်ရပါမည်။

ဒါနကုသိုလ်အမှုကို သူတစ်ပါးအားမတိုက်တွန်းဘဲ လှုံ့ဆော်စည်းရုံးခြင်းမပြုဘဲ မိမိတစ်ဦးတည်းသာပြုလုပ်နေလျှင် နောင်တမလွန်ဘဝ၌ အကျိုးပေးသည့်အခါ ခြွေရံသင်းပင်း ကင်းမဲ့၍ တစ်ယောက်တည်းအထီးကျန်စွာ စည်းစိမ်ခံစားရပါသည်။

ဘုရားရှင်လက်ထက်က ပါယာသိစော်ဘွားကြီးသည် ရှင်ကုမာရကဿပကြောင့် ဗုဒ္ဓဘာသာဖြစ်လာပြီး သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရာ၌ မိမိကိုယ်တိုင်မပြုလုပ်၊ မကပ်၊ မိမိ၏တပည့် ဥတ္တရလုလင်အားလွှဲအပ်ပြီး လှူစေသည်၊ ဥတ္တရလုလင်က ဆွမ်းအလှူကိုကိုယ်တိုင်လည်းပြုလုပ်၊ မိမိ၏ တပည့်များကိုလည်းတိုက်တွန်းနှိုးဆော်၍ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

သူတို့ဆရာ တပည့်ကွယ်လွန်သောအခါ ပါယာသိစော်ဘွားကြီးများမှာ အခြွေအရံမရှိ၊ တစ်ဦးတည်းအထီးကျန်စွာ တောအုပ်အတွင်းရှိသစ်ပင်တစ်ပင်တွင် နတ်ဗိမာန်တစ်ခု၌ နတ်စည်းစိမ်ခံစားရသည်၊ တပည့်ဥတ္တရလုလင်မှာ တာဝတိံသာနတ်ပြည်၌ ခြွေရံပရိသတ်စုံလင်စွာဖြင့် နတ်စည်းစိမ်ကိုခံစားရသည်။

www.dhammaransi.com



မိမိကိုယ်တိုင်လည်းပြုလုပ်၍ သူတစ်ပါးကိုလည်းတိုက်တွန်းနှိုးဆော်စည်းရုံးလှုံ့ဆော်၍ပြုလုပ်သောပုဂ္ဂိုလ်သည် နောင်တမလွန်တွင် အကျိုးပေးသည့်အခါ ခြွေရံသင်းပင်းပြည့်စုံစွာဖြင့် စည်းစိမ်ခံစားရသည်။

## ဒါနပြုသူ - မပြုသူ ကွာခြားပုံ

ဒါနရှင်သည် လူဖြစ်စေ၊ နတ်ဖြစ်စေ ဖြစ်လေရာဘဝကိုင်း၌ ဒါနရှင်သည် ဒါနမဲ့သူထက်-

၁။ အာယု - အသက်ရှည်ခြင်း

၂။ ဝဏ္ဏ - အဆင်းလှခြင်း

၃။ သုခ - ကိုယ်စိတ်ချမ်းသာခြင်း

၄။ ယသ - အခြံအရံအကျော်အစောများခြင်း

၅။ အာဓိပတေယျ-အစိုးရခြင်း

ဟူသောအကျိုးငါးပါးဖြင့် ထူးကဲသာလွန်သည်။

အခြားကုသိုလ်ကြောင့် လူ၊ နတ်ဖြစ်ချင်းတူသော်လည်း အလှူရှင်ကသာ သာလွန်မြင့်မြတ်ပါသည်။

ပေးလှူသူနှင့်မပေးလှူသူတို့သည် သဒ္ဓါ၊ သီလ၊ ပညာတူမျှကြသော်လည်း နတ်၊ လူ၊ ရဟန်းအဖြစ်တို့၌မတူကြဘဲ ဒါနရှင်ကသာ ဒါနမဲ့သူထက်အကျိုး(၅)မျိုး ထူးကဲသာလွန်လှပါသည်။

www.dhammaransi.com



**နှတ်ဖြစ်ခဲ့သော်-**

-နှတ်၌ဖြစ်စေ၊ အသက်၊ အဆင်းချမ်းသာ အခြံအရံ (အကျော်အစော)အစိုးရခြင်းဟူသော ဤအကြောင်း (၅)မျိုးဖြင့် ပေးလှူသူက မပေးလှူသူထက် ထူးကဲသာလွန်လှပါသည်။

**လူဖြစ်ခဲ့သော်-**

-အရှင်မဟာကဿပ၊ အရှင်ဗာကုလ၊ အရှင်အာနန္ဒာ၊ ပေါက္ခရသာတိပုဏ္ဏား စသည်တို့ကဲ့သို့အသက်ရှည်ခြင်း

-အရှင်မဟာကစ္စည်းမထေရ်၊ ဥပ္ပလဝဏ်ထေရီ၊ ခေမာထေရီ၊ ဇနပဒကလျာဏီ၊ ဥမ္မာဒန္တီကဲ့သို့အဆင်းလှခြင်း

-ရှင်ဥပါလသတို့သား၊ သောဏသူဌေးသား၊ ယသသတို့သားကဲ့သို့ချမ်းသာကြီးခြင်း

-သီရိမာသောကမင်းကဲ့သို့ အခြံအရံ(အကျော်အစော) များခြင်း၊ အစိုးရခြင်း

ဟူသော ဤအကြောင်း(၅)မျိုးတို့ဖြင့် ပေးလှူသူက မပေးလှူသူထက် ထူးကဲသာလွန်ပါသည်။

**ရဟန်းဖြစ်ခဲ့သော်-**

-အရှင်ဗာကုလ၊ အရှင်သီဝလိ၊ အရှင်အာနန္ဒာစသည်တို့ကဲ့သို့ အလှူခံတော်မူပါ ဟုတောင်းပန်ခံရသည်

www.dhammaransi.com



ဖြစ်၍ သက်န်း၊ ဆွမ်း၊ ကျောင်း ၊ဆေးပစ္စည်းလေးပါး
ကိုသုံးဆောင်ရသည့်ကမျှားပြီး တောင်းပန်မခံရဘဲ
သုံးဆောင်ရသည့်ကနည်းပါးခြင်း

-ချစ်ခင်နှစ်လိုဖွယ်သော ကိုယ်၊ နှုတ်၊ စိတ်အမှုအရာတို့
ဖြင့် ပြောဆိုဆက်ဆံသော သီတင်းသုံးဖော်တို့နှင့်သာ
အတူတကွ နေထိုင်ရခြင်း

ဟူသော ဤအကြောင်းငါးမျိုးတို့ဖြင့် ပေးလှူသူက မပေးလှူသူ ထက် ထူးကသာလွန်၏။

(အံ-၂၊ ၂၇၈၊ အံ-ဋ္ဌ-၃-၁၇)

ဒါနပြုသူ၊ မပြုသူတို့ကွာခြားသော သက်သေသာဓက ဝတ္ထုအကျဉ်းမှာ-

ကဿပဘုရားရှင်လက်ထက်တော်အခါတုန်းက ဖြစ်သည်၊ မိတ်ဆွေရဟန်း(၂)ပါးတရားအကူတူအားထုတ်ခဲ့သည်၊ တစ်ပါးက ဆွမ်းခံပြီးလျှင် ဆွမ်းကိုလှူသောဒါနရှင်ဖြစ်သည်။

တစ်ပါးက တရားအားထုတ်နေ၍ ဒါနမလိုဟူ၍ ဒါနမပြု နှစ်ပါးလုံးပင် သီလနှင့်ပြည့်စုံပြီး တရားအားထုတ်ခဲ့ကြသည်၊ သို့သော် တရားကိစ္စမပြီးခဲ့ကြ။

ယခု ဂေါတမဘုရားရှင်လက်ထက်ရောက်သောအခါ ကောသလမင်း၏နန်းတော်ဝယ် မိတ်ဆွေနှစ်ဦးပြန်လည်လူလာ ဖြစ်ကြပြန်သည်။

www.dhammaransi.com



ဒါနရှင်က မင်းသား၊ ဒါနမခံသူက အထိန်းတော်သား ဖြစ်၍ ပုခက်(၂)လုံးတွင် ဒါနရှင်ကထီးဖြူဆောင်းလျက် ရွှေပုခက်နှင့်နေရသည်။

ဒါနမခံသူက သစ်သားပုခက်နှင့်သာနေရသည်။

ဤကဲ့သို့ အရည်အချင်းကွဲပြားစွာလူဖြစ်လာကြပြီး နောက်ဆုံးကျွတ်ဘမ်းဝင်ကြရသည်။

ဤသည်မှာ ဒါန၏ကွာခြားမှုပင်ဖြစ်ပါသည်။

## ဒါနကောင်းမှုတောင်းဆုပြုရမည်

အလှူဝတ္ထုပစ္စည်းတစ်ခုခုကိုလှူသောသူတို့သည် လှူပြီးတိုင်းလှူပြီးတိုင်း မိမိရယူလိုသောဆုကိုတောင်းယူရသည်။

ရှေးခေတ်ကပုဂ္ဂိုလ်တို့သည် မိမိတို့ဖြစ်လိုသောဘဝ၊ ရယူလိုသောဆုကို အလှူပေးပြီး ဆုတောင်းကြလေ့ရှိပါသည်၊ ဗုဒ္ဓခေတ် မဟာသာဝက၊ အဂ္ဂသာဝက၊ ပကတိသာဝကများ၊ ထင်ရှားသောသူဌေးကြီးမှာ သူဌေးကတော်ကြီးများ၊ အမျိုးသမီးရဟန္တာများကိုလေ့လာလျှင် အတိတ်ဘဝကဒါနပြုခဲ့ကြပြီး မိမိလိုသောဆုကိုပန်ဆင်ခဲ့ကြသည်ကိုတွေ့ရပါမည်။

မြတ်စွာဘုရားရှင်က ဥပရိပဏ္ဏာသ၊ သင်္ခါရုပတ္တိသုတ်(၁၀၃)၌-

"အကြင်ပုဂ္ဂိုလ်အား သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟူသော တရားငါးမျိုးသာရှိ၍ ဆုတောင်းခြင်းမရှိ၊ ထိုပုဂ္ဂိုလ်အား ကောင်းကင်သို့ ပစ်လွှတ်သောလှံတံသည် အရင်း၊ အဖျား၊ အလယ်အားဖြင့် ဤသုံးပါးတွင်ကျချင်ရာကျနိုင်သကဲ့သို့ အကျိုးပေးမှုမသေချာ။

ဆုကိုသာတောင်း၍ တရားငါးမျိုးမရှိလျှင်လည်း အကျိုးရမှုမသေချာ၊ တရားငါးမျိုးလည်းရှိ၍ ဆုလည်းတောင်းသူအား သေချာပေါက်အကျိုးရရှိနိုင်သည်။

ထို့ကြောင့် ကုသိုလ်ကောင်းမှုတစ်စုံတစ်ခုပြုတိုင်း ဆုမတောင်းဘဲမနေသင့် ဟုဟောကြားထားခဲ့ပါသည်။

ဆုတောင်းသည် လှေသင်္ဘောစသည်တို့၌ ရှိသော ပဲ့တက်နှင့်တူပါသည်၊ လှေသင်္ဘောသည် ပဲ့တက်ပါမှ ရေလမ်းခရီးတွင် လိုသောနေရာသို့ တည့်တည့်မတ်မတ်ရောက်စေနိုင်သကဲ့သို့ ကုသိုလ်ကောင်းမှုပြုသူသည် ဆုတောင်းပါမှသံသရာခရီး၌ အလိုရှိရာကို လိုအပ်သလိုရယူနိုင်ပါသည်၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်မှစ၍ မဂ်၊ ဖိုလ်နိဗ္ဗာန်အထိ မည်သည့်အရာကိုမဆို လိုသလိုရယူနိုင်ပါသည်။

ဆုတောင်းမှုဖြင့်လိုအပ်သောအရာကိုလိုသလိုရယူနိုင်သောကြောင့် ဆုတောင်းမှု၌အသိဉာဏ်ပညာဖက်ပြီး လိမ္မာပါးနပ်ရန်လိုအပ်ပါသည်။

www.dhammaransi.com



ဆုမတောင်းတတ်ပါက (ဂ) ဉာဏ်မယှဉ်တတ်ပါက အမြတ်မပေါ်၊ အရှုံးပေါ်တတ်သည်။

ဥပမာ-စူဠသုဘဒ္ဒါ၏ဆုတောင်း၊ ဥမ္မာဒန္တီဆုတောင်း၊ ကာဠိနီဘီလူးမဆုတောင်း စသည်တို့ဖြစ်ပါသည်။

ဆုတောင်းသည် အလိုဆန္ဒအမျိုးမျိုးရယူရေးအတွက် တောင်းဆုပန်နေကြသည်မှန်သော်လည်း အချုပ်အားဖြင့်(၂)မျိုး သာရှိပါသည်-

၁။ သံသရာဝဋ်ကိုမှီသောဆုတောင်း (ဝဋ္ဋနိဿိတ)

၂။ သံသရာဝဋ်ကိုမမှီသောဆုတောင်း (ဝိဝဋ္ဋနိဿိတ)

လူနတ်ဗြဟ္မာလောကစည်းစိမ်ချမ်းသာအမျိုးမျိုးတို့ကို လိုလား၍ အလှူပေးတောင်းဆုပန်ခြင်းသည် ဝဋ္ဋနိဿိတ

ဥပမာ -မာလာဘာရီနတ်သားထံပြန်သွားလို၍ ကုသိုလ်ကောင်းမှုပြုပြီး ဆုတောင်းခဲ့သောပတိပူဇိတာ အမျိုးသမီး ဆုတောင်းမျိုး

-ကြာဝတ်ပုဆိုးကို ရဟန္တာအားလှူပြီးဖြစ်လေရာဘဝတိုင်း၌ မိမိကိုမြင်ရသောယောကျ်ားတို့ အရူးအမူးဖြစ်စေသောအဆင်းကိုပါရပါလို၏ဆုတောင်းခဲ့သော ဥမ္မာဒန္တီလောင်း(နောင် ဥပ္ပဝဏ်ထေရီဖြစ်လာမည့်အမျိုးသမီး)၏ဆုတောင်းမျိုး

www.dhammaransi.com



-ရှုဍ္ဍသုဘာဒ္ဒါမိဖုရား၏ ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးဖွဲ့၍ အစွယ်ကိုဖြတ်ကာ သတ်ရလိုကြောင်းဆုတောင်းမျိုး

ဤဆုတောင်းမျိုး စသည်တို့သည် သံသရာဝဋ်ကိုမှီသော ဝဋ္ဋနိဿိတ ဆုတောင်းမျိုးဖြစ်ကြသည်။

သံသရာဝဋ်မှလွတ်မြောက်ရာအလျှုပေး၍ မဂ်၊ ဖိုလ် နိဗ္ဗာန်ချမ်းသာဆုကိုတောင်းမှုသည် မိမိတောင်းသောဆုအပြင် လူနတ်ဗြဟ္မာစည်းစိမ်ချမ်းသာလောကီချမ်းသာများပါ အလိုလို ရနိုင်သောကြောင့် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ဝိဝဋ္ဋနိဿိတ ဆုတောင်းမျိုးဖြစ်ပါသည်။

(အ၊ ၄–၁၊ ဓာတ္တုဟီတ–အဋ္ဌကထာ–၄၂)

ဤသည့်ပုည၊ ကုသလကြောင့်
လောဘ၊ ဒေါသ၊ မောဟကင်းကွာ
သံသရာဝယ်၊ ကျင်ရပါဘိ
ပညာရှိနှင့်ယှဉ်မိပေါင်းသင်း
ဉာဏ်မဲ့ကင်း၍ ကြည်လင်လျှုဖွယ်
လျှုစဉ်ဝယ်သည်း၊ သုံးသွယ်စေတနာ
ဖြောင့်ညီညာသည်၊ ခေမာအတွက်တိုင်လိုသော်

(အာကိဏ္ဏိရသေ့၏ဆုတောင်း)

www.dhammaransi.com



## အံ့ဖွယ်ဒါန   အံ့ဖွယ်ချက်ချင်းအကျိုးပေးမှု

အံ့ဖွယ်ဒါန-အံ့ဖွယ်ချက်ချင်းအကျိုးပေးခြင်း(ဒိဋ္ဌဓမ္မဝေဒနိယကံ)ဟူသည် မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသောဇော (၇)ကြိမ်တွင် ပထမဇောစေတနာဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုကိုပြုကြရာ၌ ယခုပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးပါသည်၊ ဤပထမဇောစေတနာသည် ရှေးရှေးဇောမှ ကျေးဇူးပြုမှု (အာသေဝနပစ္စည်း)ကိုမခံရသည့်အတွက်အလွန် အားသေးသည်၊ ဆန့်ကျင်ဘက်မလွှမ်းမိုးနှိပ်စက်ပါမှ ဥပမာ ကုသိုလ်ဖြစ်လျှင် ဆန့်ကျင်ဘက်အကုသိုလ်မနှိပ်စက် မနှောက်ယှက်ပါမှ ချက်ချင်းလက်ငင်း(ဒိဋ္ဌဓမ္မ)အကျိုးပေးနိုင်ပါသည်။

ချက်ချင်းလက်ငင်းအကျိုးပေးသော (ဒိဋ္ဌဓမ္မဝေဒနိယကံ) ဇောကိုစိုက်ပြီး အချိန်မကြာမီပေါက်၍ အသီးကိုစားသုံးရသော ဘူးပင်၊ သခွားပင်၊ ပဲပင်တို့နှင့်တူသည်၊ သူတို့သည် တာရှည်မခံတတ်ဟု ဆိုပါသည်။

ဤအံ့ဖွယ်ဒါန အံ့ဖွယ်ချက်ချင်းအကျိုးပေးခြင်း(ဒိဋ္ဌဓမ္မဝေဒနိယကံ)အကျိုးပေးရာဝယ် အင်္ဂါ(၄)ချက်ညီမှ အကျိုးပေးပါသည်။

www.dhammaransi.com



ယင်းတို့မှာ-

၁။ ဝတ္ထုသမ္ပဒါ -နိရောဓသမာပတ်မှထပြီးစ အနာဂါမ်(သို့) ရဟန္တာပစ္စေကဗုဒ္ဓါ အလှူခံပုဂ္ဂိုလ်သည် ဝတ္ထုသမ္ပဒါ

၂။ ပစ္စယသမ္ပဒါ -လှူဖွယ်ဝတ္ထုပစ္စည်းဥစ္စာတို့သည် တရားသဖြင့် သင့်တင့်ညီညွတ်စွာရရှိလာသောပစ္စည်း ဖြစ်ခြင်းသည် ပစ္စယသမ္ပဒါ

၃။ စေတနာသမ္ပဒါ-လှူသည်မှရှေ့အဖို့ဖြစ်သောကာလ၊ လှူခဲ့သောကာလလှူပြီးသည်မှ နောက်အဖို့ ကာလဟုဆိုအပ်သောသုံးပါးသော ကာလတို့ စေတနာ၏နှစ်သက်ဝမ်းမြောက်မှုနှင့် တကွ ဉာဏ်နှင့်ယှဉ်ခြင်းသည် စေတနာသမ္ပဒါ

၄။ ဂုဏာတိရေကသမ္ပဒါ-အလှူခံပုဂ္ဂိုလ်၏သမာပတ်မှထသော အဖြစ်သည် ဂုဏာတိရေကသမ္ပဒါ

ဤလေးပါးသောသမ္ပဒါပြည့်စုံပါက ထိုအစွမ်းသတ္တိဖြင့် မျက်မှောက်သောကိုယ်အဖြစ်၌ ကြီးစွာသောစည်းစိမ်ချမ်းသာကို ရရှိခံစားကြရပါသည်။

www.dhammaransi.com



## ဒါန၏ကောင်းကျိုးတရားများ

ဤသတ္တလောကသဘာဝဝယ် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ပြုလုပ်မိသောသူတိုင်းအား တူသောအကျိုးသည် လိုက်၍ပေးဘတ်သည်မှာ သဘာဝနိယာမတရားတစ်ခုဖြစ်ပါသည်။

မိမိပြုလုပ်ဆည်းပူးအားထုတ်သောကောင်းမှု-မကောင်းမှုတို့၏ ကောင်းမွေဆိုးမွေကိုခံကြရသည်၊ ထိုကောင်းကံ၊ ဆိုးကံတို့၏ ဒရှိန်သတ္တိစွမ်းအားများသည် မိမိတို့၏သန္တာန်၌အကြောင်းတိုက်ဆိုင်အခွင့်သင့်ရာအချိန်ဝယ် အကျိုးပေးရန်အမြဲလိုက်ပါနေတတ်ပါသည်။

ထိုစေတနာကံသည် ဖြစ်-တည်-ပျက်(ဥပါဒ်-ဌီ-ဘင်) အရ ချုပ်ပျောက်သွားသော်လည်း ထိုစေတနာကံ၏သတ္တိစွမ်းအားကား မိမိတို့သံသရာဘဝခန္ဓာအစဉ်ဝယ် အမြဲလိုက်ပါတည်ရှိနေတတ်ပါသည်။

ဓမ္မပဒပါဠိတော်၌ ဗုဒ္ဓက-

“မိမိပြုလုပ်သောကုသိုလ်ကံ၏သတ္တိစွမ်းများသည် မိမိ၏သန္တာန်မှာ လူသွားရာသို့အရိပ်လိုက်ပါသလို မိမိကိုစောင့်ရှောက်ဖို့ရန် အမြဲလိုက်ပါ၏၊ မိမိပြုအပ်သောအကုသိုလ်ကံ၏သတ္တိစွမ်းများသည် လှည်း၌တင်အပ်သောနွား၏နောက်သို့လှည်းဘီးပါ

www.dhammaransi.com



သကဲ့သို့ မိမိကိုနှိပ်စက်ရန် အမြဲလိုက်ပါနေ၏ ဟူ၍ဟောကြား ခဲ့ပါသည်။

စွန့်ကြဲပေးကမ်းလှူဒါန်းသောအခါ အလှူခံပုဂ္ဂိုလ်ကို စားစေချင်၊ ကောင်းကောင်းမွန်မွန်ဝတ်စေချင်၊ နေစေချင်သော စေတနာသည် ဒါနမည်၍ ထိုဒါနကြောင့်ဖြစ်လေရာဘဝ၌ ကောင်းကောင်းမွန်မွန်စားရ၊ ဝတ်ရ၊ နေရသောအကျိုးတရားများ ရရှိခံစားရပါသည်။

"မနာပဒါယီ လဘတေ မနာပံ"

"မြတ်နိုးဖွယ်ရာအရာဝတ္ထုကိုပေးလှူသူသည် မြတ်နိုး ဖွယ်ရာအရာဝတ္ထုကိုရနိုင်၏"

ဟူသော ဒေသနာတော်အရ ဒါန၏တူညီသောအကျိုးတရားကို မုချခံစားရပါသည်။

"ဒါနသည်အလှူပေးအလှူခံ(၂)ဦးစလုံး၏စိတ်ကို နူးညံ့ ပျော့ပျောင်းအောင်ပြုနိုင်၏၊ မလိမ္မာမယဉ်ကျေးသောသူကို မလိမ္မာမယဉ်ကျေးသူကို လိမ္မာယဉ်ကျေးစေနိုင်၏၊ မိမိ၏စကား နားမထောင်သူကို နားထောင်စေနိုင်၏"

(ဒီ၊ ဋ္ဌ၊ ၃-၂၂၇)

မိမိ-သူတစ်ပါးနှစ်ဦးသား၏အကျိုး၊ ပစ္စုပ္ပန်လောက အကျိုးတမလွန်လောကအကျိုးအမျိုးမျိုးကိုပြီးစေနိုင်၏။

www.dhammaransi.com



-အခြံအရံ၊ အကျော်အစော၊ ကျက်သရေစည်းစိမ်တို့ကိုလည်းပေးစွမ်းနိုင်၏။

-တရားသဖြင့် ရသောပစ္စည်းဝတ္ထုကို တရားထူးရသောပုဂ္ဂိုလ်တို့အားပေးလှူလျှင် ငရဲကြီး(၈)ထပ်၊ ငရဲငယ်(၁၆)ထပ်တို့ကို လွန်မြောက်၍ နတ်ပြည်သို့လားရောက်နိုင်၏။ (သံ-၁-၂၈)

-လွန်ကဲထူးချွန်မွန်မြတ်သော လောကီစည်းစိမ်၊ လောကုတ္တရာစည်းစိမ်အားလုံးကိုလည်း ဖြစ်ထွန်းပေါ်ပေါက်စေနိုင်၏။ (ဒီ-ဋ္ဌ-၂-၆၈)

-သိကြားမင်းစည်းစိမ်၊ မာရ်နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ စကြာမင်းစည်းစိမ်စသော လောကီစည်းစိမ်လည်း ပေးနိုင်၏။

-သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ အဘိသမ္ဗောဓိဉာဏ် ဟုဆိုအပ်သော လောကုတ္တရာစည်းစိမ်တို့ကိုလည်းပေးစွမ်းနိုင်၏။ (ဒီ-ဋ္ဌ-၂-၆၃)

ဤဒါနကြောင့် လူ့ပြည်၊ နတ်ပြည်သို့တိုက်ရိုက်လာရောက်နိုင်သော်လည်း ဗြဟ္မာပြည်သို့မူကား ပေးလှူကာမျှဖြင့် မလားရောက်နိုင်ပါ၊ သို့သော် ဒါနစေတနာသည် သမထ ဝိပဿနာစိတ်၏အခြံအရံတန်ဆာဖြစ်၍ ပေးလှူပြီးနောက် ရန်ငြိုးဖွဲ့

www.dhammaransi.com



တတ်သောရန်သူ၌သော်လည်း နူးညံ့သောစိတ်ပေါ်ပေါက်လာပြီး လျှင် ဖြဟ္မဝိဟာရခေါ် ဖြဟ္မစိုရ်တရားတို့ကိုပွားများအားထုတ်ခဲ့ သော် ဖြဟ္မာပြည်သို့လားရောက်နိုင်ပါသည်။

(ဒီ–၃၊ ၂၁၄–၂၁၅)

ဒါနသည် ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ် နိဗ္ဗာန်ချမ်းသာ အားလည်း အားကြီးသောမှီရာအကြောင်းအထောက်အပံ့(ဥပ နိဿယပစ္စယသတ္တိ)ဖြင့်ကျေးဇူးပြုပေးနိုင်၏။

လှည်းဘီးသည် လှည်းကိုဆွဲသောနွား၏နောက်သို့ကပ် ၍လိုက်သကဲ့သို့ ဒါနသည် အလှူရှင်နောက်သို့တကောက် ကောက်ကပ်၍လိုက်၏၊ ပစ္စုပ္ပန်လောက၌ဖြစ်စေ၊ တမလွန် လောက၌ဖြစ်စေ၊ ပေးလှူသူတို့သို့အစဉ်လိုက်၍ကျေးဇူးပြုအကျိုး ပေးတတ်သည်။ (သံ–၁–၃၈)

သူတစ်ပါးကိုနှိပ်စက်၍ မတရားသဖြင့်ရသောအသပြာ (၁)ကုဋေတန်အလှူသည် တောင်းရမ်း၍ ကောက်သင့်ကောက် ၍ရှာဖွေပြီး သားမယားကိုလုပ်ကျွေးမွေးမြူသောဆင်းရဲသား တစ်ယောက်၏အသပြာတစ်ကျပ်တန်အလှူကို (၂၅၆)ပုံတစ်ပုံမျှ မမှီနိုင်ပါ။

သန့်ရှင်းစင်ကြယ်စွာရ၍ လှူအပ်သောအသပြာတစ် ကျပ်သည် တန်ဖိုးနည်းသော်လည်း သဒ္ဓါစေတနာထက်သန်မှု

www.dhammaransi.com



ပြားလျှင် ညောင်စေ့လောက်ပင်လှူပေမယ့် ညောင်ပင်ကြီးလောက် ကုသိုလ်ရနိုင်သည်ဟူသောစကားအရ ထောင်ပေါင်းများစွာတန်ဖိုးရှိသောအလှူနှင့်ထပ်တူထပ်မျှအကျိုးရနိုင်ပါသည်။

## သောတာပန်ပမာ လားရာဂတိမြဲသောအလှူများ

သောတာပန်ပမာ လားရာဂတိမြဲစေနိုင်သောအကျိုးတရားကိုပေးစွမ်းနိုင်သောဒါန (၅)မျိုးရှိပါသည်-

၁။ သလာကဘတ်အလှူ -စာရေးတံမဲလက်မှတ်၌ ဆွမ်းဒါယကာ၏နာမည်ကိုရေး၍ သံဃာထဲမှမဲကျသောရဟန်းများအား လှူဒါန်းသောအလှူ

၂။ ပက္ခိကဘတ်အလှူ -လဆန်း ၊လဆုတ်(၅)ရက်၊ (၈)ရက် (၁၄)ရက်၊ (၁၅)ရက်များ၌ ဥပုသ်စောင့်သုံးကာ လှူဒါန်းသောအလှူ

၃။ ဝဿဝါသိကအလှူ -ဝါဆိုသင်္ကန်းအလှူ

၄။ ဥဒကအလှူ -ရေတွင်းရေကန်အလှူ

၅။ ဝိဟာရအလှူ -ကျောင်းအလှူ

ဤအလှူ(၅)မျိုးကိုလှူဒါန်းသောအလှူရှင်များသည် အမြဲမပြတ်(နိဗဒ္ဓ)ကုသိုလ်ကိုပြုရာရောက်သောကြောင့် သောတာပန်

www.dhammaransi.com



နှင့်မခြားအလားတူကြသည်၊ သောတာပန်ပမာလားရာဂတိမြဲသောအကျိုးကိုရရှိနိုင်သောအလှူဒါနများဖြစ်၍ သူတော်ကောင်းများအသူးအားကျပြီးပြုလုပ်သင့်ကြပါသည်။

(အံ-၄-၃-၂၆၅)

## ဒါန၏မျက်မှောက်အကျိုး

ဘုရားရှင်ဝေသာလီပြည်၊ မဟာဝုန်တော်၊ စုလစ်မွတ်ချွန်အထွတ်တပ်သောကျောင်း၌သီတင်းသုံးစဉ် သီဟစစ်သူကြီးကမေးလျှောက်သဖြင့် ဒါန၏မျက်မှောက်အကျိုး(၅)ပါးကို ဟောကြားခဲ့ပါသည်။

အလှူရှင်သည်-

၁။ လူအများမျက်နှာမြင်လျှင် ချစ်ခင်နှစ်သက်ခြင်း

၂။ သူတော်ကောင်းတို့မှီခိုဆည်းကပ်လာခြင်း

၃။ ဂုဏ်ကျေးဇူးသတင်းပျံ့နှံ့ကျော်ကြားခြင်း

၄။ ပရိသတ်လေးပါးအလယ်သို့ကြောက်ရွံ့ခြင်းကင်း၍ ဝင်နိုင်ခြင်း

၅။ သေသည်၏အခြားမဲ့၌နတ်ပြည်သို့လားရောက်ခြင်း

(အံ-၂-၃၃-၃၅)

www.dhammaransi.com



ထို့ပြင် အောက်ပါအကျိုးထူးတို့ကိုရရှိခံစားရ၏-

၁။ ကိလေသာကင်းကွာရဟန္တာအရှင်မြတ်တို့၏အချီးအမြှောက်ကို ရှေးဦးစွာခံယူရရှိခြင်း

၂။ ရဟန္တာအရှင်မြတ်တို့ရှေးဦးစွာချဉ်းကပ်ခံရခြင်း

၃။ လှူဖွယ်ဝတ္ထုကို ရှေးဦးစွာနားယူခွင့်ရခြင်း

၄။ တရားတော်ကို ရှေးဦးစွာနားယူခွင့်ရခြင်း

၅။ ကောင်းသောဂုဏ်သတင်းပျံ့သင်းကျော်ကြားခြင်း

၆။ ပရိသတ်လေးပါးသို့ ရဲဝံ့စွာချဉ်းကပ်နိုင်ခြင်း

၇။ သေသည်၏အခြားမဲ့၌ နတ်ပြည်သို့လားရောက်ရခြင်း

(အံ- ၂-၅၅၇- ဗ)

* ဒါနအကျိုးများနှင့်ပတ်သက်၍ ပစ္စည်းအမျိုးမျိုးတစ်ခုစီ၏အကျိုးများလည်းရှိပါသည်၊ ယင်းတို့ကိုသိလိုပါက စာရေးသူရေးသားသော **"လှူဖွယ်အမျိုးမျိုးအကျိုးအနန္တ"** စာအုပ်ကိုဖတ်ပါ။

မိမိကိုယ်တိုင်လည်း-

- ပညာရှိသူတော်ကောင်းဖြစ်ဖို့ရန်
- ကုသိုလ်ကောင်းမှုပြုရေး၌ရဲရင့်စေရန်
- မြင့်မြတ်သောအမျိုး၌ဖြစ်စေရန်
- ကြွယ်ဝသောအမျိုး၌ဖြစ်စေရန်
- ငယ်စဉ်ကာလကတည်းက ငါးပါးသီလကိုမြဲစေရန်

www.dhammaransi.com



ဤဆုတောင်းဂါထာကို မပြတ်ရွတ်ရမည်။

**ဇိရော အသံ သယံစာပိ၊ မိရောကုသလကာရဏော**

**ဥဇ္ဇေ၊ အမေုစ အခဏ္ဍာ၊ ပဉ္စသီလောဝ ဇာတိယာ**

သယံစာပိ -မိမိကိုယ်တိုင်ကလည်း

ဇိရော -ရိုးသားထက်မြက် အချက်ချက်၌ သွက်လက်
ပေကောင်း ပညာရှိသူတော်ကောင်းသည်

အသံ -စဉ်ထက်မကျွာဖြစ်ရပါလို၏

ကုသလကာရဏော-ကုသိုလ်ပြုရန်ပေါ်ပေါက်လာပြန်သည်ရှိသော်

မိရော -မကြောက်မရွံ့သက်စွန့်ကြိုးပမ်း၊ ရဲစွမ်းသတ္တိ
လုံ့လရှိသည်ဖြစ်၍

ဇာတိယာ -မိးရှူးသန့်စင်ဖွားမြင်သည်မှစ၍

အခဏ္ဍာပဉ္စသီလောဝ-ကိုယ်ဝတ်သဖွယ်မကွယ်မပ၊ ငါးဝပဉ္စသီ၊
အစဉ်တည်လျှောက်သာလျှင်

ဥဇ္ဇေစ -ဂုဏ်သိရ်မောက်မို့၊ မြင့်မြတ်သောအမျိုး၌
လည်းကောင်း

အမေုစ -ဥစ္စာပြည့်ဖြိုးကြွယ်ဝသောအမျိုး၌
လည်းကောင်း

အသံ -တစ်မြင့်ထဲမြင့်၊ ဆင့်ကဲဆင့်၍၊ အဆင့်မကွာ
ဖြစ်ရပါလို၏

www.dhammaransi.com

# အခန်း (၃)

## အံ့ဖွယ်ဒါနနှင့်အံ့ဖွယ်သုခအလှူရှင်များ

### အန္နဘာရမြက်ထမ်းသမား၏အံ့ဖွယ်ဒါန – အံ့ဖွယ်သုခ

ဗာရာဏသီပြည်ဝယ် အန္နဘာရဟုအမည်ရှိသော မြက်ရိတ်မြက်ထမ်းသမားတစ်ဦးရှိသည်၊ သူသည် သုမနသူဌေးကိုအမှီပြု၍ မြက်ရိတ်မြက်ထမ်းအလုပ်ဖြင့် အသက်မွေးမြူနေရသူဖြစ်လေသည်။

သုမနသူဌေးသည် ထိုမြို့၌အမြဲမပြတ်ကြီးစွာသော အလှူဝတ်တို့ကိုပြုလုပ်၍ ပေးလှူနေသူတစ်ဦးဖြစ်လေသည်။

တစ်နေ့သောအခါ ဥပရိဋ္ဌမည်သောပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်မှထသည်ဖြစ်၍-

www.dhammaransi.com



"အဘယ်သူ့အားချီးမြှောက်ခြင်းကိုပြုရမည်နည်း"
ဟုကြံစည်တော်မူသည်။

"ယနေ့အဖို့ ငါသည် အန္ဓဘာရံမြက်ထမ်းသမားအားချီးမြှောက်ခြင်းငှာသင့်၏၊ ယခုအခါ အန္ဓဘာရသည် တောအုပ်မှ မြက်ကိုထမ်းဆောင်ယူငင်၍ အိမ်သို့လာနေသည်"
ဟုသိမြင်တော်မူ၍ သက်နန်းရုံကာသပိတ်ကိုယူလျက် တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးမှကြွတော်မူပြီးလျှင် အန္ဓဘာရရှေ့ မျက်မှောက်တူရူ၌ ရပ်တော်မူသည်။

အန္ဓဘာရသည် ပစ္စေကဗုဒ္ဓါကိုမြင်၍-

"အရှင်ဘုရား. . . ဆွမ်းအာဟာရရခဲ့ပါပြီလော"
ဟု မေးလျှောက်သည်။

"ဒါယကာ. . . ရပါလိမ့်လည်ထင်သည်"
ဟု မိန့်ကြားသည်။

"အရှင်ဘုရား. . . ထိုသို့ဖြစ်မူ အနည်းငယ်ငံ့လင့်တော်မူပါလော"
ဟုလျှောက်ထားပြီးလျှင် မြက်ထမ်းကိုချ၍ လျင်မြန်သောအဟုန်ဖြင့် နေအိမ်သို့ပြန်လေသည်။

"ချစ်နှမ. . . ငါ့အတွက် ထမင်းကိုချွင်းချန်ဖယ်ထားတာ ရှိပါသေးသလော"
ဟုမေးသည်။

www.dhammaransi.com



အိမ်ရှင်မက ရှိပါသေးသည်ဟုပြောဆိုသည်ရှိသော် ထိုထမင်းကိုယူကာ လျှင်စွာသောအဟုန်ဖြင့်ပြန်လာခဲ့ပြီး ပစ္စေကဗုဒ္ဓါ၏သပိတ်ကိုယူကာ-

"ငါ့အားပေးလှူလိုသောစိတ်ဖြစ်ပေါ်ခဲ့သော် ပေးလှူဖွယ်ဝတ္ထုသည်မရှိ၊ ပေးလှူဖွယ်ဝတ္ထုရှိပြန်သော်လည်း အလှူခံပုဂ္ဂိုလ်ကိုမရခဲ့ပေ၊ ယနေ့ ငါအဖို့လှူဖွယ်ဝတ္ထုလည်းရှိ၏၊ အလှူခံပုဂ္ဂိုလ်လည်းရှိ၏၊ အရတော်လေစွ"

ဟု အကြံဖြစ်ပြီးလျှင် ဆွမ်းကိုလောင်းလှူပြီးနောက်-

"အရှင်ဘုရား. . . ဤအလှူကောင်းမှုကြောင့် တပည့်တော်အားဆင်းရဲသောအမျိုး၌ တစ်ရံတစ်ဆစ်မျှမဖြစ်ရပါစေသော ဘဝဇာတ်အသွယ်သွယ်၌ မရှိပါ ဟူ၍ပြောဆိုရခြင်းမည်သည်မဖြစ်ပါစေသတည်း၊ ဤသို့သဘောရှိသောဆင်းရဲငြိုငြင်ပင်ပန်းရသောအသက်မွေးမြူရခြင်းမှလွတ်မြောက်ရပါလို၏၊ မရှိဟူသောစကားကိုမျှသာလျှင်လည်း မကြားမသိရပါလို၏"

ဟု ဆုတောင်းလေသည်။

"ဒါယကာ. . . အသင်ဆုတောင်းသည်တိုင်းဖြစ်ပါစေသော်"

ဟုဆုပေး၍ ကြွသွားတော်မူလေသည်။

ထိုအချိန်ဝယ် သုမနသူဌေး၏ထီးချက်စောင့်နတ်သည်-

www.dhammaransi.com



"လှူဒါန်းခြင်းသည် အဘယ်-အံ့ဖွယ်ရှိလေစွ၊ ဥပရိဋ္ဌအရှင်ပစ္စေကဗုဒ္ဓါ၌ ဒါနသည့်ကောင်းစွာတည်ပေ၏"

ဟု မြွက်ဆို၍ သုံးကြိမ်သာဓုအနုမောဒနာခေါ်ဆိုလေသည်။

နတ်၏ သာဓုခေါ်သံကိုကြားရသောသုမနသူဌေးသည် နတ်ကို-

"ဤမျှလောက် တာရှည်စွာကာလပတ်လုံးအလှူဒါနကို ဖွန့်ကြဲကြည်ဖြူပေးလှူ၍နေသောငါ့ကို အသင်နတ်မင်းသည် မတွေ့မမြင်ဘူးလော"

ဟု မေးသည်။

"ငါသည် သင်၏အလှူကိုမတွေ့မမြင်သည်မဟုတ်၊ တွေ့မြင်ပါ၏၊ စင်စစ်သော်ကား အန္နဘာရသည် ဥပရိဋ္ဌအရှင်ပစ္စေကဗုဒ္ဓါအားပေးလှူအပ်သောဆွမ်းအလှူ၌ ကြည်ညိုလွန်းလှသည်ဖြစ်၍ငါသည် ဤသို့သောသာဓုနုမော်ကောင်းချီးကိုဖြစ်စေရပါလို၏"

"အို-အချင်းတို့ . . အံ့ဖွယ်ရှိလှပေစွ၊ ငါသည် ဤမျှလောက်ရှည်ကြာမြင့်စွာရှင်ပြုံးကြည်ဖြူအလှူတို့ကိုပေးလှူခဲ့ပါ၏၊ နတ်တို့၏ကောင်းချီးပေးမှုကိုမရခဲ့ပါချေ၊ အန္နဘာရသည် ငါ့ကိုမှီ၍အသက်ရှင်စေ၊ တည်နေ၊ မွေးမြူနေရသူဖြစ်သည်၊ တစ်ကြိမ်တစ်ခါကြုံကြိုက်၍လှူဒါန်းရသောဆွမ်းအလှူဒါနဖြင့်သာလျှင်

www.dhammaransi.com



နတ်တို့၏ကောင်းချီးကိုရပေ၏၊ ထိုအန္နဘာရ၏အလှူ၌ သင့် လျော်အောင်ပြုလုပ်၍ သူ၏ဆွမ်းအလှူဒါနကို ငါရအောင်ပြုအံ့” ဟု ကြံစည်မိလေသည်။

ထို့နောက် အန္နဘာရကိုခေါ်စေပြီး-

“အမောင်. . ယနေ့ သင်သည် တစ်စုံတစ်ယောက်သော သူအားဘာစိုတစ်ခုသောအလှူကို ပေးလှူခဲ့ပါသလော” ဟုမေးသည်။

“အရှင်. . . အော်-ဟုတ်ပါ၏၊ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ကျွန်ုပ်သည် ယနေ့ ကျွန်ုပ်စားဖို့ထားသောထမင်းကိုပေးလှူလိုက် ပါ၏”

“အို-အချင်း. . . ဤအသပြာကိုယူ၍ ငါ့အား သင်လှူ အပ်သောဆွမ်းအလှူကို ငါ့အားပေးပါလော”

“အရှင်. . . ကျွန်ုပ်မပေးနိုင်ပါ ”

ထိုအခါ သုမနသူဌေးက အသပြာကိုတဖြည်းဖြည်းတိုး ပေးရာ အသပြာတစ်ထောင်အထိတိုးပေးသည်။

“အရှင်. . အသပြာတစ်ထောင်ဖြင့်လည်းမပေးနိုင်ပါ”

“အို-အမောင်. . . ရှိပါစေတော့၊ အကယ်၍ ဆွမ်းအလှူ ကိုမပေးနိုင်ပါက ဤအသပြာတစ်ထောင်လည်းယူ၍ ကုသိုလ် အဖို့ဘာဂကို ငါ့အားပေးပါလော့”

www.dhammaransi.com



"အရှင်. . ကျွန်ုပ်သည် အရှင်ကောင်းနှင့်ဒေတူလျှောက်ထားတိုင်ပင်ပါဦးမည်၊ အရှင်ထံမှ အဆုံးအဖြတ်ကိုရယူပြီးမှ ပြန်ပြောပါမည်"

ထို့နောက် အနန္ဒာရသည် လျင်မြန်သောအဟုန်ဖြင့် ရှင်ပစ္စေကဗုဒ္ဓါရှိရာသို့ပြေးလိုက်သည်၊ အရှင်ပစ္စေကဗုဒ္ဓါထံသို့ ရောက်သောအခါ အရှင်ကိုရှိခိုး၍-

"အရှင်ဘုရား. . . သုမနသူဌေးသည် အသာပြာတစ်ထောင်ကိုပေး၍ အရှင်ဘုရားတို့အားပေးလှူအပ်သောဆွမ်း၌ ကုသိုလ်အဖို့ကိုတောင်းနေပါ၏၊ အဘယ်သို့တပည့်တော်ပြုရပါမည်နည်း"

"ဒါယကာ. . . သင့်အား ဥပမာတစ်ခုပေးပါမည်၊ အိမ်ခြေတစ်ရာရှိသောရွာဝယ် အိမ်တစ်အိမ်၌ဆီမီးညှိထွန်းထားရာ၏၊ ကြွင်းအိမ်တို့သည် မိမိတို့အိမ်အသီးသီး၌ ဆီနှင့်မီးဇာပြုလုပ်ပြီးလျှင် ထိုအိမ်မှမီးကိုကူးယူရာ၏၊ ထိုသို့ယူကြသည်ရှိသော် ရှေးဦးစွာဖြစ်သောအိမ်၌ ဆီမီးရောင်သည်ရှိသေးသည်ဟုဆိုရမည်လော၊ ကုန်သွားပြီဟုဆိုရမည်လော"

"အရှင်ဘုရား . . . ပထမအိမ်၌ ဆီမီးသည်မကုန်ပါ၊ ဆီမီးရောင်သည် တစ်ရွာလုံးထွန်းပြောင်ထိန်လင်းသွားပါမည်"

"ဒါယကာ. . . ဤဥပမာအတိုင်းပင် ယာဂုတစ်မှုတ်ကို လှူသည်ဖြစ်စေ၊ ဆွမ်းတစ်ယောက်ကိုမျှလှူသည်ဖြစ်စေ၊ မိမိပေး

www.dhammaransi.com



လှူသောဆွမ်းယာဂု၏ သူတစ်ပါးတို့အား ကုသိုလ်အဖို့ကိုပေးသောသူ၏ကောင်းမှုကုသိုလ်သည် အကြင်မျှလောက်ကိုအမျှပေးဝေ၏၊ ထိုမျှလောက် ကုသိုလ်သည်တိုးပွားတော့သည်သာတည်း အသင်အားလည်း တစ်ကြိမ်တစ်ခါတစ်ထပ်စာမျှသာလျှင်ဖြစ်သောဆွမ်းကိုပေးလှူ၏၊ ယင်းသို့တစ်ထပ်စာပေးလှူပေမယ့် သူဌေးကြီးအားကုသိုလ်အဖို့ကို ပေးအပ်သည်ရှိသော် နှစ်ခုသောဆွမ်းအလှူကိုဖြစ်စေကုန်ပါ၏၊ တစ်ခုသောဆွမ်းအလှူသည် အသင့်အားဖြစ်ပါစေ၊ တစ်ခုသောဆွမ်းအလှူသည် သူဌေးကြီးအားဖြစ်ပါစေ"

"ကောင်းလှပါပြီ. . . အရှင်ဘုရား"

အန္နဘာရသည် အရှင်ပစ္စေကဗုဒ္ဓါကို ရှိသေစွာရှိခိုးပြီးသော် သူဌေးကြီးထံသို့ပြန်သွားကာ-

"အရှင်သူဌေးမင်း. . . ကုသိုလ်အဖို့ကိုယူတော်မူပါ" ဟုပြောဆိုကာ အမျှပေးဝေသည်။

"အမောင်. . . ဤအသပြာတစ်ထောင်ကိုယူပါ"

"အရှင်. . ကျွန်ုပ်လှူဒါန်းသောဆွမ်းကိုမရောင်းပါ၊ သဒ္ဓါတရားဖြစ်ပွားသောအားဖြင့်သာ အရှင်သူဌေးအားကုသိုလ်အဖို့ကိုပေးပါ၏"

"အမောင်သည် သဒ္ဓါတရားတက်ပွားသောအားဖြင့်ပေးပါလော့၊ ငါသည်လည်း အသင်၏ဂုဏ်ကျေးဇူး၌ပူဇော်ပါအံ့၊

www.dhammaransi.com



အမောင်ယူသွားယူပါလော၊ ဤနေ့မှစ၍လည်း အမောင်သည် မိမိလက်ဖြင့်အမှုကြီးငယ်တို့ကိုမပြုလင့်၊ လမ်းမတစ်ခု၌ မိမိအိမ်ကိုဆောက်လုပ်၍နေပါလေ၊ အမောင်လိုအပ်သမျှ ပစ္စည်းဥစ္စာ ငွေဘဏ္ဍာတို့ကို ငါ့ထံမှယူပါလော့”

ဟုပြောဆိုကာ အလုံးစုံကို သုမနသူဌေးကပေးလေသည်။

ပစ္စေကဗုဒ္ဓါကိုလှူလိုက်ရသော မိမိအတွက်သာမန် ထမင်းကလေး၏ကုသိုလ်စွမ်းအားသည် အန္နဘာရအား အံ့ဖွယ် သောချမ်းသာသုခကိုရစေပါတော့သည်။

ထိုအန္နဘာရ၏အံ့ဖွယ်ဒါနနှင့်အံ့ဖွယ်သုခအကျိုးဖွံ့ဖြိုး ရရှိမှုကို ဗာရာဏသီမင်းကြီးသည် ကြားသိသဖြင့် အန္နဘာရကို ခေါ်စေပြီး အန္နဘာရ၏ကုသိုလ်အဖို့ဘာဂကိုအမျှယူပြီးလျှင် ကြီးကျယ်မြင့်မြတ်သောစည်းစိမ်ကိုပေးပြီးလျှင် အန္နဘာရအား သူဌေးကြီး၏ရာထူး၌ ချီးမြှောက်စား ပေးသနားလေသည်။

အန္နဘာရမြက်ထမ်းသမား၏ အံ့ဖွယ်တာဒဂ် ထမင်းတစ် ပွဲ၏ဒါနသည် နိရောဓသမာပတ်မှထစဖြစ်သော အရှင်ပစ္စေက ဗုဒ္ဓါကိုလှူလိုက်ရသောအကျိုးကြောင့် အံ့ဖွယ်သုခချမ်းသာကိုရရှိ ခံစားရတော့သည်။

(ဓမ္မပဒ–ဘိက္ခုဝဂ်၊ သုမနသာမဏေရဝတ္ထု)

www.dhammaransi.com



# ထမင်းတစ်ခွက်အတွက် သုံးနှစ်ကျွန်ခံခဲ့ရသော ဘတ္တဘတိကဏ်အုံပွယ်ဒါန- အုံပွယ်သုခ

ဗာရာဏသီပြည်ဝယ် ချမ်းသာကြွယ်ဝသောသူဌေးကြီး တစ်ဦးကွယ်လွန်သောအခါ မင်းကြီးက သူ၏သားဖြစ်သော ဂန္ဓ ကို မျိုးရိုးသူဌေးဘွဲ့ကိုဆက်ခံစေသည်၊ ထိုအခါမှစ၍ ဂန္ဓသည် သူဌေးဘွဲ့အမည်ဖြင့် ထင်ရှားကျော်ကြားလာသည်။

ဘဏ္ဍာစိုးသည် ဥစ္စာပစ္စည်းစာရင်းကို ဂန္ဓသူဌေးအား အပ်နှံ၍ ကျိကျဘဏ္ဍာတိုက်တို့ကိုဖွင့်ပြလေသည်။

ဂန္ဓသူဌေးသည် ထိုဥစ္စာပစ္စည်းစာရင်းတို့ကိုကြည့်ရှုပြီး-

"အမိအဘ၊ အဘိုးအဘေးတို့သည် ဤပစ္စည်းဥစ္စာတို့ကို တစ်စုံတစ်ခုမျှယူ၍မသွားကြပါကုန်သလော"

ဟု မေးသည်။

"အရှင်ပစ္စည်းဥစ္စာ**တို့**ကိုယူ၍ တမလွန်ဘဝသို့သွားနိုင် သောသူမည်သည် တစ်စုံ**တစ်**ယောက်မျှမရှိပါ၊ သတ္တဝါတို့မည် သည် မိမိပြုအပ်သောကုသိုလ်၊ အကုသိုလ်ကံကိုသာလျှင် ယူ၍ သွားရပါကုန်သည်"

"ထိုမိခင်၊ ဖခင်စသည်တို့သည် ပညာနုံ့နဲ့မိုက်မဲသည်၏ အဖြစ်ကြောင့် ပစ္စည်းဥစ္စာတို့ကို များစွာပွားစည် တည်စေနိုင်ပြီး

www.dhammaransi.com



နောက်တစ်ဖန်စွန့်ပစ်၍သွားကြရကုန်သည်၊ ငါသည်ကား ထို ပစ္စည်းဥစ္စာအလုံးစုံကို အကုန်ယူငင်၍သွားအံ့”

ဟူသောအကြံဖြစ်လေသည်။

ဂန္ဓသူဌေးသည် ထိုသို့ကြံစည်ပြီးနောက် တစ်သိန်းစီ ထိုက်တန်သောရေချိုးအိမ်၊ ရေချိုးရာအင်ပျဉ်ခုံ၊ စားရန်ဘောဇဉ် ခွက်၊ ဘောဇဉ်စားရာမဏ္ဍာပ်လေသာပြတင်းပေါက်တို့ဆောက် လုပ်စေသည်။

မိမိ၏နံနက်စာအလို့ငှာ အသပြာ(၁၀၀၀)ပေး၍ ညစာ အလို့ငှာအသပြာ(၁၀၀၀)ကိုပေးသည်။

လပြည့်နေ့၌ကား စားသုံးရန်အတွက်ခဲဖွယ်ဘောဇဉ် အလို့ငှာ အသပြာတစ်သိန်းပေးသည်၊ ထိုတစ်သိန်းတန်ထမင်းကို မြို့ကိုတန်ဆာဆင်ပြီး ပရိသတ်ရှေ့တွင်စားပြရန်စီစဉ်သည်၊ မြို့ ကိုလည်းစည်လှည့်လည်စေသည်။

မြို့သူမြို့သားတို့သည် ဂန္ဓသူဌေး၏တစ်သိန်းတန်ထမင်း စားပွဲသို့ အထူးအဆန်းအနေဖြင့်လာရောက်ကြည့်ကြသည်။

ထိုအချိန်ဝယ် ရွာငယ်တစ်ရွာ၌နေထိုင်သောလူတစ် ယောက်သည် အစာရိက္ခာဝယ်ယူရန်အတွက် ထင်းရောင်းရင်း လှည်းနှင့်မြို့သို့တက်လာသည်၊ ထင်းရောင်းပြီးဖြစ်၍ ရိက္ခာဝယ် ယူပြီးနောက် မြို့ရှိအသိမိတ်ဆွေအိမ်သို့ခဏဝင်လေသည်။

www.dhammaransi.com



ထိုအခါ မြို့သားမိတ်ဆွေက တောကမိတ်ဆွေကို-

"မိတ်ဆွေ . . ဂန္ဓသူဌေး၏တစ်သိန်းတန်ထမင်းစားပွဲ၏ တင့်တယ်စံပယ်ခြင်းကိုမြင်ဖူးပါ၏လော"

ဟုမေးသည်။

"အဆွေ . . . တစ်ခါတစ်ရံမျှကြားလည်းမကြားဘူး၊ မြင်လည်းမမြင်ဘူးပါ"

"ထိုသို့ဖြစ်က ယခုသွားကြည့်ကြစို့၊ ဂန္ဓသူဌေးက သူ၏ တစ်သိန်းတန်ထမင်းစားပွဲကိုလာရောက်ကြည့်ကြရန် မြို့ကိုစည်လှည့်ထားပါ၏၊ ကြီးစွာသောစည်းစိမ်ချမ်းသာကိုကြည့်ကြပါကုန် အံ့"

ဤသို့ပြောဆိုကြပြီးလျှင် နှစ်ယောက်အတူတူ ဂန္ဓသူဌေး ၏ထမင်းစားပွဲသို့သွားရောက်ကြည့်ကြသည်၊ မြို့သူမြို့သား အပေါင်းကလည်း ညောင်စောင်းကြီးငယ်များချပြီးကြည့်ကြသည်။

တောသားသည် ဂန္ဓသူဌေး၏ထမင်းအနံ့ကိုရလျှင် စိတ်ကိုမထိန်းနိုင်ဘဲ-

"မိတ်ဆွေ . . . ငါတော့ ဒီသူဌေးရဲ့ထမင်းတစ်ခဲမှ မစားရရင်တော့ သေလိမ့်မယ်ထင်တယ်"

ဟု အငမ်းမရပြောပြသည်။

"အဆွေ . . . ဤထမင်းကိုမတောင့်တလင့်၊ ရလိမ့်မည် မထင်ပါ"

"မိတ်ဆွေ . . . ငါသည် ဤထမင်းသာမစားရလျှင် သေလိမ့်မည်ထင်ပါသည်၊ ဘယ်လိုလုပ်လျှင် စားရမည်နည်း"

မြို့နေမိတ်ဆွေသည် တောသား၏ပြင်းပြသောအာသာ အလိုဆန္ဒကို တားမြစ်ခြင်းငှာမစွမ်းနိုင်သဖြင့် ပရိသတ်အစွန်း၌ ရပ်တည်လျက်-

"အရှင်သူဌေး . . . အရှင်အားရှိခိုးပါ၏"

ဟူ၍ သုံးကြိမ်တိုင်တိုင်ကျယ်လောင်စွာဟစ်အော်လေသည်။

"ဤဟစ်ကြွေးသံပြုသူသည် မည်သူနည်း"

ဟု ဂန္ဓသူဌေးကမေးသည်။

"အရှင် . . . ကျွန်ုပ်ဖြစ်ပါသည်"

"အကြောင်းကား အဘယ်နည်း"

"အရှင် . . . တောရွာ၌နေသော ကျွန်ုပ်၏မိတ်ဆွေ ဤယောက်ျားသည် အရှင်စားအပ်သောထမင်းခဲ၌ဆာလောင်မွတ်သိပ်သောအာသာဆန္ဒပြင်းပြနေပါသည်၊ ထမင်းတစ်ခဲကို ပေးစေလိုပါသည်"

"ငါ၏ထမင်းတစ်ခဲကိုမျှ မပေးနိုင်ပါ"

သူဌေး၏ထိုတုံ့ပြန်စကားကိုကြားရသောအခါ မြို့မှမိတ်ဆွေက တောသားမိတ်ဆွေကို-

www.dhammaransi.com



"အဆွေ . . . အသို့နည်း၊ သူဌေး၏စကားကို သင်ကိုယ် တိုင်ကြားအပ်ပြီမဟုတ်လော"

ဟုပြောပြသည်။

"မိတ်ဆွေ . . . ကြားပါ၏၊ သို့သော် ဤထမင်းခဲကို မစားရသည်ရှိသော် ငါသည်မုချသေရပါလိမ့်မည်"

ထိုအခါ မြို့မိတ်ဆွေက သူဌေးကိုတစ်ဖန်-

"အရှင်သူဌေး . . . ဤသူသည် သူဌေး၏ထမင်းတစ်ခဲ ကိုမျှမစားရလျှင် သေပါလိမ့်မည်၊ သို့အတွက် ဤသူအားအသက် ရှည်ခြင်းကိုပေးသနားပါလော"

ဟု ထပ်မံ၍ ဟစ်အော်ပြောပြန်သည်။

"အို-အချင်း . . . ဤထမင်းတစ်ခဲ၏တန်ဖိုးသည် တစ် ရာသော်လည်းအဖိုးထိုက်၏၊ နှစ်ရာသော်လည်း အဖိုးထိုက်၏၊ အကြင်အကြင်သို့သောသူသည်တောင်း၏၊ တောင်းသောသူ တိုင်းသာပေးနေရလျှင် ငါ့မှာအဘယ်သို့စားရတော့အံ့နည်း"

"အရှင်သူဌေး . . . ဤယောကျ်ားသည် အရှင်၏ထမင်း တစ်ခဲကိုမျှမရလျှင် သေပါလိမ့်မည်၊ သူ၏အသက်ကိုပေးလှူပါ"

ဟု မိတ်ဆွေက ထပ်မံဟစ်အော်တောင်းဆိုပြန်သည်။

"အချင်း . . . ထမင်းကို အချည်းနှီးသက်သက်ဖြင့်မပေး နိုင်ပါ၊ ဤထမင်းခဲရမှ ထိုသူသည် အသက်ရှင်ရမည်ဆိုသော်

www.dhammaransi.com



ငါ့အိမ်၌ သုံးနှစ်ပတ်လုံးအခစားပြုပါစေ၊ ဤကဲ့သို့အခစားပြုလုပ်သည်ရှိသော် ထိုသူအား ဤငါစားသောထမင်းခွက်အတိုင်း ပေးအံ့”

ဟု ဂန္ဓသူဌေးကပြောကြားလေသည်။

“အဆွေ. . . ဤသူဌေးပြောဆိုသည့်အတိုင်း ရှိပါစေတော့၊ ငါသည် သူပြောသောသုံးနှစ်ကျွန်ခံပါမည်၊ သင်သည်သာ ငါ၏သားမယားကိုတတ်နိုင်သရွေ့စောင့်ရှောက်ပေးပါလော့”

ဟု တောသားသည် မိတ်ဆွေမြို့သားကိုပြောဆိုကာ သားမယားကိုပစ်ပြီး သုံးနှစ်ကျွန်ခံရန်အတွက် သူဌေးကြီးအိမ်သို့ဝင်လေသည်။

ထိုအချိန်မှစ၍ သူ၏နာမည်သည်လည်း ဘတ္တဘတိက ဟူ၍ထင်ပေါ်ကျော်ကြားသွားလေသည်။

ဘတ္တဘတိကသည် အခစားပြုလုပ်သည်ရှိသော် အလုံးစုံသောအမှုကိစ္စတို့ကို ရိုသေကောင်းမွန်စွာပြုလုပ်သည်၊ အိမ်အလုပ်၊ တောအလုပ်၊ လယ်ယာအလုပ်၊ ညဥ့်အလုပ်၊ နေ့ခင်းအလုပ်စသောအလုံးစုံသောအမှုတို့၌ အပြစ်အနာအဆာမရှိ ပြုလုပ်ပေးခဲ့သည်၊ သုံးနှစ်ကာလလုပ်ဆောင်ရာ၌ ချွတ်ယွင်းမှု၊ ပျက်စီးမှုဟူ၍ တစ်စုံတစ်ရာမရှိခဲ့ချေ။

ဤသို့ဖြင့် (၃)နှစ်ပြည့်သော် သူဌေး၏လူယုံတော်က သူဌေးထံသို့သွားရောက်ကာ-

www.dhammaransi.com



"အရှင် ဘတ္တာဘတိကသည် သုံးနှစ်ပြည့်ပါပြီ၊ ထမင်းခွက်ကိုရထိုက်ပါပြီ၊ သူသည် ပြုနိုင်ခဲသောအမှုကိုပြုလုပ်ခဲ့ပါသည်၊ သုံးနှစ်ပတ်လုံးအမှုလုပ်ရာ၌ ချွတ်ယွင်းမှု ပျက်စီးမှုတစ်စုံတစ်ရာ မရှိခဲ့ပါ "

ဟု အသိပေးပြောကြားသည်။

ထိုအခါ ဂန္ဓသူဌေးက မိမိ၏အမှုလုပ်အား မိမိ၏ညစာနံနက်စာအတွက် အသပြာနှစ်ထောင်ကိုလည်းကောင်း၊ ဘတ္တာဘတိက၏နံနက်စာအတွက် အသပြာတစ်ထောင်ကိုလည်းကောင်း ပေး၍ ထမင်းစားပွဲကို စီမံခိုင်းသည်။

မိမိ၏မယား စိန္တာမဏိကိုထား၍ ယခင်ကမိမိကိုခြံရံဖျော်ဖြေပြုစုလုပ်ကျွေးနေကြသောသူများအပေါင်းသည်လည်း ဘတ္တာဘတိကအားခြံရံ၍ပြုစုလုပ်ကျွေးပါစေ၊ ဘတ္တာဘတိက၏ထမင်းစားပွဲအခမ်းအနားကိုလည်း မြို့ကိုစည်လှည့်၍သိပါစေ ဟုစေခိုင်းသည်။

ထို့နောက် ဘတ္တာဘတိက ကို မိမိချိုးသောတစ်သိန်းတန် ရေချိုးခန်းအင်းပျဉ်၌ထိုင်၍ရေချိုးစေသည်၊ မိမိဝတ်စားသော အဝတ်တန်ဆာတို့ကိုဝတ်စားဆင်ယင်စေသည်။

လူများအပေါင်းသည် ဂန္ဓသူဌေးကြီးအိမ်၌ သုံးနှစ်ပတ်လုံးအခစားပြု၍ရအပ်သော ဘတ္တာဘတိက၏ထမင်းစားသော

www.dhammaransi.com



စည်းစိမ်ချမ်းသာကိုကြည့်ရှုကြရန် ညောင်စောင်းကြီး၊ ညောင်စောင်းငယ်တို့ဖြင့်တက်ရောက်ကြကာ အုတ်အုတ်သဲသဲရှိလေသည်။

ကချေသည်တို့ကလည်း ကပြဖျော်ဖြေနေကြသည်၊ ထမင်းစားပွဲအတွက် အလွန်နှစ်သက်ဖွယ်အရသာရှိသောထမင်းခွက်ကိုလည်း ပြင်ဆင်ထားပေးပြီး စားသောက်ပွဲကိုစတင်ကျင်းပလေသည်။

ထို့နောက် ဘတ္တဘတိကသည် ထိုထမင်းကိုစားရန်လက်ဆေးရာ လက်ကိုဆန့်ချီသောခဏဝယ် ဂန္ဓမာဒနတောင်၌သီတင်းသုံးနေသော ပစ္စေကဗုဒ္ဓါတစ်ပါးသည် နိရောဓသမာပတ်မှထတော်မူ၍-

"အဘယ်သို့သောအရပ်သို့ဆွမ်းခံလှည့်လည်ခြင်းငှာသင့်သနည်း"

ဟုစုံစမ်းဆင်ခြင်သည်ရှိသော် ဘတ္တဘတိကကိုမြင်တော်မူ၍-

"ဤယောကျ်ားသည် သုံးနှစ်တို့ကာလပတ်လုံး အခစားအမှုကိုပြု၍ ထမင်းခွက်ကိုရအပ်၏၊ အသို့နည်း၊ ဤယောကျ်ား၌သဒ္ဓါတရားရှိလေသလော၊ မရှိလေသလော ဟု စုံစမ်းဆင်ခြင်ကြည့်သည်။

www.dhammaransi.com



"ဤသူကား သဒ္ဓါတရားရှိသည်ကမှန်၏၊ သို့သော်လည်း အချို့သောသူတို့ကို ပေးကမ်းလှူဒါန်းမှုပြုခြင်းငှာစွမ်းနိုင်လတ့် လော"

ဟုဆက်လက်ဆင်ခြင်ပြန်သည်။

"ဤယောက်ျားသည် ငါ့အားချီးမြှင့်ပေးကမ်းလှူဒါန်းနိုင်လတ့်၊ ငါ့အားချီးမြှောက်လှူဒါန်းသည်ကိုအမှီပြု၍ ကြီးစွာသော စည်းစိမ်ကိုရလတ့်"

ဟု သိမြင်တော်မူပြီးလျှင် သက်နန်းရုံတော်မူပြီး သပိတ်ကိုယူကာ ကောင်းကင်ခရီးဖြင့် ထိုဘတ္တဘတိက၏ ရှေ့တည့်တည့်သို့ ကြွရောက်ရပ်တည်လေသည်။

ဘတ္တဘတိကသည် အရှင်ပစ္စေကဗုဒ္ဓါကို ရုတ်ချည်းမြင်လိုက်ရသောအခါ-

"ငါသည် ရှေးရှေးသောကာလဘဝထိုထို၌ အလှူခံပုဂ္ဂိုလ်အားမပေးကမ်းမလှူဒါန်းသဖြင့် ဒါနမရှိသောကြောင့် ထမင်းတစ်ခွက်၏အကျိုးငှာ သုံးနှစ်တိုင်တိုင်သူတစ်ပါးအိမ်၌ အခစားအမှုကိုပြုလုပ်ရ၏၊ ယခုအခါ၌ ဤထမင်းဘောဇဉ်ကိုစားသည်ရှိသော် ငါ့ဘဝတစ်နေ့တာမျှ ချမ်းသာမှုကိုစောင့်ရှောက်ရာရောက်ပေမည်၊ ဤဘောဇဉ်ကို အရှင်မြတ်အား အကယ်၍ငါပေးလှူငြားအံ့၊ ဘဝကုဋေများစွာကာလပတ်လုံး ငါ့အားချမ်းသာမှုစောင့်ရှောက်

www.dhammaransi.com



ခြင်းကိုရပေလတံ့၊ ငါသည် ဤဘောဇဉ်ကို အရှင်မြတ်အားသာ လှူင် ပေးလှူတော့အံ့"
ဟုကြံစည်ဆုံးဖြတ်ချက်ချမိလေသည်။

ထို့နောက် ဘတ္တဘတိကသည် လက်ဆေးမှုကိုရုတ်သိမ်း၍ ထမင်းခွက်ကိုယူကာ ထမင်းခွက်၌တပ်မက်သောတဏှာကို ပယ်ဖျောက်ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါထံသွားရောက်ပြီး သပိတ်၌ လောင်းထည့်လှူလိုက်သည်။

အရှင်ပစ္စေကဗုဒ္ဓါသည် ထမင်းခွက်တဝက်ထည့်ပြီးသော် သပိတ်ကိုလက်ဖြင့်ပိတ်သည်။

"ဘုန်းတော်ကြီးသောအရှင်ဘုရား. . . ဤထမင်းသည် တစ်ယောက်စာမျှသာရှိသည်၊ နှစ်ယောက်ခွဲဝေစားခြင်းငှာမသင့်ပါ၊ တပည့်တော်တို့ ယခုဘဝအတွက်သာ မချီးမြှင့်ပါနှင့်၊ တမလွန်ဘဝအတွက်နှင့်သံသရာအတွက်ချီးမြှင့်ခြင်းကိုသာပြုတော်မူပါ၊ ဤဘောဇဉ်ကို အကြွင်းမချန်ဘဲ အကုန်သာအလှူခံတော်မူပါဘုရား"
ဟု လျှောက်ထားပြီး အကုန်လောင်းလှူလိုက်လေသည်။

ထို့နောက် အရှင်ပစ္စေကဗုဒ္ဓါကိုရိုသေစွာရှိခိုးဦးချပြီးလျှင်-

"အရှင်ဘုရား. . . ဤထမင်းခွက်ကိုရဖို့၊ စားဖို့အတွက် တပည့်တော်သည် သူတစ်ပါးအိမ်၌ သုံးနှစ်အခစားအမှုကိုပြုရသဖြင့် ကြီးစွာသောဆင်းရဲဒုက္ခကိုရရှိခံစားခဲ့ရပါသည်ဘုရား၊ ယခု

www.dhammaransi.com



အခါ ဤဘောဇဉ်ခွက်ကိုလှူဒါန်းရသောကုသိုလ်ကြောင့်ဖြစ်တိုင်း ဖြစ်တိုင်းသောဘုံဌာနၵ္ဍချမ်းသာရိပ်ငြိမ်၊ စည်းစိမ်ချမ်းသာပေါများ သည်သာလျှင်ဖြစ်ပါစေ၊ အရှင်ဘုရားတို့သိမြင်အပ်သောတရား ကိုသိရသည်ဖြစ်ပါစေ”

ဟူ၍ ဆုတောင်းမှုပြုလေသည်။

ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါသည်-

ကုစ္ဆိတံပတ္တိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု

သဗ္ဗေပူရေန္တု သင်္ကပ္ပါ၊ စန္ဒောပန္နရသောယထာ

ကုစ္ဆိတံပတ္တိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု

သဗ္ဗေပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသောယထာ

“ဒါယကာ. . . အသင့်အားအလိုခပ်သိမ်းကိုပေးတတ်သော စိန္တာမဏိပတ္တမြားရတနာကဲ့သို့လည်းကောင်း၊ (၁၅)ရက် ပြည့်သောလပြည့်ဝန်းကဲ့သို့လည်းကောင်း ဤသို့တောင့်တရည် သန်ကြံစည်တိုင်းသောဆုတောင်းတို့သည် ပြည့်စုံစေပါသတည်း” ဟု နှစ်ဂါထာဖြင့် မိန့်ဆိုဆုပေးလေသည်။

လူများအပေါင်းသည် ဘတ္တဘတိက-က မိမိစားမည့် ထမင်းကိုအရှင်ပစ္စေကဗုဒ္ဓါအား လောင်းလှူသောမြင်ကွင်းကို မြင်ကြရသောအခါ မိုးကြိုးစက်ကျသောအသံကဲ့သို့ ကောင်းချီး သြဘာတို့ကိုဟစ်ကြွေးကြလေသည်။

www.dhammaransi.com



ထိုအသံကို သူဌေးကြီးဂန္ဓသည် မိမိနေရာမှကြားရသဖြင့်-

"ထမင်းတစ်နပ်တည်းဟူသောအာဟာရကြောင့် အခစားအမှုကိုပြုသော ဘတ္တဘတိကသည် ငါပေးအပ်သောစည်းစိမ်ကိုဆောင်ရွက်ခြင်းငှာမစွမ်းနိုင်လတ့်၊ ထိုသို့မစွမ်းနိုင်သဖြင့် လူအပေါင်းသည် ပြက်ရယ်ပြု၍ ဟစ်ကြွေးအော်ကြခြင်းဖြစ်ပေမည်" ဟု ကြံစည်မိလေသည်။

ထို့နောက် ထိုအကြောင်းစုံကိုသိစေရန် မိမိ၏တပည့်တို့ကိုစုံစမ်းခိုင်းလေသည်၊ သွားရောက်စုံစမ်းသူတို့ကစုံစမ်းပြီး ဂန္ဓသူဌေးထံသို့ပြန်လာကာ-

"အရှင် ဘတ္တဘတိကသည် စည်းစိမ်ချမ်းသာကိုရွက်ဆောင်နိုင်ရုံမျှမက ဤသို့သောသဘောများကိုဆောင်ရွက်ခဲ့ပါသည်"

ဟု အကြောင်းစုံပြောပြလေသည်။

ဂန္ဓသူဌေးသည် ထိုသတင်းစကားကိုကြားရလျှင် နှစ်သက်ခြင်းပီတိ(၅)မျိုးထိတွေ့ခံစားမိလျက်-

"အော်-အံ့ဖွယ်ရှိပေစွ၊ ဤယောကျ်ားသည် ပြုနိုင်ခဲသောအမှုကိုပြုလုပ်ခဲ့ပေသည်၊ ငါသည် ဤမျှလောက်သောကာလပတ်လုံး ဤသို့သဘောရှိသောစည်းစိမ်ချမ်းသာ၌တည်ပါလျက် တစ်စုံတစ်ခုသောဒါနဝတ္ထုကိုပြုစုပေးခြင်းငှာ မစွမ်းနိုင်ပါလေ"

www.dhammaransi.com



ဟုကြံစည်မိပြီးနောက် ထိုဘတ္တဘတိကကိုအားချင်းခေါ်စေသည်။

ထိုယောက်ျားပြုလုပ်ခဲ့သောအကြောင်းတို့ကို မေးသည်၊ ဘတ္တဘတိကကလည်း မိမိ၏စိတ်ကူးအကြံနှင့်ပြုလုပ်ပုံအခြင်းအရာအကြောင်းစုံတို့ကိုပြောပြလေသည်။

ထိုအခါ ဂန္ဓသူဌေးကြီးသည် ဘတ္တဘတိကအားအသပြာတစ်ထောင်ထုပ်ကိုပေး၍-

"အချင်းယောက်ျား. . . ဤအသပြာတစ်ထောင်ထုပ်ကိုယူ၍ အသင်၏ဒါနနှင့် ငါ့အားလည်းကုသိုလ်အဖို့ကိုပေးပါလော့" ဟု တောင်းဆိုသည်။

ဘတ္တဘတိကသည် သူဌေးတောင်းဆိုသည့်အတိုင်း ကုသိုလ်အဖို့ဘာဂကိုအမျှပေးဝေ၍ ပေးလေသည်။

ထိုအခါ ဂန္ဓသူဌေးကြီးသည် အလွန်တစ်ရာနှစ်သက်သောပီတိငါးပါးတဖွားဖွားပေါ်ပေါက်လာပြီးလျှင် အလုံးစုံသောမိမိပိုင်ပစ္စည်းများကို တစ်ဝက်ခွဲ၍ထက်ဝက်သောဥစ္စာပစ္စည်းစည်းစိမ်တို့ကို ဘတ္တဘတိကအားပေးလှူလေသည်။

နောက်အဘို့၌ ဘတ္တဘတိက၏အကြောင်းကို ဗာရဏသီမင်းကြီးသည်ကြားသိတော်မူသဖြင့် ဘတ္တဘတိကကိုခေါ်စေကာ ဂန္ဓသူဌေးကြီးကဲ့သို့ပင် အသပြာတစ်ထောင်ပေး၍ ကုသိုလ်အဖို့ဘာဂကိုအမျှဝေပေးစေသည်၊ ဘတ္တဘတိကလည်း ကုသိုလ်အဖို့ကို အမျှပေးဝေလေသည်။

www.dhammaransi.com



မင်းကြီးသည် ကုသိုလ်အဖို့ကိုယူပြီးလျှင် နှစ်သက်သော စိတ်ရှိသဖြင့် ကြီးစွာသောစည်းစိမ်ချမ်းသာကိုချီးမြှင့်ကာသူဌေးကြီးအရာကိုပေးသနားတော်မူလေသည်။

ထိုမှနောက် ဘတ္တဘတိကသူဌေးကြီးသည် ဂန္ဓသူဌေးကြီးနှင့်ပေါင်းအဖော်မိတ်ဆွေပြုကာ အတူတူစားသောက်မှုပြုကြသည်၊ အတူတူဒါနပြုကြသည်။

ဤသို့ဒါနပြုလျက် အသက်ထက်ဆုံးနေသွားပြီး သေဆုံးသောအခါ နတ်ပြည်၌ဖြစ်ကြရသည်။

(ထိုဘတ္တဘတိကသည် ဂေါတမဘုရားရှင်ပွင့်လာသောအခါ သုခသာမဏေရဟန္တာဖြစ်လာလေသည်)

(ဓမ္မပဒ- ဒဏ္ဍဝဂ်- သုခသာမဏေရဝတ္ထု)

## မဟာဒုတ်၏အုံ့ဖွယ်ဒါန- အံ့ဖွယ်သုခ

ဤဘဒ္ဒကမ္ဘာ ကဿပဘုရားရှင်လက်ထက်အချိန်က ဖြစ်ပါသည်၊ ကဿပဘုရားရှင်သည် နှစ်သောင်းသောရဟန္တာများ ခြံရံလျက် ဗာရာဏသီမြို့သို့ကြွချီတော်မူသည်။

ထိုအခါ မြို့သူမြို့သားတို့သည် မိမိတို့စွမ်းနိုင်သော အခြင်းအရာကိုမှတ်၍(၈)ယောက်၊ (၁၀)ယောက်တို့စုပေါင်းကြပြီး အာဂန္တုကဒါနကိုပေးလှူကြလေသည်။

www.dhammaransi.com



ကဿပဘုရားရှင်သည် ဆွမ်းစားမှုကိစ္စပြီးသောအခါ တရားအနုမောဒနာကိုပြုသည်ရှိသော်-

"ဒါယကာတို့ ... ဤလောက၌ အချို့သောသူတို့သည် မိမိဥစ္စာပစ္စည်းကိုသာပေးလှူ၏၊ သူတစ်ပါးတို့ကိုဆောက်တည် လှူဒါန်းစေရန်မတိုက်တွန်းကြ၊ ထိုသူသည် ဖြစ်တိုင်းသောဘုံဘဝ၌ စည်းစိမ်ချမ်းသာကားပြည့်စုံ၏၊ အခြံအရံမရှိပါချေ"

အချို့သောသူကား သူတစ်ပါးကိုဆောက်တည်လှူဒါန်းစေ၏၊ မိမိ၏ဥစ္စာပစ္စည်းကိုမူ မပေးကမ်းမလှူဒါန်းကြချေ၊ ထိုသူသည် ဖြစ်တိုင်းသောဘုံဘဝ၌ အခြံအရံကား ပြည့်စုံ၏၊ စည်းစိမ်ချမ်းသာကားမပြည့်စုံကြပါချေ။

အချို့သောသူကား မိမိလည်းမပေးကမ်း၊ မလှူဒါန်း၊ သူတစ်ပါးကိုလည်းမဆောက်တည်မလှူဒါန်းစေ၊ ထိုသူသည် ဖြစ်တိုင်းသောဘဝ၌ နတ်စည်းစိမ်ချမ်းသာပြည့်စုံခြင်းလည်းမရ၊ အခြံအရံပြည့်စုံခြင်းလည်းမရ၊ စားကြွင်းစား၍ အသက်ရှည်တည်နေရသည်။

အချို့သောသူကား မိမိလည်းပေးကမ်းလှူဒါန်း၏၊ သူတစ်ပါးကိုလည်းဆောက်တည်လှူဒါန်းစေ၏၊ ထိုသူသည် ဖြစ်တိုင်းသောဘုံဘဝ၌ စည်းစိမ်ချမ်းသာလည်းပြည့်စုံရ၏၊ အခြံအရံလည်းပြည့်စုံရ၏"

ဟူ၍ ဟောကြားတော်မူလေသည်။

www.dhammaransi.com



ကဿပဘုရားရှင်၏ထိုတရားဟောကြားချက်ကို တရေးနာနေသောပညာရှိအမျိုးသားတစ်ယောက်သည် ကြံဆဆင်ခြင်သည်မှာ-

"ငါသည် ယခုအခါ၌ ထိုကဲ့သို့သောအခြင်းအရာရှိသော ဒါနကိုပြုရသည်ရှိသော် ငါ့အားနှစ်ပါးစုံသောစည်းစိမ်ဥစ္စာနှင့် အခြံအရံတို့သည် ရပေလတ့်"

ထိုသို့ကြံဆပြီး ထိုအမျိုးသားသည် ဘုရားရှင်ထံသို့ချဉ်းကပ်၍ ရှိခိုးပြီးသော်-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . . နက်ဖြန်ခါအတွက် တပည့်တော်၏ဆွမ်းကိုခံယူတော်မူကုန်ပါဘုရား"

ဟု လျှောက်ထားသည်။

"ဒါယကာ. . . အသင့်အား အဘယ်မျှလောက်သော ရဟန်းတို့ဖြင့်အလိုရှိပါသနည်း"

"အရှင်မြတ်ဘုရား. . . အရှင်ဘုရား၏အခြံအရံရဟန်းသည် အဘယ်မျှလောက်ရှိပါသနည်းဘုရား"

"ဒါယကာ. . . နှစ်သောင်းမျှရှိပါသည်"

www.dhammaransi.com



"အရှင်မြတ်ဘုရား . . . ထိုအလုံးစုံသောရဟန်းတို့နှင့် အတူတကွ နက်ဖြန်ခါတပည့်တော်၏ဆွမ်းကိုခံယူတော်မူပါ ဘုရား"

မြတ်စွာဘုရားသည် သည်းခံတော်မူလေသည်။

ဘုရားရှင်က လက်ခံမှန်းသိသောအခါ ပညာရှိအမျိုး သားသည် ရွာတွင်းသို့ဝင်၍-

"မိခင်၊ ဖခင်တို့ . . . ကျွန်ုပ်သည် နက်ဖြန်ဆွမ်းအတွက် ဘုရားအမှူးရှိသော ရဟန်းနှစ်သောင်းကိုပင့်ဖိတ်ခဲ့ပါ၏၊ အမိ၊ အဖတို့တတ်နိုင်သမျှသော ဒါနဝတ္ထုကိုပြုစုလှူဒါန်းကြပါကုန် လော"

ဟု ပြောကြားလှည့်လည်လေသည်။

ထိုသူတို့သည် မိမိတို့တတ်စွမ်းနိုင်သမျှသောခွန်အားကို ထောက်ချင့်လျက်-

"ငါတို့သည် တစ်ကျိပ်သောသံဃာတော်တို့အားလှူဒါန်း ပါအံ့ "

"ငါတို့သည် နှစ်ကျိပ်သောသံဃာတော်တို့အားလှူဒါန်း ပါအံ့ "

"ငါတို့သည် ငါးရာသောသံဃာတော်တို့အားလှူဒါန်း ပါအံ့ "

www.dhammaransi.com



ဤသို့စသည်ဖြင့် မိမိတို့၏ဝန်နှင့်အားမျှသောသံဃာစာရင်းကိုလှူဒါန်းရန်စာရင်းပေးကြလေသည်၊ ပညာရှိအမျိုးသားသည် ထိုအလှူရှင်၏အမည်နှင့်သံဃာစာရင်းကို ကမ္ပည်းတင်၍ တွဲမှတ်ထားလေသည်။

ထိုတာရဏသိပြည်၌ အလွန်ဆင်းရဲလှပြီး တစ်နေ့လုပ်မှ တစ်နေ့စားရသော မဟာဒုက်တို့လင်မယားရှိလေသည်။

ပညာရှိအမျိုးသားသည် တစ်အိမ်တက်တစ်အိမ်ဆင်း အလှူရှင်စာရင်းယူရင်း မဟာဒုက်နှင့်လမ်းခရီးတွင်ဆုံမိလေသည်။

"အချင်း မဟာဒုက်. . . ငါသည် နက်ဖြန်အတွက် ဘုရားအမှူးရှိသောသံဃာတော်များကို ပင့်ဖိတ်ထား;ပါ၏၊ နက်ဖြန်ခါ မြို့သူမြို့သားအသီးသီးတို့သည်လည်း အလှူဒါနပေးရန် စာရင်းပေးပြီးလှူကြပါလိမ့်မည်၊ အသင်သည် အဘယ်မျှလောက်သောသံဃာကိုဆွမ်းလုပ်ကျွေးပြုစုနိုင်လတ့်နည်း"

ဟု မေးသည်။

"အချင်း. . . ငါ့အား သံဃာတို့ဖြင့်ဘယ်မှာအလိုရှိပါမည်လဲ၊ ပစ္စည်းဥစ္စာကြွယ်ဝသူတို့သာ သံဃာတို့ကိုအလိုရှိပါလိမ့်မည်၊ ကျွန်ုပ်မှာကား တစ်နေ့လုပ်မှတစ်နေ့စားရသူဖြစ်ပါသည်၊ တစ်ခါတစ်ရံ ယာဂုသော်မျှမှန်မှန်သောက်ရသူမဟုတ်ပါ၊ သူတစ်ပါးထံအခစားလုပ်မှ တစ်နေ့စားရသူဖြစ်၍ သံဃာဖြင့်အဘယ်မှာအလိုရှိပါအံ့နည်း" ဟု မဟာဒုက်ကအဖြေပေးသည်။

www.dhammaransi.com



သူတစ်ပါးတို့ကို တိုက်တွန်းနှိုးဆော်တတ်သောသူမည်သည် လိမ္မာထက်မြက်သူဖြစ်ရသည်။

ပညာရှိအမျိုးသားသည် မဟာဒုက်ကို-

"အချင်း-မဟာဒုက် . . . ဤဗာရဏသီမြို့ကြီး၌ ကောင်းမွန်သောဘောဇဉ်အသားကိုစားသုံးလျက် နူးညံ့သိမ်မွေ့ချောမောလှသောအဝတ်အရုံကိုဝတ်ရုံပြီးသောအခါ အထူးထူးသောတန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ကြက်သရေရှိသာအိပ်ရာနေရာတို့၌ ကောင်းစွာအိပ်နေကြပြီးလျှင် များစွာသောလူအပေါင်းတို့သည် ကောင်းမြတ်သောစည်းစိမ်ချမ်းသာကိုခံစားနေကြကုန်၏၊

အသင်သည် တစ်နေ့ပတ်လုံး အခစားအမှုကိုပြုလုပ်ပြီး အသက်မွေးရပါသော်လည်း ဝမ်းပြည့်ရုံမျှကိုပင်မရချေ၊ ဤသို့ ဝမ်းပြည့်ရုံမျှမစားရသည်ရှိသော် ငါသည် ရှေးရှေးသောအခါ၌ ဒါနစသောကောင်းမှုကုသိုလ်ကံကို ပြုလုပ်ခြင်းမရှိခဲ့သောကြောင့် တစ်စုံတစ်ခုမျှမရ၊ ဝမ်းဝအောင်မစားရဟု အသင်အောက်မေ့ဆင်ခြင်မိပါသလော"

ဟု ရှည်လျားစွာရှင်းပြပြီးမေးသည်။

"အရှင် . . . သိပါ၏"

"ထိုသို့သိပါလျက် ယခုအခါ အဘယ်ကြောင့် အသင်သည် ကောင်းမှုကိုမပြုလုပ်ပါသနည်း၊ အသင်သည် ပျိုမျစ်နုငယ်

www.dhammaransi.com



၍ အားခွန်ဗလနှင့်ပြည့်စုံသည်အဖြစ်ကြောင့် အခစားပြုလုပ်ပြီးသောအခါ အစွမ်းသတ္တိရှိသလောက် အလှူဒါနကိုပြုလုပ်အပ်သည်မဟုတ်တုံလော"

မဟာဒုက်သည် ပညာရှိအမျိုးသားပြောသောစကားကိုနားထောင်လျက်ပင် ထိတ်လန့်ခြင်းသို့ရောက်သည်ဖြစ်၍-

"အရှင် . . . ကျွန်ုပ်အား သံဃာတစ်ပါးကမ္ပည်းတင်ပေးပါလော၊ ကျွန်ုပ်သည် အရှင်ပြောသလို အခစားတစ်ခုခုလုပ်ပြီး ရဟန်းတစ်ပါးအားဆွမ်းလှူဒါန်းရမည်"

စာရင်းကိုင်ပညာရှိအမျိုးသားသည် မဟာဒုက်က တစ်ပါးသာဆိုသဖြင့်-

"တစ်ပါးကိုမျှစာရင်း၌မှတ်ထားသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း"

ဟုစဉ်းစားပြီး စာရင်းမတင်ဘဲထားလေသည်။

မဟာဒုက်သည် အိမ်ပြန်လာပြီးသော် မိမိ၏မယားကို-

"ချစ်နှမ . . . နတ်ဖြက်ခါ မြို့၌နေကြသောလူအပေါင်းသည် သံဃာတော်များအား ဆွမ်းလှူဒါန်းခြင်းသံဃာဝတ်ကို ပြုကြကုန်တုံ့၊ ငါ့အား နှိုးဆော်တိုက်တွန်းသောအမျိုးသားက သံဃာတစ်ပါးအားဆွမ်းကိုပေးလှူလော့ ဟုနှိုးဆော်တိုက်တွန်းပြောဆိုသဖြင့် ငါတို့သည်လည်း နက်ဖြန်ခါ၌ သံဃာတစ်ပါးအား ဆွမ်းလှူအံ့သောငှာ ဝန်ခံပြောဆို၍လာခဲ့သည်" ဟုပြောပြသည်။

www.dhammaransi.com



ထိုအခါ မဟာဒုက်၏မယားကလည်း-

“ငါတို့သည် ပစ္စည်းဥစ္စာဆင်းရဲနွမ်းပါးကုန်၏၊ အဘယ်ကြောင့် သင်သည်ဝန်ခံပြောဆိုခဲ့ရသလဲ”

ဟု အပြစ်တင်မည်းညူမပြောဆိုဘဲ-

ငါတို့သည် ရှေးရှေးသောဘဝ၌ တစ်စုံတစ်ခုသောဒါနဝတ္ထုကို မပြုလုပ်မလှူဒါန်းခဲ့သောကြောင့် ယခုဘဝ၌ ဆင်းရဲပင်ပန်းခြင်းဖြစ်ရကုန်၏၊ ငါတို့နှစ်ဦးစလုံး အခစားအမှုပြုလုပ်ပြီးရှင်ဝင်ခံခဲ့သောသံဃာတစ်ပါးအား ဆွမ်းအလှူကိုပေးကြကုန်စို့”

ဟုဝမ်းမြောက်ဝမ်းသာပြောကာ လင်မယားနှစ်ယောက်အိမ်မှအတူထွက်ကြပြီး အခစားအလုပ်ရှာရန် ထွက်ခဲ့ကြသည်။

သူဌေးကြီးတစ်ဦးသည် မဟာဒုက်ကိုမြင်တွေ့၍ လှမ်းခေါ်ပြီးလျှင်-

“အချင်းမဟာဒုက်. . . အသင်သည် အခစားအမှုကိုပြုလုပ်မည်လော”

“အရှင်သူဌေးမင်း. . . ပြုလုပ်ပါမည်၊ အရှင်အမှုပြုလုပ်ရသည်ရှိသော် အဘယ်အမှုကိုပြုရအံ့ပါနည်း”

“အသင်မဟာဒုက်. အဘယ်အမှုကိုလုပ်လိုပါသနည်း”

“အရှင်သူဌေးမင်း. . . အရှင်သည် စေခိုင်းအပ်သောအလုပ်ဟူသမျှပြုလုပ်ပါမည်”

www.dhammaransi.com



"မဟာဒုက်. . . ဒါဆိုကောင်းပြီ၊ ငါသည် နက်ဖြန် သံဃာနှစ်ရာကိုမွန်မြတ်သောဆွမ်းဘောဇဉ်တို့ဖြင့်ပြုလုပ်စီမံ လုပ်ကျွေးပါမည်၊ သို့အတွက် ထင်းခွဲရန်အမှုရှိပါသည်၊ ထိုထင်း တို့ကိုခွဲပေးပါ "

မဟာဒုက်သည် ကောင်းပါပြီ ဟုဝန်ခံသည်။

သူဌေးကြီးက မဲခွပ်၊ ပုဆိန်တို့ကိုထုတ်ပေး၍ခွဲရမည့် ထင်းတို့ကိုပြသပေးသည်၊ မဟာဒုက်သည် ပုဆိုးကိုမြဲမြံစွာ အောက်ပိုးကြိုက်ရာဖွဲ့ပြီးလျှင် လုံ့လဝိရိယကြီးစွာဖြင့် ပုဆိန်တစ် လှည့် မဲခွပ်တစ်လှည့်တို့ဖြင့် အားကြိုးမာန်တက်ခွဲပေါက်စိတ်ဖြာ လေသည်။

ထိုသည်ကို သူဌေးကြီးကမြင်၍-

"အချင်း-မဟာဒုက်. . . ယနေ့ အသင်သည် အလွန် လုံ့လကြီးစွာဖြင့် အလုပ်ကိုကြိုးစားအားထုတ်လုပ်နေပါ၏၊ အသင့်အားအကြောင်းထူးမည်သို့ရှိနေပါသနည်း"

ဟုမေးသည်။

"အရှင်. . . ကျွန်ုပ်သည် နက်ဖြန်ခါ သံဃာတစ်ပါးကို ဆွမ်းကျွေးရန်ဝန်ခံစာရင်းပေးထားပါသည်၊ ထိုသံဃာတစ်ပါးအား ဆွမ်းကျွေးနိုင်ရေးအတွက် အလုပ်ကိုအားကြိုးမာန်တက်လုပ်နေ ရပါသည်"

www.dhammaransi.com

သူဌေးကြီးသည် မဟာဒုက်၏စကားကိုကြားရလျှင် ကြည်လင်နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ကြံဆဆင်ခြင်မိသည်မှာ-

"ဤသူပြုအပ်သောအမှုကား အံ့ဩဖွယ်ရှိပေစွတကား၊ ငါသည် ဆင်းရဲပင်ပန်းသောသူတည်း ဟုဆိတ်ဆိတ်နေခြင်းကို ရောက်စေမူ၍ အခစားပြုလုပ်ပြီး သံဃာတော်တစ်ပါးအား ဆွမ်းကျွေးရန်အားထုတ်ဘိ၏"

ဟု ကြံစည်ဆင်ခြင်မိလေသည်။

ထင်းများအားလုံးပေါက်ချမ်းခွဲစိတ်ပြီးသောအခါ သူဌေးကြီးက-

"အချင်း-မဟာဒုက် . . . သင့်အား ထင်းများခွဲစိပ်ခအတွက် လေးကွမ်းစားသောသလေးဆန်ကိုပေးပါ၏၊ သင်၏ပြုလုပ်အပ်သောအမှုကို ငါနှစ်သက်သဘောကျသဖြင့် ထပ်မံ၍ သလေးဆန်လေးကွမ်းစားတို့ကိုပေးပါ၏"

ဟုပြောဆိုကာပေးလေသည်။

သူဌေးကတော်ကြီးကလည်း မဟာဒုက်၏ မယားသူဆင်းရဲမကိုမြင်၍ အလုပ်လုပ်မည့်အကြောင်းကိုသိသောအခါ မောင်းတင်းကုပ်ကိုသွင်း၍ ကျည်ပွေ့၊ ဇန်း၊ စကောစသည်တို့ကို ပေးကာ ကောက်တို့ကိုထောင်း၊ ဖွပ်၊ ပြာလွင့်စေ၏။

www.dhammaransi.com



မဟာဒုက်မယားသည် ရွှင်လန်းနှစ်သက်သောစိတ်ရှိသည်ဖြစ်၍ သီချင်းသီဆိုကာ ဆိုင်းချက်ချကသကဲ့သို့ ဆန်တို့ကို ဖွပ်ထောင်းပြာလေသည်။

ထိုမဟာဒုက်မယား၏ရွှင်လန်းတက်ကြွသောစိတ်ဖြင့် ပျော်ရွှင်စွာအလုပ်လုပ်နေသည်ကို သူဌေးကတော်ကမြင်၍ အကျိုးအကြောင်းမေးသည်-

မဟာဒုက်မယားက အခစားပြုလုပ်ပြီး နက်ဖြန်သံဃာတစ်ပါးကို ဆွမ်းလုပ်ကျွေးရမည်ဖြစ်ကြောင်းပြောပြသည်။

သူဌေးကတော်ကြီးသည် မဟာဒုက်မယားကို အံ့ဖွယ်သောအမှုကိုပြုဘိလေသည်တကား- ဟုကြည်ညိုနှစ်သက်လှသဖြင့် ထောပတ်အိုးငယ်တစ်လုံး၊ နို့စမ်း၊ ငရုတ်၊ ကြက်သွန်နှင့် စင်ကြယ်သောဆန်တစ်ကွမ်းစားကိုပေးလေသည်။

ထို့နောက် လင်မယားနှစ်ဦးတို့သည် အိမ်သို့အသီးသီး ပြန်ရောက်ကြပြီးလျှင် မိမိတို့ရခဲ့သောအရာဝတ္ထုများကိုပြကြပြီး-

"ပေးလှူဖွယ်ဝတ္ထုပစ္စည်းအစုကို ယခု ဒိဋ္ဌ ငါတို့ရအပ်ပေပြီ"

ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြလေသည်။

လင်မယားနှစ်ယောက်နံနက်စောစောအိပ်ယာထကြသည်။

www.dhammaransi.com



"အမောင်ချစ်လင်. . . ဈေးသို့သွား၍ အထွေထွေသော ကောင်းသောဟင်းရွက်တို့ကိုဆောင်ယူခဲ့ပါလေ၊ ကျွန်မက အိမ်က လိုအပ်တာကိုချက်ပြုတ်ပြင်ဆင်ထားပါမည်"

ဟု မယားကစေခိုင်းသောအခါ မဟာဒုက်သည် ဈေးသို့သွား၍ ဟင်းရွက်တို့ကိုရှာသော်မရ၍ မြစ်ကမ်းဘက်သို့ဆက်လက်ထွက် ခဲ့သည်။

"ယနေ့ ငါသည်သံယာတစ်ပါးကိုဆွမ်းကျွေးခွင့်ရအပ် ပေပြီ"

ဟုဝမ်းမြောက်ဝမ်းသာဖြစ်လျက် သီချင်းတစ်အေးအေးဖြင့်သီဆို ကာ ကောင်းမွန်သောဟင်းရွက်တို့ကိုခူးလေသည်။

ထိုအခါ ပိုက်ကွန်ချနေသောတံငါသည်က မဟာဒုက်၏ သီချင်းဆိုသံကိုကြား၍-

"ဤအသံသည် ဆင်းရဲသားမဟာဒုက်၏အသံဖြစ်ပေ လိမ့်မည်"

ဟု ကြံမိ၍ မဟာဒုက်ကို လှမ်းခေါ်သည်။

"အချင်း-မဟာဒုက်. . . အသင်သည် အလွန်ရွှင်လန်း နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ သီချင်းကိုသီဆိုပြီးဟင်းရွက်များ ကိုခူးနေဘိပါသနည်း"

ဟုမေးသည်။

www.dhammaransi.com



"အဆွေ. . . ငါသည် သံဃာတစ်ပါးကိုဆွမ်းလုပ်ကျွေးခွင့်ရပါသည်၊ ထိုအတွက် ဟင်းရွက်လာခူးနေပါသည်"

"အချင်း-မဟာဒုက်. . . အံ့ဖွယ်ပါတကား၊ ချမ်းသာခြင်းရှိကြသော သံဃာတော်အရှင်မြတ်တို့သည် သင်၏ဟင်းရွက်တို့ကို အဘယ်မှာနှစ်သက်စွာ ဘုဉ်းပေးကြလိမ့်မည်နည်း"

"အဆွေ. . . ဤသို့ဆိုလျှင် အဘယ်သို့ပြုရပါအံ့နည်း၊ ငါ့အနေနှင့် ဤရအပ်သောဟင်းရွက်ဖြင့်သာ ကျွေးမွေးလုပ်ကျွေးရပါတော့သည်"

"ထိုသို့ဆိုက လာလှည့်၊ ယခု ဤငါးပါးကိုယူပြီး တစ်မတ်ထိုက်သောငါး၊ တစ်ကျပ်ထိုက်သောငါးတို့ကို ရွေးချယ်စီစစ်ခွဲခြားထားပေးပါ"

ဟုစေခိုင်းသည်၊ မဟာဒုက်ကလည်း တံငါသည်ပြောဆိုသည့်အတိုင်း ခွဲခြားစီစစ်ပြီးထားပေးသည်။

များစွာသောမြို့သူမြို့သားတို့သည် သံဃာတော်များအတွက် ထိုငါးတို့ကိုလာရောက်ဝယ်ယူကြလေသည်။

ထိုအချိန်မှာပင် ဆွမ်းစားချိန်နီးလာ၍-

"အဆွေ. . . ငါသည် သွားတော့အံ့၊ ယခုအချိန်သည် သံဃာတော်များကြွလာအံ့သောအချိန်ရောက်နေပြီ"

ဟုပြောသည်။

www.dhammaransi.com



"အချင်း-မဟာဒုက်. . သင့်အတွက်ရွေးချယ်ထားသော ငါးတွေထဲက တစ်ကောင်မျှသောငါးကိုမရဘူးလော"

"အဆွေ. . . တစ်ကောင်မျှမရပါ၊ အလုံးစုံသောငါးတို့သည် ကုန်ပါပြီ"

"ဒါဆိုလျှင် ငါသည် ငါ့မိသားစုစားရန်အတွက် သဲထဲ၌ ငါးကြင်းလေးကောင်တို့ကိုမြှုပ်ထားပါ၏၊ ထိုငါးတို့ကို ထုတ်ယူ၍ သွားပါလေ"

ဟုပြောဆိုပြီး ငါးတို့ကိုပေးလိုက်လေသည်။

ထိုနံနက်စောစောအချိန်တွင် ကဿပဘုရားရှင်သည် လောကကိုကြည့်ရှုတော်မူသည်ရှိသော် မဟာဒုက်သည် ကိုယ်တော်မြတ်၏ဉာဏ်တော်တည်းဟူသော ကွန်ရက်အတွင်း၌ဝင်သည်ကိုမြင်တော်မူသည်။

အသို့ဖြစ်လတ့်နည်းဟုဆင်ခြင်သော် မဟာဒုက်၏ သံဃာတစ်ပါးစာရင်ပေးထားသော်လည်း သံဃာတစ်ပါးမျှမရသည်ကို မြင်တော်မူသည်။

ဘုရားရှင်တို့၏အလေ့အကျင့်တော်သည်ကား လောက၌ အမိအဖနှစ်ပါးတို့သည် မွေးဖွား၍ထားကုန်သောသားသမီးတို့တွင် ဆင်းရဲပြိုငြင်ပင်ပန်းလျက် အထီးကျန်သောသားသမီးကိုသာ အလွန်ကြင်နာကရုဏာထားပြီး အထူးစောင့်ရှောက်မ,စသကဲ့သို့

www.dhammaransi.com



ဆင်းရဲငြိုငြင်ပင်ပန်းလျက် အထီးကျန်သောသတ္တဝါတို့၌ သနား ကြင်နာသာ၍ငဲ့ညှာတော်မူလေသည်။

ထို့ကြောင့် ဘုရားရှင်သည်နံနက်စောစောကလျှင် ကိုယ် လက်သုတ်သင်ခြင်းကိုပြုတော်မူ၍ မဟာဒုက်အားချီးမြှင့်အံ့ ဟု အောက်မေ့ဆင်ခြင်တော်မူလျက် ဂန္ဓကုဋီတိုက်သို့ကြွ၍ သီတင်း သုံးနေထိုင်လေသည်။

မဟာဒုက်သည် ငါးကြင်းတို့ကိုဆွဲငင်ယူဆောင်၍ အိမ် သို့ဝင်သည်ရှိသော် သိကြားမင်း၏နေရာကျောက်ဖျာသည် ပူ လောင်သောအခြင်းအရာကိုပြလေသည်။

"အကြောင်းသို့နည်း"

ဟု သိကြားမင်းက ဆင်ခြင်ကြည့်ရှုသည်ရှိသော် မဟာဒုက်သံဃာ တစ်ပါးဆွမ်းကပ်လှူရန် စာရင်းပေးထားပြီး အခစားပြုလုပ်ကာ ဆွမ်းဆက်ကပ်ပေမည်။

အဘယ်သံဃာကိုရမည်နည်း ဟုဆင်ခြင်သော် မဟာ ဒုက်အား တစ်ပါးသောသံဃာသည်မရ၊ ဘုရားရှင်ကိုယ်တော်တိုင် မဟာဒုက်အားချီးမြှင့်ရန် ဂန္ဓကုဋီတိုက်၌သီတင်းသုံးနေထိုင်သည် ကိုသိမြင်လေသည်။

"မဟာဒုက်သည် သူတတ်စွမ်းနိုင်သမျှသောယာဂုဆွမ်း ဟင်းရွက်ဟင်းလျာတို့ဖြင့် ပြုလုပ်ဆွမ်းကပ်ပေလိမ့်မည်၊ ငါသည် မဟာဒုက်အိမ်သို့သွား၍ ထမင်းချက်အမှုကိုပြုလုပ်မှသင့်ပေမည်"

www.dhammaransi.com



သိကြားမင်းသည် မထင်ရှားသောယောကျ်ားအသွင်ဖြင့် မဟာဒုက်အိမ်အနီးသို့သွား၍ အလုပ်ရှိ-မရှိမေးသည်။

"အသင်လုလင်သည် အဘယ်သို့သောအမှုကိုပြုသနည်း"

"အရှင် ငါသည်အလုံးစုံသောအတတ်ကိုတတ်မြောက်ပါသည်၊ ငါမသိမမြင်သောအတတ်ဟူသည်မရှိပါ၊ ယာဂု၊ ထမင်းစသည်တို့ကိုလည်း ကောင်းမွန်အောင်အရသာရှိအောင် စီစဉ်တတ်ပါ၏"

"အသင်လုလင်. . သင်တတ်သောအတတ်ပညာကား ငါတို့အတွက်လိုအပ်ပါ၏၊ သို့သော် အမှုအတွက်ပေးစရာ အသပြာဝတ္ထုပစ္စည်းကား မရှိဖြစ်နေရပါသည်"

"အသင့်အား ပြုဖွယ်ကိစ္စအဘယ်နည်း"

"နက်ဖြန် သံဃာတော်တစ်ပါးအားဆွမ်းလှူဒါန်းရန်အတွက် ယာဂုကိုချက်ပြုတ်ရပါမည်"

"အရှင်. . . သံဃာအား ယာဂုဆွမ်းကပ်ရန်အတွက် ချက်ပြုတ်ဖို့ဆိုပါက အဖိုးအခကိုမယူလိုပါ၊ ငါ့အား ကုသိုလ်ကောင်းမှုအဖို့အခကိုသာပေးပါ"

"အသင်လုလင်. . . ထိုသို့ဆိုက လာပါ၊ ကောင်းစွာချက်ပြုတ်စီမံပေးပါလော"

www.dhammaransi.com



"အရှင်-ကောင်းပါပြီ. . . ချက်ရန် ဆန်၊ ဆီ၊ ဆား စသည်တို့ကိုသာပေးထားခဲ့ပါ၊ အရှင် သွားပါချေ၊ မိမိအတွက် ရမည့်သံယာကိုသာသွားရောက်ပင့်ဆောင်ပါချေ"

ထိုအချိန်တွင် အလှူဝတ်ကိုဦးစီးစီမံဆောင်ရွက်နေသော ပညာရှိအမျိုးသားသည် မိမိကမ္ပည်းစာဒ္ဓရေးသာမှတ်တမ်းတင် ထားအပ်သောသူတို့အား သံဃာအသီးသီးတို့ကိုပင့်ဆောင်စေ သည်။

မဟာဒုက်သည် စာရင်းကိုင်အမျိုးသားသံဃာများခွဲဝေ ပြီးမှ ထိုပညာရှိအမျိုးသားထံကပ်ရောက်ကာ-

"အရှင်. . . ကျွန်ုပ်အတွက်ရအပ်သောသံဃာတစ်ပါး ကို ပေးသနားတော်မူပါ "

ဟုတောင်းဆိုလေသည်။

ထိုအခါကျမှ စာရင်းကိုင်ပညာရှိအမျိုးသားသည်သတိ ရ၍-

"အချင်း-မဟာဒုက်. . . သင့်အတွက် သံဃာကို ငါမေ့ လျော့၍ စာရင်းမသွင်းမိရှိချေပြီ"

ဟု ပြောပြသည်။

ထိုစကားကိုကြားရသောအခါ မဟာဒုက်အဖို့ နံကြားဆို ရင် ဝမ်းသို့လှံမနှင့်ထိုးခံပုတ်ခတ်ခံရသကဲ့သို့ခံစားမိပြီး-

www.dhammaransi.com



"အရှင်ပညာရှိ. . အဘယ်ကြောင့် ကျွန်ုပ်ကိုဖျက်ဆီးရပါသနည်း၊ ငါသည်ဆင်းရဲ၍မတတ်နိုင်ကြောင်းငြင်းဆိုသောအခါ အသင်သည်ပင်တိုက်တွန်းနှိုးဆော်ခဲ့သည်မဟုတ်ပါလော၊ အသင်နှိုးဆော်တိုက်တွန်း၍ ငါနှင့်ငါ့မယားသည် မနေ့ကတစ်နေ့လုံးပင်ပန်းဆင်းရဲကြီးစွာ အခစားပြုလုပ်ကြပြီး သံယာတစ်ပါးဆွမ်းကပ်နိုင်ရန်ကြိုးစားခဲ့ပါသည်၊ ယခုလည်း နံနက်စောစောဟင်းချက်ရှာပြီးမှယူလာရပါသည်၊ ကျွန်ုပ်အား သနားကြင်နာသောအားဖြင့် သံယာတစ်ပါးကိုပေးပါလော့"

ဟု မဟာဒုက်သည် အခါခါတောင်းဆိုသည်၊ လက်ကိုမြှောက်ကာမြှောက်ကာ သည်းစွာငိုကြွေးပြီးတောင်းဆိုနေသည်။

လူများအပေါင်းသည် ထိုနေရာသို့ရောက်လာကြပြီး အကြောင်းစုံဖြစ်ရပ်စုံကိုမေးကြသည်၊ မဟာဒုက်ကလည်း မိမိနှင့်ပညာရှိအမျိုးသားတို့ပြောဆိုကတိထားပုံဖြစ်ရပ်စုံကိုပြောပြသည်။

ထိုသူများအား ထိုစာရင်းကိုင်ပညာရှိကို မဟာဒုက်ပြောသမျှဟုတ်-မဟုတ်မေးကြသောအခါ စာရင်းကိုင်ပညာရှိက ဟုတ်ပါကြောင်းဝန်ခံသည်။

"အသင်သည် ဝန်လေးသောအမှုကိုပြုလေစွတကား၊ အသင်သည် ဤမျှလောက်သောသံယာတို့ကိုကြည့်ရှုစီရင်နေပါလျက် မဟာဒုက်အား သံယာတစ်ပါးကိုပေးခြင်းငှာမစွမ်းနိုင်ပါသလော" ဟု ပြစ်တင်ပြောဆိုကြလေသည်။

www.dhammaransi.com



စာရင်းကိုင်ပညာရှိအမျိုးသားသည် လူတို့ပြစ်တင်ပြောဆိုသောစကားဖြင့် နှလုံးမသာမယာခံစားရပြီး-

"အချင်း-မဟာဒုက်. . . ငါ့အားမဖျက်စီးပါလင့်၊ သင့်ကြောင့် ငါ့အားကြီးစွာသောပျက်စီးခြင်းသို့ရောက်ရပါတော့မည်၊ လူများအပေါင်းကလည်း သူတို့ပေးထားသောကတိအတိုင်း သံဃာတော်များကိုပင့်ဆောင်သွားကြပါပြီ၊ မိမိတို့အိမ်အတွက် ရသောသံဃာကို ပြန်ပေးဖို့ဆိုတာကလည်းမလွယ်ပါ။

အချင်း-မဟာဒုက်. . . ငါအကြံပြုပါ၏၊ မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိတိုက်၌ရှိနေပါသေးသည့်ပြည့်ရှင်မင်း၊ မင်းသား၊ အမတ်၊ စစ်သူကြီး၊ သူဌေးဘွဲ့ခံတို့သည် ဘုရားရှင်ဂန္ဓကုဋိတိုက်က အထွက်၌သပိတ်ကိုယူအံ့ ဟုစောင့်နေကြပါသည်၊ ဘုရားရှင်တို့မည်သည်ကား ဆင်းရဲငြိုငြင်ပင်ပန်းသူများကို အစဉ်သနားတော်မူတတ်သည်။

အသင်-မဟာဒုက်. . . ဂန္ဓကုဋိတိုက်သို့သွား၍ ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်သည် အလွန်ဆင်းရဲနွမ်းပါးသူဖြစ်ပါသည်၊ တပည့်တော်အား အစဉ်သနားသဖြင့် ချီးမြှင့်ခြင်းကိုပြုပါဘုရားဟု သွားရောက်လျှောက်ထား၍ ဘုရားရှင်ကိုရှိခိုးပါ၊ အသင့်အား အကယ်၍ကောင်းမှုဘုန်းကံရှိသည်ဖြစ်အံ့၊ မချွတ်မြတ်စွာဘုရား၏သပိတ်တော်ကိုအသင်ရလတံ့"

www.dhammaransi.com



ဟုနှစ်သိမ့်စကားပြောပြီး မဟာဒုက်ကို ဘုရားရှင်ရှိသောနေရာသို့စေလွှတ်လိုက်လေသည်။

မဟာဒုက်သည် ဘုရားရှင်၏ဂန္ဓကုဋိတိုက်သို့အပြေးအလွှားသွားရောက်သည်။

စုတ်စုတ်ပြတ်ပြတ်နုံနုံချာချာနှင့်လာနေသော မဟာဒုက်ကိုမြင်ကြရသောမင်းသား၊ အမတ်၊ စစ်သူကြီးစသည်တို့က ဆွမ်းကွမ်းစားသူတောင်းစားဟုထင်ကြပြီး-

"အချင်း-ယခုအခါ ဆွမ်းစားသောအချိန်မဟုတ်သေးပါ၊ အဘယ်ကြောင့် စောစောစီးစီးလာပါသနည်း" ဟုဆိုကြသည်။

"အရှင်တို့. . . ကျွန်ုပ်သည် ဆွမ်းစားချိန်မဟုတ်သေးသည်ကိုသိပါ၏၊ ဘုရားရှင်ကို ကြည်လင်စွာရှိခိုးရန်လာပါ၏" ဟုပြောဆိုပြီးလျှင် ဂန္ဓကုဋိတိုက်၏လှေကားခုံ၌ဦးခေါင်းကိုထားပြီးသော် ထိခြင်းငါးပါးဖြင့်ရှိခိုးပြီးနောက်-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဤဗာရဏသီမြို့တော်၌ တပည့်တော်အောက်ယုတ်နိမ့်ပြီး ဆင်းရဲငြိုငြင်ပင်ပန်းသောသူမည်သည် တစ်စုံတစ်ယောက်မျှမရှိပါ၊ အရှင်ဘုရားတို့သည် တပည့်တော်၏ကိုးကွယ်အားထားရာဖြစ်တော်မူပါကုန်လော၊ တပည့်တော်အား အစဉ်သနားသဖြင့်ချီးမြှောက်ခြင်းကိုပြုတော်မူပါဘုရား"

ဟု ဘုရားရှင်ကြားအောင်လျှောက်ထားလေသည်။

www.dhammaransi.com



ထိုအချိန်မှာပင် ဘုရားရှင်သည် ဂန္ဓကုဋိတိုက်တံခါးကို ဖွင့်၍ သပိတ်တော်ကိုထုတ်တော်မူပြီးလျှင် မဟာဒုက်၏လက်သို့ ထည့်လေသည်။

မဟာဒုက်သည် မြတ်စွာဘုရား၏သပိတ်တော်ကိုရလျှင် စကြာမင်းအဖြစ်ကိုရသကဲ့သို့ အတိုင်းမသိသောဝမ်းသာမှုကို ခံစားရလေသည်။

မင်း၊ မင်းသား၊ အမတ်၊ စစ်သူကြီးတို့သည် အချင်းချင်း တစ်ယောက်သည်တစ်ယောက်အား မျက်နှာကြည့်ကြကုန်သည်။

ဘုရားရှင်ကိုယ်တော်တိုင်ကား ပေးသနားတော်မူအပ်သောသပိတ်ဖြစ်၍ မည်သူတစ်စုံတစ်ယောက်ကမျှ အစိုးတရ နိုင်ထက်ယူ၍လည်းမရပေ။

"အချင်း-မဟာဒုက်. . . ငါတို့အား ဘုရားရှင်၏သပိတ်တော်ကိုပေးပါလော့၊ အသင့်အား ဤမျှလောက်သောအသပြာတို့ကိုပေးပါကုန်အံ့၊ အသင်သည် ဆင်းရဲနွမ်းပါးသူဖြစ်၍ ဤပစ္စည်းဥစ္စာတို့ကိုယူ၍ ချမ်းသာစွာနေပါ၊ သပိတ်ကိုငါတို့အား ပေးပါ၊ ဤဘုရားရှင်၏သပိတ်သည် သင့်အားမည်သို့မျှအကျိုးမပြုပါ"

ဟု အသီးသီးပြောဆိုကြပြီး အသပြာကိုတစ်ဆင့်ပြီးတစ်ဆင့် တက်၍ ပေးကြကာ ဘုရားရှင်၏သပိတ်ကိုဝယ်ယူကြသည်။

www.dhammaransi.com



"အရှင်တို့ . . . ကျွန်ုပ်သည် ဆင်းရဲနွမ်းပါးသည်ကမှန်ပါ၏၊ သို့သော် ကျွန်ုပ်သည် ယခုအချိန်၌ ဥစ္စာဖြင့်အလိုမရှိတော့ပါ၊ ဘုရားရှင်အားသာဆွမ်းလုပ်ကျွေးပါမည်"
ဟုပြောဆိုကာ အကုန်ငြင်းပယ်လေသည်၊ သို့အတွက် ထိုသူများသည် မဟာဒုက်ထံသပိတ်တောင်းမရ၍ပြန်ကြလေသည်။

မဟာဒုက်သည် ပစ္စည်းဥစ္စာဖြင့်ဖြားယောင်းဖျောင်းဖျပါသော်လည်း ဘုရားရှင်၏သပိတ်တော်ကိုမပေး၊ ဘုရားရှင်ကိုယ်တော်တိုင်က သနားတော်မူသောသပိတ်ဖြစ်၍ အတင်းယူဆောင်ခြင်းငှာလည်းမစွမ်းနိုင်၊ ဤမဟာဒုက်လှူဒါန်းသောဝတ္ထုကားအဘယ်မျှဖြစ်လတံ့နည်း၊ မဟာဒုက်သည် လှူဖွယ်ဝတ္ထုကိုပေးလှူသောအခါ၌ မသင့်မတင့်မလျှောက်ပတ်သောဆွမ်း၊ ယာဂုဝတ္ထုဖြစ်ပါက ငါသည် ဘုရားရှင်ကိုနန်းတော်သို့ပင့်ဆောင်၍ စီရင်ထားအပ်သော ငါ၏ဆွမ်းအာဟာရကိုလှူဒါန်းအံ့"
ဟု မင်းကြီးသည် ကြံဆ၍ မြတ်စွာဘုရားရှင်နှင့်အတူတကွလိုက်လေသည်။

သိကြားမင်းတဖြစ်လဲ လုလင်သည် ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်တို့ကိုပြည့်စုံစေ၍ ဘုရားရှင်သီတင်းသုံးရန် နေရာထိုင်ခင်းကိုလည်းစီမံထားလေသည်။

မဟာဒုက်သည် ဘုရားရှင်ကိုပင့်ဆောင်၍လာသည်၊ မဟာဒုက်၏နေရာအိမ်သည်နိမ့်သည်၊ မညွတ်မကိုင်းဘဲဝင်ခြင်း

www.dhammaransi.com



ငှာမစွမ်းနိုင်ပါ၊ ဘုရားရှင်ကြွဝင်သော် ညွတ်ကိုင်း၍ကြွဝင်တော်မူခြင်းမည်သည်မရှိချေ၊ သို့အတွက် ဘုရားရှင် မဟာဒုက်အိမ်အတွင်းသို့ဝင်သောအခါ မဟာပထဝီမြေကြီးသည် အောက်သို့နိမ့်၍သက်ဝင်ပေးရသည်၊ အိမ်သည်လည်း အထက်သို့တက်မြင့်ပေးရလေသည်။

အဝိညာဏက သက်မဲ့ဖြစ်ကုန်သော မြေ၊ အိမ်တို့ ဤသို့ဖြစ်ရခြင်းမှာ ဘုရားရှင်တို့၏ပါရမီတို့ကိုဖြည့်ဆည်းစဉ်အခါက ကောင်းစွာပေးကမ်းလှူဒါန်းခဲ့သောဒါန၏အကျိုးဆက်ပင်ဖြစ်ပါသည်။

ဘုရားရှင်သည် မဟာဒုက်အိမ်အတွင်းသို့ ပကတိအတိုင်းသာကြွတော်မူပြီးလျှင် သိကြားမင်းလုလင်ခင်းထားသောနေရာ၌သီတင်းသုံးထိုင်နေတော်မူသည်၊ မင်းကြီးသည်လည်းသင့်တော်ရာနေရာ၌နေတော်မူလေသည်။

"အချင်း-မဟာဒုက်. . . သင်သည် ဘုရားရှင်၏သပိတ်တော်ကို ငါတောင်းသော်လည်းမပေး၊ အသင်သည် အဘယ်သို့သောလှူဖွယ်ဆွမ်းအာဟာရဖြင့် ဘုရားရှင်အားပြုစုလှူဒါန်းမည်နည်း၊ ငါ ကြည့်ရှုပါရစေ" ဟုမင်းကြီးကမေးသည်။

ထိုအခါ လုလင်က မင်းကြီးကိုယာဂု၊ ခဲဖွယ်တို့ကိုဖွင့်ပြလေသည်၊ ထိုယာဂုခဲဖွယ်တို့၏ထုံအပ်သောအနံ့သည် အလုံးစုံသောမြို့ကိုဖုံးအုပ်ပျံ့နှံ့၍တည်လေသည်။

www.dhammaransi.com



မင်းကြီးသည် မဟာဒုက်၏လှူဖွယ်အာဟာရတို့ကိုကြည့်ရှုပြီးသော် ဘုရားရှင်ကို -

"အာဟာရသည် အဘယ်သို့လျှင်ကောင်းမွန်လတံ့နည်း၊ ဤမဟာဒုက်သည် မကောင်းညံ့ဖျင်းသော လှူဖွယ်အာဟာရတို့ကိုပေးလှူသောအခါ၌ တပည့်တော်သည် အရှင်ဘုရားကို နန်းတော်သို့ပင့်ဆောင်၍ တပည့်တော်စီရင်ထားအပ်သော ဆွမ်းအာဟာရကို လှူဒါန်းဆက်ကပ်မည်ဟုကြံစည်စိတ်ကူး နှလုံးသွင်းလျက် ဘုရားရှင်၏နောက်သို့ လိုက်လာမိခဲ့ပါသည်၊ ယခု မဟာဒုက်၏ဤဆွမ်းအာဟာရကို တပည့်တော်သည် ရှေးအခါကာလက တစ်ရံတစ်ခါမျှမတွေ့မထင်မမြင်ဘူးခဲ့ပါ၊ ဒကာတော်. . ဤအရပ်၌ ဆက်လက်နေပါက မဟာဒုက်ပင်ပန်းဆင်းရဲပါမည်၊ သို့အတွက် ဒကာတော်ပြန်ပါအံ့"

ဟု မင်းကြီးသည် ဘုရားရှင်အားလျှောက်ကြားပြီး ရှိခိုးကာပြန်ကြွသွားလေသည်။

မဟာဒုက်သည် ဘုရားရှင်ကို ယာဂုခဲဖွယ်စသည်တို့ဖြင့် ကောင်းမွန်စွာပြုစုလုပ်ကျွေးသည်၊ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ အနုမောဒနာတရားဟောကြားပြီး ဖယ်ကြွတော်မူလေသည်။

www.dhammaransi.com



သိကြားမင်းသည် မဟာဒုက်အား အမှတ်သညာကိုပေးသဖြင့် မဟာဒုက်သည် ဘုရားရှင်၏သပိတ်တော်ကိုယူပြီးသောအခါ ဘုရားရှင်၏နောက်တော်သို့အစဉ်လိုက်၍ပို့လေသည်။

သိကြားမင်းသည် ဆုတ်နစ်ပြန်လည်ပြီး မဟာဒုက်၏အိမ်တံခါးဝ၌ရပ်လျက် ကောင်းကင်သို့မော်၍ကြည့်ရှုလေသည်၊ ထိုခဏ၌ပင် ကောင်းကင်မှရတနာခုနစ်ပါးအတိပြီးသောမိုးကြီးရွာသွန်းပြီးလျှင် မဟာဒုက်၏အိမ်၌ အလုံးစုံသောအိုးခွက်တို့ဖြင့်ပြည့်စေပြီးလျှင် တစ်အိမ်လုံးပြည့်လှူနေစရာမရှိအောင်ပင် ရတနာမိုးတို့အပြည့်ရွာချသည်။

မဟာဒုက်၏မယားသည် သားတို့ကိုလက်ဆွဲထုတ်ဆောင်၍ အိမ်၏ပြင်ပ၌ရပ်တည်နေရလေသည်။

မဟာဒုက်သည် ဘုရားရှင်ကိုအစဉ်လိုက်ပို့ပြီးမှ ပြန်လည်ဆုတ်နစ်ပြီးအိမ်ပြန်ရောက်သောအခါ အိမ်ပြင်ပ၌ရပ်တည်နေသော မယားနှင့်သားတို့ကိုတွေ့၍-

"ဤအမှုကား အဘယ်နည်း"

"အရှင် ငါတို့အိမ်အလုံးစုသည် ရတနာခုနှစ်ပါးတို့ဖြင့်ပြည့်နေ၍ ဝင်၍မရတော့ပါ "

"ယနေ့သည်ပင်လျှင် ငါလှူဒါန်းအပ်သောဒါနသည်အကျိုးပေးလေပြီ"

www.dhammaransi.com



ဟုဝမ်းမြောက်ဝမ်းသာဖြစ်လျက် မင်းကြီးထံသို့သွားရောက်ကာ အကျိုးအကြောင်းလျှောက်ထားပြပြီး-

"အရှင်မင်းမြတ်. . . ကျွန်ုပ်အိမ်၌ ရတနာခုနစ်ပါးဖြင့် ပြည့်နေပါ၏၊ ထိုပစ္စည်းတို့ကို သိမ်းဆည်းပေးပါလော့" ဟု လျှောက်ထားလေသည်။

"ဩော်. . . အံ့ဖွယ်ရှိပေစွ၊ ဘုရားရှင်တို့အားလှူဒါန်းသောဒါနသည် ယနေ့ပင်အကျိုးကြီးမားစွာပေးလေသည်" ဟုမင်းကြီးသည် ကြံစည်မိပြီးသော်-

"အသင် မဟာဒုက်. . . အဘယ်ကိုအလိုရှိပါသနည်း" ဟုမေးသည်။

"အရှင်မင်းမြတ်. . . ပစ္စည်းဥစ္စာတို့ကို သယ်ယူဆောင်ရန် လှည်းအစီးတစ်ထောင်ရခြင်းငှာသင့်ပါသည်"

ထိုအခါ မင်းကြီးသည် လှည်းတစ်ထောင်ကိုစေလွှတ်ဆောင်ယူစေ၍ မင်းရင်ပြင်၌စုရုံးစေသည်၊ ရတနာအစုပုံသည် ထန်းတစ်ရပ်မျှမြင့်သည်။

မင်းကြီးသည် မြို့သူမြို့သားတို့ကို နန်းတော်ရင်ပြင်၌ စုဝေးစေ၍-

"ဤမြို့အတွင်း၌ ဤမျှများပြားသောပစ္စည်းဥစ္စာပေါကြွယ်ဝသောတစ်စုံတစ်ယောက်သောသူသည် ရှိပါသလော" ဟုမေးသည်။

www.dhammaransi.com



"အရှင်မင်းမြတ်. . . တစ်စုံတစ်ယောက်မျှမရှိပါ "

"ဤမျှလောက် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူကို အဘယ်သို့ပြုခြင်းငှာအပ်ပါသနည်း"

"အရှင်မင်းမြတ်. . သူဌေးရာထူးကိုချီးမြှောက်စားသင့်ပါသည်"

မင်းကြီးသည် မဟာဒုက်ကို ကြီးစွာသောပူဇော်သက္ကာရကိုပြု၍ သူဌေးကြီးအရာ၌အပ်နှင်းကာ သူဌေးတို့အဆောင်အယောင်ထီးကိုပေးအပ်လေသည်။

ထို့နောက် မဟာဒုက်အား ရှေးအခါကသူဌေးတစ်ဦးနေခဲ့ဖူးသောအိမ်နေရာကိုညွှန်ကြား၍ ထိုနေရာ၌နေရန်ပေးသည်။

မဟာဒုက်သည် ထိုနေရာ၌သစ်ပင်ခြုံနွယ်တို့ကို သုတ်သင်ရှင်းလင်းစေပြီးသော် အိမ်ကိုဆောက်လုပ်ရန်စီမံသည်၊ အိမ်ဆောက်လုပ်ရန်မြေကိုတူးသည်ရှိသော် အချင်းချင်းထိခိုက်၍နေသောရွှေအိုးတို့သည် ထ၍ပေါ်ပေါက်လာကုန်လေသည်။

ထိုအကြောင်းကိုလည်း မင်းကြီးအားအကြောင်းကြားလျှောက်ထားလေသည်-

"အသင်၏ကောင်းမှုကုသိုလ်ဘုန်းကံကြောင့် ဖြစ်သောရွှေအိုးများဖြစ်၍ အသင်သည်ပင်ထုတ်ဆောင်သိမ်းဆည်း၍ သုံးဆောင်ပါလေ" ဟုမင်းကြီးကပြန်ပေးလေသည်။

www.dhammaransi.com



အိမ်ဆောက်လုပ်ပြီးသော် မဟာဒုက်သည် ဘုရားအမှူးရှိသောသံဃာတော်များကို (၇)ရက်၊ (၇)လီအလှူကြီးပေးလှူလေသည်။

မဟာဒုက်၏အံ့ဖွယ်ဒါန- အံ့ဖွယ်သုခကား အံ့မခန်းပါတည်း၊ အလှူဒါနဟူသည် စေတနာသုံးတန်ပြဋ္ဌာန်း၍ မြင့်မြတ်သောပုဂ္ဂိုလ်အားလှူဒါန်းမိသော် ညောင်စေ့လောက်ပင်လှူပေမဲ့ ညောင်ပင်ကြီးလောက်ကုသိုလ်ရသည်သာဖြစ်သည်။

(ထိုမဟာဒုက်သည် ယခုဂေါတမဘုရားရှင်လက်ထက်ဝယ် (၇)နှစ်သားနှင့်ရဟန္တာဖြစ်ရသော ပဏ္ဍိတသာမဏေဖြစ်လာခဲ့လေသည်။

(ဓမ္မပဒ၊ ပဏ္ဍိတဝဂ်၊ ပဏ္ဍိတသာမဏေဝတ္ထု)

## သူဌေးသမီး၏အံ့ဖွယ်ဒါန- အံ့ဖွယ်သုခ

ကဿပဘုရားရှင်လက်ထက်ကဖြစ်သည်၊ ဗာရာဏသီပြည်၌ ကုဋေ(၈၀)ကြွယ်ဝသောသူဌေးကြီး၌ သားတစ်ယောက်ရှိခဲ့သလို သူဌေးကြီးတစ်ဦး၌လည်း သမီးတစ်ဦးရှိလေသည်။

ထိုသူဌေးသား သူဌေးသမီးတို့အရွယ်ရောက်လတ်သော် နှစ်ဘက်မိဘတို့၏သဘောတူညီချက်ဖြင့် ထိမ်းမြားပေးရန်စီမံကြသည်။

www.dhammaransi.com



ထိုသူဌေးသမီးသည် ကောဏဂုံနှင့်ကဿပဘုရားရှင်တို့၏ကြားဝယ် ဗာရဏသီ၌သူဌေးသမီးဖြစ်ခဲ့သည်၊ သူကြွယ်နှင့် အိမ်ထောင်ပြုခဲ့သည်၊ တစ်နေ့တွင် လင်၏နှမနှင့်စကားများရာမှ လင်၏နှမက ပစ္စေကဗုဒ္ဓါကိုဆွမ်းလောင်းလှူပြီး ဤသို့သဘောရှိသောသူမိုက်နှင့်ယူဇနာတစ်ရာဝေးကွာ၍နေကကြဉ်ရှောင်ရပါလို၏ ဟုဆုတောင်းခဲ့သည်၊ ထိုသည်ကိုသူကြွယ်မယားက အနီးမှာရှိနေ၍ကြားသောကြောင့် အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်ကိုဆွဲယူကာ လှူထားသောဆွမ်းများကိုသွန်ပစ်ပြီး ညွန်ကိုပြည့်စေပြီးလှူသည်၊ ဤသည်ကို သူကြွယ်၏နှမက-

"ဟယ်-သူမိုက်မ. . . သင်သည် ငါနှင့်သာခိုက်ရန်ဖြစ်ပွားသည်၊ ငါ့ကိုသာဆဲရေးရာ၏၊ ဤကဲ့သို့သော သူတော်မြတ်၏ ဆွမ်းကိုသွန်း၍ ညွန်ကိုထည့်ပေးခြင်းကားလုပ်သင့်သလော" ဟု ပြောရာမှ သူကြွယ်မယားသည် သတိရပြီး ညွန်ကိုသွန်းကာ နံ့သာဖြင့်သပိတ်ကိုဆေးပြီး စတုမဓုကိုအပြည့်ထည့်ပြီးလှူခဲ့သည်၊ အထက်မှလည်း ပဒုမ္မာကြာရွက်အဆင်းဖြင့် တဝင်းဝင်းတောက်ပသောထောပတ်ကိုသပိတ်၌ထည့်လှူ၏။

"ဤဆွမ်းမှအရောင်သည် ပြောင်ပြောင်တောက်ပသကဲ့သို့ တပည့်တော်မ၏ကိုယ်မှအဆင်းအရောင်သည်လည်း ပြောင်ပြောင်လင်းလင်းထွန်းလင်းတောက်ပစေပါသတည်း" ဟုဆုတောင်းလေသည်။

www.dhammaransi.com



ဤမှာဘက်ဘဝတွင် ပစ္စေကဗုဒ္ဓါအား ဆွမ်းကိုသွန်းပြီး ညွှန်ကိုထည့်လှူမိသောမကောင်းမှုအကျိုးဆက်အာနုဘော်ကြောင့် ခင်ပွန်းအရှင်လင်၏အိမ်သို့ဝင်၍ လှေကားခုံအတွင်းသို့ခြေလှမ်း ချကာမျှ၌ အလုံးစုံသောကိုယ်မှဖွင့်လှစ်လိုက်သကဲ့သို့ ကျင်ကြီး ကျင်ငယ်အနံ့ကဲ့သို့သော စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအနံ့ သည် လှိုင်၍ထွက်လာလေသည်။

"ဤအနံ့ကား အဘယ်အနံ့တည်း"

ဟု သူဌေးသားကမေးသည်။

"သူဌေးသမီး၏ကိုယ်မှထွက်သောအနံ့ဖြစ်ပါသည်"

"ထိုသို့ဆိုက ဤသူဌေးသမီးကို သူ့မိဘအိမ်သို့ပြန်ပို့ကြ ပါလေ"

ဟု သူဌေးသားက ပြောပြီး အိမ်မှနှင်ထုတ်လေသည်။

သူဌေးသမီး၏ဖခင်သည် သမီးအတွက်အခြားသော ယောကျ်ားများနှင့်ပေးစားထိမ်းမြားသည်၊ နောက်ဆုံးအောက်တန်း စားသတို့သားနှင့်ပင်ထိမ်းမြားပေးစားသည်။

သို့သော် ထိမ်းမြားသူတိုင်းသည် ထိုသူဌေးသမီး၏ကိုယ် အနံ့မကောင်းမှုကြောင့် ပြန်လည်ပို့ခံရသည်သာဖြစ်သည်။

ထိုအချိန်တွင် ကဿပဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်၍ ထိုဘုရားရှင်၏ဓာတ်တော်များကိုအုတ်တစ်ချပ်လျှင် အဖိုးတစ်

www.dhammaransi.com



သိန်းထိုက်သောရွှေအုတ်တို့ဖြင့် တစ်ယူဇနာအမြင့်ရှိသောစေတီ တည်ထားကိုးကွယ်ကြရန် မြို့သူမြို့သားတို့ကစီမံနေကြသည်။

သူဌေးသမီးသည်-

"ငါသည် ခုနှစ်ဦးသောသူဌေးသားတို့နှင့်လက်ထပ်ထိမ်းမြားပေးခဲ့သော်လည်း ပြန်၍သာ အပို့ခံရ၏၊ အသက်ရှည်ကာနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း"

ဟုကြံ၍ မိမိကိုယ်၌ဆင်ယင်ထားသောတန်ဆာတို့ကိုဖျက်ဆီးပြီး ရွှေအုတ်ကိုပြုစေသည်။

ယင်းရွှေအုတ်သည် အလျားတစ်ထောင်၊ အနံအပြန် တစ်ထွာ၊ အထုးလက်လေးသစ်အမြင့်အစောက်ရှိလေသည်။

ထို့နောက် ရွှေသားအဆင်းရှိသော ဆေးဒန်မြင်သီလာဖြင့်ပြီးသောကျောက်မြေမှုန့်နှင့်တကွ ကြာပန်း(၈)ခုတို့ကိုယူပြီး စေတီတည်ရာအရပ်သို့သွားလေသည်။

ဘုရားစေတီ၌လည်း အုတ်တစ်ချပ်စာလိုနေသည်နှင့် အဆင့်သင့်ဖြစ်သွားသည်။

"ဖခင်. . . ဤလိုသောနေရာ၌ ဤအုတ်ကိုသွင်း၍ အသုံးပြုပါ "

ဟုဆိုကာ ပေးအပ်လှူဒါန်းလေသည်။

"ချစ်သမီး. . . သင်၏လာခြင်းကား ကောင်းသောလာခြင်းဖြစ်ပါ၏"

www.dhammaransi.com



အုတ်တစ်ချပ်လစ်လပ်လိုနေသောအခါ၌ ရောက်လာပေသည်၊ အသင့်ကိုယ်တိုင်ပင် ထည့်သွင်းစီထားပါလော”
ဟု ဘုရားတည်သူလူကြီးများကပြောပြကြသည်။

သူဌေးသမီးသည် ကိုယ်တိုင်အုတ်ကိုစီပြီးလျှင် အထက်၌ကြာပန်းရှစ်လက်တို့ဖြင့် ပူဇော်ခြင်းပြုသည်၊ ထို့နောက် ကြည်လင်ဝမ်းမြောက်နှစ်သက်သောစိတ်ဖြင့်ရှိခိုးကာ-

“ဤကြာပန်းနှင့်ရွှေအုတ်လှူရသောကောင်းမှုကြောင့် တပည့်တော်မ၏ကိုယ်မှ စန္ဒကူးနံ့သည် သင်းပျံ့မွှေးကြိုင်လှိုင်ပါစေသတည်း”
ဟုဆုတောင်းပတ္တနာပြုလေသည်။

ထို့နောက် ဘုရားကိုလက်ျာရစ်လှည့်၍ အိမ်သို့ပြန်ခဲ့လေသည်။

ထိုခဏ၌သာလျှင် ရှေးဦးစွာထိမ်းမြားခဲ့သော ခင်ပွန်းဟောင်းသူဌေးသားသည် ထိုသူဌေးသမီးကိုအကြောင်းပြုသောအားဖြင့် သတိတရဖြစ်ပေါ်လာလေသည်။

ထိုအချိန်တွင် မြို့၌နက္ခတ်ပွဲသဘင်ကလည်း ကြွေးကြော်နေသည်၊ သူဌေးသားသည် မိမိ၏အနီးအပါး၌ခိုင်းစေအပ်သောယောကျ်ားတစ်ယောက်ကို-

www.dhammaransi.com



"အမောင်. . . ယခင်က ငါ့အတွက်ဆောင်ယူခဲ့သော သူဌေးသမီးကိုသိသည်မဟုတ်လော၊ ယခု ထိုသူဌေးသမီး အဘယ်မှာနည်း၊ သင်သိပါသလား"

ဟုမေးသည်။

"အရှင့်သား. . . သူမ၏မိဘအိမ်မှာပင်ရှိနေပါသည်"

"အချင်းတို့. . . ထိုသူဌေးသမီးကို ယခုပင်သွားရောက် ဆောင်ယူကြပါကုန်လော၊ နက္ခတ်ပွဲသဘင်ကို အတူတူကစား မြူးတူးကြကုန်အံ့"

ထိုအခါ သူဌေးသား၏တပည့်တို့သည် ထိုသူဌေးသမီး ထံသို့သွားကာ ရှိခိုးဦးချကြပြီး သူဌေးသားကခေါ်ခိုင်းပုံအကြောင်း စုံကိုပြောပြသည်။

"အမောင်တို့. . . ကျွန်ုပ်မှာ အဝတ်တန်ဆာတို့ကို စေတီ အားပူဇော်ခဲ့သဖြင့် ယခုအခါ ကျွန်ုပ်မှာအဝတ်တန်ဆာမရှိပါ"

ဟု သူဌေးသမီးက ပြောကြားသည်။

ထိုအခါ သူဌေးသားတပည့်တို့က ထိုအကြောင်းကို သူဌေးသားထံသွားရောက်ပြောကြားကြပြန်သည်။

"အချင်းတို့. . . ဆောင်သာယူခဲ့ပါ၊ ဝတ်ဆင်စရာ တန်ဆာရပါလိမ့်မည်"

ဟု သူဌေးသားကပြောသောအခါ တပည့်တို့သည် သူဌေးသမီးကို ဆောင်ယူ၍လာခဲ့ပြီး သူဌေးသားထံအပ်နှံကြလေသည်။

www.dhammaransi.com



သူဌေးသမီးသည် အိမ်သို့ဝင်ရောက်သည်နှင့်တစ်ပြိုင် နက်တည်းပင် အလုံးစုံသောစန္ဒကူးနံ့သာသည်လည်းကောင်း၊ ကြာညိုပန်းအနံ့သည်လည်းကောင်း လှိုင်လေသည်။

သူဌေးသမီး၏အံ့ဖွယ်ဒါနအကျိုးသည် ယခုချက်ချင်းပင် အံ့ဖွယ်သုခချမ်းသာကို ရရှိခံစားရလေပြီ။

"ချစ်နှမ. . . ရှေးက သင့်ကိုဆောင်ယူစဉ်က မကောင်း သောအနံ့သည် လှိုင်၏၊ ယခုမူ စန္ဒကူးနံ့၊ ကြာညိုနံ့လှိုင်၏၊ အကြောင်းကားအသို့နည်း"

ဟု သူဌေးသားကမေးမြန်းသည်။

ထိုအခါ သူဌေးသမီးသည် အစမှစ၍ မိမိပြုအပ်သော အမှုတို့ကိုပြောကြားပြသည်။

"ချစ်နှမ. . . သင်သည် မြတ်စွာဘုရားအား သာသနာ တော်ဝယ် ဝဋ်မှထွက်မြောက်ရာထွက်မြောက်ကြောင်း ကောင်း သောအမှုကိုပြုမိလေစွ"

ဟုပြောဆိုချီးမွမ်း၍ ကြည်ညိုလှသောကြောင့် တစ်ယူဇနာရှိသော ရွှေစေတီကို ကမ္ဗလာဖြင့်ဖုံးလွှမ်းဝန်းရံ၍ ထိုထိုသို့သောအရပ်၌ လှည်းဘီးဝက်မျှပမာဏရှိသော ရွှေပဒုမ္မာကြာတို့ဖြင့် တန်ဆာ ဆင်မှုပြုလေသည်။

www.dhammaransi.com



## ဗာရဏသီသူဌေး၏အံ့ဖွယ်ဒါန– အံ့ဖွယ်သုခ

ဗာရဏသီသူဌေးကြီးသည် တစ်နေ့တွင်မင်းကြီးအား ခစားရန်သွားသည်ရှိသော် ပုရောဟိတ်ကိုတွေ့မြင်၍-

"ဆရာ. . . အသို့နည်း၊ နက္ခတ်ကို တစ်မုဟုတ်မျှသိရကြောင်းကိုကြည့်ရှုစုံစမ်းမှုပြုပါရဲ့လား"

ဟုမေးသည်။

"သူဌေး. . . ကြည့်ပါ၏၊ ငါတို့အား နက္ခတ်ကိုစုံစမ်းကြည့်ရှုခြင်းမှတစ်ပါး အခြားသောအလုပ်အမှုအဘယ်မှာရှိပါအံ့နည်း"

"ဆရာ. . . ထိုသို့ဆိုလျှင် ဇနပုဒ်၏အခြေအနေများသည် မည်သို့သဘောရှိနေပါသနည်း"

"သူဌေးကြီး. . . တစ်စုံတစ်ခုသောဘေးသည် ဖြစ်လိမ့်မည်ထင်သည်"

"အဘယ်မည်သောဘေးဖြစ်မည်ထင်သနည်း"

"သူဌေးကြီး. . . ငတ်မွတ်ခြင်းဘေးသည်ဖြစ်လတ့ံ"

"အဘယ်အခါ၌ဖြစ်လတ့ံနည်း"

"နောက်သုံးနှစ်လွန်သော်ဖြစ်လတ့ံ"

သူဌေးကြီးသည် ပုရောဟိတ်ပြောစကားကို ကောင်းစွာမှတ်သား၍ လယ်ယာအလုပ်များစွာကိုပြုလုပ်စေသည်၊ အိမ်၌ရှိ

www.dhammaransi.com



သော အသပြာဖြင့် စပါးကိုသာလျှင်ဝယ်ယူ၍ ကျီ(၂၅၀)တို့ကို ဆောက်လုပ်စေပြီး ကျီအားလုံး၌လည်း စပါးတို့ဖြင့်ပြည့်အောင် သိုလှောင်ထားသည်၊ အိုးစရည်းစသည်တို့၌လည်း အပြည့်အသိပ် ထည့်ထားသည်၊ ကျန်စပါးတို့ကိုမြေကြီး၌တွင်းတူးပြီးလျှင် မြှုပ်ထား၏၊ ကျန်သည်တို့ကို မြေညက်နှင့်တကွ ရောနှော၍ နံရံတို့၌လိမ်းကျံထားစေသည်။

သုံးနှစ်ကျော်၍ ငတ်မွတ်ဘေးဆိုက်ရောက်သော် ထိုစပါးတို့ကို စားသုံးလျက်နေသည်၊ မိမိ၌တပည့်သား အလုပ်သမားများစွာရှိနေသဖြင့် မကြာခင်ပင် ကျီကျ အိုစရည်းတို့၌ထားအပ်သောစပါးတို့သည်ကုန်လေသည်။

ထိုအခါ သူဌေးကြီးသည် အလုပ်အကျွေးတို့ကိုခေါ်ယူ စုရုံး၍ -

"အမောင်တို့ . . . သင်တို့သည် တောင်ခြေသို့သွား၍ သွားရောက်ရှာဖွေလုပ်ကိုင်စားသောက်ကြပါလေ၊ အခြေအနေကောင်းသောအခါ ပြန်လာလိုသောသူတို့ပြန်လာပါ၊ မပြန်လာလိုသူတို့ ထိုနေရာပင်ဆက်လက်နေ၍ လုပ်ကိုင်စားကြပါ" ဟုမှာကြားပြောလေသည်။

အလုပ်သမားတို့သည် ငိုကြွေးကြကာ သူဌေးကြီးကို အပြစ်ရှိကခွင့်လွှတ်ပါရန် တောင်းပန်ကြသည်။

www.dhammaransi.com



သူဌေးကြီးအိမ်တွင် (၇)ရက်မျှနေကြပြီးနောက် အသီးသီးထွက်ခွာသွားခဲ့ကြ၍ သူဌေးကြီးအိမ်တွင် သူဌေးကြီးလင်မယား၊ သားလင်မယားနှင့် အလုပ်အကျွေးကျွန်ပုဏ္ဏားတစ်ယောက် စုစုပေါင်း(၅)ယောက်သာကျန်ရှိတော့သည်။

လူတို့သည် မြေကြီးတွင်း၌မြှုပ်ထားသောစပါးတို့ကို ထုတ်၍စားသောက်ခဲ့ကြရာ မကြာခင် ထိုတွင်း၌မြှုပ်ထားသော စပါးများကုန်သွားကြသဖြင့် နံရံတွင်မြေညက်နှင့်ရောထားသော စပါး၊ နံရံတို့ကိုခွာ၍ စားသောက်ရပြန်သည်။

ထိုစပါးကုန်သွားသော် နံရံခြေရင်း၌ ကြွင်းကျန်ကုန်သော မြေညက်တို့ကို ဖြိုဖျက်ခွာပုတ်၊ ရေဆွတ်ဆေးကြောကြရာ တစ်ကွမ်းစားသောစပါးကိုရလေသည်။

သူဌေးကတော်ကြီးသည် ထိုစပါးကိုထောင်း၍ပြာပြီး လျှင် အိုးထဲထည့်က သူခိုးဘေးမှစိတ်ချရအောင် မြေ၌မြှုပ်ထားလေသည်။

ထိုအချိန်တွင် သူဌေးကြီးသည် မင်းထံခစားပြီးနောက် ပြန်လာခဲ့ရာ ဆာလောင်မွတ်သိပ်သဖြင့် အိမ်ရှင်မကို တစ်စုံတစ်ရာစားစရာရှိ-မရှိ မေးလေသည်။

သူဌေးကတော်သည် ထင်ရှားရှိနေသောဆန်ကို မရှိ ဟု မဆိုလိုသဖြင့် တစ်ကွမ်းစားဆန်တော့ရှိပါ၏ ဟုပြောပြသည်။

www.dhammaransi.com



"ထိုဆန်သည် အဘယ်မှာနည်း"

"ခိုးသူဘေးကြောင့် အိုးထဲထည့်ပြီးမြေမြှုပ်ထားပါသည်"

"ထိုသို့ဆိုလျှင် ထိုဆန်ကိုထုတ်၍ အချို့ကိုချက်ပါလေ"

"အရှင်. . . ဆန်သည် ယာဂုချက်က နှစ်ကြိမ်ချက်၍ ရပါသည်၊ ထမင်းချက်က တစ်ကြိမ်သာရပါမည်၊ အရှင် ဘယ်ကဲ့သို့ချက်ရပါမည်နည်း"

"ရှင်မ. . . ငါတို့အား တစ်ပါးသောအထောက်အပံ့သည် မရှိ၊ ထမင်းကိုစား၍ သေကြကုန်အံ့၊ ထမင်းကိုသာချက်ပါလေ"

ထိုအခါ သူဌေးကတော်ကြီးသည် ထမင်းကိုချက်၍ ကျက်သောအခါ (၅)စုတို့ကိုခွဲဝေပေးသည်။

ထိုခဏဝယ် ဂန္ဓမာဒနတောင်၌ ပစ္စေကဗုဒ္ဓါတစ်ပါးသည် ခုနှစ်ရက်သမာပတ်ဝင်စားရာမှ ထတော်မူ၍ သမာပတ်၏အတွင်း၌ သမာပတ်၏အစွမ်းဖြင့် ဆာလောင်မွတ်သိပ်ခြင်းသည် မစွမ်းနိုင်၊ သမာပတ်မှထသောအခါ၌ကား အားကြီးသောဆာလောင်မှုဖြစ်တတ်လေသည်။

ထိုပစ္စေကဗုဒ္ဓါသည် အစာအာဟာရနိုင်သောအရပ်ကို ကြည့်ရှု၍ ထိုအရပ်သို့ကြွလေ့ရှိကြပါသည်၊ ထိုပုဂ္ဂိုလ်ကိုလှူမိသောသူတို့သည်လည်း ပစ္စုပ္ပန်ဘဝ၌ပင် ဒိဋ္ဌဓမ္မအကျိုးပေးကာ ရာထူးစည်းစိမ်ဥစ္စာတို့ ရရှိခံစားကြရသည်သာဖြစ်သည်။

www.dhammaransi.com



ပစ္စေကဗုဒ္ဓါသည် ဆွမ်းအတွက် ဇမ္ဗူဒိပ်ကျွန်းကို ဒိဗ္ဗစက္ခု ဖြင့်ကြည့်သည်ရှိသော် တစ်ကျွန်းလုံးသည် ဝတ်မွတ်ခြင်းဘေး ဆိုက်ရောက်နေသည်ကိုတွေ့မြင်ရသည်၊ သူဌေးကြီးအိမ်၌လည်း (၅)ဦးသောသူအတွက် ထမင်းချက်ထားသည်ကိုတွေ့မြင်သည်၊ သဒ္ဓါတရားရှိကုန်လေသော၊ ငါ့အားချီးမြှောက်ခြင်းကိုပြုခြင်းငှာ စွမ်းနိုင်သလော ဟုကြည့်သည်။

ထိုသူများ သဒ္ဓါတရားရှိသည်ကိုလည်းကောင်း၊ ချီးမြှောက်ခြင်းပြုခြင်းငှာစွမ်းနိုင်သည်ကိုလည်းကောင်းသိတော်မူ သဖြင့် သပိတ်၊ သင်္ကန်းကို ဆင်မြန်းဝတ်ရုံ၍ ကောင်းကင်ခရီး ဖြင့်ကြွကာ သူဌေးကြီး၏ရှေ့တည့်တည့်အိမ်တံခါးဝ၌ရပ်ကာ မိမိ ကိုယ်ကိုပြလေသည်။

သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါကိုမြင်လျှင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ -

"ရှေ့အဖို့၌ ငါသည် အလှူကိုမပေးလှူအပ်သည်၏ အဖြစ်ကြောင့် ဤသို့သဘောရှိသောဝတ်မွတ်ခြင်းဘေးကို တွေ့ ကြုံရသည်၊ ဤထမင်းသည် စင်စစ်အားဖြင့် ငါ့ကိုတစ်နေ့လောက် သာစောင့်ရှောက်ရာ၏၊ အရှင်မြတ်အားပေးလှူအပ်သောအလှူ သည်ကား များစွာကုန်သော ကမ္ဘာကုဋေတို့၌ ငါ၏ချမ်းသာကို ဆောင်သည်ဖြစ်လတ့်"

www.dhammaransi.com



ဟု ဆင်ခြင်ပြီးသော် ရှင်ပစ္စေကဗုဒ္ဓါထံသို့ရှေးရှုသွားကာ ထိခြင်း ငါးပါးဖြင့် ရိုသေစွာရှိခိုးပြီးလျှင် အတွင်းသို့ပင့်ဆောင်သည်၊ ခင်းထားသောခင်ပျဉ်း၌ ကောင်းမွန်စွာသီတင်းသုံးနေထိုင်စေသည်။

ထို့နောက် မထေရ်၏သပိတ်ကိုယူ၍ မိမိအတွက်ဆွမ်းကို လောင်းလှူသည်၊ တစ်ဝက်ရောက်သောအခါ ပစ္စေကဗုဒ္ဓါက လက်ဖြင့်တားသည်။

"အရှင်ဘုရား. . . ဤဆွမ်းသည် တစ်ကွမ်းစားမျှသော ဆန်ဖြင့် ငါးယောက်သောသူတို့အတွက် ချက်ထားပြီး ငါးစုခွဲဝေထားသောထမင်းဖြစ်ပါသည်၊ ဤထမင်းကို နှစ်ဖို့ပြုခြင်းငှာ မတတ်ကောင်းပါ၊ တပည့်တော်အား ဤပစ္စုပ္ပန်ဘဝအတွက် ချီးမြှောက်ခြင်းကိုမပြုပါနှင့်၊ တပည့်တော်သည် အကြွင်းမဲ့အလုံးစုံကို ပေးလှူလိုပါသည်"

ဟုလျှောက်ထားပြီး အကုန်လုံးလောင်းလှူလေသည်။

ဆွမ်းလောင်းလှူပြီးသော်-

"အရှင်ဘုရား. . . တပည့်တော်သည် ဖြစ်တိုင်းသောဘဝအရပ်၌ ဤသို့သဘောရှိသောငတ်မွတ်ခြင်းကို မတွေ့မမြင်ရပါစေသတည်း၊ ဤအခါမှစ၍ အလုံးစုံသောဇမ္ဗူဒိပ်၌နေကုန်သောသူတို့အား မျိုးစေ့ထမင်းကိုပေးခြင်းငှာစွမ်းနိုင်သည်ဖြစ်ရပါလို၏၊ မိမိလက်ဖြင့်အမှုကိုပြုလုပ်၍ အသက်မွေးခြင်းကို မပြုရပါလို၏၊ နှစ်ရာ့ငါးဆယ်ကုန်သောကျီတို့ကို သုတ်သင်ရှင်းလင်း

www.dhammaransi.com



စေ၍ ဦးခေါင်းဆေးကြောပြီးလျှင် ထိုကျီကြတို့၏တံခါး၌နေ၍ အထက်သို့မော်ကြည့်သောခဏ၌သာလျှင် ကျွန်ုပ်အားနီသော အဆင်းရှိသောသလေးမိုးအလျဉ်ရွာသွန်းကျရောက်၍ အလုံးစုံ သောကျီကြတို့၌ပြည့်စေကုန်သတည်း၊ ဖြစ်တိုင်း ဖြစ်တိုင်းသော အရပ်၌ာန၊ ဘုံဘဝ၌လည်း ဤမယား၊ ဤသား၊ ဤချွေးမ၊ ဤ ကျေးကျွန်သည်သာလျှင် ဖြစ်ပါစေသတည်း"

ဟု ဆုတောင်းလေသည်။

သူဌေး၏မယားသည်လည်း-

"ငါ၏အရှင်ခင်ပွန်းလင်သည် ဝတ်မွတ်ခြင်းဖြင့်နှိပ်စက် အပ်သည်ရှိသော် ငါသည်လည်းစားခြင်းငှာမစွမ်းနိုင်"

ဟု ကြံ၍ မိမိ၏အဖို့အစုကို ပစ္စေကဗုဒ္ဓါအားပေးလှူလေသည်။

"အရှင်ဘုရား. . . ယခုခါဖြစ်တိုင်း-ဖြစ်တိုင်း အရပ်၌ာန ဘုံဘဝ၌ ဤသို့သောဝတ်မွတ်ခြင်းဘေးကို မတွေ့မြင်ရပါလို၏၊ ထမင်းအိုးကို ရှေ့မှာထားသည်ကိုပြု၍ အားလုံးသောဇမ္ဗူဒိပ်၌ နေသောသူတို့အား ထမင်းကိုပေးသည်ရှိသော်လည်း ကျွန်ုပ် သည် အကြင်မျှလောက်နေရာမှမထသေး၊ ထိုမျှလောက်ကာလ ပတ်လုံး ခူးဆွယူငင်ရာအရပ်သည် ပြည့်သာသာလျှင်ဖြစ်ပါစေ သတည်း၊ ဤအရှင်လင်ယောကျ်ား ဤသား၊ ဤချွေးမ၊ ဤကျွန် သည်သာလျှင် ဖြစ်ရပါစေသတည်း"

ဟုဆုတောင်းမှုပြုလေသည်။

www.dhammaransi.com



ထိုသူဌေးသားသည်လည်း မိမိ၏အဖို့အစုကိုလှူ၍-

“အရှင်ဘုရား. . . ဤအခါမှစ၍ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းဘေးကို မတွေ့မမြင်ရပါလို၏၊ ကျွန်ုပ်၏အသပြာ တစ်ထောင်ဝင်သောအိပ်တစ်လုံးကိုကိုင်ယူ၍ အလုံးစုံဇမ္ဗူဒိပ် ကျွန်းနေသောသူတို့အား အသပြာကိုပေးသော်လည်း ဤတစ် ထောင်အိပ်သည်ပြည့်မြဲတိုင်းပြည့်သာသာလျှင်ဖြစ်ပါစေ၊ ဤအမိ၊ ဤအဖ၊ ဤမယား၊ ဤကျေးကျွန်သာလျှင် အတူတကွဖြစ်ရပါ စေ”

ဟူ၍ ဆုတောင်းမှုပြုလေသည်။

ထိုနည်းတူ သူဌေး၏ချွေးမကလည်း မိမိ၏အဖို့အစုကို လှူ၍-

“အရှင်ဘုရား. . . ဤအခါမှစ၍ ဤသို့သောသဘောရှိ သောငတ်မွတ်ခြင်းဘေးကို မတွေ့မမြင်ရပါလို၏၊ ကျွန်ုပ်၏ တစ်ခု သောစပါးခြင်းတောင်းကို ရှေ့မှုတည်ထား၍ အလုံးစုံသောဇမ္ဗူ ဒိပ်ကျွန်းနေသူတို့အား မျိုးစေ့ထမင်းကိုပေးသည်ရှိသော်လည်း ကုန်ခြင်းသို့မရောက်ပါစေသတည်း၊ ဖြစ်တိုင်း-ဖြစ်တိုင်းသောဘဝ ၌ ဤယောက္ခမမိဘ၊ ဤအရှင်လင်သားနှင့်ဤကျေးကျွန်သည် သာလျှင်ဖြစ်ပါစေသတည်း”

ဟု ဆုတောင်းလေသည်။

www.dhammaransi.com



အလားတူ ပုဏ္ဏားကျွန်ကလည်း မိမိအဖို့အစုကိုပေးလှူ၍- "ဤအခါမှစ၍ ဤသို့သဘောရှိသောငတ်မွတ်ခြင်းဘေးကို မတွေ့မမြင်ရပါလို၊ အလုံးစုံကုန်သော ဤသူတို့သည် ကျွန်ုပ်၏ အရှင်သခင်သာ ဖြစ်ကြပါစေကုန်သတည်း၊ လယ်ထွန်သော ကျွန်ုပ်၏ဤအရပ်မှသုံးကြောင်း၊ ထိုအရပ်မှသုံးကြောင်း အလယ်မှတစ်ကြောင်း ဤသို့လျှင် သစ်သားဇလားခွက်မျှလောက်သော အရပ်သည် ခုနှစ်ကြောင်း ခုနှစ်ကြောင်းကုန်သော ထွန်ရေးထွန်ကြောင်းတို့သည် ကွဲကြေခြင်းသို့ရောက်ပါစေသတည်း" ဟုဆုပေါင်းလေသည်။

ထိုကျွန်သည် ထိုနေ့၌ စစ်သူကြီးအရာကိုတောင့်တ၍ ရခြင်းငှာစွမ်းနိုင်သော်လည်း အရှင်သခင်တို့၌ချစ်ခြင်းဖြင့် ဤအရှင်တို့သာလျှင်ဖြစ်စေကုန်သတည်း ဟုဆုတောင်းခဲ့သည်။

အရှင်ပစ္စေကဗုဒ္ဓါသည် အလုံးစုံသောသူတို့အား-

" သင်တို့အလိုရှိအပ်၊ တောင့်တအပ်သောဆုသည် လျှင်မြန်စွာပြည့်စုံပါစေသတည်း၊ အကြံအစည်ဟူသမျှတို့သည် လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ မဏိဇောတပတ္တမြားကဲ့သို့လည်းကောင်း ပြည့်စုံပါစေသတည်း"

ဟု နှစ်ဂါထာဖြင့်အနုမောဒနာပြုပြီးလျှင်-

"ငါသည် ဤသူတို့၏စိတ်ကိုကြည်ညိုစေခြင်းငှာ သင့်လျော်လျောက်ပတ်အပ်၏"

www.dhammaransi.com



ဟု ကြံစည်ပြီးသော ဂန္ဓမာဒနတောင်သို့ရောက်သည့်တိုင်အောင်-

"ဤသူတို့သည် ငါ့ကိုမြင်စေကုန်သတည်း"

ဟု အဓိဋ္ဌာန်၍ ဖယ်ကြွတော်မူသည်။

ငါးဦးကုန်သောသူတို့သည်လည်း ကြည့်ရှုလျက်သာလျှင် တည်နေကြကုန်သည်။

အရှင်ပစ္စေကဗုဒ္ဓါသည် ထိုဆွမ်းကို ငါးရာကုန်သော ပစ္စေကဗုဒ္ဓါတို့နှင့် အတူတကွညီမျှစွာခွဲဝေပေး၏၊ အရှင်ပစ္စေက ဗုဒ္ဓါတို့၏အာနုဘော်ကြောင့် ထိုဆွမ်းသည် ငါးရာသောပစ္စေက ဗုဒ္ဓါတို့အား လုံလောက်လေသည်။

ထိုသည်တို့ကို ငါးဦးသောသူတို့သည်တွေ့မြင်ကြလျက် ကြည့်၍သာနေကြလေသည်။

မွန်းတည့်အခါလွန်သော် သူဌေးကတော်သည် အိုးခွက် ကိုဆေးကြော၍ပိတ်ဖုံးပြီးထားသည်။

သူဌေးကြီးသည် ဆာလောင်မွတ်သိပ်ခြင်းနှိပ်စက်အပ် သည်ဖြစ်၍အိပ်ပျော်သွားလေသည်၊ ညချမ်းရောက်သောအခါ အိပ်ရာမှနိုးလာသည်၊ မယားသူဌေးကတော်ကို-

"ရှင်မ. . . အလွန်လျှင်ဆာလောင်မွတ်သိပ်လှပါ၏၊ ထမင်းအိုး၌ကပ်ငြိနေသော ထမင်းချိုးလေးမျှရှိပါသေးသလော"

ဟုမေးသည်။

www.dhammaransi.com



သူဌေးကတော်သည် ထမင်းအိုးဆေးကြောထားသည်ကိုသိလျက်လည်းမရှိပါ ဟုမပြောမဆိုလိုမူ၍ အိုးခွက်ကိုကိုယ်တိုင်ဖွင့်လှစ်ပြမည် ဟူသောအကြံဖြင့် အိုးခွက်ထံသွားကာ အိုးခွက်ကိုဖွင့်ကြည့်မိလိုက်သည်။

ထိုခဏ၌သာလျှင် မြတ်လေးငုံအဆင်းရှိသောထမင်းတို့သည် အိုးနှင့်အပြည့်ဖြစ်နေသည်။

သူဌေးကတော်ကြီးသည် အံ့ဩဝမ်းမြောက်ဝမ်းသာဖြစ်လျက် အိုးကိုပွေ့ပိုက်ပြီး သူဌေးကြီးထံသို့အားချင်းပြန်လာကာ-

"အရှင်ထပါတော့. . . ကျွန်တော်မသည် ထမင်းအိုးကိုဆေးကြောပြီး အဖုံးပိတ်ထားခဲ့ပါ၏၊ ယခု ထိုထမင်းအိုးသည် မြတ်လေးငုံအဆင်းရှိသောထမင်းတို့ဖြင့်ပြည့်နေပါ၏၊ ကောင်းမှုတို့မည်သည်ပြုသင့်ပြုထိုက်သောသဘောရှိကြပါကုန်၏၊ အလှူမည်သည်ပြုခြင်းငှာသင့်လျော်ပါ၏၊ အရှင်ထ၍ ထမင်းကိုသုံးဆောင်ပါလော"

ဟုဆိုကာ အဖနှင့်သားကို ဦးစွာကျွေးမွေးသည်။

ထို့နောက် မိမိနှင့်ချွေးမစားသည်၊ ထို့နောက် ပုဏ္ဏားကျွန်ကိုဆက်လက်ကျွေးသည်။

ထမင်းယူတိုင်း ယူတိုင်းသောနေရာအရပ်သည် ကုန်သည်မရှိ အမြဲပြန်၍ပြည့်နေသည်သာဖြစ်သည်။

www.dhammaransi.com



ထိုနေ့၌ပင် ကျီကြသည်စသည်တို့၌ ရေးကပြည့်သည့် အတိုင်း ပြန်၍ပြည့်နေသည်ကိုတွေ့ရသည်။

"သူဌေးကြီး၏အိမ်၌ ထမင်းဖြစ်ပေါ်နေ၏၊ မျိုးစေ့ ထမင်းအလိုရှိသောသူတို့သည် လာရောက်၍ ယူလှည့်ကြကုန်" ဟု မြို့၌ကြွေးကြော်ခြင်းကိုပြုလေသည်။

လူပေါင်းများစွာတို့သည် သူဌေးကြီးအိမ်မှထမင်းမျိုးစေ့ ကိုယူကြကုန်သည်၊ တစ်စတစ်စနှင့် ဇမ္ဗူဒိပ်နေလူတို့သည် သူဌေး ကြီးအိမ်သို့လာကြပြီး မျိုးစေ့ကိုယူကြကာ စိုက်ပျိုးကြသဖြင့် ထို သူဌေးကြီးကိုမှီကာ အသက်မွေးမြူခြင်းကိုရကုန်ကြသည်။

ဤသည်မှာ ဟရဏသိသူဌေးကြီးမိသားစု၏ တစ်ကွမ်း စာမျှသော မိမိတို့စားမည့်ထမင်းကို လှူဝံ့သောအံ့ဖွယ်ဒါနနှင့် ရရှိလာသောအံ့ဖွယ်သုခတို့ဖြစ်ကြပါသည်။

(ထိုသူဌေးကြီးမိသားစုသည် ဂေါတမဘုရားရှင်ပွင့်သော အခါ ဘဒ္ဒိယမြို့၌နာမည်ကျော် ရွှေတံဆိပ်ရပ်များပေါ်ခဲ့သော မေဏ္ဍကသူဌေးကြီးဖြစ်လာခဲ့ပါသည်)

(ဓမ္မပဒ၊ မလဝဂ်၊ မေဏ္ဍကသူဌေးဝတ္ထု)

www.dhammaransi.com



## ဝတ်ရုံတစ်ထည်ရှိသောကောသာဋကပုဏ္ဏား၏အံ့ဖွယ်ဒါန– အံ့ဖွယ်သုခ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားသခင် သီတင်းသုံးပြီး ပရိသတ်လေးပါးတို့အား နေ့ညအချိန်ခွဲ၍ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာတရားများ ဟောကြားပေးနေချိန်ဖြစ်သည်။

ထိုအချိန်တွင် သာဝတ္ထိမြို့၌ ပုဏ္ဏားလင်မယားရှိသည်၊ သူတို့လင်မယားသည် ဝတ်ရုံတစ်ထည်တည်းသာရှိကြ၍ ပုဏ္ဏားကြီးတစ်စုံတစ်ခုသောကိစ္စဖြင့်အပြင်ထွက်သော် ပုဏ္ဏေးမသည် အိမ်အတွင်း၌နေရသည်။

ပုဏ္ဏေးမကြီးသည် တစ်စုံတစ်ခုသောကိစ္စဖြင့် အပြင်သို့ ထွက်သော် ပုဏ္ဏားကြီးက အိမ်တွင်း၌နေရသည်။

တစ်နေ့တွင် ဇေတဝန်ကျောင်းတော်ဝယ် တရားပွဲရှိကြောင်းကြွေးကြော်လေသည်၊ ထိုအခါ ပုဏ္ဏားကြီးက-

"ရှင်မ. . . မြတ်စွာဘုရားရှင်၏ ကျောင်းတော်၌တရားနာကြွေးကြော်အပ်၏၊ အသို့နည်း၊ အသင်သည် နေ့အခါ၌ တရားနာသွားမည်လော၊ သို့တည်းမဟုတ် ညဉ့်အခါ၌သွား၍ တရားနာမည်လော၊ အပေါ်ဝတ်ရုံတစ်ထည်သာရှိ၍ သင်နှင့်ငါ အတူတူသွား၍ မရနိုင်ပါ"

ဟုမေးသည်။

www.dhammaransi.com



"ချစ်လင်. . . ကျွန်မသည် မိန်းမသာဖြစ်၍ နေ့အခါ၌ သွားခြင်းငှာသင့်ပါ၏"

ဟု ပြောပြသည်။

ပုဏ္ဏားမကြီးသည် အပေါ်ဝတ်ရုံကိုဝတ်၍ နေ့အခါ၌ ဘုရားကျောင်းသို့သွားရောက်၍ တရားနာသည်၊ ပုဏ္ဏားကြီးက တစ်နေကုန်အိမ်မှာပင်နေရလေသည်။

ညတရားပွဲအချိန်ရောက်သော် ပုဏ္ဏားကြီးက ဘုရားကျောင်းသို့သွား၍ ဘုရားရှင်၏ရှေ့တည့်တည့်၌နေရာ၌နေကာ တရားနာသည်။

ထိုသို့တရားကိုကြားနာရသောအခါ တရားတော်၌နှစ်သက်ကျေနပ်သောပီတိငါးမျိုးသည် တဖွားဖွားဖြစ်ပေါ်ခံစားမိသည်။

မြတ်စွာဘုရားရှင်၌လည်း လှူဒါန်းလိုသောစိတ်များ တဖွားဖွားဖြစ်ပေါ်နေမိသည်၊ မိမိ၌လည်း အပေါ်ဝတ်ရုံတစ်ထည်မှ တစ်ပါး အခြားလှူဖွယ်မပါ၊ ဝတ်ရုံကိုသာလှူဒါန်းရန် ပထမ စိတ်ကူးမိသည်။

သို့သော် တစ်ဖန်ပြန်လည်စဉ်းစားမိသည်မှာ-

"အကယ်၍ ငါသည် ဤအပေါ်ရုံပုဆိုးကိုပေးလှူလိုက်သည်ဖြစ်အံ့၊ ပုဏ္ဏားမအားလည်းကောင်း၊ ငါ့အားလည်းကောင်း ဝတ်ရုံဖို့ရာ ရှိတော့မည်မဟုတ်"

www.dhammaransi.com



ဟု ကြံစည်မိပြီး မပေးလှူလိုသော ဝန်တိုသောမစ္ဆရိယစိတ်သည် အကြိမ်ကြိမ်ဖြစ်ပေါ်နေမိသည်။

တစ်ဖန် ပေးလှူလိုသောစိတ်သည် ဖြစ်ပေါ်လာပြန်ပါသည်၊ တစ်ဖန် ထိုသဒ္ဓါစိတ်ကိုပိတ်ပင်တားဆီးသော မစ္ဆေရစိတ်သည်ဖြစ်ပေါ်မိပြန်၏။

ဤအပေါ်ရုံပုဆိုးကိုပေးလှူရသည်ရှိသော် သင့်လျော်မည်လော၊ မသင့်လျော်မည်လော"

ဟု တွေးတောကြံစည်လျက်ပင် ပထမယာမ်ကုန်သွားခဲ့သည်။

မဇ္ဈိမယာမ်သို့ရောက်သောအခါ၌လည်း ပေးလှူခြင်းငှာ မစွမ်းနိုင်ပေ၊ မစ္ဆေရစိတ်နှင့် သဒ္ဓါစိတ်သည် သူနိုင်-ငါနိုင်အားပြိုင်လျက်ပင်ရှိနေသေးသည်။

ပစ္ဆိမယမ်သို့ရောက်သော် ပုဏ္ဏားကြီး၏စိတ်ထဲဝယ်-

"ငါ၏သဒ္ဓါစိတ်သည် မစ္ဆေရစိတ်နှင့်အတူတကွပြိုင်ဆိုင်၍ စစ်ထိုးကြစဉ်ပင်လျှင်ပထမမဇ္ဈိမယာမ်တို့သည် လွန်မြောက်ခဲ့ကြချေပြီ၊ မပေးလှူလိုဝန်တိုသောမစ္ဆေရစိတ်သည် ဤမျှသော အခြင်းအရာဖြင့် ငါ့အားပွားများ၍လာခဲ့သည်ရှိသော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လေးဘုံမှဦးခေါင်းဖော်ခြင်းငှာမျှ ကိုသော်လည်းမပေးလတံ့၊ ယခုအခါ ငါသည် ထိုအပေါ်ရုံပုဆိုးကိုလှူဒါန်းပူဇော်တော့အံ့"

ဟု ကြံစည်ဆုံးဖြတ်မိလေသည်။

www.dhammaransi.com



ထို့နောက် မိမိသန္တာန်၌ ဆိုပိတ်မြေးယှက်ဝင်လာသော မစ္ဆေရစိတ်တို့ကိုဖိနှိပ်၍ သဒ္ဓါစိတ်ကိုရှေ့သွားပြုကာ အပေါ်ရုံပုဆိုးကိုယူ၍မြတ်စွာဘုရား၏ခြေတော်ရင်း၌စုပုံထားပြီးလျှင်-

" ဇိတံမေ ဇိတံမေ ဇိတံမေ"

" ငါအားအောင်အပ်ပြီး၊ ငါအားအောင်အပ်ပြီး၊ ငါအားအောင်အပ်ပြီး"

ဟု သုံးကြိမ်ကျယ်လောင်သောအသံဖြင့် ဟစ်အော်ကြွေးကြော်ခြင်းကိုပြုလေသည်။

ပသေနဒီကောသလမင်းကြီး တစ်ဘက်လိုက်ကာအတွင်းဝယ် တရားတော်ကိုကြားနာလျက်ရှိနေလေရာ ပုဏ္ဏားကြီး၏ကြွေးကြော်သံကိုကြားသဖြင့် မင်းချင်းယောကျ်ားတို့ကိုခေါ်ကာ

"အချင်းတို့. . ဤသို့အောင်ပြီ ဟုကြွေးကြော်နေသောသူကို စုံစမ်းမေးမြန်းကြလေလော၊ ဤသူသည် တစ်စုံတစ်ခုသောအောင်မြင်မှုကိုရနေပေလိမ့်မည်"

ဟုမိန့်ဆို၍ စေခိုင်းလိုက်သည်။

မင်းချင်းယောကျ်ားတို့သည် ထိုပုဏ္ဏားကြီးထံသွား၍အကြောင်းစုံကိုမေးကြသည်၊ အကြောင်းစုံသိသောအခါ မင်းကြီးထံသို့ပြန်လည်လျှောက်ထားပြကြလေသည်။

"ဤပုဏ္ဏားကား ပြုနိုင်ခဲလှသောအမှုကိုပြုစုလှူဒါန်းပေ၏၊ ငါသည် ပုဏ္ဏားကြီးအားချီးမြှင့်ခြင်းငှာ သင့်၏"

www.dhammaransi.com



ဟုနှလုံးသွင်းဆင်ခြင်ပြီး ပုဆိုးတစ်စုံကိုပေးပို့စေသည်။

ပုဏ္ဏားကြီးသည် ထိုပုဆိုးတစ်စုံကိုလည်း ဘုရားရှင်အား သာလျှင် ဆက်လက်လှူဒါန်းလေသည်။

မင်းကြီးသည် တစ်ဖန်နှစ်စုံပုဆိုးပို့ပေးပြန်၏၊ ပုဏ္ဏားကြီး က သဒ္ဓါတရားပိုမိုပေါက်သဖြင့် ဘုရားရှင်အားဆက်လက်လှူဒါန်း ပြန်သည်။

ဆက်လက်၍ မင်းကြီးက နှစ်ဆတိုးဖြင့် (၄)စုံပုဆိုး၊ (၈)စုံ ပုဆိုး၊ (၁၆)စုံပုဆိုးတို့ကိုဆက်လက်ပေးပို့ပြန်ရာ ပုဏ္ဏားကြီးက လည်း ထို(၄)စုံ၊ (၈)စုံ၊ (၁၆)စုံတို့ကိုလည်း ဘုရားရှင်အားသာ လှူလေသည်။

မင်းကြီးကလည်း ဆက်လက်၍ (၃၂)စုံ ပေးပို့ပြန်သည်၊ ပုဏ္ဏားကြီးသည် မင်းကြီးက မိမိအားဆထက်တံပိုး တိုး၍ တိုး၍ သာပေးပို့နေသည်ကိုသိသဖြင့် -

"ရတိုင်း-ရတိုင်းသောပုဆိုးတို့ကို စွန့်လွှတ်ပေးနိုင်ဘိ သည်" ဟုသူတစ်ပါးတို့ကဲ့ရဲ့ရှုတ်ချသောစကားပြောကြားသည့် ဘေးမှလွတ်စိမ့်သောငှာ (၃၂)စုံသောပုဆိုးမှမိမိအတွက် ပုဆိုး တစ်စုံ၊ ပုဏ္ဏေးမအတွက် ပုဆိုးတစ်စုံ(၂)စုံသာယူထားပြီး ကျန် (၃၂)စုံကို ဘုရားရှင်ကိုသာပေးလှူပူဇော်လေသည်။

ကောသလမင်းကြီး၏စိတ်ထဲဝယ် ထိုပုဏ္ဏားကြီးအား (၇)ကြိမ်တိုင်တိုင် ပေးကမ်းချီးမြှင့်ပြီးဖြစ်သော်လည်း နောက်ထပ်

တစ်ဖန် ပေးကမ်းချီးမြှင့်လိုသောစိတ်ရှိသည်ဖြစ်၍ မင်းချင်းယောက်ျားကိုခေါ်ကာ-

"အချင်းတို့ . . . ဤပုဏ္ဏားကြီးသည် ပြုနိုင်ခဲလှစွာသော အံ့ဖွယ်ခဲယဉ်းသောအမှုကိုပြုပေ၏၊ ငါ၏နန်းတော်သို့ပြန်၍ ကမ္ဗလာ(၂)ထည်ကိုဆောင်ယူခဲ့ကြကုန်လော"

ဟု စေခိုင်းလိုက်သည်။

မင်းချင်းတို့ကမ္ဗလာ(၂)ထည်ယူလာပြီး မင်းကြီးအား ဆက်သသော် မင်းကြီးသည် တစ်ထည်လျှင် အဖိုးတစ်သိန်းထိုက်သော ထိုကမ္ဗလာ(၂)ထည်ကို ထိုပုဏ္ဏားကြီးထံသို့ပို့စေပြန်သည်။

"ဤကမ္ဗလာ(၂)ထည်တို့ကား အဖိုးထိုက်သည်ဖြစ်၍ အလွန်မြတ်လှပေ၏၊ ငါ၏ကိုယ်၌ ခြုံရုံသုံးဆောင်ငှာမထိုက်၊ မြတ်စွာဘုရားရှင်၏သာသနာတော်အတွက်သာလျှင် သင့်လျော်လျောက်ပတ်ထိုက်တန်၏"

ဟုစဉ်းစားဆင်ခြင်ဆုံးဖြတ်ပြီး တစ်ထည်ကိုဂန္ဓကုဋိတိုက်အတွင်း၌ မြတ်စွာဘုရားရှင်လျောင်းအိပ်တော်မူရာ မြတ်သောနေရာ၏အထက်ဝယ် ဗိတာန်ကြက်သည်ကိုပြု၍ ဖွဲ့ချည်လှူထားလိုက်သည်။

ကမ္ဗလာတစ်ထည်ကို မိမိအိမ်၌အမြဲဆွမ်းဘုဉ်းပေးကြွရန်ပင့်ဖိတ်ထားသောရဟန်းတစ်ပါး၏ဆွမ်းစားရာနေရာအထက်အရပ်၌ ဗိတာန်ကြက်၌ဖွဲ့ချည်ထားလေသည်။

www.dhammaransi.com



တစ်နေ့ညချမ်း ပသေနဒီကောသလမင်းကြီးသည် ညချမ်းသောအခါ ဘုရားရှင်အထံတော်သို့သွားရောက်ဆည်းကပ်သော် ဘုရားရှင်၏ထက်၌ ဗိတာန်ကြက်ထားသော ထိုကမ္ဗလာကိုမြင်၍ မိမိသည် ပုဏ္ဏားကြီးအားပေးလှူထားခဲ့သော ကမ္ဗလာမှန်းမှတ်မိသဖြင့်-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဤကမ္ဗလာဗိတာန်ကို အဘယ်သူသည် လှူဒါန်းပူဇော်ခြင်းကိုပြုထားပါသနည်း"

ဟု မေးလျှောက်သည်။

"ဒကာတော်မင်းကြီး. . . ဧကသာဋကအမည်ရှိသော ပုဏ္ဏားကြီးသည်ပြုလုပ်၍ လှူထားပေသည်"

ဟု မိန့်ကြားတော်မူသည်။

"မြတ်စွာဘုရား. . . ဤပုဏ္ဏားကြီးသည် တပည့်တော်ကြည်ညိုနှစ်သက်သောအရာ၌သာလျှင် ကြည်ညိုလှူဒါန်းပြုစုပါပေသည်"

ဟု လျှောက်ထားပြီး ဘုရားထံမှပြန်လာသောအခါ ထိုပုဏ္ဏားကြီးကိုနန်းတော်သို့ခေါ်စေပြီးလျှင် ပုဏ္ဏားကြီးအား ဆင်(၄)စီး၊ မြင်း(၄)ကောင်၊ အသပြာ(၄)ထောင်၊ မိန်းမ(၄)ယောက်၊ ကျွန်မ(၄)ဦး ကျွန်ယောကျ်ား(၄)ဦး၊ အခွန်အထုပ်များသောရွာ(၄)ရွာအားဖြင့်

www.dhammaransi.com



ခုနှစ်လီ ခုနှစ်ကြိမ်တိုင်တိုင် လေးခုအပေါင်းရှိသော သဗ္ဗစတုက္က မည်သောဆုကို ပုဏ္ဏားကြီးအား ပေးသနားချီးမြှင့်လေသည်။

အံ့ဖွယ်ဝတ်ရုံတစ်ထည်၏ သဒ္ဓါပြဋ္ဌာန်းသောအလှူသည် ပုဏ္ဏားကြီးအား အံ့ဖွယ်သောချမ်းသာကောင်းကျိုးကိုရရှိစေပါတော့သည်။

ထိုပုဏ္ဏားကြီးနှင့်ပတ်သက်၍ ရဟန်းတော်များလောကတွင်-

"ငါ့ရှင်တို့. . . အံ့ဖွယ်ရှိပေစွ၊ ဧကသာဋကပုဏ္ဏားကြီးအား ပြုအပ်သောကုသိုလ်ကံသည် တစ်မုဟုတ်တစ်ခဏမျှဖြင့်သာ သဗ္ဗစတုက္ကမည်သောဆုကိုရရှိခံစားရပါလေသည်၊ ဤယခုပြုအပ်သောကုသိုလ်ကောင်းမှုသည် ယနေ့ပင်လျှင် အကျိုးပေးသည်တကား"

ဟူ၍ စကားဖြစ်လာကြသည်။

ထိုရဟန်းတို့၏တရားစကားဝိုင်းသို့ ဘုရားရှင်ကြွလာပြီး-

"ချစ်သား ရဟန်းတို့. . . မည်သို့သော တရားစကားအစည်းအဝေးဖြစ်ကြသနည်း"

ဟု ဘုရားရှင်ကမေးသောအခါ ရဟန်းတို့က ဧကသာဋကပုဏ္ဏားကြီး၏သဗ္ဗစတုက္ကဆုရရှိပုံအကြောင်းစုံကိုဆွေးနွေးပြောဆိုနေမိပါကြောင်း လျှောက်ထားကြသည်။

"ချစ်သား ရဟန်းတို့ . . . ဤပုဏ္ဏားကြီးသည် ပဌမယာမ်၌သာ အကယ်၍ ငါဘုရားအားပေးလှူခြင်းငှာ စွမ်းနိုင်သည်ဖြစ်အံ့၊ အလုံးစုံအပေါင်းအစု တစ်ဆယ့်ခြောက်ခုသော (သဗ္ဗသောဠသက)ဆုကိုရပေရာ၏၊ မဇ္ဈိမယာမ်၌ အကယ်၍လှူခြင်းငှာစွမ်းနိုင်သည်ဖြစ်အံ့၊ အလုံးစုံအပေါင်းအစု ရှစ်ခုအရေအတွက်ရှိသော(သဗ္ဗဋ္ဌက)ဆုကိုရပေရာ၏၊ ယခုအခါ ပုဏ္ဏားကြီးသည် အားကြီးသော ပစ္ဆိမယာမ်၌သာလှူဒါန်းနိုင်သည့်အတွက်ကြောင့် သဗ္ဗစတုက္ကဆုရခြင်းဖြစ်ပေသည်"

"ချစ်သား ရဟန်းတို့ . . . ကောင်းမှုကုသိုလ်ကံကို ကြံစည်အားထုတ်ပြုလုပ်လိုသဖြင့် ဖြစ်ပေါ်လာသောစိတ်ကို မယုတ်စေမူ၍ ကြံစည်ဖြစ်ပေါ်လာသောခဏ၌သာလျှင် ပြုစုအားထုတ်အပ်သည်၊ နှံ့နှေးကြန့်ကြာသဖြင့် ပြုစုအားထုတ်အပ်သောကုသိုလ်ကံသည်အကျိုးပေးသည်ရှိသော် နှံ့နှေးသည်ဖြစ်၍သာလျှင်အကျိုးကိုပေးတတ်သည်၊ ထို့ကြောင့် ကြံစည်ဖြစ်ပေါ်သောအခြားမဲ့၌သာလျှင် ကုသိုလ်ကောင်းမှုကို အားထုတ်အပ်၏" ဟုဟောကြားတော်မူပြီး-

"အဘိတ္ထရေထ ကလျာဏေ၊ ပါပါစိတ္တံနိဝါရယေ
ဒန္ဓံဟိကရောတော ပုညံ၊ ပါပသ္မိံရမတိမနော"

"ကုသိုလ်ကောင်းမှုမပြုလုပ်သောသူ၏စိတ်သည် နှံ့နှေးတတ်၏၊ ထို့ကြောင့် ကောင်းမှုကုသိုလ်ကိုအဆောတလျင်ပြုကုန်

www.dhammaransi.com



သောသတ္တဝါတို့၏စိတ်သည် မကောင်းမှု၌မွေ့လျော်တတ်၏၊ ထို့ကြောင့် မကောင်းမှုမှုစိတ်ကိုတားမြစ်ရာ၏”
ဟူ၍ ဟောတော်မူခဲ့ပါသည်။

မှတ်ချက်။ ။ဧကသာဋကပုဏ္ဏားအဖြစ်အပျက်သည် ဝိပဿီဘုရားရှင်လက်ထက်ကလည်း တစ်ယောက်ဖြစ်ပေါ်ခဲ့သလို ယခုဂေါတမဘုရားရှင်လက်ထက်၌လည်း တစ်ယောက်ပေါ်ခဲ့သဖြင့် ဝိပဿီဘုရားရှင်လက်ထက်ဖြစ်ပေါ်ခဲ့သော ဧကသာဋကပုဏ္ဏားကို မဟာဧကသာဋကပုဏ္ဏား၊ ယခု ဂေါတမဘုရားရှင်လက်ထက်ပေါ်ခဲ့သောပုဏ္ဏားကို စူဠဧကသာဋကပုဏ္ဏားဟူ၍မှတ်တမ်းတင်ခဲ့ပါသည်၊ ထိုမဟာဧကသာဋကပုဏ္ဏားသည် ယခုဂေါတမဘုရားရှင်လက်ထက်၌ အရှင်မဟာကဿပမထေရ်မြတ်ကြီးဖြစ်လာပါသည်။

(ဓမ္မပဒ၊ ပါပဝဂ်၊ စူဠဧကသာဋကဝတ္ထု)

www.dhammaransi.com



## ပုဏ္ဏလယ်ထွန်ယောကျ်ား၏အံ့ဖွယ်ဒါန– အံ့ဖွယ်သုခ

ရာဇဂြိုဟ်ပြည်၌ ဘုရားရှင် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးစဉ်အခါနိမ့်ဖြစ်သည်။

ထိုရာဇဂြိုဟ်ပြည်၌ သုမနအမည်ရှိသောသူဌေးကြီးတစ်ဦးရှိပြီး ထိုသူဌေးထံ၌ လယ်ထွန်မှုအလုပ်ဖြင့် အခစားလုပ်နေရသောပုဏ္ဏလယ်ကျွန်နှင့်သူ၏မယားဥတ္တရာ၊ သမီးငယ်မိခင်နှင့်နာမည်တူ 'ဥတ္တရာတို့ရှိကြသည်။

တစ်နေ့တွင် ခုနစ်ရက်ပတ်လုံး နက္ခတ်ပွဲသဘင်ကိုကစားကြအံ့ ဟုကြွေးကြော်ခြင်းကိုပြုကြကုန်သည်။

ထိုသို့ကြွေးကြော်သောစကားကိုကြားသိရ၍ သုမနသူဌေးကြီးသည် နံနက်စောစောကပင် မိမိ၏လုပ်ငန်းအားလုံးကိုရပ်ထားပေးလေသည်။

ပုဏ္ဏသည် ယနေ့မိမိအဖို့ ရပ်နားနေရ၍ ဘာမျှအကျိုးမရှိ၊ လယ်ထွန်ခြင်းသည်သာလျှင် ကောင်းပေသည် ဟုစဉ်းစားပြီးသူဌေးအိမ်သို့သွားလေသည်။

သုမနသူဌေးကြီးသည် စောစောစီးစီးရောက်လာသောပုဏ္ဏကိုမြင်၍ခေါ်ကာ-

"အမောင်. . . ငါ့အိမ်၌နေသော အလုပ်အကျွေးလူအပေါင်းသည် နက္ခတ်ပွဲသဘင်ကိုပျော်ပါးကစားလိုကြသည်၊ သင်

www.dhammaransi.com



သည်ကော နက္ခတ်ပွဲသဘင်ကိုကစားမည်လော၊ သို့မဟုတ် အလုပ်လုပ်ရန်လာသည်လော"
ဟုမေးသည်။

"အရှင်. . နက္ခတ်ပွဲသဘင်ပျော်ရွှင်ကစားခြင်းမည်သည် ဥစ္စာရှိသောသူတို့၏အရာသာဖြစ်သည်၊ ကျွန်ုပ်အိမ်၌ကား နက်ဖြန်အလို့ငှာ ယာဂုကျိုရန် ဆန်မျှပင်သော်လည်းမရှိပါ၊ ထိုမျှလောက်ဆင်းရဲနွမ်းပါးသောကျွန်ုပ်အား နက္ခတ်ပွဲသဘင်ကစားခြင်းဖြင့် အဘယ်မှာအကျိုးရှိပါအံ့နည်း၊ လယ်ထွန်ရန် နွားတို့ကိုရပါသည်ရှိသော် လယ်ထွန်ရန်သွားပါမည်"

"အမောင်. . . ထိုသို့ဖြစ်လျှင် နွားတို့ကိုယူ၍လယ်ထွန်ပါလေ"

ပုဏ္ဏသည် နွားတို့ကိုယူ၍ အိမ်သို့ပြန်ကာ မိမိထံသို့ ထမင်းချက်ပြီးလာပို့ရန်မှာကြားပြီး လယ်ထွန်ထွက်ကာ လယ်ထွန်လေသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် နိရောဓသမာပတ်မှထ၍-

"ယခုအခါ ငါသည်အဘယ်သူအား သင်္ဂြိုဟ်ထောက်ပံ့ချီးမြှောက်ခြင်းငှာအပ်သနည်း"

ဟု ကြည့်ရှုသော် မိမိဉာဏ်တော်ကွန်ရက်အတွင်း၌ ပုဏ္ဏမည်သောလယ်ထွန်ယောက်ျားကိုမြင်သည်။

www.dhammaransi.com



ဤယောက်ျားသည် ကြည်ညိုသဒ္ဓါရှိသူဟုတ်ပါ၏လော၊ ငါသည် သွားရောက်ချီးမြှောက်ပေးမှုပြုခြင်းငှာစွမ်းနိုင်လတံ့လော" ဟုကြည့်တော်မူပြန်သည်။

ပုဏ္ဏလယ်ထွန်သမား၏ သဒ္ဓါတရားရှိသောအဖြစ်ကိုလည်းကောင်း ချီးမြှင့်ထောက်ပံ့မှုပြုခြင်းငှာစွမ်းနိုင်သောအဖြစ်ကိုလည်းကောင်း ထိုသို့ချီးမြှင့်ထောက်ပံ့သဖြင့် ပုဏ္ဏအားကြီးစွာသောစည်းစိမ်ချမ်းသာရမည့်အကြောင်းကိုလည်းကောင်း သိမြင်တော်မူ၍ သပိတ်သင်္ကန်းကိုယူဆောင်ပြီးလျှင် ပုဏ္ဏလယ်ထွန်ရာအရပ်သို့ကြွရောက်လေသည်။

မထေရ်သည် ရေတွင်းနခမ်း၌ခြုံတစ်ခုကိုကြည့်ရှုလျက်ရပ်တန့်နေတော်မူသည်။

ပုဏ္ဏသည် မထေရ်ကြီးရပ်တန့်နေသည်ကိုမြင်သော် လယ်ထွန်ကိစ္စကိုရပ်တန့်ထားခဲ့ပြီး မထေရ်ကြီးထံသို့သွားကာ ထိခြင်းငါးပါးဖြင့်ရှိခိုးသည်။

"တံပူကိုအလိုရှိတာကိုဖြစ်လိမ့်မည်"

ဟုကြံစည်ပြီးသော် တံပူသုံးရန် သင့်လျော်သောသစ်သားကိုပိုင်းခြားပယ်ဖြတ်အပ်သည်ကိုပြု၍ မထေရ်ကြီးအားပေးလှူသည်။

ထို့နောက် မထေရ်ကြီးက ပုဏ္ဏအား သပိတ်နှင့်ရေစစ်ကိုပေးတော်မူသည်၊ ပုဏ္ဏသည် မထေရ်ကြီးသည် သောက်ရေသုံးရေကိုအလိုရှိတာဖြစ်လိမ့်မည် ဟုတွေးတောကြံစည်မိပြီး

www.dhammaransi.com



သပိတ်နှင့်ရေစစ်ကိုယူပြီး သောက်ရေ သုံးရေအတွက် ရေစစ်နှင့် သေချာစွာစစ်ပြီးလျှေလေသည်။

"ဤသူသည် သူတစ်ပါး၏အိမ်နောက်ဖေးအိမ်ငယ်၌နေ ရသူဖြစ်သည်၊ ဤယောက်ျား၏အိမ်တံခါးသို့အကယ်၍ကြွသွား သော်လည်း သူ၏မယားသည် ငါ့ကိုတွေ့မြင်ခြင်းငှာမရလတ့်၊ ထိုသူမယားချက်ပြုတ်ပြီးထွက်လာပါမှ လမ်းခရီးဆုံတွေ့လောက် သောအချိန်ကျမှ ငါသွားမှသင့်မည်"

မထေရ်မြတ်ကြီးသည် ဤသို့စဉ်းစားပြီးလျှင် ထိုနေရာ၌ ခေတ္တခဏနေသည်။

ပုဏ္ဏမယား ချက်ပြုတ်ပြီး၍ ထမင်းပို့ထွက်လာသော အချိန်ရောက်မှမြို့တွင်းသို့ရှေ့ရှုကြွလေသည်။

မယ်ဥတ္တရာသည် လမ်းခရီးကြား၌ ရှင်သာရိပုတ္တရာ မထေရ်ကြီးနှင့်ဆုံတွေ့မိသော်-

"တစ်ရံတစ်ခါ ငါသည် လှူဖွယ်ဝတ္ထုတစ်ခုခုရသည်ရှိ သော် ဤအရှင်သခင်နှင့်မတွေ့မမြင်ရပေ၊ ဤအရှင်သခင်ကို တွေ့ပြန်သောအခါ၌ ငါ့မှာလှူဖွယ်ဝတ္ထုကားမရှိပြန်ပေ၊ ယခုမူကား ဤအရှင်သခင်ကိုလည်း ထင်ထင်ရှားရှားကြုံတွေ့ဖူးမြင်ရပြီး ငါ့ ခေါင်းပေါ်၌လည်း လှူရန်ဝတ္ထုထင်ရှားရှိနေသည်၊ ဤမထေရ် အရှင်သည် ငါ၏အလှူကိုချီးမြှင့်ပါမည်လော"

www.dhammaransi.com



ဟုတွေးတောစဉ်းစားပြီးလျှင် မိမိ၏ထမင်းခွက်ကိုဦးခေါင်းမှချပြီး မထေရ်ကြီးကိုထိခြင်းငါးပါးနှင့်အညီရှိခိုးဦးချသည်။

"အရှင်မြတ်ဘုရား. . . တပည့်တော်မ ချက်ပြုတ်ယူလာသော ဤဆွမ်းကိုကြမ်းတမ်း၏ဟူ၍လည်းကောင်း၊ မွန်မြတ်၏ဟူ၍လည်းကောင်း ဤသို့ကြံစည်တော်မမူပါမူ၍ အရှင်ဘုရားတို့၏ကျေးကျွန်အားချီးမြှောက်ခြင်းအမှုကိုပြုတော်မူပါကုန်" ဟု လျှောက်ထားလေသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်က သပိတ်ကိုညွတ်ပေးသည်၊ မယ်ဥတ္တရာထမင်းတို့ကို မထေရ်၏သပိတ်ထဲသို့လောင်းလှူသည်၊ ထမင်းတစ်ဝက်ရောက်သော် မထေရ်မြတ်ကြီးက သင့်တော်လောက်ပြီးဟု ကြံ၍ လက်ဖြင့်သပိတ်တော်ကိုပိတ်ကာပေးသည်။

"အရှင်ဘုရား. . . ဤထမင်းကားတစ်ယောက်မျှစားလောက်ရုံအဖို့ရှိပါသည်၊ နှစ်ဖို့နှစ်ဖြာခွဲဝေမှုပြုခြင်းငှာ မတတ်ကောင်းပါ၊ အရှင်ဘုရားတို့၏ကျေးကျွန်အား ပစ္စုပ္ပန်ဘဝ ဤလောက၌ချီးမြှောက်မှုမပြုပါနှင့်၊ တမလွန်လောကနောင်ဘဝအတွက်သာချီးမြှောက်တော်မူပါဘုရား၊ အကြွင်းအကျန်မရှိပေးလှူခြင်းအလိုရှိပါသည်ဘုရား"
ဟု လျှောက်ထားပြီး အကုန်ဖကြွင်းမကျန် လောင်းလှူလိုက်လေသည်။

www.dhammaransi.com



"အရှင်ဘုရားတို့သည် သိမြင်အပ်သော တရား၏သာလျှင်အဖိုးရှိသည်ဖြစ်ရပါလို၏"
ဟု ဆုတောင်းလေသည်။

"သင်တောင်းသောဆုအတိုင်းပြည့်စေ"
ဟု မထေရ်မြတ်ကြီးကဆုပေးပြီး ရေ၊ နေရာအဆင်သင့်သော နေရာ၌ ချဉ်းကပ်၍ဆွမ်းကိုဘုဉ်းပေးတော်မူသည်။

မယ်ဥတ္တရာသည် နေအိမ်သို့တစ်ဖန်ပြန်၍ ဆန်ကိုဆေးငှားပြီးလျှင် ထမင်းကိုချက်ရပြန်သည်။

ပုဏ္ဏသည် (၈)မင်းပယ်မျှပမာဏရှိသောလယ်အရပ်ကို သတ်မှတ်လှည့်ထွန်၍ အလွန်မွတ်သိပ်ဆာလောင်သည်ကို သည်းခံခြင်းငှာမစွမ်းနိုင်သောကြောင့် နွားတို့ကိုပြေးလွှတ်၍ သစ်ပင်ရိပ်တစ်ခု၌ဝင်ကာ မယ်ဥတ္တရာလာလမ်းကို လှမ်းမျှော်ကြည့်နေမိသည်။

မယ်ဥတ္တရာသည် ထမင်းကိုယူ၍သွားသော် မိမိကိုကြည့်မျှော်နေသော လင်ယောကျ်ားကိုမြင်လျှင်-

"ငါ့အရှင်လင်သည် ဆာလောင်နေသဖြင့် ငါလာလမ်းကို မျှော်ကြည့်နေသည်၊ အလွန်ကြာရလေမလား ဟုငါ့ကိုခြိမ်းခြောက်၍ နှင်တံဖြင့်ပြစ်မှားရိုက်ခတ်ငြားအံ့၊ ထိုသို့ရိုက်ခတ်ပြစ်မှားအပ်သည်ရှိသော် ငါပြုအပ်သောကောင်းမှုကံသည် အားနည်းလျော့

www.dhammaransi.com



ညှိုးအဖိုးမတန်ဖြစ်ရာ၏၊ ရှေးဦးမဆွ စောစောကပင်လျှင်ကြို၍ လင်အရှင်ကို မိမိဆွမ်းအလှူကိုပြောကြားအံ့”

ဟု ကြံစည်ပြီး လင်ထံသို့အရောက်ကိုထမင်းချက်ကိုချရင်း-

“အရှင်. . . ယနေ့အတွက် ဤရက်ဤအခါ၌ စိတ်ကို ကြည်ညိုပါစေလော၊ ကျွန်တော်မပြုလုပ်လှူဒါန်းသောကောင်းမှု ကံကိုအကျိုးမရှိသည်ကိုမပြုလုပ်ပါလင့်၊ ကျွန်တော်မသည် နံနက် စောစောကပင် အရှင်အားပို့ရန်ထမင်းကိုဆောင်ယူလာသည်ရှိ သော် လမ်းခရီး၌ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနှင့်ဆုံရ၍ ယူဆောင်လာသောထမင်းကို မထေရ်မြတ်အားဆက်ကပ်လှူဒါန်း လိုက်ပါ၏၊ တစ်ဖန် အိမ်ပြန်ပြီးချက်နေရ၍ ဤမျှကြန့်ကြာသွား ရပါသည်၊ စိတ်ကိုကြည်လင်စွာထား၍ သာဓုခေါ်ပါလော”

ဟု အကြောင်းစုံပြောပြသည်။

ထိုအခါ ပုဏ္ဏကလည်း-

“ချစ်နှမ. . . ငါအဖို့ဖြစ်သောထမင်းကို အရှင်မြတ်အား ဆက်ကပ်လှူဒါန်းခြင်းဖြင့် အသင်သည် ကောင်းသောအမှုကို ပြုအပ်လေစွတကား၊ ငါသည်လည်း ယနေ့နံနက်စောစောကလျှင် မထေရ်မြတ်ကြီးကို တံပူနှင့်မျက်နှာသစ်ရေကိုပေးလှူခဲ့ပါသည်”

ဟု ပြောပြသည်။

www.dhammaransi.com



လင်မယားနှစ်ယောက်သည် မိမိတို့ပြုလုပ်အပ်ခဲ့သော ကုသိုလ်ကောင်းမှုတို့၌ ကြည်လင်သောစိတ်ဆန္ဒဖြစ်ပေါ် လျက် ထမင်းကိုစားကြသည်။

ထမင်းစားပြီးခဏတဖြုတ်နားရန် ပုဏ္ဏသည် မယားမယ် ဥတ္တရာ၏ကိုယ်အင်္ဂါအထက်၌ ဦးခေါင်းကိုထားကာ နားရင်း အိပ်ပျော်သွားလေသည်။

ထိုအချိန်ဝယ် ပုဏ္ဏလယ်ထွန်ခဲ့သောရှစ်မင်းပယ်သည် မြေမှုန့်ငယ်မှအစအားလုံး ရွှေတုံးရွှေခဲများဖြစ်၍နေလေသည်။

ပုဏ္ဏသည် မကြာခင်အိပ်ရာမှနိုးလာ၍ မိမိထွန်ယက်ခဲ့ သောလယ်ကိုကြည့်သော် ရွှေတုံးရွှေခဲများကိုသာမြင်မိ၍-

"ချစ်နှမ. . . ငါထွန်ယက်ထားသောအလုံးစုံသော မြေ တုံးမြေခဲတို့သည် ရွှေတုံးများဖြစ်နေသည်ဟု ငါ့မျက်စိထဲမြင်နေ ပါသည်၊ အသို့နည်း နေမြင့်မှထမင်းစားရသဖြင့် ငါ၏မျက်စိများ အမြင်မှားလေကုန်သလော"

ဟုပြောကြားပြီး မယားကိုကြည့်စေသည်။

"အရှင်. . . ကျွန်မသည်လည်း ရွှေတုံးရွှေခဲသာမြင်ပါ သည်"

ထိုအခါ ပုဏ္ဏသည် နေရာမှထ၍ လယ်ထွန်ရာအရပ်သို့ သွားပြီးလျှင် မြေစိုင်ခဲတစ်ခုကိုယူပြီး ထွန်တုံးထိပ်၌ရိုက်ခတ်ကြည့် သည်၊ ရွှေအတိဖြစ်နေသည်ကို အံ့ဩဖွယ်ရာတွေ့မြင်ရသည်။

www.dhammaransi.com



"ဩော်. . . အံ့ဖွယ်ရှိပေစွ၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကိုလှူဒါန်းရသောဒါနသည် ယနေ့ပင်အကျိုးကိုပြလေပြီ၊ များပြားသော ဤရွှေတုံးများကို ဖုံးကွယ်ထား၍မရ"

ဟုကြံစည်ပြီး မယားဟူသောထမင်းထည့်အိုးခွက်ကို ရွှေဖြင့်ပြည့်စေ၍ မင်းကြီးထံဖို့ဝင်ခွင့်တောင်းပြီး မင်းထံခစားရှိခိုးသည်။

"အမောင်. . . အကြောင်းဘယ်သို့နည်း"

"အရှင်မင်းမြတ်. . . ယနေ့ ကျွန်တော်မျိုးလယ်ထွန်ရာ အရပ်အလုံးစုံသည် အကုန်လုံးရွှေတုံးရွှေခဲဖြင့်ပြည့်နေပါသည်၊ ဤရွှေအလုံးစုံကို အရှင်မင်းကြီးမှသယ်ယူခြင်းငှာသင့်လျော်ပါသည်ဘုရား"

"အမောင်. . အသင်သည် အဘယ်အမည်ရှိပါသနည်း"

"အရှင်မင်းမြတ်. . ကျွန်ုပ်သည် ပုဏ္ဏအမည်ရှိပါသည်"

"ယနေ့အဖို့ သင်သည်. . . အဘယ်အမှုကိုပြုအပ်ခဲ့ပါသနည်း"

"အရှင်မင်းမြတ်. . . ကျွန်ုပ်သည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား တံပူရေတို့ကိုလှူခဲ့ပါသည်၊ ကျွန်ုပ်၏မယားသည် ဆွမ်းကိုလှူခဲ့ပါသည်ဘုရား"

www.dhammaransi.com



"အရှင်သာရိပုတ္တရာမထေရ်မြတ်အားလှူဒါန်းရသော ဒါနသည်အကျိုးကိုပြပေသတတ်၊ အမောင် ငါက အဘယ်သို့ ပြုပေးရမည်နည်း"

"အရှင်မင်းမြတ်. . . များစွာသောလှည်းတစ်ထောင်မျှ ကိုလွှတ်၍ ရွှေအပေါင်းကိုသယ်ယူစေလိုပါသည်ဘုရား"

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက ဆိုင်ရာမှူးမတ်တို့အား လှည်းတစ်ထောင်ကိုစီစဉ်စေ၍ ထိုရွှေတို့ကို မင်းရင်ပြင်သို့ သယ်ယူစေသည်။

ပြည့်ရှင်မင်းချင်းတို့သွားရောက်သယ်ယူရာတွင်-

"ပြည့်ရှင်မင်းကြီး၏ ပစ္စည်းဥစ္စာတို့တည်း"

ဟုပြောဆို၍ ကိုင်ယူသည်ရှိသော် ယူမိတိုင်းသောအစိုင်အခဲတို့ သည် ရွှံ့မြေခဲသာလျှင်ဖြစ်ကုန်ကြသည်။

မင်းချင်းတို့သည် ထိုအကြောင်းကို မင်းကြီးအားပြန် လည်လျှောက်ထားကြသည်။

"အသင်တို့သည် အဘယ်သို့ဆို၍ယူကြသနည်း"

"အရှင်မင်းကြီး၏ ပစ္စည်းဥစ္စာတို့တည်းဟူ၍ ပြောဆို သယ်ယူကြပါသည်"

"အမောင်တို့. . . ဤသို့ပြောဆိုသယ်ယူသော် အဘယ် မှာလျှင်ရပါအံ့နည်း၊ ထပ်သွား၍ ပုဏ္ဏ၏ပစ္စည်းဥစ္စာဟူ၍ပြောဆို ၍ သယ်ယူကြကုန်လော"

www.dhammaransi.com



မင်းချင်းတို့သည် မင်းကြီးမှာသည့်အတိုင်း ပြုလုပ်ပြောဆိုပြီးယူကြရာ ယူတိုင်းသောအစိုင်အခဲများသည် ရွှေတုံးရွှေခဲသာလျှင်ဖြစ်ကြလေသည်၊ မင်းရင်ပြင်တွင် စုပုံသောအခါ အပုံသည် တောင်ရှစ်ဆယ်မျှမြင့်လေသည်။

မင်းကြီးသည် မြို့သူမြို့သားတို့ကိုစုဝေးစေ၍-

"ဤမြို့တော်၌ တစ်စုံတစ်ယောက်သောသူအား ဤမျှအတိုင်းအရှည်ရှိသော ရွှေအစုအပုံသည်ရှိပါသလော" ဟုမေးသည်။

"အရှင်မင်းမြတ်. . . မရှိကြပါ "

"ထိုသို့ဆိုလျှင် ပုဏ္ဏမည်သောသူကို အဘယ်မည်သောအရာကို ကောင်းစွာချီးမြှင့်သင့်ပါသနည်း"

"အရှင်မင်းမြတ်. . . သူဌေးတို့၏အဆောင်အရွက်ဖြစ်သောထီးကိုချီးမြှောက်ပေးကမ်းခြင်းငှာအပ်ပါသည်။

"ထိုသို့ဆိုလျှင် ယနေ့မှစ၍ ပုဏ္ဏအား ဗဟုဓနသူဌေးကြီးတို့အဆောင်အယောင်ဖြစ်သောထီးကို ချီးမြှင့်လေသည်။

"အရှင်မင်းမြတ်. . . ကျွန်ုပ်သည် ဤမျှသောကာလပတ်လုံး သူတစ်ပါး၏အိမ်နောက်ဘေး၌ ကပ်နေရသူဖြစ်ပါသည်၊ ကျွန်ုပ်အား ပိုင်းခြားသတ်မှတ်အပ်သော မြေနေရာကိုပါ ပေးသနားတော်မူပါဘုရား"

www.dhammaransi.com



"ထိုသို့ဆိုက အသင်ယောကျ်ား . . သွားကြည့်ပါလေ၊ မြက်နွယ်တောခြုံတို့ဖုံးအုပ်နေသောခြံမြေတစ်ခုရှိသည်၊ ထိုခြံမြေကိုရှင်းလင်း၍ ထိုခြံမြေ၌ သင့်အတွက် အိမ်ကိုဆောက်လုပ်၍ နေလော"

ဟုဆို၍ ယခင်သူဌေးဟောင်းတစ်ဦး၏ နေရာအိမ်ဟောင်းကို သတ်မှတ်ပေးလေသည်။

ပုဏ္ဏသည် မင်းကြီးညွှန်ပြအပ်သော ထိုနေရာအရပ်၌ နှစ်ရက်သုံးရက်သာလျှင် သုတ်သင်ရှင်းလင်းသည်ရှိသော် တစ်အိုးပေါ်တစ်အိုးထပ်၍တည်နေသောရွှေအိုးများကိုတွေ့ရပြန်လေသည်။

ပုဏ္ဏသည် မင်းကြီးထံဝင်၍ ထိုရွှေအိုးများကိုအပ်နှံပြန်သည်။

"အသင်ပုဏ္ဏ . . . သင်၏ကောင်းမှုကြောင့်ရအပ်သည်ဖြစ်၍ အသင်သာယူပါလေ"

ဟု မင်းကြီးပြန်၍ပေးလေသည်။

ပုဏ္ဏသည် အိမ်ကိုတည်ဆောက်ပြီးသောအခါ အိမ်တက်မင်္ဂလာကိုလည်းကောင်း၊ ထီးဆောင်းမင်္ဂလာကိုလည်းကောင်း တစ်ပြိုင်နက်တည်းပြုလုပ်၍ ဘုရားအမှူးရှိသောသံဃာတော်များအား(၇)ရက်ပတ်လုံး အလှူပေးတော်မူသည်။

www.dhammaransi.com



ဆွမ်းကျွေးပြီး၍ အနုမောဒနာတရားနာပြီးသောအခါ ပုဏ္ဏားသူဌေး၊ သူဌေးကတော်နှင့်သမီး ဥတ္တရာတို့သည် သောတာပန်တည်ကြလေသည်။

ပုဏ္ဏလယ်ထွန်လင်မယား၏ အဲ့ဖွယ် တံပူ၊ ရေ၊ ဆွမ်း အလှူဒါနသည် အံ့ဖွယ်သုခသူဌေးဘွဲ့ကို ရရှိခံစားသွားရပါတော့သည်။

(ဓမ္မပဒ၊ ကောဓဝဂ်၊ ဥတ္တရာဥပါသိကာဝတ္ထု)

## အမျိုးကောင်းသား၏အံ့ဖွယ်ဒါန – ဗိဠာလပဒတသူဌေး၏အံ့ဖွယ်သုခ

တစ်ရံရောအခါ သာဝတ္ထိပြည်သူပြည်သားများသည် စုပေါင်း၍ ရဟန်းသံဃာများအား အလှူကိုပေးလှူလေသည်၊ ထိုအလှူ၌ ဘုရားရှင်က-

-အချို့သောသူတို့သည် မိမိသည်သာလျှင် ပစ္စည်းဥစ္စာကိုပေးလှူ၏၊ သူတစ်ပါးကိုမဆောက်တည်မလှူဒါန်းစေ၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသောဘုံဘဝ၌ အခြံအရံပြည့်စုံခြင်းကားရ၏၊ မိမိအား ပစ္စည်းဥစ္စာ သုံးဆောင်ခံစားဖွယ်ရာဖြစ်သောစည်းစိမ်သည်မရှိ။

-အချို့သောသူသည် မိမိ၏ဥစ္စာပစ္စည်းကိုလည်းမစွန့်ကြမပေးကမ်း၊ သူတစ်ပါးကိုလည်း မဆောက်တည်

www.dhammaransi.com



မလှူဒါန်းပါစေ၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝ၌ ပစ္စည်းဥစ္စာစည်းစိမ်ချမ်းသာပြည့်စုံခြင်း လည်းမရ၊ အခြံအရံပြည့်စုံခြင်းလည်းမရှိ၊ စားကြွင်း စားကျန်စားပြီး လှည့်လည်ရ၏။

-အချို့သောသူသည် မိမိ၏ဥစ္စာပစ္စည်းကိုလည်းစွန့်ကြဲ ပေးကမ်းလှူဒါန်း၏၊ သူတစ်ပါးကိုလည်း နှိုးဆော်တိုက် တွန်းလှူစေ၏၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝ၌ ပစ္စည်းဥစ္စာစည်းစိမ်ချမ်းသာပြည့်စုံခြင်း လည်းရ၏၊ အခြံအရံပြည့်စုံခြင်းလည်းရ၏။

ဟု ဟောကြားတော်မူလေသည်။

ထိုတရားတော်ကို ကြားနာရသော တစ်ယောက်သော ပညာရှိယောက်ျားသည်-

"ဘုရားရှင်ဟောကြားအပ်သော ဤအကြောင်းသည် အံ့ဖွယ်ရှိပေစွ၊ ငါသည် ယခုအခါ၌နှစ်ပါးစုံသောအကျိုး၏ပြည့်စုံ ခြင်းကိုဖြစ်စေတတ်သောကုသိုလ်ကောင်းမှုကို စီမံအားထုတ် ပြုလုပ်ပေအံ့"

ဟု ကြံစည်ပြီးလျှင် ဘုရားရှင်သည်တရားဟောပြီး၍ နေရာမှထ သောအခါ ဘုရားရှင်ထံသို့သွားရောက်ရှိခိုးပြီးလျှင်-

www.dhammaransi.com



"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အရှင်ဘုရားတို့သည် နက်ဖြန်တပည့်တော်၏ဆွမ်းကို ခံယူတော်မူကြပါကုန်ဘုရား"

ဟု ပင့်လျှောက်သည်။

"ဒါယကာ. . . အသင့်အား အဘယ်မျှလောက်သော သံဃာတို့ဖြင့် အလိုရှိဘိသနည်း"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အလုံးစုံသော ရဟန်းသံဃာတို့ကို အလိုရှိပါသည်ဘုရား"

ထိုအခါ မြတ်စွာဘုရားရှင်သည် သည်းခံတော်မူ၍ လက်ခံသည်။

ထိုပညာရှိယောက်ျားသည် မိမိရပ်ကွက်အတွင်းသို့ဝင်၍ "မိခင်၊ ဖခင်တို့ ကျွန်ုပ်သည် နက်ဖြန်ဆွမ်းအလို့ငှာ ဘုရားအမှူးရှိသောသံဃာတော်များကို ပင့်ဖိတ်ထားပါသည်၊ အကြင်သူသည် အကြင်မျှလောက်သောသံဃာအရေအတွက်အားလှူဒါန်းခြင်းငှာ စွမ်းနိုင်၏၊ ထိုသူသည် ရဟန်းတို့အတွက် ယာဂုအစရှိသည်တို့ကို စီမံချက်ပြုတ်ရန် ဆန်၊ ပဲအစရှိသောဝတ္ထုတို့ကို ပေးလှူကြပါ၊ ကျွန်ုပ်သည် တစ်နေရာ၌စုပေါင်းချက်၍ အလှူကိုပြုလုပ်ပါမည်" ဟုပြောဆိုလျက် တစ်အိမ်တက်တစ်အိမ်ဆင်းအလှူခံထွက်လေသည်။

www.dhammaransi.com



ထိုအခါ သူဌေးတစ်ယောက်သည် မိမိအိမ်ဈေးတံခါးဝသို့ရောက်လာသော ထိုပညာရှိယောက်ျားကိုမြင်လျှင်-

"ဤသူသည် မိမိအားစွမ်းနိုင်လောက်ရုံသောရဟန်းတို့ကို မပင့်ဖိတ်မူ၍ အလုံးစုံသောရွာကိုသိမ်းကျုံး၍ လှည့်လည်တောင်းခံဘိသည်"

ဟု အမျက်ထွက်လေသည်။

"အသင်ယူဆောင်လာသောခွက်ကိုယူလာခဲ့လော"

ဟုပြောဆိုပြီးလျှင် လက်သုံးချောင်းတို့ဖြင့် ကော်ယူပြီး အနည်းငယ် အနည်းငယ်သောဆန်၊ ပဲနောက်၊ ပဲကြီးတို့ကိုထည့်၍လှူလေသည်။

ထိုအချိန်မှစ၍ ထိုသူဌေးကြီးကို ဗိဠာလသူဌေးမင်းဟူ၍ အမည်တွင်လေသည်။

ထောပတ်၊ တင်လဲစသည်တို့ကို ပေးလှူသောအခါ၌လည်းခြင်ခွက်၌ထည့်၍ ထောင့်တစ်ခုကိုပြုပြီးလျှင် အပေါက်အပေါက်အစက်စက်ကိုယိုစီးစေလျက် အနည်းငယ် အနည်းငယ်မျှကိုသာလှူသည်။

ပညာရှိယောက်ျားသည် အခြားသူများလှူသော ဆန်၊ ဆီ၊ တင်လဲစသည်တို့ကို တစ်ပေါင်းတည်းပေါင်းစုပြီးထားသော်လည်း ဤသူဌေးကြီးလှူသည်တို့ကို သီးသန့်ထား၍ခံယူလေသည်။

www.dhammaransi.com



သူဌေးကြီးသည် ထိုပညာရှိယောက်ျား၏ပစ္စည်းခွဲထားမှုကိုသတိပြုမိပြီး-

"ဤသူသည် ငါပေးလှူအပ်သော ပစ္စည်းဝတ္ထုကို အဘယ်ကြောင့်အသီးအခြားထား၍ ခံယူဘိသနည်း"

ဟု မယုံသင်္ကာသံသယဝင်ပြီး မိမိ၏တပည့် အခိုင်းအစေတစ်ယောက်ကို ခေါ်ယူပြီး-

"အချင်း. . . ဤသူနောက်လိုက်သွားချေ၊ သူသည် ငါ၏အမှုကိုတစ်စုံတစ်ခုပြောဆို၏၊ထိုအကြောင်းကိုသိအောင်ပြုလုပ်ပြီးပြန်လာခဲ့ပါ"

ဟု မှာကြားပြီးလိုက်စေသည်။

ပညာရှိယောက်ျားသည် အစဉ်အတိုင်း တစ်အိမ်ဝင်တစ်အိမ်ထွက်လိုက်အလှူခံပြီးသော်-

"သူဌေးကြီးအား အကျိုးများသည်ဖြစ်ပါစေသော်"

ဟုကောင်းသောစိတ်ဖြင့်ရည်ညွှန်းပြီး ယာဂုဆွမ်းတို့အလို့ငှာ တစ်စေ့နှစ်စေ့သောဆန်တို့ကို ဝေမျှထည့်သွင်းပေးသည်၊ ပဲနောက်၊ ပဲကြီးတို့ကိုလည်းကောင်း၊ ဆီ၊ တင်လဲတို့ကိုလည်းကောင်း အလုံးစုံသောဘောဇဉ်ဘို့၌ပါအောင်ထည့်ပေးသည်။

သူဌေးကြီး၏တပည့်သည် ထိုအကြောင်းကို သူဌေးကြီးအားပြောပြသည်။

www.dhammaransi.com



"ဤသူသည် ပရိသတ်အလယ်၌ ငါ၏ကျေးဇူးမဲ့ကို ကဲ့ရဲ့ရှုတ်ချသောစကားကို အကယ်၍ပြောဆိုသည်ဖြစ်အံ့၊ ငါ၏အမည်ကိုထုတ်ဖော်ပြောဆိုလာကာမျှခဏ၌ပင်လျှင် ထိုယောက်ျားကိုပုတ်ခတ်၍သတ်အံ့"

ဟု သူဌေးကြီးသည်ကြံစည်ပြီး နက်ဖြန်မိုးသောက်သောအခါ သံဃာများကိုဆွမ်းကျွေးသောနေရာသို့ ဝတ်ရုံအတွင်း၌ ဓားငယ်ကိုဝှက်ပြီးသွားလေသည်။

ပညာရှိယောက်ျားသည် ဘုရားအမှူးရှိသောသံဃာတော်များကိုဆွမ်းလုပ်ကျွေးပြီးသော် ဘုရားရှင်ကို-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်သည် လူအပေါင်းကိုကောင်းစွာထည့်ဝင်စေပြီး ဤဆွမ်းအလှူကိုလှူဒါန်းပါသည်၊ ထိုသို့လှူဒါန်းရာ၌ထည့်ဝင်သောသူတို့သည် မိမိတို့အစွမ်းသတ္တိရှိသည့်အလျောက် များစွာကုန်သောဆန်အစရှိသော လှူဖွယ်ဝတ္ထုတို့ကိုလည်းကောင်း ထည့်ဝင်လှူဒါန်းကြပါကုန်၏၊ ထိုအလုံးစုံသောသူတို့အား အကျိုးသည်ကြီးမြတ်သည်ဖြစ်ကြပါစေဘုရား"

ဟု လျှောက်ထားလေသည်။

သူဌေးကြီးသည် ထိုစကားကိုကြားသော်-

"ငါသည် ဤမည်သောသူဌေးလက်ဖြင့်ယူပြီးကာလဆန်အစရှိသောအလှူကိုပေးလှူပါကုန်သည်ဟု ငါ၏အမည်ကို

www.dhammaransi.com



ထုတ်ဖော်ပြောဆိုသည်ရှိသော် အမည်ကိုပြောဆိုကာမျှဖြင့် ဤသူကိုသတ်အံ့ ဟုငါလာခဲ့ပေသည်၊ ဤယောက်ျားသည်ကား အလုံးစုံကိုယူကြုံးပေါင်းရုံးသည်ကိုပြု၍ အကြွင်းသူသည် ကွမ်းစားခွက်စသည်တို့ဖြင့် ချင့်တွက်နှိုင်းယှဉ်၍ပေးလှူပါသည်၊ အကြွင်းသူတို့သည်လည်း လက်သုံးချောင်းဖြင့်ဖျစ်ယူ၍ပေးလှူပါသည်၊ ဤအလုံးစုံသောသူတို့အား အကျိုးကြီးမြတ်သည်ဖြစ်ပါစေသတည်း" ဟု ပြောဆိုလျှောက်ထားခဲ့သည်။

"ငါသည် ဤသို့သဘောရှိသော သူတော်ကောင်းကို အကယ်၍သည်းမခံစေခဲ့သည်ဖြစ်အံ့၊ နတ်တို့လက်နက်မိုးကြီး စက်မည်သည် ငါ၏ဦးထိပ်ထက်၌ကျပေလတံ့"

ဟု ကြံစည်မိပြီးလျှင် သူဌေးကြီးသည် ထိုပညာရှိယောက်ျား၏ ခြေရင်း၌ဝပ်စင်းပြီးသော်-

"အရှင် . . . ကျွန်ုပ်အား သည်းခံပါလော"

ဟု ပြောဆိုတောင်းပန်လေသည်။

ဤတောင်းပန်သော အကြောင်းအရာအမှုကိစ္စသည် အဘယ်အမှုကိစ္စနည်း"

ဟု မေးသော် သူဌေးကြီးကမိမိပြုလုပ်ကြံစည်ခဲ့သောအလုံးစုံကို ပြောပြသည်။

မြတ်စွာဘုရားသည် ထိုအမှုအရာကိုမြင်တော်မူ၍-

www.dhammaransi.com



"ဤအမှုကား အဘယ်နည်း"

ဟု ပညာရှိအမျိုးသားကိုမေးမြန်းသည်။

ပညာရှိယောကျ်ားက လွန်ခဲ့သောနေ့အလှူခံသည်မှစ၍ ဖြစ်သမျှသောအကြောင်းစုံကို ဘုရားရှင်အားလျှောက်ထားပြလေသည်။

"သူဌေးကြီး. . . ဤသို့ပြုလုပ်သောဟူသည် မှန်ပါသလော"

ဟု ဘုရားရှင်ကမေးသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . မှန်ပါသည်ဘုရား"

"ဒါယကာသူဌေးကြီး. . . ကုသိုလ်ကောင်းမှုမည်သည် အနည်းငယ်ဟူ၍ မအောက်မေ့အပ်၊ ငါကဲ့သို့သောသဘောရှိသော ဘုရားအမှူးရှိသောသံဃာအပေါင်းအား စွန့်ကြဲပေးကမ်းခြင်း ဒါနကိုပြုလုပ်ရာ၌ အနည်းငယ်မျှတကား ဟုမမှတ်အပ်၊ ပညာရှိသောသူသည် ကောင်းမှုကိုပြုသည်ရှိသော် အထက်သို့မျက်နှာဝမူ၍ထားသဖြင့် ဟင်းလင်းပွင့်သောအိုးသည် ရေဖြင့်ပြည့်သကဲ့သို့ အစဉ်အတိုင်းကုသိုလ်ကောင်းမှုဖြင့် ပြည့်ကုန်သည်သာလျှင်တည်း"

ဟူ၍ မိန့်ကြားတော်မူပြီးလျှင်-

www.dhammaransi.com



ဟာဝ မဈေထ ပုညဿ နမန္တံ အာဂမိဿတိ
ဥဒဗိန္ဒု နိပါတေန ဥဒကုမ္ဘောပိ ပူရတိ
မိရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ အာစိနံ

"ကုသိုလ်ကောင်းမှုကို အနည်းငယ်ဟူ၍ မအောက်မေ့အထင်မသေးရ၊ ရေတစ်စက်ချင်းကျသဖြင့် ရေအိုးကြီးပြည့်ရ၏၊ ဤနည်းအတူ ပညာရှိသည် ကုသိုလ်ကိုအနည်းငယ်စီစုပေါင်းဆည်းပူး၍ ကုသိုလ်ဖြင့်ပြည့်သည်"
ဟူ၍ တရားဂါထာကို ဟောတော်မူသည်။

ထိုဂါထာ၏အဆုံးဝယ် အနည်းငယ်လက်သုံးချောင်းမျှဖြင့်လှူခဲ့သောသူဌေးကြီးသည် သောတာပတ္တိဖိုလ်ဟူသော သုခချမ်းသာကိုရရှိခံစားရလေတော့သည်။

(ဓမ္မပဒ၊ ပါပဝဂ်၊ ဗိဋ္ဌာလပဒ္ဓကာဝတ္ထု)

## ကာဠဝဋိယမယား၏အုံ့ဖွယ်ဒါန - အုံ့ဖွယ်သုခ

ဝေါတမဘုရားရှင်လက်ထက် ရာဇဂြိုဟ်မြို့ဝယ် ကာဠဝဋိယ မည်သောဆင်းရဲသားလင်မယားရှိလေသည်။

တစ်နေ့တွင် သူတို့သည် အလွန်ဆင်းရဲလှသောကြောင့် ထမင်းချက်၍မဟားနိုင်ကြသောကြောင့် ယာဂုကိုဟင်းရွက်နှင့်ရော၍ကျိုချက်စားရသူများဖြစ်၍ ကာဠဝဋိယ၏ဇနီးသည် စား

www.dhammaransi.com



သုံးရန်အတွက် ဟင်းရွက်နှင့်ရောသောယာဂုကိုပြုဟ်၍ထားလေသည်။

ထိုနေ့တွင် အရှင်မဟာကဿပမထေရ်ကြီးသည် နိရောဓသမာပတ်မှထတော်မူ၍-

"ငါသည် အဘယ်သူအားချီးမြှောက်မှုပြုရပါမည်နည်း" ဟု ဆင်ခြင်လတ်သော ကာဠဝဠိယဆင်းရဲသားကို ဉာဏ်တော်၌မြင်၍ သပိတ်၊ သင်္ကန်းကိုရုံဝတ်၍ ထိုကာဠဝဠိယအိမ်သို့ဆွမ်းခံသွားရပ်လေသည်။

ကာဠဝဠိယ၏လင်မယားသည် ရှင်မဟာကဿပထေရ်ကြီးကို ဖူးမြင်ရသော် အလွန်ကြည်ညိုသောစိတ်၊ လောင်းလှူလိုသောသဒ္ဓါတရားဖြစ်ပေါ်လာသဖြင့် မိမိတို့စားသုံးရန်အတွက် ချက်ပြုတ်ထားအပ်သောဟင်းရွက်နှင့်ရောသောယာဂုကို ရှင်မဟာကဿပ၏သပိတ်ထဲသို့လောင်းလှူဆက်ကပ်လိုက်သည်။

ရှင်မဟာကဿပထေရ်သည် ထိုယာဂုကိုဘုရားရှင်အား ဆက်ကပ်လေသည်၊ မြတ်စွာဘုရားရှင်သည် မျှတတော်မူရုံသာ ခံယူလေသည်၊ ကျန်သောယာဂုတို့ကို ရဟန်းငါးရာတို့အား ပေးလှူရာလောက်ငှလေသည်။

ကာဠဝဠိယသူဆင်းရဲသည် ဇနီးသည်က အကုန်လောင်းလှူလိုက်သဖြင့် ဆာလောင်သောကြောင့် ဆွမ်းကြွင်းဆွမ်းကျန်

www.dhammaransi.com



များကိုတောင်းခံစားရန် ယာဂုဝေပေးနေသော ထိုနေရာသို့ ရောက်လာပြီးတောင်းခံရာ ယာဂုအနည်းငယ်ရလေသည်။

ရှင်မဟာကဿပထေရ်သည် ယာဂုဒါယကာ ကာဠဝဠိယအတွက်ရရှိမည့်အကျိုးကို ဘုရားရှင်အားမေးလျှောက်ကြည့်သည်။

"ဤနေ့မှနောက်(၇)ရက်မြောက်သောရက်၌ ကာဠဝဠိယသည် သူဌေးကြီးထီးဖြူကိုရလိမ့်မည်"
ဟု မိန့်ကြားတော်မူလေသည်။

ကာဠဝဠိယသည် ဘုရားရှင်၏ထိုစကားကိုကြားခဲ့ရ၍ မယားဖြစ်သူအား ထိုအကြောင်းကိုပြောပြလေသည်။

ထိုအချိန်ကာလတွင် ဗိမ္ဗိသာရမင်းသည် မြို့ကိုလှည့်လည်သည်ရှိသော် အရှင်လတ်လတ်ကားစင်တင်ထားရာတံကျင်၌နေရသူ ရာဇဝတ်သားယောကျ်ားကိုမြင်တော်မူလေသည်။

ရာဇဝတ်သားသည် မင်းကြီးကိုမြင်တော်မူလျှင်-

"အရှင်မင်းကြီး. . . အရှင်မင်းကြီးတို့ ပွဲတော်စာကို ကျွန်တော်မျိုးမသေခင်စားလိုပါသည်၊ ထမင်းကိုပို့ပေးတော်မူပါဘုရား"
ဟု အရဲစွန့်ပြီး ကျယ်လောင်သောအသံဖြင့် ဟစ်အော်ပြောဆိုလေသည်။

www.dhammaransi.com



"အိမ်း. . . ကောင်းပြီ၊ ပို့ပေးမည်"

ဟုမင်းကြီးက ဝန်ခံကတိပေးခဲ့သည်။

ညချမ်းပွဲတော်စာဆက်သလာသောအခါ၌ ထိုရာဇဝတ်သားတောင်းခံလိုက်သောစကားကို အမှတ်ရတော်မူ၍-

"ဤစားတော်ထမင်းပွဲကို မြို့အပြင်ကားစင်တံကျင်သို့ရောက်အောင် ပို့ဆောင်နိုင်မည့်သူကို စုံစမ်းကြပါလော"

ဟု ဆိုင်ရာဝန်တို့ကို မိန့်ကြားလေသည်။

ရာဇဂြိုဟ်ပြည်၏ပတ်ဝန်းကျင် မြို့၏ဥပစာအရပ်မှာ ညဉ့်အချိန်တွင် ကြမ်းကြုတ်သည့်ဘီလူးများလှည့်လည်ကျက်စားရာဌာနဖြစ်သောကြောင့် ညဉ့်အချိန်အလွယ်တကူ မည်သူမျှ မြို့အပြင်သို့မထွက်ဝံ့ကြသောကြောင့် ဆိုင်ရာဝန်တို့သည် အသပြာထောင်ထုပ်ကိုပြ၍-

"မြို့အပြင်ကားစင်တင်ထားသောသူထံသို့ ထမင်းအုပ်သွားရောက်ပို့ဝံ့သောသူအား ဤအသပြာထောင်ထုပ်ကိုယူစေ"

ဟု မြို့တွင်း၌လှည့်လည်ကြေငြာလေသည်။

ဒုတိယအကြိမ်လှည့်လည်စေရာ၌ အသပြာထောင်ထုပ်ကိုယူဝံ့မည့်သူ မည်သူမျှမပေါ်ထွက်ဘဲ တတိယအကြိမ်လှည့်လည်စေသောအခါတွင် ကာဠဝဠိယ၏ဇနီးသည်က ထိုအသပြာထောင်ထုပ်ကို ဆိုင်ရာဝန်တို့မှယူလိုက်လေသည်။

www.dhammaransi.com



သူမကို ဆိုင်ရာဝန်တို့ကခေါ်ဆောင်ပြီး မင်းကြီးအား ပြသကြလေသည်။

ကာဠဝဠိယ၏ဇနီးက မင်းကြီးအား မိမိကိုမင်းစီးဘိနပ်၊ သံလျက်၊ ထီးနှင့်ယောကျ်ားဝတ်စုံချီးမြှင့်ရန်လျှောက်ထားသည်။

မင်းကြီးက တောင်းဆိုသမျှအကုန်ပေးသည်၊ ကာဠဝဠိယဇနီးသည် ယောကျ်ားအသွင်ဝတ်ဆင်ပြီးလျှင် ကိုယ်၌လက်နက်ဖွဲ့ချည်လျက် ထမင်းပွဲတော်ကိုယူဆောင်ကာ ရဲရဲရင့်ရင့်ဖြင့် မြို့မှထွက်ခဲ့သည်။

မြို့ပြင်သို့ရောက်လျှင် ဒီဃတာလအမည်ရှိသော ဘီလူးပိုင်ဆိုင်သောထန်းပင်အောက်မှဖြတ်လျှောက်သွားမိရာ ဘီလူးက ချက်ချင်းကိုယ်ထင်ပြပြီး-

"ရပ်လော့-ရပ်လော့. . . သင်သည် ငါပိုင်သောနေရာအောက်မှသွားသဖြင့် သင်သည်ငါ၏အစာဖြစ်ချေပြီ"

ဟု ခြိမ်းခြောက်စကားပြောဆိုလေသည်။

ထိုအခါ ကာဠဝဠိယမယားက-

"ငါသည် သင်၏အရိပ်ကိုမနင်း၊ ငါ့ထီးရိပ်အောက်မှာသာရှိသည်၊ သင်မြေကိုမနင်း၊ ဘိနပ်ပေါ်မှာသာနင်းသည်၊ ငါသည် သင့်အစာမဟုတ်၊ ငါကား မင်းကြီး၏တမန်တော်သာဖြစ်သည်"

www.dhammaransi.com



ဟုရဲဝံ့စွာပြန်ပြောပြသည်၊ လက်နက်ကိုလည်း ထုတ်ဆောင်ပြသည်၊ ထိုအခါ ဘီလူးသည် မာန်လျှော့ပြီး-

"ယခု အဘယ်ကိုသွားမည်နည်း"

ဟုမေးသည်။

"အရှင်လတ်လတ်ကား စင်တင်ခံနေရသောရာဇဝတ်သားထံသို့မင်း၏အမိန့်အရ မင်း၏တစ်မန်အဖြစ် မင်းပို့စေသောထမင်းအုပ်ကိုသွားရောက်ပို့ရပါမည်"

"ဤသို့ဆိုက ငါ၏သတင်းစကားတစ်ခုကို ပါဆောင်ယူခြင်းငှာ သင်စွမ်းနိုင်ပါမည်လော"

ဟု မေးသည်။

"စွမ်းနိုင်ပါလိမ့်မည်"

"ထိုသို့ဖြစ်လျှင် သုမနနတ်မင်းကြီး၏သမီး ဒီဃတာလ၏ဘီလူး၏ဇနီး၊ ကာဠီမည်သောနတ်သမီးသည် သားကိုမွေးဖွားလေပြီ ဟုလမ်းတစ်လျှောက်၌ ဟစ်အော်ကြွေးကြော်ပေးပါလေ၊ ဤထန်းပင်ခြေ၌ ရွှေအိုးခုနှစ်လုံးရှိပါ၏၊ ထိုရွှေအိုးများကို သတင်းပို့ခအဖြစ် သင့်ကိုငါပေးပါ၏"

ကာဠဝဋိယ၏မယားသည် လမ်းတစ်လျှောက်လုံး-

"သုမနနတ်မင်းကြီး၏သမီး ဒီဃတာလဘီလူး၏ဇနီး ကာဠီမည်သော နတ်သမီးသည် သားကိုမွေးဖွားလေပြီ"

www.dhammaransi.com



ဟူ၍ လမ်းတစ်လျှောက်လုံး ဟစ်အော်ကြွေးကြော်သွားလေသည်။

သုမနနတ်မင်းကြီးသည် နတ်ဘီလူးတို့၏အစည်းအဝေး၌နေထိုင်ရင်းက ထိုအသံကိုကြား၍-

"လူတစ်ယောက်သည် ငါတို့အတွက် အလွန်နှစ်သက်ဖွယ်သောသတင်းကိုဆောင်ယူလာ၏၊ ထိုလူသားကိုခေါ်လိုက်ကြလော"

ဟုဆိုကာ ကာဠဝဠိယမယားကိုခေါ်စေသည်၊ အကျိုးအကြောင်းတို့ကိုမေးသည်၊ ကာဠဝဠိယက ဒီဃာတာလဘီလူးမှာလိုက်သောအကြောင်းစုံကိုပြောပြသောအခါ သုမနနတ်မင်းကြီးသည် ကြည်ညိုသောစိတ်ဖြစ်လျက်-

"ဤသစ်ပင်၏ဘေးပတ်လည် အရိပ်အဝန်းပျံ့နှံ့ရာအရပ်၌ ရွှေအိုးများရှိကြသည်၊ ထိုရွှေအိုးများကို သင့်အားငါမေး၏ တူးယူပါလေ"

ဟုပြောဆိုပေးလေသည်။

သူမသည် ထိုမှဆက်လက်၍ ကားစင်တင်ထားရာ ရာဇဝတ်သားထံသို့ဆက်လက်သွားပြီးလျှင် ရာဇဝတ်သားကိုထမင်းခွံ့၍ကျွေးလေသည်။

ရာဇဝတ်သားသည် ထမင်းစားပြီးနောက် ခံတွင်းကိုသူမ၏လက်ဖြင့် သုတ်ပေးသောအခါ မိန်းမအတွေ့မှန်သိ၍ သူမ၏ဆံထုံး၌ တအားကိုက်၍ထားလေသည်။

www.dhammaransi.com



သတ္တိကောင်းသောသူမသည် သန်လျက်ဖြင့်မိမိ၏ဆံထုံးကိုဖြတ်ထားခဲ့ပြီး ရာဇဝတ်သားထံမှပြန်ထွက်လာခဲ့သည်၊ မင်းကြီးထံသို့ပြန်လည်သတင်းပို့သည်၊ ထိုအခါ မင်းကြီးက-

"မယ်မင်းထမင်းကျွေးပြီးခဲ့ကြောင်းကို အဘယ်သို့သောအခြင်းအရာအမှတ်အသားဖြင့် ငါသိရမည်နည်း"

ဟု မေးသည်။

"ကျွန်တော်မျိုးမ၏ ဆံထုံးအမှတ်အသားဖြင့် သိတော်မူနိုင်ပါသည်"

ဟုလျှောက်တင်ကာ မိမိတွေ့ကြုံခဲ့ရသောအဖြစ်ရပ်အားလုံးကိုပြန်လည်လျှောက်ထားပြသည်။

နောက်နေ့မိုးလင်းသော် မင်းကြီးကမင်းချင်းတို့ကိုစေလွှတ်၍ ကာဠုဝဋ္ဋိယပြောသောနေရာတို့၌ ရွှေအိုးဘို့ကိုတူတ်ဖော်ယူစေပြီး နန်းရင်ပြင်၌ စုပုံစေသည်။

ထို့နောက် မှူးမတ်ဗိုလ်ပါတို့ကိုစုရုံးစေ၍-

"ဤမျှ များပြားသောရွှေအိုးများ ဤမြို့ရှိအခြားသူများ၌ရှိပါသလော"

ဟု မေးသည်။

အားလုံးကမရှိပါ ဟုလျှောက်တင်သောအခါ ဘုရင်ဗိမ္ဗိသာရမင်းသည် ကာဠုဝဋ္ဋိယနှင့်မယားကိုခေါ်စေကာ ခနသေဌ်

www.dhammaransi.com



ဘွဲ့တံဆိပ်အပ်နှင်းပြီး သူဌေး၏အဆောင်အယောင်များနှင့်တကွ နေရာတို့ကိုပေးအပ်ချီးမြှင့်လေသည်။

ကာဠုဝဋ္ဋိယ၏မယား၏ အံ့ဖွယ်ဒါနသည် အံ့ဖွယ်သော ချမ်းသာသုခကိုပေးလေသည်။

(ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဒေဝဒဟသုတ်)

## ပန်းတော်ဆက်မောင်သုမန၏အံ့ဖွယ်ဒါန– အံ့ဖွယ်သုခ

"ရာဇဂြိုဟ်ပြည်သား သုမနပန်းသည်"

သူသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရကို နေ့စဉ်နံနက်တိုင်း ရှစ်ကွမ်းစားမျှလောက်သော မုလေးပန်းအစုကို ပြုလုပ်ကာ ဆက်သရသောပန်းတော်ဆက်ဖြစ်သည်။

ထိုမုလေးပန်းဆက်ရသဖြင့် တစ်နေ့လျှင် ရှစ်အသပြာရသည်။

တစ်နေ့နံနက်အချိန်တွင် သုမနသည် မုလေးပန်းများကိုရှစ်ပြုပြီး မင်းထံဆက်သရန်ထွက်ခွာလာခဲ့သည်၊ ထိုအချိန်တွင် ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်စုံကွန့်မြူးဖြန့်ကျက်လျက် ရာဇဂြိုဟ်မြို့အတွင်းသို့ ဆွမ်းခံရန်ကြွလာခိုက် သုမနပန်းသည်နှင့် လမ်းမှာဆုံမိသည်။

www.dhammaransi.com



သုမနပန်းသည်သည် ဘုရားရှင်၏ တုနှိုင်းမရသော ရောင်ခြည်တော်ခြောက်သွယ်ကိုဖူးတွေ့ရသောအခါ ယိုဖိတ်လာသော သဒ္ဓါကြည်ညိုစိတ်ကို ထိန်းမရဖြစ်လာမိသည်။

"ဘုရားရှင်ကို ငါသည် အဘယ်ဝတ္ထုဖြင့် ထောက်ပံ့ကော်ရော် ပူဇော်ရသော် ကောင်းမည်နည်း"

ဤသို့လျှင် ကြည်ညိုဝမ်းမြောက်သောစိတ်ဖြင့်ကြံစည်ပြီး လှူရန် တစ်စုံတစ်ရာကို ပတ်ဝန်းကျင်တွင် ရှာကြည့်မိသည်။

ပတ်ဝန်းကျင်တွင်ဘာမျှမတွေ့၊ မိမိလက်ထဲကမုလေးပန်း အစုသာတွေ့ရသည်၊ကြည်ညိုသောသဒ္ဓါစိတ်ကလည်း တဖျက်ဖျက်လှုပ်ရှားနေလေသည်။

"ငါ့တွင်ပါလာသော ဤမုလေးပန်းတို့ဖြင့် ဘုရားရှင်ကို လှူဒါန်းပူဇော်အံ့"

ဤသို့ကြံစည်မိပြီး လှူရန်ဆုံးဖြတ်လိုက်သည်၊ ထိုခဏမှာပင်စိတ်ထဲတွင် အတွေးတစ်ခုက ပေါ်လာပြန်သည်။

ယခု ငါယူဆောင်လာသောပန်းတို့သည် ပြည့်ရှင်မင်း အား နေ့စဉ်မပြတ်ဆက်သအပ်သောပန်းတို့ဖြစ်သည်၊ မင်းသည် နေ့စဉ်ရနေကြပန်းတို့ကိုမရရှိသော် ငါ့ကိုသတ်လိုမူက သတ်ရာ၏၊ ဖမ်းဆီးထောင်ချမူလည်းချရာ၏၊ တိုင်းပြည်မှနှင်ထုတ်မူ လည်းထုတ်ရာ၏၊ ငါသည်အဘယ်သို့ပြုရပါအံ့နည်း"

www.dhammaransi.com



သုမနပန်းသည်သည် အတန်ကြာစဉ်းစားပြီးနောက်-

"ပြည့်ရှင်မင်းကြီးသည် ငါ့ကိုသတ်လိုမူလည်း သတ်စေတော့၊ နှောင်ဖွဲ့လိုမူလည်းနှောင်ဖွဲ့ပါစေ၊ တိုင်းပြည်ကနှင်ထုတ်မူလည်းနှင်ထုတ်ပါစေ၊ ဤပန်းတို့ကို မင်းအားဆက်သွင်းခဲ့သော်လည်း မင်းသည်ငါ့ကိုအသက်မွေးမှုလောက်ရုံသာပစ္စည်းဥစ္စာကို ပေးလေး၏၊ ဘုရားရှင်အား လှူဒါန်းပူဇော်ရသည်ရှိသော် ကမ္ဘာကုဋေများစွာစီးပွားချမ်းသာ ဖြစ်ပေလိမ့်မည်၊ ငါသည် အသက်စွန့်၍ပင် ဘုရားရှင်ကို လှူဒါန်းပါအံ့"

"ငါ၏စိတ်သည် အကြင်မျှလောက်ကာလပတ်လုံး မတွန့်တိုမဆုတ်နှစ်သေး၊ ထိုကာလတွင်း ပူဇော်အံ့"

ဤသို့ နှိုင်းယှဉ်ဆင်ခြင်ဆုံးဖြတ်ပြီးလျှင် သုမနပန်းသည်-သည် ဘုရားရှင်ထံသို့ ရှေးရှုသွားကာ ရှေးဦးစွာနှစ်ဆုပ်မျှလောက်သောပန်းတို့ကို ဘုရားရှင်အထက်သို့မြှောက်၍ ပစ်တင်လိုက်ပြီး ပူဇော်လိုက်သည်။

ထိုပန်းတို့သည် ဘုရားရှင်၏အထက်ဝယ် အံ့ဩဖွယ်ရာ ဗိမာန်ကဲ့သို့ဖြစ်၍ တည်ကုန်သည်၊သုမနပန်းသည်-သည် ထိုပန်းတို့ပြန်မကျဘဲ ဘုရားရှင်၏အထက်၌ ဗိမာန်ကဲ့သို့တည်နေသည်ကိုတွေ့ရသောအခါ အလွန်ရွှင်လန်းတက်ကြွသောသဒ္ဓါစိတ်၊ ကြည်ညိုစိတ်များ တဖွားဖွားယိုဖိတ်ပြီး တစ်ဖန် နှစ်ဆုပ်သောပန်းတို့ကို ကြဲမြှောက်လိုက်ပြန်သည်။

www.dhammaransi.com



ထိုပန်းတို့သည် အံ့ဩဖွယ်ရာပင် လက်ျာနံပါး၌ ပန်းဖြင့်ဖုံးလွှမ်း၍ အောက်သို့သက်၍တည်ပြန်၏၊သုမန၏ သဒ္ဓါယိုဖိတ်မှုတို့သည် ထိန်းမရတော့ဆက်ပြီး နောက်နှစ်ဆုပ်ကြဲဆုပ်ကာ ပူဇော်လိုက်ပြန်သည်။

ထိုပန်းတို့သည် နောက်ဘို့ဖြင့် အောက်သို့တွဲလွဲသက်ဆင်းပြီး ရှေးနည်းတူတည်ပြန်၏၊ သဒ္ဓါကြည်ညိုစိတ် တသိမ့်သိမ့်တက်နေသောသုမနပန်းသည်-သည်တစ်ဖန် ပန်းနှစ်ဆုပ်ကိုဆက်လက်၍ ကြဲဖြန့်ပူဇော်လိုက်ပြန်သည်။

"ထိုပန်းတို့သည် အံ့ဩဖွယ်ရာ လက်ဝဲနံပါးဖြင့်သက်၍ ရှေးနည်းတူတည်ပြန်လေသည်"

ဤသို့သောနည်းဖြင့် ရှစ်ကွမ်းစားမျှလောက်ကုန်သော ပန်းတို့ကိုကြဲဖြန့်ပူဇော်လိုက်သောအခါ ပန်းတို့သည် ဘုရားရှင်၏ ဦးထိပ်အထက်၊ လက်ဝဲလက်ျာ၊ အော-က်အဘို့အားဖြင့် လေးမျက်နှာသောအရပ်တို့၌ ဘုရားရှင်ကိုယ်တော်ကို ဝန်းပတ်ခြံရံ၍ တည်ကုန်သည်၊ ဘုရားရှင်၏ရှေ့တည့်တည့်မှာမူ တံခါးသဖွယ်ယှက်သွယ်ခြင်းမရှိ၊လစ်လပ်လျက်ရှိသည်။

ရှိရှိသမျှသောပန်းတို့သည် အံ့ဩဖွယ်ရာအတွင်းသို့ အညှာရိုးတန်ပြုလျက် အပြင်ဘက်သို့ ပွင့်ချပ်ထွက်လျက် ပန်းကွန်ယက်ဖြင့် ဖုံးအုပ်ဝန်းရံ၍ ထားဘိသကဲ့သို့ရှိလေသည်။

www.dhammaransi.com



မြတ်စွာဘုရားသည် ငွေပြားဝန်းရံသကဲ့သို့ရှိပြီး ဘုရားရှင်သည် ထိုငွေပြားဝန်းရံသကဲ့သို့ပင် ဆက်လက်ကြွတော်မူလေသည်။

ထိုမုလေးပန်းတို့သည် စိတ်စေတနာမရှိသောသက်မဲ့ပင် ဖြစ်သော်လည်း စိတ်စေတနာရှိသော သက်ရှိဘုရားရှင်ကိုမှီ၍ သက်ရှိသကဲ့သို့ဖြစ်ကာ အောက်သို့ပြုတ်မကျဘဲ ဘုရားရှင်နှင့် အတူတကွဖြစ်နေသည်။

ဘုရားရှင်ကြွသည်ရှိသော် သွား၏၊ ရပ်သည်ရှိသော် တည်နေ၏။

ဘုရားရှင်၏ကိုယ်တော်မှာလည်း မိုးဥတုအခါ မိုးကောင်းကင်မှ တစ်သိန်းမျှသော လျှပ်ပန်းတို့လျှပ်သကဲ့သို့ ရှေ့နောက်နှစ်ဖြာလက်ဝဲလက်ျာ ဦးထိပ်ထက်တို့မှ ကလက်လက် တဝင်းဝင်းရောင်ခြည်တော်မျိုးစုံတို့သည် ထွန်းပထွက်လျှက်ရှိသည်။

ထိုရောင်ခြည်တော်အပေါင်းတို့သည် ဘုရားရှင်၏ ရူပကာယာမှထွက်တော်မူလျှင် ရှေ့ရှုရာအရပ်သို့ ဦးစွာပေးမသွားဘဲ အလုံးစုံသောရောင်ခြည်တော်တို့သည် ဘုရားသခင်ကိုသုံးကြိမ်သုံးခါတိုင်တိုင်လက်ျာရစ်လှည့်လှည်ပြီးမှ ထန်းပင်လုံးခန့်ရှိလျက် ဘုရားရှင်မှ ပြေးသွားကြကုန်သည်။

www.dhammaransi.com



ရာဇဂြိုဟ်မြို့တစ်မြို့လုံးသည် တုန်လှုပ်သွားသည်၊ မြို့သူမြို့သားအားလုံး မည်သူမျှမနေနိုင်ဘဲ လှူဖွယ်ဝတ္ထုတို့ကို ယူဆောင်ကာ ထွက်လာကြသည်။

လူအပေါင်းတို့သည် ရဲရင့်စွာသောအသံကိုကြွေးကြော်ကြပြီး တစ်သောင်းမျှလောက်ကုန်သော ပုဆိုးဦးရစ်မြှောက်ခြင်းစသည်တို့ကိုပြုကြပြီး ဘုရားရှင်ကို ပူဇော်ကြသည်။

ဘုရားရှင်သည် သုမနပန်းသည်၏ ကျေးဇူးဂုဏ်ကို ထင်ရှားအောင်ပြုခြင်းငှာ သုံးဂါဝုတ်ပမာဏရှိသောမြို့၌ စည်လှည့်လှည်သောခရီးဖြင့် ကြွတော်မူသည်။

သုမနပန်းသည်၏ကိုယ်သည် ပီတိငါးဖြာဖြင့် ပြည့်နေသည်၊ သူသည် အနည်းငယ်မျှသာ ဘုရားရှင်နှင့်အတူလိုက်ပြီး ဘုရားရှင်၏ရောင်ခြည်တော်အတွင်းသို့ဝင်ပြီးသော် ဘုရားရှင်ကို ချီးမွမ်းရှိခိုးလေသည်။

ထို့နောက် ပန်းမရှိ၊ လက်ချည်းသာ အိမ်သို့ပြန်လာခဲ့သည်၊ ပန်းမပါဘဲ လက်ချည်းသာပြန်လာသော သုမနပန်းသည်ကို မယားက-

"ရှင်-မင်းကိုဆက်ဖို့ ပန်းတွေကော"

ဟု ဆီးမေးသည်။

"ငါ-ဘုရားရှင်ကို ပူဇော်လှူဒါန်းလိုက်ပြီ"

www.dhammaransi.com



"ရှင်-မင်းကိုဆက်ဖို့ ပန်းတွေကော"

ဟု ထပ်မေးပြန်သည်။

"ရှင်-ပန်းတွေကို ဘုရားရှင်ကိုပူဇော်လှူဒါန်းလိုက်ရင် မင်းကြီးအတွက် ဘယ်လိုလုပ်မလဲ"

"ချစ်နှမ-မင်းကြီးက ပန်းမရ၍ သတ်လိုကသတ်ပါစေ၊ တိုင်းပြည်ကနှင်ထုတ်လည်းနှင်ထုတ်ပါစေ၊ ငါကတော့ အသက်စွန့်ပြီး ဘုရားရှင်ကိုပန်းလှူခဲ့ပါပြီ၊ ငါလှူသောပန်းက ရှစ်ဆုပ်မျှသာရှိပါသည်၊ ငါ၏အလှူသည် အံ့ဖွယ်သရဲဖြစ်နေ၍ လူတို့သည် ကြွေးကြော်ပြီး ဦးရစ်ပုဆိုးကိုမြှောက်ပင့်သည်၊ အပြိုင်အဆိုင်လည်း လှူနေကြပါသည်၊ ဘုရားနောက်သို့တကောက်ကောက်လိုက်ပြီး ငါလှူသောပန်း၏အံ့ဖွယ်သရဲကို လိုက်ဖူးနေကြပါသည်။ ချစ်နှမ သင်သည်ထိုကြွေးကြော်သံကိုမကြားဘူးလော၊ ယခု ကြွေးကြော်သံများသည် ငါ၏ပန်းအလှူကြောင့်ဖြစ်သောအသံတို့ဖြစ်ပါသည်။

သုမနပန်းသည်က အလှူ၌ ဝမ်းမြောက်သောပီတိဖြင့် ခပ်အေးအေးပင် ပြောလိုက်လေသည်။

သုမန၏မိန်းမသည် စဉ်းစားတွေးခေါ်ဉာဏ်မရှိ မိုက်မဲသူဖြစ်သည်၊ ဘုရားရှင်၏တန်ခိုးပြာဋိဟာ အံ့ဖွယ်သူရဲကိုလည်း ကြည်ညိုတတ်သူမဟုတ်၊ သို့အတွက် သုမနပန်းသည်လင်ကို ဆဲရေးတိုင်းထွာပြီး-

www.dhammaransi.com



မင်းတို့မည်သည် ရက်စက်ကြမ်းကြုတ်သောသဘော ရှိ၏၊ အမျက်တစ်ကြိမ်ထွက်ရုံဖြင့် ခြေလက်စသည်တို့ကိုဖြတ်ပြီး အကျိုးစီးပွားမဲ့အောင်ပြုတတ်ပေ၏၊ သင်ပြုလုပ်သောအမှုသည် ငါ့ကိုလည်း အကျိုးစီးပွားမဲ့ဖြစ်တော့မည်၊ ငါပါ မင်းဒဏ်သင့်ခံရတော့မည်၊ သင်ပြုခဲ့တဲ့အမှုအတွက် သင်သာခံပါ၊ ငါမပါကြောင်း ယခုပင် မင်းထံသွား၍ လျှောက်ထားပြမည်"

သုမနပန်းသည်၏မိန်းမသည် ဤသို့ပြောဆိုပြီး သားငယ်ကိုဆွဲယူပွေ့ချီပြီး မင်းနန်းတော်သို့သွားကာ မင်းကိုဖူးတွေ့လေသည်။

"အဘယ်ကိစ္စကြောင့် ငါ့ကို လာရောက်ဖူးတွေ့ပါသနည်း"

အရှင်မင်းကြီး-ကျွန်မ၏လင်သည်အရှင်မင်းကြီးအား နေ့စဉ်ပန်းဆက်သူဖြစ်ပါသည်၊ ယခု ကျွန်မလင်သည် အရှင်မင်းကြီးအားဆက်သမည့်ပန်းတို့ကို ဘုရားရှင်ကို ပူဇော်လှူဒါန်းပြီး ပန်းမပါ လက်ချည်းသာပြန်လာပါသည်၊ ပန်းတို့ ဘယ်မှာလည်းဟု ကျွန်မကမေးသောအခါ ဘုရားရှင်ကိုလှူလိုက်သည်ဟုပြောပါသည် ဘုရား"

ကျွန်တော်မ၏လင် ပန်းသည်အား မင်းတို့မည်သည် ရက်စက်ကြမ်းကြုတ်သည်၊အမျက်တစ်ကြိမ်ထွက်ရုံမျှဖြင့် ခြေ

www.dhammaransi.com



လက်တို့ကိုဖြတ်၍ အပြစ်ပေးတတ်သည်၊ သင်ပြုသောအမှုငါ့ကိုပါ မင်းပြစ်မင်းဒဏ်သင့်နိုင်သည်ဟု ဆိုပြီး သူ့ကိုဆဲရေးရေရွတ်ပြီး သူ့ကိုလင်အဖြစ်မှရပ်စဲပြီး အရှင်မင်းကြီးထံ အကျိုးအကြောင်းလာရောက်လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား၊ အရှင်မင်းကြီး-သုမနပြုသောအမှုသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ သူ့အမှုသာဖြစ်ပါသည်၊ ကျွန်တော်မျိုးမနှင့်မသက်ဆိုင်ပါဘုရား"

ဗိမ္ဗိသာရမင်းကြီးသည် ရှေးဦးစွာဘုရားရှင်ကို ဖူးမြင်စဉ်ကပင် သောတာပတ္တိဖိုလ်ဆိုက်ရောက်နေသူဖြစ်သည်။ သဒ္ဓါတရားအားကြီးသော၊ နှစ်သက်ကြည်ညိုခြင်းရှိသော အရိယာသာဝကဖြစ်သော မင်းကြီးဖြစ်ပါသည်။

မင်းကြီးသည် သုမနပန်းသည် မိန်းမလျှောက်ထားသံကို နားထောင်ပြီးနောက်-

"သြော်-အံ့ဖွယ်ရှိပေစွတကား၊ ဤမိန်းမသည် အလွန်မိုက်မဲပေစွတကား၊ ဤသို့သဘောရှိသော ကျေးဇူးဂုဏ်၌ နှစ်သက်ကြည်ညိုခြင်းကို မဖြစ်နိုင်ပါစေတကား"

ဟု စဉ်းစားဆင်ခြင်တော်မူမိလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် သုမနအပေါ်အမျက်ထွက်သကဲ့သို့ သဘောပြုပြီး-

www.dhammaransi.com



"အသင်ပန်းသည်မ-အဘယ်ကိုအသင်လျှောက်ထားပါသလဲ၊ သုမနသည်ငါ့အားဆက်သမည့်ပန်းတို့ဖြင့် ဘုရားရှင်ကိုလှူဒါန်းပူဇော်လိုက်သည်၊ ငါသည် သုမနပြုသောအမှုအားအရေးယူအံ့"

မင်းကြီးက သုမနမိန်းမကို ဤသို့ပြောပြီး ပြန်လွှတ်လိုက်သည်၊ ထို့နောက် လျင်မြန်စွာ ဘုရားရှင်ထံသွားရောက်ပြီး ရှိခိုးကာ ဘုရားရှင့်နောက်သို့လိုက်ပြီး ဘုရားရှင်နှင့်အတူလှည့်လေသည်။

ဘုရားရှင်သည် ဗိမ္ဗိသာရမင်းကြီး၏စိတ်ကြည်လင်နှစ်သက်ခြင်းဖြစ်နေသည်ကို သိတော်မူ၍ အစဉ်လှည့်လှည်သောလမ်းခရီးအစဉ်ဖြင့် မြို့ကိုလှည့်လှည်ပြီးနောက် မင်းအိမ်နန်းတော်တံခါးဝသို့ ကြွတော်မူလေသည်။

မင်းကြီးသည် သပိတ်တော်ကိုယူ၍ နန်းတော်သို့သွင်းယူရန်စီစဉ်၏၊ ဘုရားရှင်က မင်းရင်ပြင်၌သာ သီတင်းသုံးလိုသောအမူအရာပြတော်မူသည်။

မင်းကြီးသည် ဘုရားရှင်၏အလိုဆန္ဒကို သိတော်မူ၍ မင်းရင်ပြင်၌ မဏ္ဍာပ်အလျင်အမြန်ဆောက်လုပ်ပြီးသောအခါ ဘုရားရှင်သည် ရဟန်းသံဃာများနှင့်တကွ မဏ္ဍာပ်၌ သီတင်းသုံးနေထိုင်တော်မူသည်။

www.dhammaransi.com



ဘုရားရှင်နန်းတော်ထဲသို့ဝင်၍ သီတင်းမသုံးခြင်းမှာ နန်းတော်တွင်းသီတင်းသုံးက လူအများကဖူးခွင့်ရမည်မဟုတ်၍ သုမနပန်းသည်၏ဂုဏ်ကျေးဇူးကို လူအများကပြသခွင့်ရမည် မဟုတ်သောကြောင့် နန်းတွင်း၌ သီတင်းမသုံးဘဲ မင်းရင်ပြင် ၌သာ သီတင်းသုံးခြင်းဖြစ်လေသည်။

ဘုရားရှင် မင်းရင်ပြင်၌ သီတင်းသုံးနေစဉ် သုမနလှူ လိုက်သောပန်းဗိမာန်တို့သည် လေးပါးသောအရပ်မျက်နှာတို့၌ တည်ကုန်သည်။

လူအပေါင်းတို့သည် ဘုရားရှင်ကိုခြံရံနေကြသည်၊ ဗိမ္ဗိ သာရမင်းကြီးသည် ဘုရားအမျိုးရှိသော သံဃာတော်များကို မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော် လေသည်။

ဘုရားရှင်ဆွမ်းဘုဉ်းပေးပြီးသောအခါ ဒွမ်းအနုမောဒ နာပြုပြီး ကျောင်းတော်သို့ကြွတော်မူသည်၊ ပန်းဗိမာန်လေးခုသည် ဘုရားရှင်ကိုဗိမာန်ပြုလျက် လိုက်ပါလာလေသည်၊ ဘုရားရှင် သည် လူအပေါင်းခြံရံလျက် ကျောင်းတော်သို့ကြွတော်မူသည်။

ဗိမ္ဗိသာရမင်းသည် ဘုရားရှင်နောက် အနည်းငယ်လိုက် ပြီး နောက်သို့ပြန်လှည့်ကာ သုမနပန်းသည်ကို ခေါ်ယူစေသည်။

သုမနပန်းသည်-သည် မင်းရှေ့သို့ရောက်သောအခါ-

www.dhammaransi.com



"သင်သည် ငါ့အတွက်ယူလာသောပန်းကို အဘယ်သို့ နှလုံးသွင်းပြီး ဘုရားရှင်ကိုလှူဒါန်းလိုက်ပါသနည်း"
ဟု မေးသည်။

"အရှင်မင်းမြတ်၊ ကျွန်ုပ်သည် အရှင်မင်းမြတ်သက် လိုကသတ်၊ တိုင်းပြည်ကနှင်ထုတ်လိုကနှင်ထုတ်ပါစေ ဟု ကြံပြီး အသက်ကိုစွန့်ကာ လှူဒါန်းလိုက်မိပါသည် ဘုရား"

"သုမန-သင်သည် ယောကျ်ားမြတ်ဖြစ်ပေသည်တကား"
ဟု မိန့်တော်မူသည်။

ထို့နောက် ဗိမ္ဗိသာရမင်းသည် သုမနပန်းသည်ကို-

-ရှစ်ကောင်သောဆင်

-ရှစ်ကောင်သောမြင်း

-ရှစ်ယောက်သောကျွန်မိန်းမ

-ရှစ်ယောက်သောကျွန်ယောကျ်ား

-ရှစ်ခုသောတန်ဆာတို့ကို ပေးသနားတော်မူသည်။

ထို့နောက်-

-အသပြာရှစ်ထောင်

-မင်းမျိုးမင်းနွယ်ဖြစ်သည့် အလုံးစုံသောတန်ဆာတို့ ဖြင့်တန်ဆာဆင်ထားသည့် အပျိုကညာရှစ်ယောက်

www.dhammaransi.com



-အခွန်ကောင်းစွာထွက်သော ကျေးလက်ရှစ်ရွာ

ဤသို့လျှင် ရှစ်စု-ရှစ်စုအရေအတွက်(အဌကဒါန)ကို ပေးသနားတော်မူသည်။

ဘုရားရှင်ကို ရှင်အာနန္ဒာမထေရ်က ထိုသုမနပန်းသည်၏ ယခုပြုထားသော ကုသိုလ်အကျိုးဆက်၏ အနာဂါတ်ဘဝကို မေးလျှောက်ထားရာ-

"အာနန္ဒာ-ယခုပြုရသောအကျိုးအာနိသင်သည် ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်လေးပါးမရောက်ရဘဲ လူ့ရပ်၊ နတ်ပြည်ကောင်းသောဂတိတို့၌သာလားရပြီး နောင်သောအခါ သုမနမည်သော ပစ္စေကဗုဒ္ဓဖြစ်ပေလိမ့်မည်"

ဟု ဘုရားရှင်က ဗျာဒိတ်စကား မိန့်ကြားခဲ့လေသည်။

သုမနပန်းသည်၏ တဒင်္ဂ၊ တစ်မိနစ်၊ တစ်စက္ကန့်ဆုံးဖြတ်ချက်ချပြီး အသက်စွန့်လွှတ်ကာ လှူလိုက်ရသော အကျိုးသည်ကား အံ့မခန်းရှိပေစွ၊ ပစ္စေကဗောဓိဆုကိုပင် ပန်ဆင်လွှမ်းနိုင်ခဲ့လေသည်တကား။

www.dhammaransi.com



## ရောဟိနီမင်းသမီး၏အံ့ဖွယ်ဒါန– အံ့ဖွယ်သုခ

အခါတစ်ပါး၌ အရှင်အနုရုဒ္ဓါမထေရ်သည် ရဟန်းငါးရာနှင့်အတူ ကပိလဝတ်သို့ကြွတော်မူလေသည်။

မထေရ်ကြွလာမှန်းသိ၍ ဆွေတော်မျိုးတော်များက မထေရ်ကိုလာရောက်တွေ့ဆုံနှုတ်ဆက်ဖူးမျှော်ကြသည်။

မထေရ်သည် မိမိကိုလာရောက်ဖူးမျှော်တွေ့ဆုံကြသော ဆွေတော်မျိုးတော်များထဲ၌ မိမိ၏နှမတော်သူ ရောဟိနီမင်းသမီးကိုမမြင်သဖြင့်-

"ရောဟိနီကောမလာဘူးလား၊ အဘယ်ရောက်နေပါသနည်း"

ဟု မေးတော်မူသည်။

"အရှင်ဘုရား. . . အိမ်၌တည်ရှိပါသည်"

"အဘယ်ကြောင့် ဤအရပ်သို့မလာပါသနည်း"

"အရှင်ဘုရား. . . ရောဟိနီကိုယ်၌ အရေအဆင်းယားယံခြင်းရောဂါသည် ဖြစ်ပေါ်နေ၍ ရှက်နိုးသောကြောင့်မလာရောက်ပါ "

"ဤသို့ဆိုလျှင် ရောဟိနီကို ငါ့ထံသို့ခေါ်ဆောင်ခဲ့ကြပါလော့"

www.dhammaransi.com



ထိုအခါ ဆွေမျိုးတော်တစ်ဦးက ရောဟိနီကိုသွားရောက်ခေါ်ယူသည်၊ ရောဟိနီမင်းသမီးလည်း အစ်ကိုဖြစ်သူကခေါ်၍ မငြင်းဆန်ဝံ့သဖြင့် တစ်ကိုယ်လုံးပုဆိုးစွပ်၍ဝတ်ပြီးလျှင် လိုက်လာသည်။

"ရောဟိနီ. . . အဘယ်အကြောင်းကြောင့် ငါ၏ထံမှောက်မလာရောက်ပါသနည်း"

ဟု မထေရ်က နှမကိုမေးသည်။

"အရှင်ဘုရား. . . တပည့်တော်မကိုယ်၌ အရေအဆင်းယားယံခြင်းရောဂါဖြစ်ပေါ်ခံစားနေရပြီး ရှက်နိုးသဖြင့်မလာရောက်ပါ"

"ရောဟိနီ. . . အသို့နည်း၊ ကောင်းမှုပြုခြင်းငှာတတ်နိုင်မည်လော"

"အရှင်ဘုရား. . . တပည့်တော်မအဘယ်ကောင်းမှုကိုပြုရပါအံ့နည်း"

"ရောဟိနီ. . . ဆွမ်းစားဇရပ်ကိုပြုလုပ်လေလော"

"အရှင်ဘုရား. . . အဘယ်ပစ္စည်းကို သိမ်းဆည်းယူငင်၍ဆောက်လုပ်ရပါအံ့နည်း"

"ရောဟိနီ. . . သင့်မှာဆင်မြန်းပေးထားသောလက်ဝတ် တန်ဆာပစ္စည်းဥစ္စာမရှိသလော"

www.dhammaransi.com



"အရှင်ဘုရား. . . ရှိပါ၏"

"အဘယ်မျှအဖိုးထိုက်သနည်း"

"အရှင်ဘုရား. အသပြာတစ်သောင်းအဖိုးထိုက်ပါ၏"

"ရောဟိနီ. . . ထိုသို့ဖြစ်လျှင် ထိုအဆင်တန်ဆာတို့ကို ကောင်းစွာစွန့်လွှတ်ရောင်းချ၍ ထိုမှရသောအသပြာဖြင့်ဆွမ်းစားဇရပ်ကိုဆောက်လုပ်ပါလေ"

"အရှင်ဘုရား. . . တပည့်တော်မ၏ကုသိုလ်အဆောက်အအုံကိုအဘယ်သူသည် ကြည့်ရှုစီမံပြုလုပ်ပေးပါမည်နည်း"

"ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် အနီး၌ရှိသော ဆွေတော်မျိုးတော်တို့ကိုကြည့်ရှုတော်မူ၍-

"ရောဟိနီ၏ကုသိုလ်အဆောက်အအုံကို စီမံကြည့်ရှုဆောင်ရွက်ပေးဖို့အတွက်ကိုမူ သင်တို့တာဝန်ယူကြပါလော" ဟု မိန့်ကြားတာဝန်ပေးသည်။

"အရှင်ဘုရား. . . အရှင်ဘုရားတို့သည်ကား အဘယ်ကို ပြုလတ့်ပါနည်း"

ဟု ဆွေတော်မျိုးတော်များကမေးသည်။

"ငါသည်လည်း ကြည့်ရှုစောင့်ရှောက်ခြင်းဖြစ်ပေအံ့၊ သင်တို့သည် ရောဟိနီ၏ကုသိုလ်ပြုဖွယ်အသွယ်သွယ်အထူးထူး အဆောက်အဦးပစ္စည်းတို့ကိုစုဆောင်းကြပါကုန်လော"

www.dhammaransi.com



"အရှင်ဘုရား. . . ကောင်းလှပါပြီ"

ဆွေတော်မျိုးတော်များက အဆောက်အဦးပစ္စည်းများကိုစုဆောင်းယူလာကြသည်၊ အရှင်အနုရုဒ္ဓါက ဘုံနှစ်ဆင့်ရှိသောဆွမ်းစားဇရပ်ဆောက်လုပ်မှုကိုကြီးကြပ်စီမံလမ်းညွှန်ပေးသည်။

အထက်၌ အခင်းပျဉ်ချပ်တို့ကို စီခင်းပြီးသောကာလမှစ၍ မထေရ်က ရောဟိနီကိုဆွမ်းစားဇရပ်အောက်၌ အမြဲမပြတ်တံမြက်စီးလှည်းစေပြီး နေရာတို့ကိုခင်းစေသည်၊ သောက်ရေအိုးတို့ကိုတည်စေသည်။

ရဟန်းသံဃာများသည် ထိုနေရာ၌အမြဲမပြတ်ထိုင်၍ သီတင်းသုံးနေထိုင်ကြသည်။

ရောဟိနီမင်းသမီးအား ဆွမ်းစားဇရပ်ကိုမပြတ် တံမြက်စည်းလှည်းစဉ်ပင်လျှင် ကိုယ်ရေအဆင်းယားယံပေါက်ကွဲခြင်းရောဂါသည် ညိုးနွမ်းသွားလေသည်။

ဆွမ်းစားဇရပ်ဆောက်လုပ်ပြီးစီးသော် ဘုရားအမှူးရှိသောရဟန်းအပေါင်းအား မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ကိုဆက်ကပ်လှူဒါန်းသည်။

မြတ်စွာဘုရားရှင်သည် ဆွမ်းစားခြင်းကိစ္စပြီးလတ်သော်-

"ဤကောင်းမှုအလှူသည် အဘယ်သူ၏ကောင်းမှုအလှူပေနည်း"

www.dhammaransi.com



"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်၏နှမတော် ရောဟိနီမင်းသမီး၏ကောင်းမှုအလှူဖြစ်ပါသည်ဘုရား"

ဟု အရှင်အနုရုဒ္ဓါကလျှောက်ထားသည်။

"ရောဟိနီသည် ယခုဘယ်မှာနည်း"

"အိမ်၌ ရှိနေပါသည်ဘုရား"

"ရောဟိနီကို ခေါ်ကြကုန်လော"

ထိုအခါ ဆွေမျိုးက ရောဟိနီကိုသွားရောက်ခေါ်ကြသည်၊ ရောဟိနီက ပထမ၌ မလိုက်လိုကြောင်း ငြင်းဆိုသည်၊ နောက်သော်ဘုရားရှင်က မလာမနေရခေါ်သောကြောင့် လိုက်ပါလာရသည်။

"ရောဟိနီ. . . အဘယ်ကြောင့် သင်သည် ငါ့ထံသို့ မလာရောက်လိုပါသနည်း"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်မ၏ကိုယ်၌ အရေပြားအနာရောဂါရှိပါ၏၊ ထိုအနာရောဂါစွဲကပ်လျက် ရှက်နိုးခြင်းရှိသောကြောင့် မလာရောက်လိုပါဘုရား"

"ရောဟိနီ. . . သင့်အား ဤကဲ့သို့ရောဂါအနာဖြစ်ရခြင်းသည် အဘယ်ကိုအမှီပြု၍ ဤသို့သောအနာဖြစ်ရသည်ကို သင်သိပါသလော"

www.dhammaransi.com



"မြတ်စွာဘုရား. . . မသိပါဘုရား"

"ရောဟိနီ. . . သင်သည် အတိတ်ဘဝက ကြမ်းကြုတ်ရက်စက်အမျက်ဒေါသကိုအမှီပြု၍ ဤသို့သောအနာရောဂါဖြစ်ရပေသည်"

"မြတ်စွာဘုရား. . . တပည့်တော်မသည် အဘယ်သို့သောအမှုကိုပြုလုပ်မိခဲ့ပါသနည်း"

"ရောဟိနီ. . . ထိုသို့ဆိုလျှင် နာကြားလော့"

ဟု ဘုရားရှင်ကမိန့်ကြားပြီးလျှင် ရောဟိနီ၏အတိတ်ဘဝက ဗာရဏသီမင်း၏မိဖုရားကြီးဖြစ်စဉ် ဘုရင်မင်းမြတ်ကချစ်မြတ်နိုးသောကချေသည်မလေးကို ခွေးလေးယားသီးတို့ဖြင့် ကြဲဖြန့်နှိပ်စက်ခဲ့သဖြင့် ကချေသည်မလေးမှာ တစ်ကိုယ်လုံးယားယံ ဖူးရောင်ပူလောင်ခံခဲ့ရသည့်အတိတ်ဖြစ်ရပ်ကို ဘုရားရှင်ကဟောပြောပြလေသည်။

"ရောဟိနီ. . . ထိုအခါက အသင်သည် ဤသို့သောမကောင်းမှုကံကိုပြုခဲ့၏၊ အနည်းငယ်မျှလည်းဖြစ်သော ကြမ်းကြုတ်ရက်စက်အမျက်ကိုလည်းကောင်း၊ ချုပ်ချယ်စောင်းမြောင်းမကောင်းသောပြောဆိုခြင်းတို့ကိုလည်းကောင်း ပြုလုပ်ခြင်းငှာမလျှောက်ပတ်သည်သာတည်း"

ဟု ဘုရားရှင်ကတရားဟောတော်မူရာ ဒေသနာတော်၏အဆုံး

www.dhammaransi.com



ဝယ် များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကြကုန်သည်၊ ရောဟိနီမင်းသမီး၏ကိုယ်သည် ထိုခဏ၌ ရွှေအဆင်းကဲ့သို့အဆင်းရှိပြီး သောတာပတ္တိဖိုလ်လည်းတည်လေသည်။

ရောဟိနီမင်းသမီး၏ အံ့ဖွယ်ဒါနနှင့်အံ့ဖွယ်သုခသည် အတိုင်းမသိ ဖြစ်ရလေတော့သည်။

(ဓမ္မပဒ၊ ကောဓဝဂ်၊ ရောဟိနီခတ္တိယကညာဝတ္ထု)

## သုပ္ပိယဥပါသိကာမ၏အံ့ဖွယ်ဒါန– အံ့ဖွယ်သုခ

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှတစ်ဆင့် ဗာရဏသီပြည်သို့ကြွရောက်၍ ဗာရဏသီပြည်၊ ဣသိပတန မည်သောသားတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေထိုင်ချိန်ဖြစ်သည်။

ထိုအချိန်ဝယ် ဗာရဏသီပြည်၌ သုပ္ပိယဥပါသကာနှင့် သုပ္ပိယဥပါသိကာမနှစ်ဦးစလုံးသည် ရတနာသုံးပါး၌အလွန်ကြည်ညိုကြသူများဖြစ်ကြသလို ပစ္စည်းလေးပါးကိုလည်းလှူကြသည်၊ သံဃာတို့၏အမှုခပ်သိမ်းတို့ကိုလည်း ပြုလုပ်ဆောင်ရွက်ပေးကြလေ့ရှိသည်။

www.dhammaransi.com



တစ်နေ့တွင် သုပ္ပိယဥပါသိကာမသည် ကျောင်းအရံများ သို့သွား၍ ကျောင်းတစ်ကျောင်းမှတစ်ကျောင်း၊ ပရိဝုဏ်တစ်ခု မှပရိဝုဏ်တစ်ခုသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းတို့ကို-

"အရှင်ဘုရားတို့ . . အဘယ်ရဟန်းသည် နာဖျားပါသနည်း၊ အဘယ်ရဟန်းအတွက် အဘယ်အကျိုးကိုဆောင်၍ ပေးရမည်နည်း"

ဟုမေးလျှောက်သည်။

ထိုအချိန်ဝယ် ရဟန်းတစ်ပါးသည် ဝမ်းနှုတ်ဆေးကို သောက်မိ၍ ဝမ်းလျှောနေသည်၊ သုပ္ပိယဥပါသိကာမကဤသို့ မေးလျှောက်ထားလေသည်-

"အရှင်ဘုရား၏ကျန်းမာရေးအတွက် အဘယ်အရာကိုရလျှင် သင့်တော်ပါမည်နည်း ဘုရား"

"ဒါယကာမကြီး အသားစွပ်ပြုတ်ရည်ရက သင့်တော်မည် ထင်ပါသည်"

"အရှင်ဘုရား မပူပါလင့်၊ တပည့်တော်မပို့ပေးလိုက်ပါမည်ဘုရား"

သုပ္ပိယဥပါသိကာမသည် ရဟန်းတော်အား ထိုသို့ လျှောက်ထားပြီး အိမ်သို့ပြန်လာကာ အစေခံတစ်ယောက်ကို ဈေးသို့စေလွှတ်၍ ရရာ ပွဲသက္ကူအသားကို ဝယ်ယူခိုင်းလိုက်လေသည်။

www.dhammaransi.com



အစေခံသည် တစ်မြို့လုံးဈေးစုံသို့သွားကာ ပုံ့သကူ အသားကိုရှာရာ ရှာမရ၍ သုပ္ပိယဥပါသိကာမထံပြန်လာပြီး အသားမရကြောင်း ပြန်ပြောပြလေသည်။

"ငါကား ရဟန်းအရှင်မြတ်အတွက် သားမျိုးဟင်းရည်ကိုပို့ပေးမည်ဟုလျှောက်ထားခဲ့ပြီးမှ ပုံ့သကူအသားကို မရသဖြင့် မပို့သဘဲနေလျှင် အရှင်မြတ်သည် အခြားမှလည်းသားမျိုးဟင်းရည်မရ၍ ဆင်းရဲငြိုငြင်ပင်ပန်းရှာတော့မည်၊ ငါသည် တစ်စုံတစ်ရာကိုရအောင်ပြု၍ ပို့ပေးမှသင့်မည်"

သုပ္ပိယဥပါသိကာမသည် ဤသို့စဉ်းစားပြီးလျှင် အိမ်ခန်းတွင်းသို့ဝင်ကာ မိမိ၏ပေါင်သားကိုဖြတ်လှီးလိုက်ပြီးလျှင် အိမ်စေကျွန်မအား-

"ကျွန်မ-ဤအသားကိုယူ၍ ဟင်းချိုရရင် ဆိုင်ရာငရုတ်၊ ကြက်သွန်၊ ဇီယာ၊ ကရဝေ စသည်တို့နှင့်ရောစပ်၍ သားမျိုးဟင်းရည်ကိုအမြန်ပြုလုပ်ပါ၊ ပြီးလျှင် ထိုဟင်းရည်ကို မိဂဒါဝုန်ကျောင်းတိုက်ရှိ ဂိလာနရဟန်းထံသွားပို့ပေးပါ၊ ငါ့ကို အကယ်၍မေးအံ့၊ နေမကောင်း၍နေခဲ့ကြောင်း လျှောက်ထားပေးပါ"

ဟု မှာကြားပြီး စေခိုင်းလိုက်သည်။

သို့တွက် ကျွန်မသည် သုပ္ပိယဥပါသိကာမ ပြောဆိုသည့်အတိုင်းဆောင်ရွက်ပြီး ရဟန်းထံသို့ ပို့ပေးလေသည်။

www.dhammaransi.com



သုပ္ပိယဥပါသိကာမ၏ အံ့မခန်းသော စေတနာသဒ္ဓါ ဘုရားကား အနှိုင်းအဆပင် မရှိနိုင်ပါချေ။

လူသားတို့လှူနိုင်ခဲ့သော မိမိအသွေးအသားကို ဖြတ်တောက်လှူမှုဟူသည် ပြုလုပ်နိုင်ခဲသော အရာဖြစ်ပါသည်။

မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိတော်မူ၍ နောက်တစ်နေ့ဆွမ်းခံချိန်၌ ရဟန်းအပေါင်းခြံရံလျက် သုပ္ပိယ ဥပါသကာမ၏ ပင့်ဖိတ်လျှောက်ထားချက်အရ သုပ္ပိယဥပါသိကာမ၏အိမ်သို့ကြွတော်မူလေသည်။

မြတ်စွာဘုရားသည် အိမ်၌ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးလျှင် မိမိအားမေးလျှောက်ဝတ်ပြုသော သုပ္ပိယ ဥပါသကာကို-

"ဒါယကာ သုပ္ပိယဥပါသိကာမ အဘယ်မှာနည်း"

ဟု မေးတော်မူသည်။

"မြတ်စွာဘုရား-မမာမကျန်းဖြစ်နေပါသည် ဘုရား"

ဒါယကာ-မမာမကျန်းဖြစ်လဲ ခဏမျှလာစေပါလော"

မြတ်စွာဘုရား-ခဏမျှပင် မလာနိုင်အောင် ဖြစ်နေပါသည်ဘုရား"

"ဒါယကာ-ထိုသို့မလာနိုင်လျှင် ပွေ့ချီ၍ ခေါ်ဆောင်ခဲ့ကြပါလော့"

www.dhammaransi.com



ထိုအခါ သုပ္ပိယဥပါသကာသည် သုပ္ပိယဥပါသိကာမကိုပွေ့ချီ၍ ဘုရားရှင်ရှေ့မှောက်သို့ သယ်ဆောင်လာခဲ့သည်။

သုပ္ပိယဥပါသိကာမသည် ဘုရားရှင်ကိုဖူးမြင်လိုက်ရသည်နှင့်တပြိုင်နက်တည်းပင် ပေါင်မှအသားဖြတ်ယူထားသောကြီးစွာသောအနာသည် အသားနုတက်ကာ ပကတိအရေ၊ အမွေးတို့ဖြင့် ပကတိအသားအတိုင်း ပြန်ဖြစ်လေသည်။

ထိုအခါ ဇနီးမောင်နှံနှစ်ဦးသည် မဖြစ်စဖူး၊ ထူးကဲအံ့ဩသောဝမ်းသာခြင်းဖြစ်ပြီး ဘုရားရှင်၏ဘုန်းတန်ခိုးတော်သည် အလွန်ပင်ကြီးမြတ်လှပါတကား-

ဟု ဝမ်းသာရွှင်လန်းဖြစ်ခဲ့ကြပြီး ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးကြလေသည်။

မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် သုပ္ပိယဇနီးမောင်နှံကို ဆွမ်းအနုမောဒနာတရားဟောကြား ပြီး ကျောင်းသို့ပြန်ကြွခဲ့သည်။

ကျောင်းသို့ရောက်လျှင် ဘုရားရှင်သည် သံဃာတော်များကိုစုဝေးစေပြီးနောက် အများသံဃာရှေ့မှာပင်မေးမြန်းတော်မူသည်။

“ရဟန်းတို့. . . အဘယ်သူသည် သုပ္ပိယဥပါသိကာမထံမှအသားကိုတောင်းယူခဲ့ပါသနည်း”

www.dhammaransi.com



"မြတ်စွာဘုရား. . . တပည့်တော်သည် တောင်းယူခဲ့ပါသည်ဘုရား"

ဟု ဂီလာနရဟန်းက ဖြေခဲ့သည်။

"ရဟန်း. . . သုပ္ပိယဥပါသိကာမသည် ထိုအသားကိုပို့ဆောင်ပေးခဲ့ပါသလော"

"မြတ်စွာဘုရား. . . ပို့ဆောင်ပေးခဲ့ပါသည်ဘုရား"

"ရဟန်း. . . သင်သုံးဆောင်ခဲ့ပါသလော"

"မြတ်စွာဘုရား-တပည့်တော် သုံးဆောင်မိပါသည်ဘုရား"

"ရဟန်း. . . သင်သည် ထိုအသားကိုစုံစမ်းမေးမြန်းခဲ့ပါသလော"

"မြတ်စွာဘုရား. . . မစုံစမ်းမမေးမြန်းမိပါဘုရား"

မြတ်စွာဘုရားရှင်သည် ထိုရဟန်းကို ကဲ့ရဲ့တော်မူပြီးလျှင်-

"ရဟန်းတို့. . . သဒ္ဓါတရားရှိ၍ ကြည်ညိုသောသူသည် မိမိ၏အသားကိုသော်လည်းကောင်း၊ စွန့်လွှတ်လှူကုန်၏၊ ရဟန်းတို့. . . လူသားကို မစားအပ်မစားကောင်း၊ စားသောရဟန်းသည် ထုလ္လစ္စဉ်းအာပါတ်သင့်စေ၊

www.dhammaransi.com



ရဟန်းတို့ . . မစုံစမ်းမေးမြန်းသောအသားကို မစားကောင်း၊ မစားအပ်၊ စားသောရဟန်းသည် ဒုက္ကဋ်အာပတ်သင့်စေ”

ဟု သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

မိမိ၏ပေါင်သားကို ဖြတ်တောက်၍ သဒ္ဓါတရားထက်သန်စွာ စွန့်လွှတ်စွန့်စား ထူးဆန်းအံ့ဩဖွယ်ကောင်းလောက်အောင်လှူဒါန်းခဲ့သော သုပ္ပိယဥပါသိကာမသည် နောင်အချိန်ဝယ် ဘုရားရှင်က-

“ရဟန်းတို့ . . သူနာကိုလုပ်ကျွေးပြုစုတတ်ကုန်သော ငါဘုရား၏တပည့်သာဝိကာမတို့တွင် သုပ္ပိယဥပါသိကာမသည်သာ အသာဆုံး-အမြတ်ဆုံးဖြစ်ပေ၏”

ဟု ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

သုပ္ပိယဥပါသိကာမ၏ အံ့မခန်းထူးဆန်းသောအလှူအဖြစ်အပျက်သည်ကား ဂေါတမဘုရားရှင်၏ သာသနာတော်ဝယ် ဝိနည်းသိက္ခာပုဒ်အဖြစ် မှတ်တမ်းတင်ခဲ့ရသလို အံ့မခန်းအလှူရှင်အဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါတော့သည်။

(မဟာဝါ-ဘေသဇ္ဇက္ခန္ဓက
လူသားစား ပယ်ခြင်းသိက္ခာပုဒ်)

www.dhammaransi.com



## တေလပနာဠိရွာသူ၏အံ့ဖွယ်ဒါန– အံ့ဖွယ်သုခ

ဥဇ္ဇေနီတိုင်း ဥဇ္ဇေနီပြည်အနီးဝယ် 'တေလပနာဠိ' အမည်ရှိသော ရွာတစ်ရွာရှိသည်၊ ထိုရွာတွင် ဥစ္စာပစ္စည်းနှင့် ပြည့်စုံသော သူဌေးနှစ်ဦးရှိပြီး ထိုသူဌေးနှစ်ဦးတွင် သမီးတစ်ယောက်စီ အသီးသီးရှိကြလေသည်။

နောင်တစ်ချိန်တွင် သူဌေးတစ်ဦးသည် ဆင်းရဲသွားပြီး မကြာခင်ပင် မိဘနှစ်ဦးစလုံးကွယ်လွန်သွား၍ သူဌေးသမီးသည် အထိန်းတော်အိမ်ဖော် အမျိုးသမီးကြီးနှင့် မှီခိုနေရလေသည်။

ထိုစီးပွားပျက်အမျိုးသမီးသည် အဆင်းလှပသလို ဆံကေသာကလည်း အလွန်ကောင်းမွန်ရှည်လျားလေသည်။

အခြားသူဌေးသမီးတစ်ဦးသည် စီးပွားဥစ္စာအဖြာဖြာနှင့်ပြည့်စုံသော်လည်း ဆံပင်ကမလှမပရှိလေသည်၊ သို့အတွက် သူဌေးသမီးသည် ဆင်းရဲသွားသော သူဌေးသမီးထံမှ ဆံပင်ရောင်းရန်နှင့်ဆံပင်ရောင်းမည်ဆိုက ဆိုသောဈေးပေးမည်ဖြစ်ကြောင်းပြော၍ ဆံပင်ကိုဝယ်သည်။

ဆင်းရဲသွားသော သူဌေးသမီးက မိမိ၏ဆံပင်ကို ရောင်းရန်ငြင်းပယ်ခဲ့သည်။

ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း၏ ပုရောဟိတ်ကစ္စနသည် မင်း၏ခွင့်ပြုချက်အရ ဘုရားရှင်ကို အဖော်ခုနစ်ယောက်နှင့်အတူ ဘုရားပင့်ဆောင်ရန် ဘုရားရှင်ထံသို့ရောက်ခဲ့ကြသည်။

www.dhammaransi.com



ဘုရားရှင်ထံသို့ရောက်၍ ဘုရားရှင်၏တရားကိုကြားနာပြီးသော် ပုရောဟိတ်ကစ္စနနှင့်အဖော်ခုနစ်ဦးတို့သည် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ကြပြီး ဘုရားရှင်က ဧဟိဘိက္ခုဟုခေါ်ကာမျှဖြင့် တန်ခိုးဖြင့်ပြီးသော သင်္ကန်း၊ သပိတ်တို့ကို ကိုယ်ပေါ်ရောက်ရှိလာကြပြီး ရဟန်းအဖြစ်သို့ရောက်ခဲ့ကြသည်။

အရှင်ကစ္စည်းမထေရ်သည် မိမိ၏ရဟန်းကိစ္စပြီး၍ အရဟတ္တဖိုလ်သို့ရောက်ပြီးသော် ကြောင့်ကြမှုမနေဘဲ အရှင်ကာဠုဒါယီမထေရ်က ဘုရားရှင်ကို ကပိလဝတ်ကြွရန် ဂါထာခြောက်ဆယ်ဖြင့် လျှောက်ထားသလို ဘုရားရှင်ဥဇ္ဇေနီပြည်ကြွရန် လမ်းခရီး၏သာယာတင့်မောဖွယ်ရှိပုံကို ဂါထာဖွဲ့၍ လျှောက်ထားလေသည်။

ဘုရားရှင်က အရှင်ကစ္စည်းမထေရ်၏ အလိုဆန္ဒကို သိတော်မူသည်။ သို့သော် ဘုရားရှင်တို့မည်သည်အကြောင်းတစ်ခုခုကိုအစွဲပြု၍သွားရန် မသင့်လျော်သောအရပ်သို့ ကြွသွားလေ့မရှိပေ။

သို့ဖြစ်၍ ဘုရားရှင်သည် အရှင်ကစ္စည်းကိုသာလျှင် ဥဇ္ဇေနီပြည်သို့ကြွရန် မိန့်ကြားလေသည်၊ အရှင်ကစ္စည်းသည် ဘုရားရှင်၏အလိုဆန္ဒအတိုင်း မိမိ၏အဖော်ခုနစ်ပါးနှင့်အတူ ဥဇ္ဇေနီပြည်သို့ကြွတော်မူလေသည်။

www.dhammaransi.com



လမ်းခရီးတွင် တေလပနာဋ္ဌိရွာသို့ဝင်ကာ ဆွမ်းခံလှည့်လှည်တော်မူကြလေသည်။

ဆင်းရဲသွားသောသူဌေးသမီးသည် အရှင်မဟာကစ္စည်းနှင့်ရဟန်းခုနှစ်ပါးဆွမ်းခံဝင်လာသည်ကို တွေ့မြင်ရသည်။

"ရွှေရောင်အဆင်းရှိသော ဗြဟ္မာ့နွယ်ဖွား ဤရဟန်းတော်တစ်ပါးသည် ဆွမ်းမရသောသပိတ်ဖြင့်သာ ကြွနေရသည်၊ ငါ့မှာလည်း တစ်ခြားဥစ္စာကမရှိ၊ ဤမည်သော သူဌေးသမီးသည် ငါ၏ဆံပင်ကို ရှေ့ကလူလွှတ်ပြီးဝယ်ဖူးသည်၊ ယခု ငါ့ဆံပင်ရောင်း၍ မထေရ်တို့အတွက် ဆွမ်းစီမံသော်ရနိုင်မည်ထင်၏"

ဆင်းရဲသားသူဌေးသမီးသည် ဤသို့စဉ်းစားမိပြီး အဖော်အဒေါ်ကြီးကိုခေါ်ကာ မထေရ်များကိုပင့်စေပြီး အိမ်တွင်း၌ထိုင်နေစေသည်။

သူဌေးသမီးသည် မထေရ်မြတ်တို့ထိုင်မိကြသောအခါ အိမ်ခန်းတွင်းသို့ဝင်၍ အထိန်းတော်ကြီးကို မိမိ၏ဆံပင်များကို ရိတ်ဖြတ်စေပြီးလျှင်-

"မိခင်. . . ဤဆံပင်များကို ဤမည်သော သူဌေးသမီးထံသွားရောင်းပါ၊ သူမ, ပေးသမျှကိုယူခဲ့ပါ၊ ယိုငွေဖြင့် အရှင်မြတ်တို့ကို ဆွမ်းဆက်ကပ်ပါမည်"

ဟု ပြောဆိုလွှတ်လိုက်လေသည်။

www.dhammaransi.com



အထိန်းတော်ကြီးသည် စိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းကြေကွဲကာ မျက်ရည်များအတွေတွေစီးကျလျက် လက်ဖမိုးဖြင့် မျက်ရည်များသုတ်၍ကျန်လက်တစ်ဖက်ဖြင့် မိမိရင်ကိုမချီကာ မထေရ်မြတ်တို့၏အနီး၌မမြင်ရလေအောင်ဖုံးဝှက်၍ ဆံပင်များကိုယူဆောင်ကာ ရှေးကဆံပင်အဝယ်လွှတ်ဖူးသော သူဌေးသမီးထံသို့ သွားရောက်ရောင်းချလေသည်။

ရောင်းကုန်တို့မည်သည် ကောင်းမွန်အဖိုးထိုက်တန်သောပစ္စည်းပင်ဖြစ်လင့်ကစား ပစ္စည်းရှင်ကိုယ်တိုင်က ဝယ်ယူသူထံသွားပို့လျှင် ဝယ်ယူသူက စျေးနှိမ်တက်သောသဘောဓမ္မတာအတိုင်း ယခင်ကဆံပင်ဝယ်ခဲ့သော သူဌေးသမီးက စျေးနှိမ်၍ ဝယ်လိုသည်ဖြစ်၍-

"အထိန်းတော်ကြီး. . . ကျွန်မသည် ရှေးကအထိန်းတော်ကြီး၏သခင်မဆံပင်ကို တန်ဖိုးကြီးစွာဝယ်ယူခဲ့သော်လည်း ဝယ်မရခဲ့ပါ၊ ယခု ဖြတ်ပြီးသောဆံပင်သည် မည်သို့မျှ အသုံးချ၍မရတော့ပါ၊ သနားသောအားဖြင့် ရှစ်အသပြာသာပေးပါမည်၊ ရောင်းနိုင်ကရောင်းပါ၊ မရောင်းနိုင်ကပြန်ယူသွားပါ "

ဟု ပြော၍ စျေးနှိမ်ပေးလေသည်။

အထိန်းတော်ကြီးသည် မိမိ၏သခင်မက ရသည့်စျေးနှင့်ရောင်းခဲ့ဟု မှာကြားထား၍ ရှစ်အသပြာဖြင့်ပင် ရောင်းချ

www.dhammaransi.com



ရန်သဘောတူပြီး ရှစ်အသပြာယူပြီး ပြန်လာကာ သူဋ္ဌေးသမီး ကို အပ်နှံလေသည်။

သူဋ္ဌေးသမီးသည် တစ်ပါးတစ်ပါးလျှင် အသပြာတစ် ကျပ်စီကာန်ဖိုးထားပြုလုပ်၍ မထေရ်မြတ်ရှစ်ပါးတို့အတွက် ဆွမ်း စီမံပြီး ဆက်ကပ်လှူဒါန်းလေသည်။

အရှင်ကစ္စည်းမထေရ်မြတ်သည် သူဋ္ဌေးသမီး၏ဆွမ်းကို ဆင်ခြင်ကြည့်သည်၊ သူဋ္ဌေးသမီး၏ ရှေးဘဝကအားကြီးသော ကောင်းမှုကိုမြင်တော်မူသည်။

"သူဋ္ဌေးသမီး. . . ယခုအခါ ဘယ်မှာနည်း"

ဟု အထိန်းတော်ကြီးကိုမေးလိုက်သည်။

"အိမ်ခန်းထဲမှာပါဘုရား"

"ဆွမ်းဒါယိကာမ. . . သူဋ္ဌေးသမီးကို ခေါ်လိုက်ပါ"

ဆွမ်းဒါယိကာမ သူဋ္ဌေးသမီးသည် မထေရ်တို့ကိုရိုသေ လှသည်ဖြစ်သောကြောင့် တစ်ခွန်းတည်းသောစကားဖြင့်ပင် လာရောက်၍ မထေရ်တို့ကိုရှိခိုးပြီးလျှင် အားကြီးသောသဒ္ဓါ တရားတို့ကို အထပ်ထပ်ဖြစ်ပွားစေလေသည်။

လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ဘုရားရှင်၏ သာသနာတော်ဝယ် သဒ္ဓါကြည်ဖြူ၍ ကြဲချလှူအပ်သောဆွမ်း အလှူမျိုးစေ့သည် မျက်မှောက်ဘဝ၌ပင် အကျိုးပေးသော သဘောရှိပေသည်သာ။

www.dhammaransi.com



သူဌေးသမီးသည် မထေရ်မြတ်တို့ကို သဒ္ဓါစိတ်ထက်သန်စွာဖြင့်ရှိခိုးလိုက်သည်နှင့်တပြိုင်နက်တည်း ဆွမ်းဒါယိကာမ သူဌေးသမီး၏ဆံပင်များသည် မူလပကတိအတိုင်းပင် ပြန်လည်ဖြစ်ပေါ်လာသည်။

မထေရ်တို့သည် ဆွမ်းကိုအလှူခံပြီး သူဌေးသမီးရှေ့မှာပင် ကောင်းကင်သို့ ပျံတက်ကြွတော်မူကြသည်။

သဒ္ဓါစွမ်းအားကြောင့် ဖြတ်ထားသောဆံပင်များမှာ မူလအတိုင်းပြန်ဖြစ်သောအဖြစ်အပျက်သည် အံ့ဩထူးဆန်းသောအဖြစ်အပျက်ပင် ဖြစ်ပါသည်။

အရှင်မဟာကစ္စည်းမထေရ်သည် စဏ္ဍပဇ္ဇောတမင်း၏ ကဥ္စနဝနမည်သောဥယျာဉ်၌ သက်ဆင်းကြသည်၊ ဥယျာဉ်မှူးသည် အရှင်မဟာကစ္စည်းကိုဖူးတွေ့မြင်ရလျှင် မင်းကြီးထံသို့ သွားရောက်ကာ-

"အရှင်မင်းကြီး. . . ကျွန်ုပ်၏ အရှင်ကစ္စနပုရောဟိတ်ကြီး ရှင်ရဟန်းပြုပြီး ဥယျာဉ်တော်သို့ကြွရောက်လာပါပြီ"

ဟု လျှောက်ထားလေသည်။

စဏ္ဍပဇ္ဇောတမင်းကြီးသည် အားရဝမ်းသာစွာဖြစ်ပြီးလျှင် ဥယျာဉ်သို့ချက်ချင်းလာ၍ မထေရ်ကို ထိခြင်းငါးပါးဖြင့် ရိုသေစွာရှိခိုးပြီးလျှင် မိမိသိလိုသော ဘုရားရှင်ပါ-မပါကို လျှောက်ထားလေသည်။

www.dhammaransi.com



"အရှင်ဘုရား-မြတ်စွာဘုရား အဘယ်မှာနည်း"

"မင်းကြီး. . . ဘုရားရှင်သည် ကိုယ်တော်တိုင်မကြွလာသေးပါ၊ အကျွန်ုပ်ကိုသာ ဦးစွာလွှတ်လိုက်ပါသည်"

"အရှင်ဘုရားတို့သည် ယနေ့ဆွမ်းကိုအဘယ်အရပ်မှာရခဲ့ပါသနည်း"

အရှင်မဟာကစ္စည်းသည် မင်းကြီး၏အမေးနှင့်လိုက်လျောတူညီစွာ ဆွမ်းဒါယိကာမသူဌေးသမီးပြုအပ်သော ခဲယဉ်းအံ့ဖွယ်သောကောင်းမှုကုသိုလ်အကြောင်းကို အလုံးစုံ ပြန်ကြားမိန့်တော်မူသည်။

စဏ္ဍပဇ္ဇောတမင်းကြီးသည် အရှင်မဟာကစ္စည်းအတွက် သီတင်းသုံးရန်နေရာကို စီမံပေးပြီး နောက်နေ့အတွက်ဆွမ်းကို ဖိတ်ကြားပြီး နန်းတော်သို့ပြန်လာခဲ့သည်။

နန်းတော်သို့ပြန်ရောက်လျှင် မင်းကြီးသည် သူဌေးသမီးကိုမင်းအာဏာဖြင့်ခေါ်ယူ၍ မိဖုရားကြီးအရာ၌မြှောက်စားချီးမြှင့်ထားလေသည်။

ဆွမ်းဒါယိကာမ တေလပနာဠိရွာသူဌေးသမီး၏ အံ့ဖွယ်ဒါနနှင့်အံ့ဖွယ်သုခသည် ဂေါတမဘုရားရှင်၏သာသနာ့မှတ်တိုင်ဝယ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါသည်။

www.dhammaransi.com



## မဟာတိဿ၏အံ့ဖွယ်ဒါန - အံ့ဖွယ်သုခ

မဟာဂါမရွာသား ထင်းခွေဆင်းရဲသားယောကျ်ား ထင်းခွေစားရ၍ သူ့ကိုအများက ထင်းခွေသမား မဟာတိဿ ဟု ခေါ်စမှတ်ပြုထားကြသည်။

တစ်နေ့ မဟာတိဿသည် မိမိ၏မယားကို ဤသို့ညှိနှိုင်းကြည့်သည်-

"ရှင်မ. . . ငါတို့တွေဆင်းရဲစွာအသက်ရှည်နေရခြင်းသည် ဘာမျှအကျိုးမရှိပါ၊ ဘုရားရှင်က သူ၏ဆင်းရဲ၏အလှူကြီးပုံကိုဟောထားတော်မူတယ်၊ ငါတို့မှာလည်း မပြတ်လှူရန်ဆိုတာကလည်းမဖြစ်နိုင်ဘူး၊ အဲဒီတော့ လဆန်းပက္ခ၊ လဆုပ်ပက္ခလောက်သောဆွမ်းကိုတော့လှူရအောင်၊ ပြီးတော့ စာရေးတံဆွမ်းပေါ်လာကလည်း လှူကြရအောင်"

လင်ဆင်းရဲသား၏ အကြံပြုပြောပြချက်ကို မယားကလည်းသဘောတူသည်၊ သို့အတွက် နောက်တစ်နေ့တွင် ရသမျှသောပက္ခိတဘတ်ဆွမ်းအလှူကို လှူဒါန်းကြလေသည်။

ထိုအချိန်၌ ရဟန်းတို့တွင် ပစ္စည်းလေးပါးနှင့်ပတ်သက်၍ ဆင်းရဲမှုမရှိကြ၍ သာမဏေငယ်များပင် မွန်မြတ်သောဘောဇဉ်တို့ကိုသုံးဆောင်နေရသဖြင့် မဟာတိဿတို့လင်မယားလှူသော ပက္ခိတဘတ်ဆွမ်းကို ဤဘောဇဉ်သည် ကြမ်းတမ်းသော

www.dhammaransi.com



အာဟာရဖြစ်သည်ဟုဆိုကာလှူသောဆွမ်းကိုအလှူခံရှိသာခံပြီး အလှူရှင်ရှေ့မှာပင်စွန့်ပစ်ကြလေသည်။

မဟာတိဿမယားသည် ရှင်သာမဏေများ မိမိတို့လှူ လိုက်သောဆွမ်းကို စွန့်ပစ်သွားသည်ကိုမြင်ရသောအခါ-

"ကျွန်ုပ်တို့လှူသည်ကို စွန့်ပစ်သွားကြပြီ"

ဟု လင်ယောကျ်ားအားပြောပြသည်။

ထိုသို့ပြောပြသော်လည်း မယားသည် သာမဏေများ အပေါ် စိတ်အမျက်မထွက်ပေ၊ စိတ်နှလုံးမသာမယာလည်းမဖြစ်။

"ငါတို့ဆင်းရဲသည့်အတွက် အရှင်မြတ်များအား ချမ်းချမ်း သာသာသုံးဆောင်ရန် မတတ်နိုင်ကြခြင်းဖြစ်သည်၊ အဘယ်ကဲ့ သို့ပြုလုပ်ပြီး အရှင်မြတ်များ၏စိတ်နှလုံးကိုဆွဲဆောင်ရန် တတ် နိုင်မည်လဲရှင်မရယ်"

"ချစ်လင်. . ဘယ်လိုပြောလိုက်လဲ၊ လောကဌ် သားသမီး တန်းလန်းရှိကြသည့်ဆင်းရဲသူများဟူ၍မရှိကြပေသေးသည်၊ ဒီမှာ ရှင့်သမီးမဟုတ်လား၊ ဒီသမီးကို အမျိုးကောင်းသားတစ်ဦးအိမ်၌ ငွေ(၁၂)အသပြာဖြင့်အပေါင်ထားပြီး အဲဒီငွေဖြင့် နို့စားနွားမတစ် ကောင်ဝယ်ယူ၊ စာရေးတံမဲဖြင့် အရှင်မြတ်တို့ကိုပေးလှူကြပါစို့၊ ထိုသို့လှူလျှင် အရှင်မြတ်တို့၏စိတ်ကိုဆွဲဆောင်နိုင်ပါလိမ့်မယ် လို့ထင်ပါတယ်"

www.dhammaransi.com



မဟာတိဿသည် မယားပြောသည်ကိုသဘောတူလက်ခံပြီး သမီးငယ်ကို သူဌေးတစ်ဦးအိမ်၌ အလုပ်အကျွေးအဖြစ်အပေါင်ထားပြီး ငွေယူကာ နို့စားနွားမတစ်ကောင်ဝယ်ယူခဲ့လေသည်။

ထိုလင်မယားတို့၏ စေတနာထက်သန်သော သဒ္ဓါတရားကြောင့် ထိုညနေမှာပင် နို့စားနွားမသည် ညချမ်းနို့အိုး(၃)လုံး၊ နံနက်နို့အိုး(၃)လုံးပြည့် နို့ရည်များချပေးလေသည်။

မဟာတိဿသည် ညနေချမ်း၌ရသောနို့ကို နို့စမ်းပြုလုပ်ပြီး နောက်တစ်နေ့၌ ထိုနို့စမ်းမှရသောဆီဦးဖြင့် ထောပတ်ပြုလုပ်ပြီးလျှင် ထောပတ်ဖြင့်ဆွမ်းချက်ကာ စာရေးတံဆွမ်းကိုပေးလှူကြလေသည်။

မဟာတိဿအိမ်သို့ စာရေးတံကျသော သံဃာတော်များမှာ ဘုန်းရှိသောပုဂ္ဂိုလ်များသာများလေသည်။

တစ်နေ့ မဟာတိဿသည် မယားကိုဤသို့ပြောဆိုလေသည်-

"ရှင်မ. . . ငါ၏သမီးလေးသည် သူတစ်ပါးထံအပေါင်ထားရသည့်အတွက် သနားစဖွယ်လည်းဖြစ်၊ ရက်ဖွယ်တိတိလည်းဖြစ်ပါသည်၊ ငါတို့၏ရည်ရွယ်ချက်ဆန္ဒအတိုင်း မထေရ်မြတ်များကိုလည်း ဆွမ်းလှူခွင့်ရခဲ့ပြီ၊ ငါသည် ငါ့သမီးလေးပြန်ရွေးထုတ်

www.dhammaransi.com



နိုင်အောင် အခစားသွားလုပ်ပါမည်၊ ငါပြန်မလာမချင်း ရှင်မရဟန်းသံဃာတော်များကို ဆွမ်းဝတ်မပြတ်ပါစေနဲ့၊ တတ်နိုင်သလောက် ကျွေးလှူဒါန်းပါ ”

မဟာတိဿသည် မယားကိုဤသို့မှာကြားပြီး အရပ်တစ်ပါးသို့ထွက်ကာ ကြံကြံဖန်ဖန်လုပ်ကာ အလုပ်လုပ်လေသည်။

ခြောက်လကြာလျှင် အသပြာ(၁၂)ပြားရ၍ ဤအသပြာလောက်ဖြင့် ငါ့သမီးကိုရွေးနှုတ်၍ရပေပြီ ဟုသဘောပိုက်ကာ ရသမျှသောငွေကို ပုဆိုးစွန်း၌ချီထုပ်ပြီးအိမ်သို့ပြန်လာခဲ့သည်။

ထိုအခါ အမ္ဗရိယကျောင်း မဟာဝိရတိုက်တော်ကြီးမှာ သီတင်းသုံးနေထိုင်သော ပိဏ္ဍပါလိကတိဿမထေရ်သည် တိဿမည်သောကျောင်းကြီးသို့သွားရောက်ကာ စေတီတော်ကို ရှိခိုးအံ့ ဟုနှလုံးပိုက်၍ မိမိသီတင်းသုံးရာနေရာမှ မဟာဂါမသို့ ကြွတော်မူသည်။

မဟာတိဿ ထိုမထေရ်ကိုလမ်းခရီးတွင်မြင်သောအခါ ထိုမထေရ်နှင့်လမ်းတွင် တရားစကားပြောရင်းသွားမည်ဟူသော ရည်ရွယ်ချက်ဖြင့် မထေရ်နောက်သို့မီအောင်လိုက်သည်။

သီလရှိသောပုဂ္ဂိုလ်တို့နှင့်အမြဲမပြတ်ကြုံရခဲ့သည်၊ ဤမထေရ်မြတ်နှင့်အတူတကွသွား၍ ဆွမ်းချိန်နီးသော် ငါ၌ဆွမ်းမပါချေ၊ ဆွမ်းချိန်ကလည်း နီးလှပေပြီ၊ ငါ့လက်ထဲ၌ ငွေအသပြာကားရှိပါ၏၊ ရွာတစ်ရွာရောက်က အရှင်မြတ်ကိုဆွမ်းကပ်လှူမည်။

www.dhammaransi.com



မဟာတိဿသည် ဤသို့စိတ်ကူးမိပြီး မထေရ်နောက်က လိုက်လာခဲ့သည်။

မဟာတိဿသည် စိတ်ကူးနေစဉ်မှာပင် ဒါယကာတစ်ဦးသည် ထမင်းထုပ်ကိုဆွဲလျက် မဟာတိဿတို့အနီးသို့ရောက်လာသည်၊ မဟာတိဿသည် ထမင်းထုပ်ကိုမြင်၍-

"မိတ်ဆွေ. . . ထိုင်ပါဦး၊ ဆိုင်းပါဦး"

ဟုသတင်းလှမ်းအော်တားပြီး ထိုသူထံသို့ပြေးလိုက်သွားသည်။

"မိတ်ဆွေ. . . သင့်အား တစ်အသပြာပေးပါမည်၊ အဲဒီက ထမင်းထုပ်အား ကျွန်ုပ်ကိုရောင်းပါ "

ဟုပြောလိုက်သည်။

"ဤအချိန်၌ ဤထမင်းသည် အသပြာတစ်ပဲမျှမတန်ပါချေ၊ ဤယောကျ်ားသည် တစ်ကြိမ်တည်းဖြင့် ငါ့အား အသပြာတစ်ကျပ်ပေးနေသည်၊ ထိုသူအကြောင်းရှိပေလိမ့်မည်"

ဟု ထမင်းထုပ်ရှင်ယောကျ်ားက ကြံစည်မိလေသည်။

"ငါသည် ဤထမင်းကို တစ်အသပြာဖြင့်မရောင်းနိုင်ပါ"

"မိတ်ဆွေ. . . နှစ်အသပြာယူပါ "

ထမင်းရှင်ယောကျ်ားကမရောင်းဘဲတင်းထားရာ မဟာတိဿက မိမိ၌ရှိသောငွေအသပြာ(၁၂)တိတိကိုပေးရာသည်၊ လောဘသားယောကျ်ားက ငါရနိုင်သမျှရတော့မည်ဟုဆိုကာ တိုး၍ပင် တောင်းခဲ့လေသည်။

www.dhammaransi.com



"အို-မိတ်ဆွေ. . . ငါ့အား အခြားအသပြာရှိသေးလျှင် ပေးဦးမည်ဖြစ်သည်၊ ငါသည် ငါ့အတွက် ထမင်းထုပ်ကိုဝယ်ယူခြင်းမဟုတ်ပါ။ သစ်တစ်ပင်ရင်း၌ မထေရ်မြတ်တစ်ပါးကို သီတင်းသုံးနေစေပါသည်၊ ထိုမထေရ်အတွက်ဝယ်ယူခြင်းဖြစ်ပါသည်၊ ထမင်းထုပ်ရောင်းရသည့်အတွက် သင့်အဖို့လည်းကုသိုလ်ဖြစ်ပါလိမ့်မည်"

မဟာတိဿက ရှင်းပြပြောပြလိုက်သောအခါ ထမင်းထုပ်ပိုင်ရှင်က-

"အဆွေ. . . ဤသို့ဆိုက အသပြာ(၁၂)ခုသာပေးပါ၊ ထမင်းထုပ်ကိုယူပါတော့"

ဟုပြောပြီး ငွေကိုယူကာ ထမင်းထုပ်ကိုပေးလေသည်။

မဟာတိဿသည် ထမင်းထုပ်ရသောအခါ အလျင်အမြန်ပြန်ပြီးလျှင် လက်များကိုဆေးကြောသည်။

"အရှင်ဘုရား. . . သပိတ်တော်ကိုထုတ်တော်မူပါ "

ဟု လျှောက်ထားပြီး ဆွမ်းထုပ်ကိုဖြေ၍လောင်းလှူပြီးသောအခါ သပိတ်ကိုပြန်ပိတ်သည်။

"အရှင်မြတ်ဘုရား. . . ထမင်းထုပ်သည် တစ်ယောက်စာသာရှိသော ထမင်းထုပ်ဖြစ်ပါသည်ဘုရား၊ အရှင်ဘုရားအတွက်ရည်စူးပြီး ရှာဖွေဝယ်ယူလာခြင်းဖြစ်ပါသည် ဘုရား၊ တပည့်တော်ကိုအစဉ်သနားသောအားဖြင့်ခံယူတော်မူပါဘုရား"

www.dhammaransi.com



မထေရ်မြတ်သည် ဤဒါယကာ အကြောင်းတစ်စုံတစ်ရာရှိမည်ဟုအောက်မေ့ကာ ဆွမ်းကိုအကုန်အလှူခံပြီး ဘုဉ်းပေးတော်မူလေသည်။

မဟာတိဿသည် ရေစစ်ဖြင့်ရေစစ်ပြီး သောက်ရေကိုဆက်လက်ကပ်လှူပြန်သည်။

မထေရ်ဆွမ်းကိစ္စပြီးသောအခါ မဟာတိဿနှင့်မထေရ်တို့သည် ခရီးဆက်လက်ထွက်ခွာခဲ့ကြသည်။

"ဥပါသကာ. . . အဘယ်ကြောင့် ထမင်းတစ်ဝက်ကိုမစားပါသနည်း"

ဟု မထေရ်မြတ်ကမေးသည်၊ မဟာတိဿကလည်း မိမိပြုလုပ်ခဲ့ရသောအကြောင်းစုံနှင့် ယခုလမ်းခရီးရောက်လာပုံအကြောင်းစုံတို့ကိုလျှောက်ထားသည်။

မထေရ်မြတ်သည် မဟာတိဿ၏လျှောက်ထားသောစကားကိုကြားသောအခါ တုန်လှုပ်ထိတ်လန့်သွားပြီးလျှင်-

"ဤဥပါသကာသည် ငါ့ကို ဆွမ်းတစ်နပ်ကပ်ခဲ့သည်မှာခက်ခက်ခဲခဲပြု၍ကပ်ရသောဆွမ်းဖြစ်နေသည်၊ ငါသည် ဤသို့သောဆွမ်းကိုသုံးဆောင်မိပေပြီ၊ ငါသည် ဥပါသကာအတွက်ကျေးဇူးသိသူဖြစ်သင့်ပေပြီ" ဟုစဉ်းစားပြီးလျှင် သင့်တော်သောကျောင်းသို့ကပ်ပြီး အရဟတ္တဖိုလ်မရမချင်း ငါမထတော့ပြီ ဟုဆုံးဖြတ်ချက်ချတော်မူလေသည်။

www.dhammaransi.com



ပိဏ္ဍပါတိကတိဿမထေရ်သည် တိဿမဟာဝိဟာရသို့ ကြွရောက်တော်မူပြီးနောက် ညောင့်သည်အား ဂန္ဓကဝတ်ကိုပြုပြီး လျှင် မိမိအားချထားသောကျောင်းသို့ဝင်ပြီး အခင်းကိုခင်းကာ မိမိနှလုံးသွင်းရာကမ္မဋ္ဌာန်းကိုပင် အာရုံပြုပွားများနေလေတော့ သည်။

ပိဏ္ဍပါတိကတိဿမထေရ်သည် ထိုညအဖို့၌ တရားမရ နောက်နေ့ဆွမ်းခံဝတ်ကိုပင်ဖြတ်တောက်၍ တရားကိုဆက်လက် အားထုတ်ရာ ခုနစ်ရက်မြောက်သောနေ့ အရုဏ်တက်ချိန်၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်လေသည်။

"ငါ၏ကိုယ်သည် အလွန်ပင်ပန်းလှ၏၊ ငါ၏အသက် သည်ကြာရှည်စွာတည်လိမ့်မည်လော၊ မတည်လိမ့်မည်လော" ဟု မထေရ်မြတ်စဉ်းစားတော်မူရာ အသက်ရှည်စွာမတည်မည်ကို သိတော်မူ၍ ‌လျောင်းအိပ်ရာနေရာကိုသိုမှီးပြီးလျှင် ကျောင်း အလယ်သို့ကြွကာ စည်ကိုတီးခတ်လိုက်သည်။

စည်တီးခတ်မှုကြောင့် သံဃာတော်များစုစည်းရောက် လာသည်၊ သံဃာအကြီးဆုံးမထေရ်က-

"အဘယ်ရဟန်းသည် သံဃာအစည်းအဝေးကိုပြုလုပ် ပါသနည်း"

ဟုမေးသည်။

www.dhammaransi.com



"အရှင်ဘုရား. . . တပည့်တော်သည် သံယာ့အစည်း အဝေးကိုဖြစ်စေပါသည်ဘုရား"

"သူတော်ကောင်း. . . အဘယ်အကျိုးငှာ သံဃာတော်ကိုအစည်းအဝေးခေါ်ပါသနည်း"

"အရှင်ဘုရား. . . အခြားကိစ္စမရှိပါ၊ မဂ်အရာ၌ဖြစ်စေ၊ ဖိုလ်အရာ၌ဖြစ်စေ ယုံမှားသံသယရှိသောရဟန်းတော်များ တပည့်တော်ကိုမေးမြန်းကြစေလို၍ သံယာ့အစည်းအဝေးကိုပြုလုပ်ပါသည် ဘုရား"

"သူတော်ကောင်းသင့်လောက်မျှသာဖြစ်ကုန်သော ရဟန်းများက ထင်ရှားမရှိသောဝတ်ကိုမပြောဆိုကြကုန်၊ ထိုမဂ်ဖိုလ်အရာ ငါတို့အားယုံမှားမှုမရှိ၊ သင့်အားထိတ်လန့်ခြင်း၏ အကြောင်းသည် ဖြစ်ပါသလော၊ အဘယ်အကြောင်းပြု၍ အရဟတ္တဖိုလ်ကိုဖြစ်ပါသနည်း"

"အရှင်ဘုရား. . . ဤမဟာဂါမ၌ ဝလ္လိယမည်သောခရီး၌ ဒါနတဏှာက မဟာတိဿအမည်ရှိသောဥပါသကာတစ်ဦးသည် မိမိ၏သမီးကိုအပြင်ပန်းပေါင်နှံထားပြီးလျှင် (၁၂)အသပြာတို့ကိုယူငင်ပြီးနောက် ထိုငွေဖြင့် နို့စားနွားမကိုဝယ်ယူခဲ့ပြီး သံဃာကိုစာရေးတံမဲနို့ဆွမ်းကိုဖြစ်စေခဲ့ပါသည်ဘုရား ထိုဆင်းရဲသားသည် သမီးကိုသူတစ်ပါးလက်မှရွေးယူနိုင်ရန်အတွက် အရပ်တစ်

www.dhammaransi.com



ပါး၌ ခြောက်လကြာမျှ ကြံညှစ်အလုပ်ဖြင့် အလုပ်လုပ်ခဲ့ပါသည် ဘုရား၊ သမီးရွေးယူရန် ငွေ(၁၂)အသပြာရ၍ပြန်လာစဉ် လမ်းခရီး၌ တပည့်တော်နှင့်ဆုံတွေ့ပါသည်ဘုရား၊ တပည့်တော်နှင့် လမ်းခရီးအတူလာစဉ် ဆွမ်းခံချိန်ရောက်လာသဖြင့် ထိုဆင်းရဲသားသည် တပည့်တော်ကို မိမိ၌ပါလာသော(၁၂)အသပြာဖြင့် ဆွမ်းဝယ်၍ ကပ်လှူခဲ့ပါသည်ဘုရား၊ ထိုဆွမ်းကိုဘုဉ်းပေးပြီးနောက် တပည့်တော်သည် ထိုဆင်းရဲသားအလှူအပ်သောဆွမ်းတစ်နပ်အကျိုးကိုကျေးဇူးဆပ်သည့်အတွက် တိဿမည်သောကျောင်းတိုက်ဝယ် နေရာယူပြီး ရဟန်းတရားကိုအားထုတ်ခဲ့ရာ ရဟန်းကိစ္စပြီးခဲ့ပါသည်ဘုရား"

ထိုမထေရ်ရှိရာသို့ရောက်လာကြသော ပရိသတ်လေးပါးတို့သည် မထေရ်အားကောင်းချီးသြဘာပေးကြသည်၊ မထေရ်သည် သံဃာအလယ်၌ထိုင်လျက်-

"ငါ၏အထွဋ်အထိပ်ထားသောပြဿဒ်သည် မဟာတိဿအမည်ရှိသောဒါယကာ၏လက်သို့ရောက်သည့်အခါမှစ၍ သာလျှင် လုပ်စေသတည်း"

ဟု အဓိဋ္ဌာန်ပြုပြီး အနုပါဒိသေသပရိနိဗ္ဗာန်ပြုလေသည်။

ကာကဝဏ္ဏတိဿမင်းသည် ကျောင်း၌မထေရ်တစ်ပါး ပရိနိဗ္ဗာန်ပြုသည့်သတင်းကိုကြား၍ ကျောင်းတော်သို့သွား

www.dhammaransi.com



သည်၊ မထေရ်အလောင်းကိုရှိခိုးခြင်း၊ အရိုအသေပြုခြင်းပြုပြီး အထွဋ်တင်သောပြဿာဒ်ကိုစီရင်၍ မထေရ်အလောင်းကို ထို ပြဿဒ်ထက်၌တင်သည်၊ မထေရ်အလောင်းကိုမီးသဂြိုဟ်ရန် ထင်းပုံသို့သယ်ယူသည်ရှိသော် သယ်မ မရ၊ လှုပ်ရှားမရအောင် ရှိနေလေသည်၊ အရှင်ဘုရားတို့ မထေရ်မိန့်ဆိုမှာထားခဲ့သော စကားတစ်စုံတစ်ရာရှိပါသလောဘုရား ဟုမင်းက လျှောက်ထား သည်။

ထိုအခါ ရဟန်းတို့က ထိုမထေရ်ပြောကြားသောစကား အလုံးစုံကို မင်းအားသိစေသည်၊ မင်းသည် မဟာတိဿကိုခေါ် စေပြီး-

"သင်သည် ယနေ့မှခုနစ်ရက်မြောက်ကျော်လွန်သော အခါကာလ ခရီးသွားရဟန်းတစ်ပါးပါးအား ထမင်းထုပ်လှူခဲ့ပါ သလော"

"အရှင်မင်းကြီး. . ကျွန်တော်မျိုးထမင်းထုပ်လှူခဲ့သည် မှာအမှန်ပင်ဖြစ်ပါသည်ဘုရား"

"သင်သည် အဘယ်သို့သောအမှတ်အသားဖြင့်ပေးလှူ ခဲ့ပါသနည်း"

မဟာတိဿသည် မိမိနှင့်မထေရ်မြတ်တို့တွေ့ဆုံပုံ၊ လှူဒါန်းပုံအကြောင်းစုံကိုလျှောက်ထားပြလေသည်-

www.dhammaransi.com



"အမောင်မထေရ်မြတ် . . . ပြဿာဒ်ချွန်ရှိရာသွားပါလေ၊ မထေရ်မြတ်ကိုသိအောင်ပြုပါ၊ သင်ဆွမ်းလှူသောမထေရ်ဖြစ်သလော၊ အခြားတစ်ပါးပင်ဖြစ်သလော၊ သိအောင်ပြုပါ"

မဟာတိဿသည် မထေရ်အလောင်းတင်ရာ ပြဿာဒ်သို့သွားပြီးလျှင် ဖုံးအုပ်ထားသောတင်းတိမ်ကိုဖွင့်လှစ်ကာ မျက်နှာတော်ကိုဖူးမြော်ကြည့်သည်၊ မထေရ်ကို ရိုသေစွာရှိခိုးပြီးနောက် မင်းကြီးထံသို့ပြန်သွားကာ မိမိဆွမ်းလှူလိုက်သော မထေရ်ဖြစ်ကြောင်း လျှောက်ထားလေသည်။

ကာကာဝဏ္ဏတိဿမင်းသည် မဟာတိဿကိုမြတ်သောတန်ဆာဝတ်ကိုပေးပြီးလျှင်-

"နောင်တော် . . . ဤတန်ဆာမြတ်ကိုဝတ်ဆင်၍ လာခဲ့ပါ၊ ငါအရှင်မြတ်ပါ ပြဿာဒ်ချွန်ကိုခြီးမြှောက်ပါလေ"ဟုဆို၏။

"အရှင်မင်းကြီး. . . ကောင်းပါပြီ"

မဟာတိဿသည် မထေရ်မြတ်အလောင်းတင်ရာ ပြဿာဒ်သို့သွားပြီးလျှင် မထေရ်မြတ်၏ခြေတော်တို့ကိုရှိခိုးပြီးလျှင် လက်နှစ်ဘက်တို့ဖြင့်ချီးမြှောက်၍ မိမိ၏ဦးထိပ်ဘက်၌ထားလေသည်။

ထိုခဏမှာပင် ပြဿာဒ်တော်သည် ကောင်းကင်ပျံတက်ပြီးလျှင် ထင်းပုံပေါ်၌တည်လေသည်၊ ထိုအခါကျမှ ထင်းပုံအား

www.dhammaransi.com



လေးဘက်လေးတန်မှမီးလျှံများထွက်ပေါ်လာပြီး တောက်လောင်လေသည်။

မင်းနှင့်တကွ ပြည်သူများသည် မဟာတိဿ၏ဆွမ်းတစ်လုပ်အလှူ၏အကျိုးကို အံ့ဩချီးမွမ်းသာဓုခေါ်ပြီး ဝိုင်းဝန်းပူဇော်ကြသည်။

မင်းကလည်း မဟာတိဿကို ရတနာရွှေငွေတို့ဖြင့် ချီးမြှောက်ပူဇော်မှုပြုလေသည်။

မဟာတိဿတို့မိသားစုသည် မကြာခင် အတူတကွချစ်ချစ်ခင်ခင်နှင့် မိသားစု သိုက်သိုက်ဝန်းဝန်းနှင့်ချမ်းသာစွာနေရလေတော့သည်။

ခက်ခက်ခဲခဲ ရက်ရက်ရောရောလှူလိုက်ရသော ဆွမ်းတစ်လုပ်၏အကျိုးသည်ကား နှစ်ဦးနှစ်ဝ အလိုဆန္ဒပြည့်ဝခဲ့ကြသည်သာတကား။

www.dhammaransi.com



## သဒ္ဓါသုမန၏အံ့ဖွယ်ဒါန- အံ့ဖွယ်သုခ

သီဟိုဠ်ကျွန်း၊ အနုရာဓမြို့မှသဲစုလမ်းခရီးအနီး၌ စိတ်နှလုံးကောင်းမွန်သိမ်မွေ့သော သုမနအမည်ရှိ မိန်းကလေးတစ်ဦး ရှိသည်။

သူမသည် သဒ္ဓါတရားလည်းကောင်းသည်၊ ရတနာသုံးပါး၌လည်းအလွန်ကြည်ညိုသူဖြစ်သည်၊ ထိုထိုအရပ်ရှိ ဗောဓိပင်၊ စေတီ၊ ပုထိုး၊ ရုပ်ထုတော်စသည်တို့၌ ပန်း၊ ဆီမီးကပ်လှူသည်၊ ပူဇော်သည်။

ရဟန်းသံဃာတော်များအားလည်း ဆွမ်း၊ ပန်းစသော ပူဇော်ဝတ္ထုတို့ဖြင့်လုပ်ကျွေးပူဇော်လေ့ရှိသည်။

သို့အတွက် သူမကိုတစ်ရွာလုံးက သဒ္ဓါသုမန ဟုခေါ်ကြလေ့ရှိသည်။

တစ်နေ့တွင် ရောဟဏနပုဒ်မဟာဂါမရွာ၌နေသော မိစ္ဆာဒိဋ္ဌိအယူရှိပြီး သောဏ အမည်ရှိသောအမျိုးသားတစ်ဦးသည် ကိစ္စတစ်ခုဖြင့် အနုရာဓမြို့သို့လာရာ လမ်းခရီးရှိ သဲစုရွာ၌ သဒ္ဓါသုမနနှင့်တွေ့ဆုံမိတ်ဖွဲ့မိကြသည်၊ သောဏသည် သဒ္ဓါသုမန အပေါ်၌ မြင်လျှင်မြင်ချင်း စုံမက်နှစ်သက်သောစိတ်ဖြစ်ပေါ် ခံစားရပြီး သဒ္ဓါသုမနကလည်း ချစ်ခင်စုံမက်နှစ်သက်သောစိတ် ဖြစ်ပေါ်ခံစားရလေသည်။

www.dhammaransi.com



ထိုမိစ္ဆာအယူရှိသော သောဏအမည်ရှိအမျိုးသားသည် သဒ္ဓါသုမနကို သဒ္ဓါသုမန၏မိဘတို့မသိစေဘဲ မဟာဂါမသို့ခိုးယူသွားပြီး လင်မယားအဖြစ်ပေါင်းသင်းဆက်ဆံနေလေသည်။

သဒ္ဓါသုမနသည် ယောက်ျားအိမ်၌နေလျက် ရဟန်း(၈)ပါးကို အမြဲသလာကဘတ်လောင်းလှူသည်၊ တရားကိုအမြဲနာလေ့ရှိသည်၊ စေတီ၊ ဗောဓိပင်တို့သို့သွားရောက်၍ ပန်း၊ ဆီမီးလှူကာ ကောင်းမှုကိုသာပြုလုပ်၍နေလေသည်။

တစ်နေ့တွင် သဒ္ဓါသုမနသည် ရွာအနီးစည်းဝေးရာဇရပ်၌ ရဟန်းတို့၏အမှုကိစ္စများကိုသွားရောက်ဆောင်ရွက်ရာ အိမ်သို့အချိန်လွန်မှရောက်လာသဖြင့် လင်ဖြစ်သူသောဏက စိတ်ဆိုးကာ-

“သင်သည်ကား ကုသိုလ်ကောင်းမှုကိုငါပြုနေသည် ဟုဆိုပြီး အိမ်အလုပ်ကိုဘာမျှမလုပ်”

ဟုဆိုကာစိတ်ဆိုးပြီးလျှင် အိမ်ပေါ်မှဆွဲငင်ချလေသည်၊ အစာရေစာလည်းမကျွေးဘဲ ထားလေသည်။

ခုနှစ်ရက်ကြာ ထမင်းမပေး၊ ဟင်းမပေး၊ ဝင်ခွင့်မပြုပြုလုပ်လာသောအခါ သဒ္ဓါသုမနသည်-

“လင်ယောက်ျားယုတ်သည် ငါ့ကိုစွန့်ပစ်လေပြီ၊ ငါ၏မိဘထံပြန်တာဘဲကောင်းသည်”

ဟု ကြံစည်ဆုံးဖြတ်ပြီး မိဘရပ်ရွာ သဲစုသို့ပြန်လာခဲ့သည်။

www.dhammaransi.com



သဒ္ဒါသုမနသည် လမ်းခရီးကြုံရာ ထမင်းတောင်းစားပြီး လမ်းခရီး၌တွေ့ဆုံရသောစေတီပင်၊ စေတီပုထိုးတို့ကိုရှိခိုးပူဇော်ပြီး တဖြည်းဖြည်းခရီးဆက်လက်ထွက်ခွာခဲ့သည်။

"သမီး သားတို့မည်သည် မိမိတို့၏အမှုကိစ္စတို့ကို မိဘတို့နှင့်မတိုင်ပင်မညှိနှိုင်းမဆွေးနွေးဘဲ စိတ်နောက်ကိုယ်ပါလုပ်ပါက ဆင်းရဲအတိရောက်တတ်ပါကလား"

ဟု သဒ္ဒါသုမနသည် တွေးတောမိရင်း ခရီးဆက်ခဲ့ရာ ညောင်ပင်ကြီးတစ်ပင်အောက်ရှိဇရပ်တစ်ခု၌ ခေတ္တခဏဝင်နားလေသည်။

ထိုအခါ သိကြားမင်းသည် လူ့လောက၌ ကုသိုလ်ကောင်းမှုပြုသူတို့ကိုကြည့်ရှုသော် သဒ္ဒါသုမန၏ဘဝကိုမြင်မိလေသည်။

"ဤကလေးမသည် သဒ္ဒါတရားရှိပြီး ရတနာသုံးပါး၌ကြည်ညိုမြတ်နိုးသူပေတည်း၊ သူသည် ယခုမိစ္ဆာဒိဋ္ဌိလင်ကြောင့်ဆင်းရဲဒုက္ခရောက်နေရသည်၊ ငါကူညီစောင့်ရှောက်သင့်သည်"

ဟုဆင်ခြင်လျက် လူအိုယောင်ဆောင်ကာ ထမင်းထုပ်ကိုလက်ဆွဲလျက် သဒ္ဒါသုမနရှေ့သို့ရောက်လာသည်။

"ချစ်သမီး. . . အဘယ်သို့သွားမည်နည်း"

ဟုမေးသည်။

"အနုရာဓမြို့ခရီး၊ သဲစုရွာရှိ မိဘတို့ထံသွားပါမည်အဖိုး"

www.dhammaransi.com



"ချစ်သမီး. . . သင့်ပုံဟန်ကြည့်ရသည်မှာ ထမင်းအလွန်ဆာလောင်နေဟန်တူသည်၊ အဖိုး၌ ဤထမင်းထုပ်ပါလာသည်၊ သမီးလေး စားပါလေ"

သဒ္ဓါသုမနသည် အဖိုးအိုပေးသောထမင်းထုပ်ကိုယူသည်။

"ဤအရပ်၌ ရေသောက်စရာလည်းမရှိပါကလား"

ဟုဆိုရာ သိကြားမင်းက မနီးမဝေးသောအရပ်၌ ကြာငါးပါးနှင့်ပြည့်စုံသော ရေကန်ကိုဖန်ဆင်းပေးပြီး ရေကန်ကိုလမ်းညွှန်ပြသည်။

သဒ္ဓါသုမနသည် ထိုရေကန်သို့သွား၍ ရေမိုးချိုးကိုယ်လက်သုတ်ပြီးလျှင် ထမင်းထုပ်ကိုကိုင်လျက် ယခုအခါ နေမွန်တည့်ပြီလော ဟု နေကိုကြည့်သည်။

"ယခုအခါ နေမွန်းမတည့်သေးပါ၊ ရဟန်းတို့ဆွမ်းစားချိန်တည်း၊ ငါသည် စားဦးကိုမယူဘဲ စားဖူးသူမဟုတ်ပါ၊ ယခုလည်း ဤထမင်းကို ဦးစွာလှူပြီးမှ ငါစားအံ့"

ဟု ကြံစည်ပြီးလျှင်-

"အလှူခံဖြစ်ကုန်သော အရှင်ဘုရားတို့. . . တပည့်တော်မ၏အလှူကိုခံယူတော်မူကြပါဘုရား"

ဟုကြွေးကြော်လိုက်သည်။

www.dhammaransi.com



ထိုအချိန်၌ တဥ္ဇင်္ဂရ အမည်ရှိသောသမုဒ္ဒရာအနီးတောင ၌သီတင်းသုံးသော ဓမ္မဒိန္နမထေရ်မြတ်သည် နိရောဓသမာပတ် ဝင်စား၍ (၇)ရက်ပြည့်သောနေ့၊ နိရောဓသမာပတ်မှထပြီး၍-

"အဘယ်သူ၏ဆွမ်းကိုဘုဉ်းပေးရအံ့နည်း"

ဟု ကြည့်သော် ဒိဗ္ဗသောတဖြင့် အဘိညာဉ်ဖြင့် သဒ္ဓါသုမန၏ ဆွမ်းဖိတ်သံကိုကြားတော်မူသည်။

မထေရ်မြတ်သည် သပိတ်သက်န်းယူလျက် ကောင်းကင် ခရီးဖြင့်ကြွလာ၍ သဒ္ဓါသုမနရှေ့၌ရပ်တော်မူသည်၊ သူမသည် မထေရ်ကိုတွေ့မြင်သော် အလွန်ကြည်ညိုသောစိတ်ရှိလျက် ဝမ်း မြောက်ဝမ်းသာနှင့်ပင် သပိတ်ကိုလှမ်းယူ၍ သပိတ်တော်၌ဆွမ်း အပြည့်ပြီး မထေရ်အားဆက်ကပ်သည်။

"အရှင်ဘုရား. . . ခေတ္တခဏ သည်းခံရပ်ပေးတော်မူပါ ဦးဘုရား"

ဟု လျှောက်ထားပြီး တောအရပ်သို့ဝင်ကာ သစ်ခက်သစ်ရွက် တို့ကိုချုပ်စက်ဝတ်ပြီးလျှင် မိမိ၏အပြင်ဝတ်ရုံပုဆိုးကိုဖွပ်လျှော် ကာ အဝတ်အခွေကိုပြု၍ မထေရ်အား သပိတ်ခြေအဖြစ်လှူ ဒါန်းလေသည်။

"ငါကြွသွားသည်ကို ဤဒါယကာမငယ်မြင်စေသတည်း" ဟု မထေရ်ကအဓိဋ္ဌာန်ပြီး ကောင်းကင်သို့ပျံတက်ကြွတော်မူ သည်။

www.dhammaransi.com



သဒ္ဓါသုမနသည် မထေရ်ကိုကြည့်ကာ ဝမ်းမြောက်လျက်ရှိသေစွာရှိခိုးလေသည်၊ ထို့နောက် အကြွင်းထမင်းကိုစားလေသည်။

ထိုအချိန်တွင် ညောင်ပင်စောင့်နတ်သည် အိပ်တစ်ခု၌ အထည်(၈)ခုထည့်ထားပြီး နတ်၌ဖြစ်သော ထမင်း၊ မုန့်တို့ကို အိပ်၌ပြည့်အောင်ထည့်ထားကာ လှည်းယာဉ်ကိုဖန်ဆင်းလျက် လှည်းကိုမောင်းနှင်လာသည်။

ထိုအချိန်တွင် သဒ္ဓါသုမနကလည်း ခရီးဆက်လက်ထွက်ရန် ညောင်ပင်အောက်ဇရပ်မှထွက်ခဲ့သည်။

ညောင်ပင်စောင့်နတ်သည် လှည်းကို သဒ္ဓါသုမနဘေးတွင်ရပ်လျက်-

"အမိ. . . သင်သည် အဘယ်အရပ်သို့သွားမည်နည်း"

"အနုရာဓမြို့ခရီးရှိ သဲစုသို့သွားပါမည်"

"ထိုသို့ဆိုက ခရီးကြုံသည်၊ ငါနှင့်အတူလိုက်ခဲ့ပါလော"

"အရှင်သခင် လှည်းသခင်. . . ကောင်းပါပြီ၊ ကျွန်မသည် သစ်ရွက်တို့ကိုဝတ်ထားသူဖြစ်၍ လှည်း၏နောက်ကနေ စီး၍လိုက်ပါမည်"

ထိုစကားကိုကြား၍ လှည်းသမား(နတ်)သည် တစ်ထည်သောနတ်ပုဆိုးကို သဒ္ဓါသုမနအားပေးကာဝတ်စေပြီးလျှင် လှည်းပေါ်သို့တက်စေသည်။

www.dhammaransi.com



နတ်တို့၏တန်ခိုးဖြင့် တစ်ခဏနှင့်ပင် စေတိယဂီရိအရပ်သို့ရောက်လေသည်၊ လှည်းသမားနတ်သည် မန်ကျည်းချိုးပင်တစ်ပင်အောက်၌လှည်းကိုရပ်လျက်-

"ငါသည် ဤမှရှေ့သို့ဆက်လက်သွားရန်ကိစ္စမရှိတော့ပါ။ ဤပုဆိုးအိပ်ကိုသင်ယူ၍သွားပါလေ"

ဟုပေးပြီး လှည်းကို ရှေ့ဆက်ထွက်သွားကာ အတန်ဝေးသောနေရာ၌ကွယ်ပျောက်သွားလေသည်။

ထိုအခါ မန်ကျည်းပင်စောင့်နတ်သည် ခရီးသွားဟန်ပြု၍ သဒ္ဓါသုမန၏အထုပ်အပိုးကိုကူညီသယ်ပေးသောသဘောဖြင့် သယ်ထမ်းပိုးပေးကာလိုက်လာသည်။

မကြာခင် အနုရာဓမြို့သို့ဆိုက်ရောက်လာကြလေသည်၊ များစွာသောရဟန်းသံဃာများစည်းဝေးရာနေရာသို့ရောက်မိကြသော် ခရီးသည်ဟန်ဆောင်နတ်က အိတ်ကို သဒ္ဓါသုမနအားပေးပြီး ခရီးတကွေ့သွားပြီးကွယ်လေသည်။

သဒ္ဓါသုမနသည် ရဟန်းသံဃာတော်များကိုမြင်သော် အလွန်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မိမိအိပ်၌ပါသော နတ်ပုဆိုး၊ နတ်ထမင်း၊ နတ်မုန့်တို့ကို အိပ်ထဲမှထုတ်၍ ရဟန်းနှင့်ရဟန်းမတို့ကိုပေးလှူလေသည်။

ထိုသို့လှူနေစဉ် အနုရာဓပြည်ကိုအစိုးရသောမင်းမြတ်သည် ရတနာသုံးပါးကိုပူဇော်အံ့သောငှာ ကျောင်းသို့လာသည်

www.dhammaransi.com



ရှိသော် အစည်းအဝေးပွဲလာသော ရဟန်း၊ ရဟန်းမတို့၏ပုဆိုး အစုံ၊ မုန့်၊ ဆွမ်းတို့ကိုတွေ့မြင်ရလေသော် နှစ်သက်အံ့ဩသော စိတ်ရှိကာ-

"အဘယ်သူလာ၍လှူသနည်း"

ဟုမေးလေသည်။

"အရှင်မင်းကြီး. . . သဒ္ဓါသုမနအမည်ရှိသော အမျိုးသမီးဒါယကာမတစ်ယောက်လာရောက်လှူထားပါသည်"

ထိုအခါ မင်းကြီးသည် သဒ္ဓါသုမနကိုခေါ်စေ၍ အလှူပေးခြင်း၏အကြောင်းကိုမေးလေသည်၊ သဒ္ဓါသုမနကလည်း မိမိ၏ဘဝဖြစ်စုံဇာတ်ကြောင်းစုံနှင့် မိမိအားလှည်းသမားကပေးလိုက်သောအိတ်၌ပေး၍မကုန်၊ လှူ၍မခန်းသောအဝတ်ပုဆိုးများ၊ မုန့်များပါပုံအကြောင်းစုံကိုလျှောက်ထားပြလေသည်။

မင်းကြီးသည် သဒ္ဓါသုမနကို အလွန်နှစ်သက်မြတ်နိုးသည်ဖြစ်၍ မိဖုရားကြီးအရာ၌ အဘိသိက်မြှောက်လေသည်။

သဒ္ဓါသုမနသည် အဘိသိက်ခံမိဖုရားကြီးဖြစ်လာသော အခါဝယ် မှူးမတ်၊ စစ်သူကြီးအပါအဝင် အလုံးစုံသောမြို့သူမြို့သားအားလုံးတို့အား အဝတ်၊ ထမင်း၊ မုန့်တို့ကိုပေးလှူလေသည်။

www.dhammaransi.com



ထိုသို့ပေးလှူသော်လည်း (၈)ထည်သောအဝတ်ပုဆိုးတို့သည် မကုန်ဘဲ သဒ္ဒါသုမနသေသည်အထိ လှူဒါန်းသွားနိုင်လေသည်။

"လူသားတို့. . . သဒ္ဒါတရားအားကြီး၍ အလှူဒါနပြုသောသူကို ဤလူအဖြစ်၌ပင်လျှင် နတ်တို့သည်ချစ်ခင်နှစ်သက်၍ဆည်းကပ်ကြကုန်၏၊ ကူညီကြကုန်၏၊ စောင့်ရှောက်ကြကုန်၏၊ အလှူပေးသူတို့၏ခံစား-စံစားရသောစည်းစိမ်ကို သင်တို့ရှုကြည့်ကြပါ"

ဟူ၍ ပညာရှိတို့က ဆိုခဲ့ပါသည်။

သဒ္ဒါသုမန၏ သဒ္ဒါအားကြီး အံ့ဖွယ်အလှူဒါနသည် ချက်ချင်းပင်အဘိသိက်ခံမိဖုရားကြီးဟူသော ဖလ(အကျိုး)ကို ခံစားရတော့သည်။

(မဓုရသဝါဟိနီ- ဥတ္တရရောင်ဝတ်
သဒ္ဒါသုမနဒါယိကာဝတ္ထု)

www.dhammaransi.com



## မုန်တိုင်ရွာ၊ အုတ်ကျောင်းဒါယကာဦးစီ၏အံ့ဖွယ်ဒါန– အံ့ဖွယ်သုခ

မိတ္ထီလာမြို့၏အနောက်ဘက်(၁၀)မိုင်အကွာ၊ မိတ္ထီလာကျောက်ပန်းတောင်းသွား ကားလမ်းဘေးတွင် မုန်တိုင်ရွာ ရှိပါသည်။

ဤမုန်တိုင်ရွာရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထဲမှ အထင်ကရအုတ်ကျောင်းတော်ကြီးတစ်ကျောင်းရှိပါသည်၊ ထိုအုတ်ကျောင်းတော်ကြီးသည် ထုထည်အလွန်ကြီးမားပြီး အလျား(၁၁၆)ပေ၊ အနံ(၈၃)ပေ၊ အမြင့်ပေ(၈၀)ခန့်ရှိသည်။

အောက်ခြေပထမထပ် လေးဘက်လေးတန်တွင် မုဒ်(၄၉)ခုရှိသည်၊ ဒုတိယထပ်တွင် တစ်မျက်နှာမုဒ်(၃)ပေါက်နှင့်လေးဘက်လေးတန်မုဒ်(၁၂)ခုရှိသည်၊ တတိယထပ်တွင် အပေါ်သို့တက်သောလှေကားတစ်စင်းရှိပြီး အပေါ်ထပ်အရှေ့ဘက်ဆုံးအခန်းတွင် အလျားပေ(၂၀)၊ အနံ(၁၀)ပေအကျယ်အဝန်းရှိအခန်းကျယ်တစ်ခန်းရှိသည်။

ဤကျောင်းကြီးကို သက္ကရာဇ်(၁၁၁၁)ခုနှစ်၊ (အေ-ဒီ ၁၇၄၉)က တည်ဆောက်ခဲ့သည်၊ အလောင်းမင်းတရား ကုန်းဘောင်ဆက်မပေါ်မီ (၂)နှစ်ခန့် ဟံသာဝတီပါ မင်းမဟာဓမ္မရာဇာဓိပတိလက်ထက်၌ တည်ဆောက်ခဲ့သည်ဟု ဆိုရပါမည်။

www.dhammaransi.com



ဤကျောင်းကြီးကို တည်ဆောက်လှူဒါန်းခဲ့သောကျောင်း ဒါယကာနှင့်ဒါယိကာမမှာ မုန်တိုင်ရွာမှ ဦးပန်းရ+ဒေါ်စိန်သာ တို့ဖြစ်သည်။

ဦးပန်းရ+ဒေါ်စိန်သာတို့သည် မုန်တိုင်ရွာတွင် အဆင်းရဲ ဆုံးဖြစ်သည်၊ ရွာ၏တောင်ဘက်တွင် တဲထိုးနေရသူများဖြစ်ကြ သည်၊ သားသမီးလည်းမထွန်းကားကြပေ။

လယ်ယာအနည်းငယ်ရှိသော်လည်း လယ်ထွန်ရန်ကိုယ် ပိုင်နွားမရှိ၍ နွားကိုငှားပြီးလယ်ထွန်ရသည်။

သို့သော် လင်မယားနှစ်ယောက်စလုံးသည် ရတနာသုံး ပါး၌ အလွန်ကြည်ညိုသက်ဝင်ကြသည်၊ နေ့စဉ် ဘုရားရှိခိုးဆွမ်း တော်တင်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူကြသည်၊ ဝါတွင်းဝါပ ဥပုသ် နေ့တို့၌ ဥပုသ်သီတင်းသီလစောင့်ထိန်းခဲ့ကြသည်၊ ငါးပါးသီလ မြဲကြသည်။

မရှိဆင်းရဲကြသော်လည်း ရိုးသားကြသည်၊ ရသည့်ဝမ်း စာထဲမှကုသိုလ်ဒါန နေ့စဉ်ပြုသည်၊ နေ့စဉ်ဆွမ်းလောင်းလှူသည်၊ ရွာဦးကျောင်းသို့ နေ့စဉ်ဆွမ်းချက်ပို့၍လှူကြလေ့ရှိသည်။

မိုးဦးကျတစ်နေ့သောနံနက်တွင် ဦးပန်းရသည် လယ်စ တင်ထွန်ရန်အတွက် အိပ်ယာမှအစောထသည်၊ ဘုရားရှိခိုး၊ ပုတီး စိပ်ပြီးနောက် ငှားထားသောနွားကိုသွားရောက်ယူပြီး လယ်ထဲ

သို့ဆင်းခဲ့သည်၊ မိမိတို့လယ်မှာ ရွာ၏အနောက်တောင်ဘက် တစ်မိုင်ခန့်ဝေးသောနေရာ၌ရှိသည်။

ဦးပန်းရသည် နေ့ထန်းတစ်ဖျားအရောက်တွင် ထွန်ဖြုတ်ပြီး နွားများကိုအနားပေးသည်၊ ထိုအချိန်တွင် ဒေါ်စိန်သာကလည်း ထမင်းလာပို့နေပြီဖြစ်သည်။

သူတို့၏ထမင်းမှာ ဆန်နှင့်လူးဆန်ရော၍ချက်ထားသော ဆင်းရဲသားထမင်းဖြစ်သည်၊ ဟင်းမှာ လက်တစ်ညှိုးသာ သာရှိသော ငါးပိကောင်တစ်ကောင်နှင့်ဘူးရွက်ဟင်းချို ငရုတ်သီးထောင်းဖြစ်သည်။

ဆင်းရဲသားလင်မယား(၂)ယောက် ထမင်းလက်ဆုံစား ရန်ပြင်ဆင်နေစဉ် ကိုရင်လေးတစ်ပါးသည် ဆွမ်းသပိတ်ပိုက်ပြီး မိမိထံသို့ကြွလာသည်ကို အမှတ်မထင်တွေ့လိုက်ရသည်။

ဤကိုရင်လေးကို ယခင်ကတစ်ခါမျှမတွေ့ဘူး မမြင်ဘူးပါချေ၊ ကိုရင်လေးမှာ သပ္ပါယ်လှပြီး ကျက်သရေရှိလှသည်၊ အသားအရေမှာစိုဝင်းနေပြီး မျက်ခုံးမျက်လုံးမှာကြည်ညိုစရာအတိဖြစ်နေသည်။

ကိုရင်လေးသည် ဆွမ်းစားချိန်လည်းဖြစ်၊ ဆွမ်းလည်းလာရပ်သဖြင့် လင်မယားနှစ်ယောက်တို့သည် ကိုရင်ကလေးကိုကြည်ညိုသဒ္ဓါတရားအားသန်ဖြစ်လာပြီး ရိုသေစွာရှိခိုးကာ ၎င်းကို

www.dhammaransi.com



စားမည့်ထမင်းကိုမစားတော့ဘဲ ကိုရင်လေးကိုလောင်းလှူလိုက်လေသည်။

ကိုရင်လေးသည် မည်သို့မျှမိန့်ကြားမှုမပြုဘဲ ထိုလင်မယားရှေ့လယ်ကန်သင်းမှာပင် သီတင်းသုံးပြီး ပတ္တာပိုင်ဆွမ်းဘုဉ်းပေးသည်၊ ဦးပန်းရတို့က ရေကပ်လှူကြသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ ကိုရင်လေးက ဆွမ်းဒါနအတွက် သာဓုအနုမောဒနာခေါ်ပြီး ပြန်ကြွရန်ဟန်ပြင်သည်။

"ကိုရင်က အာဂန္တုကတစ်ပါးဖြစ်ပါသည်၊ အဝေးက ကြွလာပါသည်၊ ဆွမ်းခံချိန်အချိန်မရတော့၍ ဒါယကာတို့ထံဆွမ်းခံပါသည်၊ ယခု ဒါယကာကြီးထွန်တုံးနွားပြန်တပ်ပြီး ကိုရင်နောက်လိုက်ခဲ့ပါ"

ဟု ကိုရင်လေးက ဦးပန်းရကိုခေါ်သည်။

ဦးပန်းရကလည်း ကိုရင်လေးပြောသည့်အတိုင်း ထွန်ပြင်ပြီး လယ်ထဲပြန်ဆင်းရသည်၊ လယ်ထဲအရောက်တွင် ကိုရင်လေးကထွန်တုံးပေါ်ခြေတင်၍ ထွန်ယက်ခိုင်းရာ လယ်ထဲမှထွန်သွားနှင့်တစ်စုံတစ်ခုတိုက်မိသံထွက်ပေါ်လာသည်။

"ဒကာကြီးနှင့်ထိုက်ရင်ရလိမ့်မည်၊ အဲဒီနေရာကို တူးကြည့်ပါ"

ဟု ကိုရင်လေးက အနားကနေ မိန့်ကြားသည်။

www.dhammaransi.com



ဦးပန်းရသည် ပေါက်တူးကိုယူပြီး မြေကြီးကိုတူးဖော်ရာ လှည်းဘီးခန့်ကျောက်ဖျာကြီးကိုတွေ့ရသည်၊ ကျောက်ဖျာကြီးမှာ လှည်းဘီးခန့်ကြီး၍ လူ(၂၀)ခန့် မ,မှရနိုင်သည့်ကျောက်ဖျာကြီး ဖြစ်သည်။

"ဒကာကြီးနှင့်ထိုက်ရင်ရလိမ့်မည်"

ဟု ကိုရင်လေးကထပ်မံမိန့်ကြားပြီး နားကံ(ကြိမ်လုံး)ဖြင့် ကလော်ခိုင်းရာ ဦးပန်းရက နွားကန်ဖြင့်ကလော်လိုက်ရာ ကျောက်ဖျာကြီးမှာအလွယ်တကူရွေ့သွားပြီး အတွင်း၌ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကို တွေ့လိုက်ရပါသည်။

ဦးပန်းရသည် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကို တွေ့မြင်လိုက်ရ၍ အားရဝမ်းသာဖြစ်ပြီး ကိုရင်လေးကိုပြန်လည် မော်ကြည့်လိုက်ရာ ကိုရင်လေးမှာထူးဆန်းစွာပျောက်ကွယ်သွားသည်၊ ပတ်ဝန်းကျင်လှမ်းမျှော်ကြည့်သော်လည်း အစအနပင် မတွေ့ရတော့ချေ။

ဦးပန်းရသည် ဇနီးသည်မစိန်သာကိုခေါ်ယူပြကာ အကျိုးအကြောင်းပြောပြပြီး ညဥ့်အချိန်ကျမှ ထိုရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကို လှည်းဖြင့်သယ်ယူကြသည်။

ကျောက်ဖျာမှာ တစ်ချပ်တည်းမဟုတ်ဘဲ ခုနှစ်ချပ်တိတိ ဖြစ်လေသည်၊ ထိုခုနှစ်ချပ်အောက်တွင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများတို့က အပြည့်ဖြစ်နေသည်ကိုတွေ့ရသည်။

www.dhammaransi.com



## မိုင်တိုင်သူဌေးဦးစီ၏အဲ့ဖွယ်ဒါန– အံ့ဖွယ်သုခ

မိုင်တိုင်မြို့ အုတ်လှေကားနှစ်စင်းတပ် ရွှေကျောင်းကြီး ဒါယကာဦးစီသည် မူလဘုရားရှင်လက်ထက်က ပုဏ္ဏလယ်ကျွန် ကဲ့သို့ပင် လယ်ကျွန်ဘဝကနေ သူ၏အံ့ဖွယ်ရဟန်းတစ်ပါးကို ဆွမ်းကပ်လှူခဲ့သော ပစ္စုပ္ပန်ကုသိုလ်ကြောင့် အံ့ဖွယ်သုခကိုရရှိ ခဲ့သောသူတစ်ဦးဖြစ်သည်။

သူသည် မူလက မိုင်းတိုင်မြို့အနီးရှိ ဥသျှစ်ကုန်းကျေးရွာ ဇာတိဖြစ်ပါသည်၊ အရွယ်မရောက်မီ မိဘနှစ်ပါးကွယ်လွန်သဖြင့် မိုင်းတိုင်ခရိုင်အုပ်မင်းထံတွင် လယ်သူရင်းငှားအဖြစ်လုပ်ရသည်။

တစ်နှစ်လျှင် စပါးတင်း(၃၀၀၀)ထွက်သောလယ်ကို လုပ် ကိုင်ခဲ့ရသည်၊ အသက်(၂၇)တွင် မိုင်းတိုင်သူ မချိုနှင့်အိမ်ထောင် ကျခဲ့သည်၊ ခရိုင်အုပ်မင်းက စပါးတယ်(၃၀၀)ထွက်သောလယ် ကိုခွဲဝေပေးခဲ့သည်။

မောင်စီသည် ရိုးရိုးသားသားနှင့်ကြိုးကြိုးစားစားလုပ်ကိုင် ခဲ့သောကြောင့် မောင်စီ၏လက်ထက်တွင် လယ်သည်စပါးတင်း (၇၀၀)ထွက်ခဲ့လေသည်။

တစ်ရက်သောနံနက်ခင်းတွင် မောင်စီသည် လယ်ထွန် ဖြုတ်၍ ထမင်းစားရန်ကြံစည်နေဆဲတွင် ဘုန်းတော်ကြီးတစ်ပါး တကောင်းလမ်းမကြီးအတိုင်းကြွလာနေသည်ကို မြင်တွေ့ရသည်။

www.dhammaransi.com



ဘုန်းတော်ကြီးသည် လမ်းမကြီးအတိုင်းကြွလာရာ လယ်ကန်သင်း၌ထိုင်နေသောမောင်စီကိုမြင်သောအခါ မောင်စီရှိရာလယ်ထဲသို့ကြွလာ၍ သောက်ရေအလှူခံလေသည်၊ အချိန်မှာလည်း အတော်နေမြင့်နေပြီဖြစ်နေသည်။

မောင်စီသည် ဘုန်းတော်ကြီးအားသောက်ရေကပ်လှူပြီးနောက်ဦးချ၍-

"အဘယ်အရပ်မှလာ၍ အဘယ်အရပ်သို့ကြွပါမည်လဲဘုရား"

ဟု လျှောက်ထားကြည့်သည်။

"ဒကာ. . . တကောင်းမှ မိုင်းတိုင်မြို့သို့ဘုရားဖူးကြွလာခြင်းဖြစ်ပါသည်"

"ဆွမ်းကိစ္စပြီးပါပြီလားဘုရား"

"အချိန်ရှိပါသေးတယ်"

မောင်စီသည် မွန်းတည့်လုပြီဖြစ်သောနေကိုမော်ကြည့်ရင်း ဆွမ်းဘုဉ်းမပေးရသေးကြောင်းသိသည်နှင့် မိမိစားရန်ပြင်ဆင်နေသောထမင်းကို ဘုန်းတော်ကြီးအား ဆက်ကပ်လှူဒါန်းလိုက်လေသည်။

ဘုန်းတော်ကြီးကလည်း ထိုဆွမ်းကိုလက်ခံကာ ဣန္ဒြေတည်ငြိမ်စွာဘုဉ်းပေးနေသည်၊ မောင်စီမှာ အနားကထိုင်၍ကြည့်

www.dhammaransi.com



ခင်း-ကြည့်ရင်း ဝမ်းသာပီတိဖြစ်လျက် မိမိဆာလောင်မောပန်းနေ သည်ကိုမေ့သွားမိသည်။

ညနေအချိန်တွင် ဇနီးဖြစ်သူမချိုသည် လယ်တောသို့ လိုက်သွားရာ မောင်စီသည် မချိုလာနေသည်ကိုမြင်လျှင်မြင်ချင်း ထွန်ကိုရပ်ပြီး မချိုထံသို့သွားကာ-

"ဟော့-မချိုရေ. . . မင်းသာခုခေါ်ပေတော့"

ဟု အားရဝမ်းသာပြောလိုက်သည်။

"ဘာလဲကိုစီရဲ့. . . အကျိုးအကြောင်းပြောပါဦး"

မောင်စီက ဇနီးသည်အား ဘုန်းကြီးတစ်ပါးကြွလာပုံနှင့် သူစားမည့်ထမင်းကိုလှူလိုက်ပုံ သူဝမ်းသာပြီး ထမင်းဆာနေ သည်ကိုပင်မေ့နေပုံအကြောင်းစုံကိုပြောပြလေသည်။

ထိုအခါ မချိုကလည်း မောင်စီကဲ့သို့ပင် ထူးထူးခြားခြား ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သာခုသုံးကြိမ်ခေါ်ဆိုမိလေသည်။

"မချိုရေ. . ငါတို့လည်း ငါတို့တတ်နိုင်သလောက်တော့ အလှူတွေလုပ်ခဲ့တာပါဘဲကွာ၊ ဒါပေမယ့် ကိုယ်စားမဲ့ထမင်းကို ဒီဘုန်းကြီးကိုလှူရတာလောက်တော့ တစ်ခါမှဝမ်းမမြောက်ခဲ့ဘူး၊ မင်းလည်း ချက်ပြုတ်ပေးရတဲ့ကုသိုလ်ကို အာရုံပြုပေါ့ကွာ"

ဟု ဝမ်းသာအားရထပ်မံပြောဆိုမိပြန်သည်။

မောင်စီမှာ တစ်နေကုန်ထိုကုသိုလ်အာရုံဖြင့် တစိမ့်စိမ့် နှစ်သိမ့်ကြည်နူးရင်း ထွန်ယက်လေရာ ခါတိုင်းကဲ့သို့လယ်ကန်

www.dhammaransi.com



သင်းတင်ခြင်း၊ ကတွတ်ပေါက်ပိတ်ခြင်း၊ အထူးသဖြင့် လယ်ကွယ် အလယ်၌တည်ရှိနေသောတောင်ပို့ကြီးကို နေ့စဉ်ထွန်နှားခိုက်တူး ပြီး ဖြိုနေကျကို ယနေ့မတူးမဖြိုတော့ချေ။

"ကိုစီ. . . တော့ ဟိုတောင်ပို့ကြီးက ယခုထက်ထိ ဖြိုနေ တာမပြီးသေးဘူးလား၊ မနေ့ကအတိုင်းပဲရှိနေပါသေးလား" ဟု မချိုက တောင်ပို့ကြီးကိုကြည့်ပြီး ပြောလိုက်လေသည်။

"ဟုတ်တယ်မချိုရေ. . . ဒီနေ့ဘာမျှတိုးပြီး မဖြိုနိုင်သေး ဘူး၊ ဝမ်းသာနေတာနဲ့၊ နက်ဖြန်၊ သဘက်နှစ်ရက်လောက်ဖြိုရင် တော့ ပြီးသွားမှာပါကွာ"

ဟုပြောပြီး လင်မယားနှစ်ယောက် အိမ်သို့ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့ မောင်စီသည် လယ်ထွန်သွားသောအခါ နွားများအမောပြေနားနေစေရန် ထွန်နှားခိုက်လယ်ကွက်အလယ် ရှိ ကျန်ရှိနေသေးသောတောင်ပို့ကြီးကို တစ်စတစ်စတူးဖြိုနေရာ တူးဖြိုရင်း-တူးဖြိုရင်းနှင့် ရုတ်တရက် လှုပါတွင်းထဲသို့ ကျွံကျသွား လေသည်။

တွင်းကြီးကိုကြည့်လိုက်သော် အံ့သြစွာ ရတနာသိုက်ကြီး ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

မြေကို သေချာစွာယက်ကြည့်သောအခါ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများ အပြည့်အနှက်ဖြစ်နေသည်ကိုတွေ့ရလေ သည်။

www.dhammaransi.com



မောင်စီသည် ထိုနေရာကိုမြေဖြင့်သေချာစွာပြန်ဖုံးထား ပြီးလျှင် အိမ်သို့ပြန်ကာ ဇနီးသည်နှင့်တိုင်ပင်သည်။

သူတို့လင်မယားသည် ရိုးသားသူများပီပီ မူလလယ်ပိုင် ရှင်ခရိုင်အုပ်မင်းထံသို့အကြောင်းကြားသဖြင့် ခရိုင်အုပ်မင်းသည် ရတနာသိုက်ကြီးကိုတူးဖော်ရာ လှည်း(၇)စီးစာမျှတိုက်ယူရသည်။

ထိုသတင်းမှာ ရုတ်တရက်ပျံ့သွားရာ မိုင်းတိုင်နယ်သူ နယ်သားများမှာ ဆင်းရဲသားမောင်စီထံမှ ခရိုင်အုပ်မင်းက ရတနာ များသိမ်းယူခြင်းမှာ လွန်စွာမတရားကြောင်းပြောဆိုကြရာမှ နောက်ဆုံး မြတောင်မင်းကြီးထံသို့တိုင်ကြားသည်အထိရောက် သွားလေသည်။

မြတောင်မင်းကြီးသည် ထိုကိစ္စကို သမာသမတ်ကျစေ ရန် စုံစမ်းမေးမြန်းပြီးဆင်ခြင်သည်။

"မူလလယ်မြေခွဲဝေပေးစဉ်ကပင် ပြန့်ပြန့်ပြူးပြူးရှိသော လယ်ကွက်မဟုတ်၊ လယ်ကွက်အလယ်တောင်ပို့စာကြီးနှင့်ကိုလိုး ကန့်လန့်အကွက်ကိုပေးခြင်းဖြစ်ရာ မူလက စေတနာသည်ပင် အားနည်းနေသည်"

ဟု သုံးသပ်ဆင်ခြင်သည်။

"ယခု ဤလယ်ကွက်သည် ခရိုင်အုပ်မင်းမှ တရားဝင် မောင်စီကိုပေးပြီးသားဖြစ်၍ ဤလယ်ကိုမောင်စီသာပိုင်ဆိုင်သည်၊ မောင်စီပိုင်ဆိုင်သောလယ်ကွက်ထဲက ရတနာသိုက်တွေ့ရခြင်း

www.dhammaransi.com



သည် မောင်စီသာပိုင်ဆိုင်သင့်သည်၊ ခရိုင်အုပ်မင်း ပိုင်ဆိုင်ခွင့်မရှိ”

ဟု အဆုံးအဖြတ်ပေးပြီး မြတောင်မင်းကြီးက တရားတော်နှင့်အညီ ဆုံးဖြတ်ပေး၍ ခရိုင်အုပ်မင်းသိမ်းဆည်းသွားသော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများအားလုံးကို မောင်စီအားပြန်ပေးစေသည်။

မောင်စီတို့ဇနီးမောင်နှံသည် အံ့ဖွယ်ဆွမ်းတစ်နပ်အလှူ၏အကျိုးကြောင့် အံ့ဖွယ်သုခကိုချက်ချင်းခံစားရလေသည်။

သူတို့လင်မယားသည် နေ့ချင်းညချင်းသူဌေးဖြစ်လာကာ ပထမဦးစွာမိုင်းတိုင်ကြို၌ အုတ်ကျောင်းလှေကားနှစ်ဘက်ပါ ရွှေကျောင်းကိုဆောက်လုပ်လှူဒါန်းကြလေသည်။

ဦးစီသည် ထိုခေတ်က ပြည်တွင်းရေးမငြိမ်သက်၍ မြတောင်မြို့သို့ပြောင်းရွှေ့နေပြီး အလှူကြီးများကိုကြီးကျယ်စွာပေးလှူလေသည်။

၁၂၄၃-ခုနှစ်တွင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားအချို့နှင့် အတူသမီး မငွေကို သီပေါမင်းထံသွားရောက်ဆက်သရာ သီပေါမင်းက ပစ္စည်းကိုလက်ခံပြီး မဟာသုတဘောဂဘွဲ့ဖြင့် သူဌေးအရာခန့်ထားခဲ့သည်၊ သမီး မငွေကို အဝေးရောက်အပျိုတော်အဖြစ် အသိအမှတ်ပြုကာ ရွှေထီးတစ်လက်ချီးမြှင့်ပေးသည်။

(တည်တော ဆရာတော်ဖေါ်ထီးချိုင့်မြို့မှတ်တမ်း)

www.dhammaransi.com



မော်လမြိုင်သူဌေး ဦးခ်ိန်၏အဲ့ဖွယ်ဒါန- အံ့ဖွယ်သုခ

"စျာန်၊ အဘိညာဉ်ရသော ရဟန္တာကြီးများ၊ ပစ္စေကဗုဒ္ဓါများ၊ ဘုရားရှင်များအား ထူးထူးခြားခြားလှူမှုသာ ကြီးပွားချမ်းသာကြသည်" ဟုယူဆကြပါလျှင် ထိုအယူအဆသည် အလွန်မှားပါသည်။

မိမိအိမ်၌ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားတော်ကိုပင် သက်ရှိထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးအဖြစ် နှစ်နှစ်ကာကာ အာရုံကျရောက်ထားပြီး ရှိခိုးပူဇော်ခြင်း၊ ဆုတောင်းခြင်း၊ လျှောက်ထားတောင်းပန်ခြင်း၊ လှူဒါန်းခြင်း၊ ပြုသူများအဖို့ အကျိုးသည်ရနိုင်သည်ကိုသတိရှိကြပါ။

"မိမိတို့အိမ်၌ဆွမ်းခံကြွဝင်နေသော ကိုရင်၊ ဦးပဉ္စင်းငယ်များသည် ကျွန်ုပ်တို့အား သူဌေးကြီးဖြစ်အောင် ချီးမြှောက်မ,စနိုင်သည်ကို မယုံကြည်မရှိကြပါလင့်"

"တန်ခိုးဣဒ္ဓိပါဒ်ရှိသော လူအရိယာတို့သာမဟုတ်၊ နတ်ပြဟ္မာအရိယာသူတော်ကောင်းများသည် ကြောင့်ကြမနေကြပါ၊ ဤလောက၌ သူတော်ကောင်းတရားနှင့်သူတော်ကောင်းများ ထွန်းကားပေါ်ထွက်နေစေရန် စွမ်းအားရှိသမျှအားထုတ်နေကြပါသည်၊ ကူညီကယ်မနေကြပါသည်၊ ရိုင်းပင်းကူညီရန် အသင့်ရှိနေကြပါသည်၊ ကျွန်ုပ်တို့ဘက်ကသာ ရတနာသုံးပါးအပေါ်၌

ယုံကြည်မှုသဒ္ဓါ၊ လှူဒါန်းလိုသောဒါနစေတနာ၊ စင်ကြယ်သော လှူဖွယ်ဝတ္ထုတို့သာ မိမိ၌အဆင်သင့်ရှိနေပါစေ”

ဤဥပဒေသတို့ကို လေးစားလိုက်နာခဲ့သူ၊ ဆောင်ရွက်ခဲ့သူမှာ မော်လမြိုင်မြို့မှ ဦးဇိနဘုရားဒါယကာ ဦးဇိနတို့လင်မယားပင်ဖြစ်ပါသည်။

အင်္ဂလိပ်များအောက်မြန်မာပြည်တစ်ဝက်ကို သိမ်းပိုက်ပြီးဖြစ်၍ အောက်မြန်မာနိုင်ငံရှိ ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်၊ သရက်ဟူသော အခြေခံလေးဌာနကို စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည်အတွက် အခိုင်အမာပြုလုပ်ထားချိန်ဖြစ်ပါသည်။

အထူးသဖြင့် အင်္ဂလိပ်တို့လက်အောက်တွင် မော်လမြိုင်မြို့သည် မွန်-မြန်မာတို့အတွက် အရောင်းအဝယ်တွင်ကျယ်လှသဖြင့် အလုပ်အကိုင်လည်းပေါသည်။

သို့အတွက် အထက်အညာမှ ရဟန်းရှင်လူအများသည် အောက်မြန်မာပြည်သို့ဆင်းလာပြီး အလုပ်လာလုပ်ကြသည်။

ထိုအထဲတွင် အညာဒေသမှရုပ်ချော၍ အဟောအပြောကောင်းသော ရဟန်းတော်ဦးဇိနသည်လည်း တစ်ပါးအပါအဝင်ဖြစ်ပါသည်။

ဦးဇိနသည် အပြောအဟောကောင်း၍ ကြည်ညိုသူပေါများလှသည်၊ သို့သော် သာသနာ့ဘောင်၌ရေရှည်ပါရမီမရှိ၍

www.dhammaransi.com



လှူဝတ်ကြောင်ဘာဝသို့ကူးပြောင်းခဲ့ရသည်၊ အလုပ်အကိုင်ကပေါ များသော နေရာဒေသဖြစ်၍ နေရေး၊ စားရေး၊ အခက်အခဲမရှိ ခဲ့ပါချေ။

အလုပ်များလုပ်ကိုင်၍ အတန်ငယ်ငွေကြေးစုဆောင်းမိသောအခါ အိမ်ထောင်ပြုပြီး ကြက်တန်း-မန္တလေးအရပ်၌နေထိုင်ခဲ့မိသည်။

ဦးဇိနကို လှူဝတ်ဘာဝသို့ရောက်သော်လည်း ဦးဇိန ဟူ၍ သာခေါ်ဝေါ်ကြသည်။

ဦးဇိနမှာ စီးပွားရေးအထိုက်အလျောက်ပြည့်စုံသောလည်း ရတနာသုံးပါး၌ယုံကြည်မှုကားထက်သန်သည်၊ နေ့ရှိသရွေ့ အချိန်မှန်ဘုရားဝတ်တက်၊ ပရိတ်ရွတ်၊ မေတ္တာပို့သည် မြို့စောင့်နတ်၊ အိမ်စောင့်နတ်၊ တောတောင်စောင့်နတ်တို့ကိုလည်း အမြဲတမ်းအမျှပေးဝေသည်၊ မိမိတတ်နိုင်သရွေ့လည်း အလှူရေစက်လက်နှင့်မကွာပြုလုပ်သည်၊ ဆွမ်းဝတ်ကိုအမြဲလောင်းလှူခဲ့သည်၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းတို့တွင်လည်း မလစ်ဟင်းစေဘဲ ပါဝင်ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။

တစ်ခုသောညတွင် ဦးဇိနသည် ထူးဆန်းသောအိပ်မက် တစ်ခုကိုမြင်မက်လေသည်၊ အိပ်မက်မှာ အိပ်မက်မဟုတ်ဘဲ အမှန်ဘကယ်ဖြစ်နေသလားဟုပင် ထင်မှတ်နေရသည်။

www.dhammaransi.com



အိပ်မက်မှာ ဦးဇိနသည် တောင်ရိုးတစ်ခုပေါ်သို့ရောက် သွားသည်၊ တဖြည်းဖြည်းတက်သွားရာ အမြင့်ဆုံးတောင်ထိပ်တစ် နေရာသို့ရောက်သွားသည်၊ တောင်ထိပ်ရောက်၍ အမောပန်း ဖြေနေခိုက် ရတ်တရက် ဝတ်ဖြူစင်ကြယ်နှင့်လူတစ်ယောက် ရောက်လာပြီး-

"အမောင်. . . ချမ်းသာကြီးပွားပြီး ဘုရားကိုကျေးဇူးဆပ် ချင်ရင် ဒီနေရာမှာ ဘုရားတည်ပါ၊ မုချကြီးပွားချမ်းသာပါလိမ့် မယ်"

ဟုပြောသည်။

"ကောင်းပါတယ်. . . ဦး၊ ကျွန်တော်လည်း ဘုရားတည်၊ ကျောင်းဆောက်ရန်ဆန္ဒရှိနေပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ စားရုံသောက်ရုံလောက်ဘဲငွေရှိတာ၊ အပိုအလျှံမရှိတော့ ခက်လှ ပါတယ်"

ဟု ဦးဇိနက ထိုပုဂ္ဂိုလ်ကိုပြန်ပြောသည်။

"အို-အမောင်. . . ကြားဖူးတယ်မဟုတ်လား၊ မရှိလို့ မလှူ-မလှူလို့မရှိ၊ လှူလေ. . . ရလေ၊ လှူလေ. . ရလေဆိုတာ လေ"

ထိုစကားကို ဦးဇိနမပြင်းနိုင်၊ ထိုအခိုက် အိပ်ရာမှလန့် နိုးမိသည်၊ အားချင်းပင် မိန်းမကိုနှိုး၍ပြောပြရာ မိန်းမကသူပြော သည့်အဓိပ္ပာယ်အတိုင်းပင်-

www.dhammaransi.com



"မဖြစ်နိုင်ပါဘူး တော်ရယ်"

ဟု နိဂုံးချုပ်ကာပြန်၍အိပ်လေသည်။

ဦးဇိနသည် ရတနာသုံးပါးကိုတိုး၍လုပ်လာခဲ့သည်၊ နှစ်ရက်အကြာ ထိုအတိုင်းပင်အိပ်မက်မြင်မက်ပြန်လေသည်၊ ထိုအိပ်မက်တွင်လည်း ဦးဇိနက ဘုရားတည်နိုင်ရန် ငွေအင်အားမရှိကြောင်း ပြန်ပြောမိသည်။

နောက်ထပ်နှစ်ရက်အကြာတွင် တတိယအကြိမ် အိပ်မက်-မက်ပြန်သည်၊ အိပ်မက်မှလန့်နိုးသောအခါ မိန်းမကိုနှိုး၍-

"ရှင်မရေ. . . ဒီလောက်တောင်နှိုးဆော်နေမှတော့ ဘာမှုစဉ်းစားမနေနှင့်တော့၊ ဘုရားတည်ရအောင်ကွာ၊ အဲဒီအိပ်မက်ထဲပြတဲ့နေရာကိုလည်း ငါမျက်စိထဲမှာအခုတောင်မြင်နေတယ်"

ဟုပြောပြသည်။

"တော်-ဘယ်မှာလဲပိုက်ဆံ၊ အနည်းဆုံး သောင်းကိုးထောင်လောက်ရှိမှ ရမှာတော်ရဲ့"

"ဘာပဲဖြစ်ဖြစ်ကွာ၊ အခု လက်ထဲမှာ စစ်စစ်ပေါက်နှစ်ရာကျော် သုံးရာလောက်တော့ရှိမယ်၊ ဒီငွေကိုအရင်ထားပြီး ကိုယ်လုပ်အားများများငွေရှိသလောက်ပဲတည်ကြမယ်၊ နောက်တိုးပြီးရှိလာတော့လည်း ခပ်ကြီးကြီးတိုးပြီး ငုံတည်လို့ရပါတယ်"

www.dhammaransi.com



ဤသို့ပြောဆိုဆုံးဖြတ်ကြပြီးနောက် နောက်နေ့တွင် အရောင်းအဝယ်အလုပ်များ လုံးဝရပ်ဆိုင်းထားပြီး မိုးမလင်းမီ အိပ်မက်ထဲကခရီးစဉ်အတိုင်း မော်လမြိုင်တောင်ရိုးပေါ်သို့တက်ခဲ့ကြသည်။

ကျိုက်သလွံဘုရားရောက်လျှင် ထိုမှတောင်ဘက်သို့ဆင်းခြေလျှောဆင်းကာ တစ်ဖန် တောင်ကမူထိပ်ရောက်အောင်နှစ်ယောက်သားတက်ခဲ့ကြသည်။

တောင်ထိပ်သို့နေရောင်ပင်မမြင်ခင် ရောက်ရှိကြပြီး အမောဖြေကာ-

"ရှင်မရေ. . . ငါ့အိပ်မက်ထဲကနေရာဟာ ဒီနေရာပဲကွ" ဟုပြောဆိုပြီး မိမိနေ့စဉ်ပြုလုပ်ခဲ့သော ရတနာသုံးပါးဝတ်ကုသိုလ်များကို မြို့စောင့်နတ်၊ တောင်စောင့်နတ်များအား အမျှပေးဝေလိုက်သည်။

နေထွက်လာသောအခါ နေရာကိုရွေးချယ်ပြီး ချုံနွယ်မြက်များရှင်းလင်းကြရာ နာရီဝက်ခန့်ကြာလျှင် မြေကြီးကိုပေါက်လိုက်သောပေါက်ပြားမှ ချွင်ကနဲ ဟူသောအသံထွက်ပေါ်လာ၍ ကြည့်လိုက်ရာ မြေအိုးနခမ်းပဲ့ကိုသွားတွေ့လိုက်ရသည်။

ထိုအခါ ဇနီးမောင်နှံနှစ်ဦးမှာ တစ်ယောက်မျက်နှာကို တစ်ယောက် အံ့အားသင့်သောအကြည့်ဖြင့်အကြည့်ချင်းဆုံသွားမိသည်။

www.dhammaransi.com



ပေါက်ပြားပေါက်မိသောနေရာကို သေသေချာချာကြည့်လိုက်သောအခါ ရွှေမန်ကျည်းသီးတောင့်များအပြည့်ပါသော ရွှေအိုးကြီးဖြစ်နေသည်ကို အံ့ဩဝမ်းမြောက်စွာ တွေ့ကြရလေသည်၊ ဆက်၍တူးကြရာ ရွှေအိုးကြီး(၇)လုံးကို တွေ့ရှိရလေသည်။

ဦးဇိနတို့လင်မယားသည် ထိုရွှေများကိုကောင်းစွာသိမ်းဆည်းပြီးလျှင် တောင်ပေါ်၌ဘုရားတည်မည့်နေရာကို လူအားဖြင့်တူးဖြိုပြီး စည်မျက်နှာပြင်ကဲ့သို့ဖြစ်အောင် မြေညှိစေသည်၊ တောင်ထိပ်တစ်ခုလုံးကိုပတ်မိအောင် အုတ်တံတိုင်းခတ်ပြီး စောင်းတန်းလေးသွယ်တန်းလိုက်သည်၊ စေတီတော်ဖိနပ်မြေ အတောင်(၆၀)ကျော်ကျော် အုတ်အပြည့်ခင်းလျက် သံတောင်(၇၀)ကျော်မြင့်သောစေတီတစ်ဆူတည်လေသည်၊ ပြီးလျှင် ရွှေအပြည့်ချသည်၊ ဘုရားဝင်းထဲ၌ ဇရပ်တန်ဆောင်းများဆောက်လုပ်စေပြီး ဥပုသ်သည်များကိုကျွေးမွေးလှူဒါန်းလေသည်၊ တရားပွဲများကိုလည်းကျင်းပပြုလုပ်ပေးခဲ့သည်။

ဦးဇိနတည်သောဘုရားသည် မြစ်ထဲမှလှမ်းမျှော်ကြည့်လိုက်လျှင် မော်လမြိုင်တောင်ပေါ်တွင် ရွှေရောင်တဖိတ်ဖိတ်နှင့် အလွန်ပင်ကြည်ညိုဖွယ်ကောင်းလှပါသည်။

ကံမွဲ ဉာဏ်နုံ၊ မလုံ့မလ၊ နတ်မ,မဘူး ဟု မယဒေဝ၌ မာန်လည်ဆရာတော်ဆိုထားသကဲ့သို့ အတိတ်ကံကိုထား၍ ပစ္စု

www.dhammaransi.com



ပွန်ကံကောင်းအောင် ကံ၊ ဉာဏ်၊ ဝိရိယတို့ယှဉ်ပြီး ရတနာသုံးပါးအလုပ်နှင့် ဒါန၊ သီလ၊ ဘာဝနာအလုပ်တို့ကို မပြတ်လုပ်ကြဖို့လိုအပ်ပါသည်။

ဘုရားဒါယကာ ဦးဇိနသည် အံ့ဖွယ်ဒါနဘုရားမတည်ခင် ရတနာသုံးပါးကိုမပြတ်ဆည်းကပ်ခဲ့သည်၊ ပရိတ်ရွတ်ခဲ့သည်၊ နတ်များကို မေတ္တာပို့ခဲ့သည်။

ဦးဇိန၏ ဤကျင့်စဉ်အတိုင်းကျင့်ကြလျှင် ဒါနအစွမ်းများရလာပြီး ချမ်းသာသုခများတိုးပွားလာပါမည်။

www.dhammaransi.com



## ဒါနံ ဒါနတာရ

ဒါနံ ဒါနတရံ ဒတွာ
သုခ သုခတရံလဘေ
သုခံ သုခတရံ ကတ္တိ
ဒါနံ ဒါနတရံ ဒဒေ

*ဒါနံ*-အလှူဒါနသာမညဝတ္ထုကို၊ *ဒတွာ*-ပေးလှူ၍၊ *သုခံ*-ချမ်းသာသုခသာမည်ကိုလည်းကောင်း၊ *သုခတရံ*-ချမ်းသာသုခဝိသေသကိုလည်းကောင်း *လဘေ*-ရနိုင်လေ၏၊ *ဒါနတရံ*-အလှူဒါနဝိသေသဝတ္ထုကို၊ *ဒတွာ*-ပေးလှူ၍၊ *သုခံ*-ချမ်းသာသုခသာမည်ကိုလည်းကောင်း၊ *သုခတရံ*-ချမ်းသာသုခဝိသေသကိုလည်းကောင်း၊ *လဘေ*-ရနိုင်လေ၏၊ *သုခံ*-ချမ်းသာသုခသာမည်ကိုလည်းကောင်း၊ *သုခတရံ*-ချမ်းသာသုခဝိသေသကိုလည်းကောင်း၊ *ကတ္တိ*-ကတ္တုကာမ-အလိုရှိသောသူသည်၊ *ဒါနံ*-အလှူဒါန သာမညဝတ္ထုကိုလည်းကောင်း၊ *ဒါနတရံ*-အလှူဒါနဝိသေသဝတ္ထုကိုလည်းကောင်း၊ *ဒဒေ*-ပေးလှူရာသတည်း။

www.dhammaransi.com



## နိဂုံးဆုတောင်း

ယေပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ
စတ္တာရိ ဧတာနိ ယုဂါနိဟောန္တိ
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ
ဧတေသုဒိန္နာနိ မဟပ္ဖလာနိ
ဣဒမ္ပိသံဃေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ(မေ)ဟောတု

*ပသတ္ထာ*-ဘုရားအစရှိသောသူတော်ကောင်းတို့ ချီးမွမ်းတော်မူကြသော၊ *ယေပုဂ္ဂလာ*-အကြင်အရိယာပုဂ္ဂိုလ်တို့သည်၊ **အဋ္ဌသတံ** -အကျယ်အားဖြင့်တစ်ရာ့ရှစ်ယောက်တို့တည်း၊ **ဧတာနိ**-ထိုအရိယာတို့သည်၊ *ယုဂါနိ*-မင်ဖိုလ်တစ်စုံစီ၊ *စတ္တာရိ*-လေးစုံတို့တည်း၊ *သုဂတဿ*-မြတ်စွာဘုရား၏၊ *သာဝကာ* - တပည့်သာဝကဖြစ်ကုန်သော၊ *တေပုဂ္ဂလာ* - ထိုအရိယာပုဂ္ဂိုလ်တို့သည်၊ *ဒက္ခိဏေယျာ*-မြတ်သောအလှူကိုခံယူထိုက်ကုန်၏၊ **ဧတေသု**-ထိုအရိယာပုဂ္ဂိုလ်တို့၌၊ *ဒိန္နာနိ*-လှူအပ်သမျှအလှူဒါနတို့သည်၊ *မဟပ္ဖလာနိ*- အကျိုးကြီးလှပေကုန်၏၊ *သံဃေ*- အရိယာသံဃာတော်၌၊ *ဣဒမ္ပိရတနံ*-ဤသို့နှစ်သက်ဖွယ်ရာရတနာ၏အဖြစ်သည်လည်း၊ *ပဏီတံ*-ထူးမြတ်လှပါပေ၏၊ **ဧတေနသစ္စေန** - ဤသစ္စာစကား စွမ်းပကားကြောင့်၊ *သုဝတ္ထိ*-ဘေးကင်းရန်ကွာချမ်းသာခြင်းသည်၊ *ဟောတု*-ဖြစ်ပါစေသတည်း။

(ရတနသုတ်ပရိတ်တော်)

www.dhammaransi.com

## ဆွေသဟာ စာပေ မှ ထုတ်ဝေဖြန့်ချိပြီးစာအုပ်များ
## မဟာသဒ္ဓမ္မဇောတိကဓဇ
## တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)၏

၁။ ဆရာမြတ်ဂုဏ်ရည်
၂။ တစ်မနက်ဥပုသ်သီတင်းစောင့်သူ၏ကောင်းကျိုးချမ်းသာများ
၃။ အေးစေ၊ မြဲစေ၊ မေတ္တာစေ
၄။ နိဗ္ဗာန်ဟူသည်
၅။ ငရဲဟူသည်
၆။ တတိယအရွယ် ဘာဝနာသည်
၇။ ပရိတ်တန်ခိုး ပရိတ်အကျိုး
၈။ သံယောဇဉ်တစ်မျှင်ကြိုးကြောင့်သနားစရာပြိတ္တာများ
၉။ လူ့ဝင်စား
၁၀။ လင်ကောင်းတစ်ယောက်ကျောက်ကောင်းတစ်စေ့
၁၁။ လမ်းခွဲခဲ့သော်လည်း ဝမ်းမနည်းကြရသူများ
၁၂။ သေနည်းတတ်၍ ဘဝကူးမြတ်ကြစေ(အိတ်ဆောင်)
၁၃။ တမလွန်ဘဝရောက်သူများအတွက်ဝမ်းမနည်းဖို့
ဖြေသိမ့်မှုများ (အိတ်ဆောင်)
၁၄။ သစ္စာ၊ မေတ္တာ၊ ပရိတ်ဂါထာအကျိုးလက်တွေ့ခံစားရသူများ
၁၅။ မြင့်မြတ်သောအာဇာနည်တို့၏နှလုံးသား
၁၆။ ရကြပါစေ အမျှဝေ၏

www.dhammaransi.com

၁၇။ နတ်ပြည်ရောက်လူသားတို့၏ဘဝအတွေ့အကြုံများ

၁၈။ ရဟန်းမြတ်ဂုဏ်ရည်

၁၉။ ဗုဒ္ဓယဉ်ကျေးမှုလာ မြန်မာ့ဓလေ့သာရေး–နာရေး ထုံးစံများ

၂၀။ ဗုဒ္ဓဂေါတမ၏စွပ်စွဲလာသူများအပေါ်၌ပြဿနာဖြေရှင်းနည်း(၂)

၂၁။ အံ့မခန်းဥာဏ်ပြီးမှဆုကြီးပန်ဆင်လှာ

၂၂။ အံ့ဖွယ်ဒါန အံ့ဖွယ်သုခ

## ဆက်လက်ထွက်ရှိမည့်စာအုပ်

၁။ အကာလမရဏဘေးမှလွတ်မြောက်သူများ၏
ဘဝအတွေ့အကြုံများ

၂။ လူ့ဘဝအမြင်ရှင်းသူများ၏ဘဝအရသာများ

၃။ လှူနည်းတတ်၍ကောင်းကျိုးချမ်းသာရကြစေ(အိတ်ဆောင်)

www.dhammaransi.com

